www.burmeseclassic.com




www.burmeseclassic.com

SCIENCE ADVENTURES




– ၁၅၀၀

အမှတ် – ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃ qualityph@


သို့ ..............................

မှ ..............................


Quality Publishing House

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃


www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စီစဉ်ထုတ်ဝေပြီး
မှာယူသူများအား
အထူးနှုန်းဖြင့်
ရောင်းချပေးပါမည်

ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အမျိုး... ...ကျမ်း...




ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၅၀၀၀ ကျပ်




ပြန်လည်ရိုက်နှိပ်သည်
ဗိုလ်ချုပ်ဦးအောင်ဆန်း
တန်ဖိုး – ၂၀၀၀ ကျပ်





ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
တန်ဖိုး – ၅၀၀၀ ကျပ်




စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၀၀၀၀ ကျပ်





ဗိုလ်တေဇ ဘဝကမ္ဘာ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၆၀၀၀ ကျပ်



အာကနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှု
စီအိုင်ဒီ အဝန်းကဏ္ဍ
တန်ဖိုး – ၁၀၀၀ ကျပ်




အောင်ဆန်း၏ အောင်ဆန်း
တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းရာပြည့်ဂေါ်ကွန်း
တန်ဖိုး – ၀၀၀၀ ကျပ်

Quality Publishing House
ဆုပြည့်စုံထွန်းစာပေ
အမှတ် – ၅၀၀/၅၁၂(၂-ခ)
ပထမထပ်၊ ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃
qualityph@gmail



Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရက်ကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
ဘိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


၆ ထူးဆန်းသော အိမ်ငှားမိန်းမတစ်ယောက်
အုန်းရွှေမှူး

၂၉ လွတ်အောင်ပြေး
ကြူးနုစံ

၃၉ ထောင့်ချောင်းစခန်း အလွမ်းပြေ
ထောင်မှူး ကြီးသိန်းဝင်း

၅၂ ဝတ္ထုထဲက တရားခံ
ချိုသစ်

၆၇ မှတ်မှတ်ရရ
ချမြိန့်

၇၈ ဝေရဲ့နဲ့ နိဗ္ဗာန်အစေ့နှင့်သား
မောင်ညိုမှိုင်း (သန်လျင်)

၉၄ လူရိုးသူခိုး
နေမြထူး

P
R
E
V
I
E
W
S

တိုယ့်အပြစ်၊ ကိုယ့်အပြစ်
နေဝန်းနီ ၁၀၈

ဝါဝတာရီ၏ ခရီးလမ်း
မြမြလှိုင် ၁၂၂

သွေးစွန်းခဲ့သောကျောက်ရို
မေ ၁၃၆

ရဲတော်ခိုတ်ခဲ နှင့် တားမြစ်အမိန့်
ကောရာန် ၁၈၀

တံမဆုံသူသွား၊ တံဆုံသူစား
မှန်လဟာသား ၁၉၅

သေးသေးလေး
လှရှိန်အောင် ၂၀၈

ကျားနဲ့ နွား
နေယျမင်းသျှင် ၂၂၆


APRIL

NO.135, 2016

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဒေါ်မြင့်မြင့်မော် (ဝ၉ ၁၁၁၁၆၉၉၉)
အုပ်ချုပ်အယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဥက္ကာလင်းထက်
ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ မင်းထွဋ်၊
နေရာင်လဝါ၊ ဝေလင်း၊ သန်းထက်ဝင်း၊ ထွန်းထွန်း၊
ဖြိုးမင်းဦး၊ ညီနွယ်၊ ဖြူဖြူသင်း၊ မြတ်နှင်းနွယ်၊
ကြည်စင်းသန့်၊ အိဖြူ၊ မီး

ပုံနှိပ်သူ
မြို့တော်ပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ-၅၀၀
တန်ဖိုး-၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၇၃၀။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၀၅၆၂)
Quality Publishing House
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
မင်းထွဋ်
အတွင်းသရုပ်ဖော်
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လဝါ၊
ကျော်စိုးညီနီ၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
ပုသိမ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊
ချစ်သူ၊ ဝေမွန်လင်း၊ ဖေါ်ကာ၊ ဝိုင်းမော်။
ကွန်ပျူတာနှင့် ပလင်
Quality

# အယ် ဒီ တာ

ပိတောက်တွေ ရွှေရည်လူးသည့် နှစ်ကူးအခါသမယတွင် စာဖတ်သူအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းသည် ယခုအကြိမ်နှင့်ဆိုလျှင် (၁၃၅)အုပ်မြောက်ဖြစ်ပြီး နှစ်အားဖြင့် ရေတွက်ပါက (၁၁)နှစ်ကျော်ပေပြီ။ ပထမအကြိမ်အမှတ်(၁)မှစ၍ ယနေ့ထိ ကက္ကာစုံစုံလင်လင်နှင့်တင်ဆက်ခဲ့သည်မှာ စာဖတ်သူများအသိပင် ဖြစ်ပါသည်။ အားပေးရိုးမြှင့်သော စာဖတ်သူများ၏စေတနာကို တုံ့ပြန်ကာ စထွက်သည့် အချိန်မှ ယနေ့ထိ စာအုပ်ဈေးနှုန်း တိုး၍ဖြန့်ချိခြင်းမရှိခဲ့ပါ။ သို့သော် ယခုအခါတွင် အဘက်ဘက်က ကြီးမြှင့်ပြောင်းလဲလာသော အထွေထွေစရိတ်များ၊ ဖြန့်ချိစရိတ်၊ စာပို့ခ၊ ပုံနှိပ်၊ စက္ကူစသည်စသည်တို့သည် ကြောက်ခမန်းလိလိ ဈေးတက်လျက်ရှိရာ လက်ရှိသတ်မှတ်ထားသည့် စာအုပ်ဈေးနှုန်းနှင့် မည်သို့မျှ ဖြန့်ချိရန်မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် စာအုပ်ဈေးနှုန်းကို လက်ရှိ (၁၅၀၀)ကျပ်မှ (၂၀၀၀)ကျပ်သို့ ပြောင်းလဲသတ်မှတ်မှသာ အနည်းငယ် သက်သာခွင့်ရမည့်အနေအထား ဖြစ်နေပါသည်။ ဤသည်မှာလည်း မလွှဲသာ မရှောင်သာ ဈေးနှုန်းပြောင်းလဲသတ်မှတ်ရခြင်းဖြစ်ရကာ စာဖတ်ပရိသတ်အနေနှင့် နားလည်ခွင့်လွှတ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

လာမည့်မေလထုတ်မှစ၍ ဈေးနှုန်း ပြောင်းလဲသတ်မှတ်ပါမည်။

**အယ်ဒီတာအဖွဲ့**
**သည်းထိတ်ရင်ဖိုမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



**တစ်နေ့သော** စနေနေ့၌

ကျွန်တော်သည် နေ့လယ်တစ်နာရီလောက်တွင်
အလုပ်တိုက်မှ အိမ်သို့ပြန်လာရာ ဦးထင်ကျော်သည် အလုပ်စားပွဲ၌ထိုင်ကာ အသက်
ငါးဆယ်ကျော်ခန့်ရှိ မိန်းမကြီးတစ်ယောက်နှင့် စကားပြောဆိုလျက်ရှိသည်ကို တွေ့ရ၏။
ထို့နှင့် ကျွန်တော်လည်း အိပ်ခန်းရှိရာသို့ ဝင်သွားတော့မည်အပြုတွင် ဦးထင်ကျော်က–
"ဟေး - ကိုတင်မောင် - လာပါဦးလေဗျာ"
ဟု ခေါ်သဖြင့် အမှုကိစ္စတစ်စုံတစ်ရာကို ဆွေးနွေးတိုင်ပင်နေဟန်တူသော်လည်း
ဦးထင်ကျော်က ခေါ်သဖြင့် သူ့အနီးရှိ ကုလားထိုင်တစ်လုံးတွင် သွား၍ ထိုင်လိုက်ရလေ
သည်။ ဦးထင်ကျော်မှာ အမှုကိစ္စများနှင့်ပတ်သက်၍ အမှုသည်များနှင့် ဆွေးနွေးတိုင်ပင်
နေသည့်အချိန်များတွင် မည်သူ့အားမျှ အနားသို့ မလာစေလိုကြောင်း သိသဖြင့်
ယခုကဲ့သို့ ကျွန်တော့်အား ခေါ်ဝင်ခြင်းကိုပင် ဂုဏ်ယူမိ၏။

# ဒဏ္ဍာရီများ

## ထူးဆန်းသော အိမ်မှားမိန်းမတစ်ယောက်

မချစ်နှစ်သက်သူနှင့် ပေါင်းရသည့်ဘဝ၊
ချစ်ရသူနှင့် ကွေကွင်းခွဲရသည့်မိန်းမတစ်ယောက်၏ဘဝ၊
ထိုဘဝကို ပိုင်ဆိုင်သည့်မိန်းမသည် ဘာကို
…ပေးရန် ကြံစည်ကာ ..

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ဆေးပြင်းလိပ်ကိုပြာခွက်ထဲသို့ ထည့်မည်အပြုတွင် ဦးထင်ကျော်က -

"သောက်သာသောက်ပါ - ကိုတင်မောင်၊ ဒီကအစ်မကြီးက ဆေးလိပ်ငွေ့ခံနိုင်ပါတယ်"

ဟု ပြောသော်လည်း အမျိုးသမီးတစ်ဦးရှေ့တွင် ဆေးလိပ်သောက်ခြင်းမှာ ရိုင်းရာကျသဖြင့် ကျွန်တော်လည်း ဆက်၍မသောက်တော့ချေ။

ဦးထင်ကျော်က ကျွန်တော့်အား အမျိုးသမီးကြီးနှင့် မိတ်ဆက်ပေး၏။

"ဒီကအစ်မကြီးက ဒေါ်ခါတွန်တဲ့၊ ( )မှာနေတယ်၊ ခင်ပွန်းသည်ကျန်ရစ်ခဲ့တဲ့ တိုက်တစ်လုံးကို ငှားထားပြီး တိုက်လခလေးနှင့်ပဲ အေးအေးချမ်းချမ်းနေတယ် ဆိုပါတော့၊ ဟောဒီက မိတ်ဆွေက ကျွန်တော်နှင့်အတူနေတဲ့ ကိုတင်မောင်တဲ့၊ ညီအစ်ကိုအရင်းလို ချစ်ပြီးကျွန်တော့်အမှုကိစ္စတွေမှာအများကြီး အကူအညီပေးတဲ့မိတ်ဆွေရင်းတစ်ယောက်ပဲ၊ ဒါကြောင့် - အစ်မကြီးရဲ့ကိစ္စမှာ သူ့ဆီကလည်း အကူအညီရအောင်၊ သူလည်း နားမည်ရအောင် အခုခေါ်တာပါပဲ၊ (ကျွန်တော့်ဘက် သို့လှည့်၍) ခင်ဗျားအလုပ်က ပြန်လာတာ အဆင်သင့်လိုက်လေ - ကိုတင်မောင်ရယ်"

"ဟုတ်ကဲ့ - ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီပါ့မယ်ဗျာ"

ဦးထင်ကျော်က မိန်းမကြီးဘက်သို့ လှည့်၍ -

"ကဲ - အစ်မကြီးပြောတဲ့ အမိနာဘီဘီဆီကို လာတဲ့အခါ သက်သေတစ်ယောက်လည်း ခေါ်လာစေချင်တယ်ဆိုလို့ ဟောဒီက ကိုတင်မောင်ကိုခေါ်ပြီး နားထောင်ခိုင်းရတာပဲ ခင်ဗျား၊ အစ်မကြီးတိုက်ခန်းကို ငှားနေတဲ့ အမိနာဘီဘီဆီကိုလည်း ကျွန်တော်တို့ မရောက်ခင် ပြောထားလိုက်ပါ ခင်ဗျာ"

"ကောင်းပါပြီရှင် - ပြောထားပါ့မယ်၊ သူကလည်း ဦးထင်ကျော်ကို အင်မတန် တွေ့ချင်နေရှာပါတယ်"

"ဒါဖြင့် - ကျွန်တော်တို့ ညနေလောက် လာခဲ့ပါ့မယ်၊ ဒီတော့ - ဟောဒီက ဦးတင်မောင်ရှိတုန်း အစ်မကြီးပြောတဲ့အဖြစ်အပျက်ကလေးထပ်ပြီးသေချာအောင် ပြန်ပြောစမ်းပါဦး၊ အစ်မကြီးတိုက်ခန်းကို သူငှားနေတာ ငါးနှစ်ရှိပြီ၊ အဲဒီအတွက် သူ့မျက်နှာကို တစ်ခါပဲ အစ်မကြီး မြင်ဖူးတယ်ဆိုတာ ဟုတ်ပါသလား ခင်ဗျာ"

"ဟုတ်ပါတယ်ရှင်၊ သူ့မျက်နှာကို မမြင်ရတာက ကောင်းပါသေးတယ်၊ မျက်နှာဆိုပေမယ့် မျက်နှာနှင့် မတူပါဘူး၊ တစ်ခါက ကျွန်မတို့အိမ်ကို နွားနို့ပို့တဲ့လူဟာ သူ့မျက်နှာကိုရိပ်ခနဲမြင်လိုက်မိတာနဲ့ နွားနို့ပုံး လက်က လွတ်ကျပြီး နွားနို့တွေ ဗိတ်စဉ်ကုန်ပါရောလားရှင်၊ ဒီလောက်တောင် ကြောက်စရာကောင်းတဲ့မျက်နှာပါပဲ၊ ကျွန်မ တစ်ခါ အမှတ်တမဲ့မြင်လိုက်တုန်းက "ကဲ - သိပြီလား ဒေါ်ခါတွန်တဲ့၊ ဒါကြောင့် - ကျွန်မမျက်နှာကို အဝတ်ဖုံးထားတယ်ဆိုတာ အခု သိပြီမဟုတ်လားတဲ့" အဒီလိုပြောရှာတယ်"

ကျော် - "ဒါထက် - သူ့ရာဇဝင်ကိုတော့ အစ်မကြီး မသိဘူးလား"

ထွန်း - "မသိပါဘူးရှင်"

"သူလာပြီးအိမ်ငှားတုန်းက အကျိုးအကြောင်း နည်းနည်းပါးပါး ပြောမပြဘူးလား၊ အစ်မကြီးကတော့ မမေးဘူးလား"

"မပြောပါဘူးရှင်၊ ကျွန်မလည်း မမေးမိပါဘူး၊ အိမ်လခကိုတောင် သူ ချေးဆစ်မနေပါဘူး၊ တစ်နှစ်အတွက် လက်ငင်းပုံပေးပါတယ်၊ ကျွန်မတို့လို ဆင်းရဲတဲ့အိမ်ရှင်မိန်းမတစ်ယောက် အနေနှင့် ဒီလိုအခွင့်အရေးကို ရခဲသားပဲရှင့်"

"အစ်မကြီးရဲ့အိမ်ကို ဘာကြောင့် သူ ငှားတယ် ဆိုတာကော အကျိုး အကြောင်းပြောသေးလား"

"ဒီလိုရှင် - ကျွန်မအိမ်က လမ်းနှင့်ဝေးပြီး အတော်နောက်ပိုင်းကျတယ်၊ တခြားအိမ်ခန်းတွေထက် ပိုချောင်ကျတယ် ဆိုပါတော့၊ ကျွန်မနေတာက လည်း တစ်ယောက်တည်းနေတာကိုး၊ ကျွန်မအိမ်က အိမ်သူအိမ်သားဆိုလို့ လည်းတစ်ယောက်မှမရှိဘူး၊ ဒါကြောင့် ကျွန်မနှင့်အခန်းချင်းကပ်နေတဲ့အိမ်ခန်းကို ကြိုက်ဟန်တူပါရဲ့"

"အစ်မကြီးပြောပုံက သူ့မျက်နှာကို အစ်မကြီး အမှတ်တမဲ့ တစ်ခါမြင်လိုက်တာကလွဲလို့ သူဟာ ဘယ်တော့မှ သူ့မျက်နှာကို အမြင်မခံဘူးဆို မဟုတ်လား"

"ဟုတ်ပါတယ်"

"အင်း - ဒီလိုဆိုရင် ထူးဆန်းတာပဲ၊ ဒါကြောင့် - အစ်မကြီးက သိပ်သိချင်တယ်ဆိုပါတော့"

"ဒီလိုမဟုတ်ပါဘူးရှင်၊ ကျွန်မ[illegible] အိမ်လခသူ့ဆီကရရင် ကျေနပ်[illegible]ပါပဲ၊





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအေးအေးဆေးဆေးနေပြီးအိမ်လခ မှန်မှန်ပေးတဲ့လူ ရှားပါတယ်"

"ဒါဖြင့် - အခု ဘယ်လိုဖြစ်လို့ ဒီကို လာတာလဲ"

"သူ့ရဲ့ကျန်းမာရေးအတွက်ပါရှင်။ သူ့ကျန်းမာရေးအခြေအနေက အတော် ဆိုးဝါးလာပါတယ်။ သူ့စိတ်ဟာ အတော် ကယောင်ချောက် ချားဖြစ်ပြီး တစ်ခါ တလေညကြီးမင်းကြီးမှာ "သူသတ်တာ၊ သူသတ်တာ၊ ဟဲ့ ခွေး - ဟဲ့ တိရစ္ဆာန်" လို့ ထအော်တာ ကြားရပါတယ်။ ဒါနှင့် ကျွန်မလည်း မနက်ကျတော့ "ဒီမယ် မအေဆီနာဘီဘီရဲ့ - ရှင့်စိတ်ဟာ ဂနာမငြိမ် ဖြစ်နေတယ် ထင်တယ်။ ဒီလို ဆိုရင် ဘာသာရေးနဲ့ပတ်သက်လို့ စိတ်ထဲမှာ အနှောင့်အယှက်ရှိရင်လည်း ကျွန်မတို့ ဗလီဆရာအရှိသားပဲ၊ သူနဲ့တိုင်ပင်ရင် ကောင်းမယ်။ ဒီလိုမဟုတ်ရင် တခြား အနှောင့်အယှက် ဆိုရင်လည်း ပုလိပ် အရှိသားပဲ" လို့ သူ့ကို ဖျောင်းဖျပြောပါ တယ်။ ဒီတော့ - သူက "မဖြစ်ပါဘူးရှင်။ ကျွန်မ မအေသခင် ကျွန်မအဖြစ်အပျက် မှန်ကို တစ်ယောက်ယောက်သိသွားခဲ့ ရင်ကျွန်မအေးအေးဆေးဆေးသေပျော် ပါပြီ" လို့ပြန်ပြောတာကိုးရှင့်"

"ကဲ - ဆက်ပါဦး"

"ဒါနဲ့ကျွန်မက "ဒီလိုပုလိပ်နှင့်မဖြစ် ဘူးဆိုရင်အရပ်သားအလွတ်စုံထောက် နဲ့ကော။ ဥပမာ - ဦးထင်ကျော်တို့လို စုံထောက်ဆိုပါတော့" လို့ ပြောတဲ့အခါ သူဟာ အားရဝမ်းသာဖြစ်ပြီး "ဟာ - ဒီလို ဆိုရင်ကောင်းတာပေါ့ရှင်၊ သူ့အကြောင်း အရင်ကသတိမရဘူး။ စုမှသတိရတယ်။ ရနိုင်ရင်သူ့ကိုခေါ်ပေးပါလား - အစ်မကြီး ဖေါ်ခါတွန်ရယ်၊ တကယ်လို့သူကမလာ နိုင်ဘူးဆိုရင်ကျွန်မဟာ ဆက်ကပ်ဆရာ အလီခန်ရဲ့မိန်းမလို့ ပြောပါရှင်၊ ပြီးတော့ လည်း ဟန်(မ) ဆင်ဆစ်ကပ် ဆိုတဲ့ နာမည်ကိုလည်း ပြောပြပါ။ ဒီလိုဆိုရင် သူ မလိုက်ဘဲမနေပါဘူး။ လိုက်လာပါ လိမ့်မယ်" လို့ ကျွန်မကို ပြောပါတယ်"

"ကောင်းတယ်ဗျို့ ကောင်းတယ်။ ကဲ - ကဲ - အစ်မကြီးလည်းအချိန်အတော် ကြာသွားပြီ၊ ဒီတော့ - ညနေ သုံးနာရီ လောက်သာ အစ်မကြီးစောင့်နေပေ တော့၊ ကျွန်တော်တို့ ဆက်ဆက်လာခဲ့ မယ်"

ညှိုသည်ထွက်သွားသည်နှင့်တစ် ပြိုင်နက် ဦးထင်ကျော်သည် ကျွန်တော့် အား တစ်စုံတစ်ရာမပြောဘဲ ဖိုင်တွဲများ တင်ထားသည့်စင်ဘက်သို့ သွားရောက် ကာ နှစ်စဉ်မှတ်တမ်းစာအုပ်ကြီးများနှင့် ဖိုင်တွဲအချို့ကို အောက်သို့ချပြီး နောက် ကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ စာရွက်များကိုတစ်ရွက်စီလှန်ရင်း တစ်စုံ တစ်ရာကိုစိတ်အားထက်သန်စွာ ရှာဖွေ လျက် ရှိလေ၏။

ကျော် - "ဒီတုန်းက ကျုပ် အတော် ခေါင်းရှုပ်လိုက်တယ် - ကိုတင်မောင်၊ ဒီမှာကြည့်ပါလားဗျ၊ သတင်းစာ စာရွက် နံဘေးမှာ ကျုပ် ရေးထားတဲ့ မှတ်ချက် တွေ၊ အမှုအကြောင်းကိုဒီတုန်းက နည်း နည်းမှ မသိခဲ့ဘူး။ နို့ပေမဲ့ - အမှုစစ်တဲ့ တရားသူကြီးဟာ အယူအဆလွဲပြီဆို တာတော့ ကျုပ် ရိပ်မိတယ်၊ ခင်ဗျား မမှတ်မိတော့ဘူးလားဗျ။ "ဟန်(မ်) ဆင် ဆစ်ကပ်လူသေမှု" ဆိုတာ"

ကျွန်တော် - "ဟင့်အင်း - မမှတ်မိ ဘူး"

"ဒါပေမဲ့ - ဒီတုန်းက ခင်ဗျားနှင့် ကျုပ် အတူတူအရှိသားပဲ၊ ဒီအချိန်တုန်း ကကျုပ်ရဲ့ပူဆွေးနေတဲ့ကာနည်းနည်းအပေါ်



အလီခန်ကခြသေ့်ကျောင်းအိမ်နှင့် ဆယ်ကိုက်လောက်အဝေးမှာမှောက် လျက်လဲနေပြီးသူ့ခေါင်းရဲ့ဦးခွံတစ်ခု လုံးမှာအင်တော်နက်တဲ့ခြသေ့်လက် သည်းရာကြီးတွေဟာရစရာမရှိဘူးတဲ့ ဗျ။ ကျောင်းအိမ်လည်းပွင့်နေတယ်။ မိန်းမကတော့ကျောင်းအိမ်တံခါးဝအော မှာလဲနေပြီးသူ့မျက်နှာပေါ်ကိုခြသေ့် ကြီးကကုတ်ပြီး တရှုံ့ရှုံ့ တရှားရှား ဖြစ်နေတာတွေ့ကြရတယ်။





www.burmeseclassic.com

www.burmeseclassic.com

ယံလျှမ်းနေသလား မပြောတတ်ပါဘူး ဗျား ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆက်ပြီး စုံထောက်စရာလည်း ဘာမှမရှိဘူးဗျ။ ပြီးတော့လည်း နှစ်ဖက်စလုံးက ဘယ် ဘက်ကမှ ကျုပ်ကိုမငှားဘူး။ သတင်းစာ ထဲဖတ်ရတာပဲရှိတယ်။ သတင်းစာတွေ ကိုတော့ ခင်ဗျား နည်းနည်းဖတ်ဖူးမှာ ပေါ့"

"အချက်အလက်ကလေးတွေ လည်း နည်းနည်းပြောဦးမှပေါ့ဗျ"

"ဒါကလွယ်ပါတယ်ဗျာ။ ကျုပ်အခု ပြောသွားရင် ခင်ဗျား ပြန်ပြီးသတိရလာ ပါလိမ့်မယ်။ အလီခန်ရဲ့ဆပ်ကပ်ဟာ "ဂရိတ်အင်ဒီးယန်းဆပ်ကပ်"တို့၊ "ဗင်း ဂေါ်ဆပ်ကပ်"တို့နှင့်အဲဒီခေတ်ကအပြိုင် အဆိုင်ပေါ့ဗျ။ ဒီလူက ဆပ်ကပ်ဆရာ၊ သူ့ဆပ်ကပ်ဟာလည်း အဲဒီအချိန်တုန်း က အတော်"ကျ"နေတယ်ဆိုပါတော့။ တစ်နေ့တော့ သူ့ရဲ့ဆပ်ကပ်အဖွဲ့ဟာ ပေါင်းတည်မြို့နားမှာ စခန်းချနေတယ်။ အဲဒီစခန်းချနေတဲ့အချိန်တုန်းက သူတို့ရဲ့ ဟန်(မ်)ထင်ဆပ်ကပ်ဟာမြို့ကလေးက ငယ်တဲ့အတွက် ဆပ်ကပ်မပြဘူး။ နားရုံ သာ နားနေကြတာကိုးဗျ"

ဦးထင်ကျော်က ဆက်လက်၍-

"ဒါနဲ့ပြောရဦးမယ်။ သူတို့ပြတဲ့ ဆပ်ကပ်ထဲမှာ အာဖရိကတိုက်တောင် ပိုင်းက အင်မတန်လှတဲ့ ခြင်္သေ့ကြီးတစ် ကောင် ပါလာပြီး လှလွန်းကြီးလွန်းလို့ သူ့ကို "ဆာဟာရဘုရင်" လို့နာမည်ပေး ထားသတဲ့ဗျ။ ဒီခြင်္သေ့ကြီးကို အလီခန် ဇနီးမောင်နှံတို့က လှောင်အိမ်ထဲဝင်ပြီး ပွဲကြည့်ပရိသတ်အသည်းယားလောက် အောင် အမျိုးမျိုး ကစားပြတယ်။ ဒီမှာ ကြည့်ပါလား။ သတင်းစာထဲမှာ တတ်ပုံ တောင် ပါလာသေးတယ်။ ယောကျ်ား ကြီးဖြစ်တဲ့ အလီခန်က ဝဝိုင်ငိုင် ဝက်နဲ့ တူတဲ့လူကြီးတစ်ယောက်။ သူ့မိန်းမက တော့ သေးသေးသွယ်သွယ်နှင့် ရုပ်ချော ချောမောပြီး ခန့်ညားလှပတဲ့မိန်းမတစ် ယောက်ပေါ့ဗျာ။ သူတို့အမှုမှာ သက်သေ ထွက်ချက်အရ ဒီခြင်္သေ့ကြီးဟာ အတော် ဆိုးပြီး ကြောက်စရာကောင်းတယ်ဆို တာ ကျုပ် သိရတယ်။ ဒါပေမဲ့ - ယဉ်ပါး နေတော့လည်း သူတို့အနေနှင့်ကြောက် စရာမဟုတ်တော့ဘူးပေါ့ဗျာ။

ဒီခြင်္သေ့ကြီးကို အစာကျွေးတာက ညမှာကျွေးလေ့ရှိသတဲ့ဗျ။ တစ်ခါတလေ လည်း အလီခန်တစ်ယောက်တည်း။ တစ်ခါတလေ သူ့မိန်းမတစ်ယောက် တည်း။ တစ်ခါတလေလည်းနှစ်ယောက် စလုံး ဆိုပါတော့။ နို့ပေမဲ့ - တခြားလူကို တော့ ဘယ်သူ့မှ အကျွေးမခိုင်းဘူးတဲ့။ ဒါနဲ့ အခင်းဖြစ်ပွားတဲ့ညမှာ အဲဒီ ခုနှစ် နှစ်လောက်ရှိသွားပြီ။ သူတို့နှစ်ယောက် စလုံး လှောင်ချိုင့်ကို ဖွင့်ဝင်ဆိုပဲဗျ။ နို့ပေမယ့် ဖြစ်ပျက်တဲ့အကြောင်းအရာ အသေးစိတ်ကိုတော့ ကျုပ် မသိဘူး။ ဘယ်လိုဖြစ်တယ်ဆိုတာ ဘယ်သူမှ လည်း မသိကြဘူးဆိုပါတော့။

ဖြစ်တာက ညသန်းခေါင်လောက် မှာ ဖြစ်ပြီး ခြင်္သေ့အသံရော၊ မိန်းမအသံ ရော ဗလုံးဗထွေး ဆူဆူညံညံအသံတွေ ကြားရလို့ဆပ်ကပ်ထဲကလူတွေအားလုံး အိပ်ရာက လန့်နိုးကြသတဲ့ဗျ။ ခြင်္သေ့ ထိန်းတဲ့လူတွေရော၊ အလုပ်သမားတွေ ရောဟာ သူတို့အိပ်နေတဲ့တဲတွေထဲက မှန်အိမ်တွေ၊ မီးတုတ်တွေကိုင်ပြီး ထွက် လာကြတာပေါ့ဗျာ။ အလီခန်က ခြင်္သေ့ လှောင်အိမ်နှင့် ဆယ်ကိုက်လောက် အဝေးမှာ မှောက်လျက်လဲနေပြီး သူ့ ခေါင်းရဲ့ဦးနှောက်တစ်ခုလုံးမှာအင်မတန်နက် တဲ့ ခြင်္သေ့လက်သည်းရာကြီးတွေဟာ ရစရာမရှိဘူးတဲ့ဗျ။ လှောင်အိမ်လည်း ပွင့်နေတယ်။ မိန်းမကတော့ လှောင်အိမ် တံခါးဝဘေးမှာ လဲနေပြီး သူ့မျက်နှာပေါ် ကိုခြင်္သေ့ကြီးကကုတ်ပြီး တရှုံ့ရှုံ့ တရှား ရှားဖြစ်နေတာ တွေ့ကြရတယ်။

မျက်နှာမှာလည်း ခြင်္သေ့ကိုက်ဖို့ ကုတ်ခြစ်ထားတာ ဒီမိန်းမ အသက်မှ ရှင် ပါ့မလားလို့တောင် အောက်မေ့ကြရတာ ပေါ့ဗျာ။ ဒီတော့ - ဆပ်ကပ်ထဲက "ဆန်နီ"လို့ အမည်ခံတဲ့ လူသန်ကြီးတစ် ယောက်နှင့် စိန့်ကျော်လီဆိုတဲ့ ဆပ်ကပ် လူပြက်က ခေါင်းဆောင်ပြီး အနားမှာ တွေ့ရတဲ့ တုတ်တွေ တိုင်ပြတ်တွေနှင့် အတင်းလိုက်ပြီးခြောက်တော့မှ ကံအား လျော်စွာ ခြင်္သေ့ကြီးဟာ လှောင်အိမ်ထဲ ပြန်ဝင်သွားတယ်ဆိုသကိုးဗျ။ ဒီတော့မှ လှောင်အိမ်ကို အတင်းသော့ခတ်ပိတ် လိုက်ကြရတာပေါ့ဗျာ။

ခြင်္သေ့ဟာ လှောင်အိမ်ထဲက ဘယ် လိုလွတ်ထွက်လာသလဲဆိုတာပြဿနာ ပဲလို့ ထင်ရတာကတော့ တခြားမဟုတ် ဘူး။ သူတို့ လင်မယားနှစ်ယောက်က လှောင်အိမ်ထဲကိုဝင်ဖို့တံခါးအဖွင့်လိုက် မှာ ခြင်္သေ့က သူတို့ကို ခုန်ပြီးအုပ်လိုက် တယ်လို့ထင်ရတာပဲတဲ့။ ဒီတော့ - သူတို့ အဖြစ်အပျက်ကို ဘယ်သူမှလည်း မမြင် ဘူး။ ဘာသက်သေမှလည်း မရှိဘူး။

www.burmeseclassic.com

ဘယ်သူမှလည်းမတွေးတတ်ဘူးပေါ့ဗျ။ နို့ပေမဲ့ - တစ်ခုရှိတာက မိန်းမဟာ လူမှန်းမသိဘဲ ကယောင်ကတမ်းဖြစ်နေပြီး "ဟဲ့ - သူရဲဘောနည်းတဲ့အကောင်" လို့ အော်သတဲ့ဗျ။ ဒါနဲ့ - နောက်ကြောက်လ လောက်ကြာမှ သူ့ဒက်ရာတွေ ပျောက်ပြီးရုံးမှာအစစ်ခံနိုင်သတဲ့ - ကိုတင်မောင်ရဲ့။ အမှုကတော့ မတော်တဆ ဖြစ်ပွားမှုဆိုပြီး ပိတ်လိုက်တာပေါ့ဗျာ"

"သည့်အပြင် တခြား ဘာထင်စရာရှိသေးသလဲဗျ"

"အင်း - ခင်ဗျားကတော့ ဒီလိုပြောတာပေါ့ဗျာ။ ဒါပေမဲ့ - နယ်က အစိုးရစုံထောက်အရာရှိ ကိုမြဘူးဆိုတဲ့လူကတော့ အတော်ခေါင်းရှုပ်သွားသတဲ့ဗျ။ အခုတော့ - ဒီလူပြောင်းသွားရပါပြီ။ သူနဲ့ မီးရထားပေါ်မှာတွေ့ပြီး စကားစပ်မိကြလို့သာ ကျုပ်လည်း ဒီအကြောင်းတွေ အတော်သိခဲ့တာပါ"

"ဩော် - အရင်တစ်ခါတုန်းက ပေါင်းတည်ဘက်က ခင်ဗျားဆီကို ရောက်လာတဲ့ စုံထောက်အင်စပိတ်တော်ဆိုတဲ့လူလား"

"ဟုတ်တာပေါ့ဗျ။ ဟော - ခင်ဗျားအခု ဒီအကြောင်း အမှတ်ရလာပြီ"

"နေပါဦး။ သူက ဘာဖြစ်လို့ ခေါင်းရှုပ်ရတာလဲ"

"သူရော ကျုပ်ရောပေါ့ဗျာ။ အခင်းဖြစ်ပွားတာဟာ ဘယ်နည်းဘယ်ပုံဖြစ်တယ်ဆိုတာ သူ့နေရာနင့်သူ ပြန်ပြီးအစီအစဉ်လုပ်ကြည့်တာကိုးဗျ။ ခြင်္သေ့ဘက်ကနေပြီး ခင်ဗျား ပထမကြည့် စမ်း။ ခြင်္သေ့ဟာ လှောင်အိမ်ထဲက လွတ်သွားပြီဆိုပါတော့။ ဒီတော့ - သူဟာ ဘာလုပ်မလဲ။ ရှေ့ကို လေးငါးခြောက်လှမ်း ခုန်ထွက်မယ်။ ဒီတော့ - အလီစန်နဲ့ တွေ့မယ်။ အလီစန်က နောက်လှည့်အပြေးမှာ ခြင်္သေ့က နောက်ကနေပြီး ခုန်အုပ်မယ်။ ဒါကြောင့် - အလီစန်ဟာ ရှေ့ကို မှောက်ရက်လဲပြီး ခေါင်းရဲ့နောက်ပိုင်း ဦးနှောက်မှာ ခြင်္သေ့လက်သည်းရာကြီးတွေက ဒက်ရာရှိတာပေါ့။ ဒီနောက် ခြင်္သေ့ကြီးဟာ ထွက်မပြေးဘဲ မိန်းမဆီကို ပြန်လှည့်လာမယ်။ ဒီအခါ မိန်းမက လှောင်ချိုင့်နားမှာ ရှိရမယ်။ မိန်းမက ပက်လက်လန်အလဲမှာ သူ့မျက်နှာကို ခြင်္သေ့က ကိုက်လည်း ကိုက်၊ ကုတ်လည်း ကုတ်ပေါ့ဗျာ။ ဒီနောက် - မိန်းမရဲ့အော်သံဆိုတာကတော့ သူ့ယောကျ်ားဟာ သူ့ကိုလာပြီး မကူနိုင်လို့ အော်တာဖြစ်မှာပေါ့။ သူ့ယောကျ်ားမှာလည်း သူ့ကို ဘယ်က လာပြီးကူနိုင်တော့မှာလဲဗျ။ ကဲ - အခက်အခဲတွေကို ခင်ဗျားမြင်ပြီမဟုတ်လား"

"မြင်ပါပြီဗျာ"

"ပြီးတော့ - တစ်ခုရှိသေးတယ်ဗျ။ အခု - ကျုပ် ပြန်ပြီးစဉ်းစားလိုက်တော့ တစ်ခုသတိရလာတယ်။ ခြင်္သေ့က ဟိန်းနေတဲ့အချိန် မိန်းမကလည်း ကြောက်အားလန့်အားနဲ့ သံကုန်အော်ဟစ်နေတဲ့ အချိန်မှာ လူတစ်ယောက်က အလန့်တကြားအော်လိုက်တဲ့အသံဟစ်သံကို ကြားရတယ်ဆိုတဲ့အကြောင်းလည်း သက်သေထွက်ချက်တစ်ခုနှစ်ခုရှိတယ်ဗျ"

"ဒါကတော့ သူ့ယောကျ်ားအလီစန်ဖြစ်မှာပေါ့"

"မဟုတ်ဘူး - ကိုတင်မောင် မဟုတ်သေးဘူး။ လူတစ်ယောက်ဟာ ခေါင်းတစ်ခုလုံးရစရာမရှိအောင်ခြင်္သေ့ကုတ်ထားတဲ့ဒက်ရာကြီးနဲ့ လဲနေတာ။ ဒီလူက အော်နိုင်ပါ့မလားကိုတင်မောင်။ ပြီးတော့ - မိန်းမတစ်ယောက် အော်နေတဲ့ အသံနဲ့ လုံးထွေးပြီးအော်တဲ့ ယောကျ်ားတစ်ယောက်ရဲ့အသံကိုကြားရတယ်ဆိုတဲ့အကြောင်း၊ သက်သေနှစ်ယောက်ရဲ့ထွက်ချက်ရှိတယ်ဗျ"

"ခင်ဗျားပြောတာ ဆပ်ကပ်ထဲက လူတွေအားလုံးရောက်လာပြီး ရူရူညံညံအားလုံးဝိုင်းအော်ကြတယ်ဆို။ ကျုပ်ထင်တဲ့အချက်တစ်ချက်ကို ပြောရမယ်ဆိုရင် —"

"ပြောပါ - ကိုတင်မောင်။ ခင်ဗျားပြောတာ ကျုပ် တောင်းကောင်းစဉ်းစားပါတယ်"

"ဒီလိုဗျာ - သူတို့နှစ်ယောက်ဟာ ခြင်္သေ့လွတ်လာတော့ လှောင်ချိုင့်နဲ့ဆယ်ကိုက်လောက်ပဲ ဝေးတယ်။ ယောကျ်ားက လှည့်ပြီးပြေးတော့ ခြင်္သေ့က နောက်ကနေပုတ်လိုက်လို့ လဲသွားရော။ ဒီတော့ - မိန်းမက လှောင်ချိုင့်ထဲဝင်ပြီး တံခါးကို အထဲကနေ ပိတ်ထားဖို့ အကြံရတယ်။ သူ့ အားကိုးဖို့က ဒီတစ်ခုပဲ ရှိတော့တာကိုး။ ဒါနဲ့ - လှောင်ချိုင့်ဆီ ပြေးသွားလို့ အရောက်မှာ ခြင်္သေ့က နောက်က မီလာပြီး သူ့ကို ပုတ်ချလိုက်ပြန်တော့ ပက်လက်လန်လဲသွားရော မဟုတ်လား။ ယောကျ်ားဖြစ်တဲ့လူဟာ လှည့်ပြီးထွက်ပြေးတဲ့အတွက် ခြင်္သေ့





www.burmeseclassic.com

www.burmeseclassic.com

ဟာ ဒေါ်သထွက်လို့ ဒီလိုဖြစ်ရတယ်ဆိုပြီး မိန်းမက "ဟဲ့ - သူရဲဘောနည်းတဲ့အကောင်"လို့အော်တာ ဖြစ်မှာပေါ့ဗျ"

"ဟုတ်လိုက်လေဗျာကိုတင်မောင်။ ဒါပေမဲ့ - ခင်ဗျားတွေးထင်ချက်မှာ ဟာကွက်ကလေးတစ်ခု ရှိနေတယ် ဆရာရေ့"

"ဘာဟာကွက်လဲဗျ။ ဆိုစမ်းပါဦး"

"တကယ်လို့ သူတို့နှစ်ယောက်စလုံးဟာ လှောင်အိမ်ကနေပြီး ဆယ်လုမ်းလောက်အကွာမှာ ရှိတယ်ဆိုရင် လှောင်အိမ်ကို ဘယ်သူမှ မဖွင့်ရသေးဘဲနဲ့ ခြင်္သေ့ဟာ ဘယ်လိုလုပ်ပြီး လွတ်လာနိုင်မလဲဗျာ"

"ဒါဖြင့် - သူတို့မှာ ရန်သူရှိလို့၊ ရန်သူက ဖွင့်လွှတ်လိုက်တာဖြစ်နိုင်တာပေါ့"

"ဒီလိုဆိုရင်လည်း အင်မတန်ယဉ်ပါးပြီး လှောင်အိမ်ထဲတောင် ဝင်ကစားနေတဲ့ သူ့သခင်တွေကို ဘာဖြစ်လို့ ဒီလောက် သဲသဲမဲမဲ လိုက်ပြီးကိုက်ရသလဲဗျ။ အဲဒါစဉ်းစားစရာမဟုတ်လား"

"အဲဒီရန်သူက ခြင်္သေ့ဒေါသထွက်အောင် တိုက်ထားတာဖြစ်နိုင်တယ်"

ဦးထင်ကျော်သည် ဆေးတစ်ဆုံထည့်၍ ဆေးတံကို မီးညှိလိုက်ပြီးနောက် -

"အင်း - ဒီဟာက ခင်ဗျားရဲ့သီအိုရီကိုးဗျ။ ပေါင်းတည်ကစုထောက်ကလေးကိုမြဘူးက ကျုပ်ကို ပြောခဲ့တဲ့အတိုင်း အလီစန်ဆိုတဲ့လူမှာ ရန်သူတွေ ရှိသတဲ့ဗျ။ လူကောင်ကြီးကလည်း တုတ်တုတ်ခိုင်ခိုင်နှင့် အရက်များ မူးလာပြီဆိုရင် ဒီလူက ဘယ်သူ့ကိုမှ မရှောင်ဘူး။ ရိုက်လိုက်ပုတ်လိုက်၊ ထိုးလိုက်ကြိတ်လိုက်နဲ့ အင်မတန်ကြောက်စရာကောင်းတဲ့လူကြီးဆိုပဲ။ ဒါက ဟိုနေ့ညမှာဖြစ်တဲ့အကြောင်းနဲ့ပတ်သက်ပြီး ကျုပ်တို့ရဲ့ တွေးထင်ယူဆချက်တွေပဲ။ အေးလေ ဘာပဲဖြစ်ဖြစ် - အမှုဆိုတာအဖြစ်အပျက်ပြည့်စုံမှသာ ဖြစ်နိုင်တာကိုး။ ကဲလေ ဒီဟာတွေနောက်မှစဉ်းစားကြသေးတာပေါ့။ တစ်နာရီတောင် ထိုးပြီ။ ကျုပ်တို့ နေ့လယ်စာကလေး စားလိုက်ကြဦးစို့"

ꩮ ꩮ ꩮ



အခန်းငှားစားသူ အိမ်ရှင်အဒေါ်ကြီး ဒေါ်ခါတွန်အိမ်ရှိရာ "ဗိုးလ်ခင်းဘဲလီ"သို့ ကျွန်တော်တို့ မြင်းရထားဆိုက်ရောက်သောအခါ ဒေါ်ခါတွန်သည် သူ၏အိမ်ခြံမှနေ၍ ကျွန်တော်တို့အား စောင့်မျှော်နေသည်ကို တွေ့ရ၏။ ၎င်း၏အပြောအဆိုအမူအရာကိုထောက်ခြင်းအားဖြင့် ငွေရှင်သောအိမ်ငှားတစ်ယောက်လက်လွတ်သွားမည်ကိုစိုးရိမ်သည့်လက္ခဏာဖြင့် ခေါင်းမြီးခြုံအမိနာဘီဘီနှင့် စကားပြောဆိုဆက်ဆံသောအခါ ထိုအခြေအထိ မဆိုက်ရောက်စေရန် ကျွန်တော်တို့အား စကားသွင်းလျက်ရှိလေသည်။ သို့နှင့် ကျွန်တော်တို့လည်း စကားတပြောပြောနှင့် ၎င်း၏နောက်မှလိုက်ပါသွားရလေ၏။ ထို့နောက် အိမ်ခန်းများရှိရာသို့ ခေါ်သွားရာ အတော်ပင် ဟောင်းနွမ်းစုတ်ပြတ်နေပြီဖြစ်သော ကောဇောများ ခင်းထားသည့် လှေခါးမှတက်၍ လိုက်ပါသွားကြလေ၏။

နောက်ဆုံးတွင် မျက်နှာကို မမြင်အောင် အမြဲဖုံးထားသည်ဆိုသော အမိနာဘီဘီ၏အခန်းသို့ ရောက်လာကြ၏။ အခန်းမှာ ကျဉ်းကျဉ်းကျပ်ကျပ်ဖြင့် လေနှင့် အလင်းရောင်များ မရှိသလောက်နည်းပါးပြီးလျှင် သစ်ဆွေးနံ့၊ မှိုနံ့များ ထွက်လျက်ရှိ၏။ အမိနာဘီဘီဆိုသူမှာ တိရစ္ဆာန်များကို ယခင်က လှောင်အိမ်အတွင်းတွင် သိုလှောင်ခဲ့သူဖြစ်သဖြင့် ထိုဝဋ်ကြွေးကို သူကိုယ်တိုင် ယခု ခံစားနေရသည်နှင့်ပင် တူလှချေ၏။

အမိနာသည် ခပ်မှောင်မှောင်ရှိသော အခန်းထောင့်တစ်နေရာရှိ လက်တန်းကျိုးနေသော ကုလားထိုင်တစ်လုံးပေါ်တွင် ခပ်မှိုင်မှိုင် ထိုင်လျက်ရှိနေ၏။ အမိနာဘီဘီသည် ဘဝ၏အနှံ့အတာကို နှစ်ပေါင်းများစွာ ခံစားလာခဲ့ရသဖြင့် ၎င်း၏အင်္ဂါရုပ်မှာ ကျဆင်းနေပြီဖြစ်သော်လည်း ယောကျ်ားတို့ တပ်မက်ခဲ့ဖူးသော ယခင်က နုပျိုလှပခဲ့သည့် ရုပ်ဆင်းသဏ္ဌာန်ကြွင်းအင်လက္ခဏာကိုယ်ဟန်အမူအရာများကား အတော်အသင့်ကျန်ရှိနေသေး၍ ငယ်စဉ်က ချောမောလှပသောမိန်းမငယ်တစ်ယောက်ဖြစ်ကြောင်း ထင်ရှားလေသည်။

ကျွန်တော်တို့အား အခန်းထဲတွင် နေရာထိုင်ခင်းပေးပြီးနောက် အမိနာဘီဘီက -



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မနာမည်ကိုတော့ ဦးထင်ကျော်ကြားဖူးချင်မှကြားဖူးမယ်၊ ဒါပေမဲ့ ဟန်(စ်)ဆင်ဆပ်ကပ်က ဖြေသုံ့ဆရာ ကျွန်မယောကျ်ား မစ္စတာအလီခန် နာမည်ကိုတော့ကြားဖူးကောင်းကြားဖူး ပါလိမ့်မယ်၊ ဒါကြောင့် - ဟန်(စ်)ဆင် ဆပ်ကပ်လို့ပြောရင် ဘယ်နည်းနဲ့မဆို ဦးထင်ကျော် လိုက်လာလိမ့်မယ်လို့ ကျွန်မ တွက်ထားပါတယ်ရှင်"

ကျော် - "ဟုတ်ပါတယ် ခင်ဗျား၊ မစ္စတာအလီခန်ဆိုတာက ပေါင်းတည်မြို့မှာ ဆပ်ကပ်နားနေတုန်း ဖြေသုံ့ကုတ်လို့ သေသွားတဲ့ ဆပ်ကပ်ဆရာမဟုတ်လား"

ဘီ - "မှန်ပါတယ်ရှင်၊ သူက ကျွန်မယောကျ်ားပါပဲ၊ ကျွန်မ ပြောချင်တယ်ဆိုတဲ့ကိစ္စဟာလည်း ဒီကိစ္စပါပဲ"

"ဒီအမှုကို ဟိုတုန်းက ကျွန်တော်အတော်စိတ်ဝင်စားခဲ့ပါတယ်၊ ကျွန်တော်စိတ်ဝင်စားတဲ့အကြောင်း ခင်ဗျား ဘာကြောင့်သိနေသလဲဆိုတာတော့ ကျွန်တော်မသိဘူး"

"ဦးထင်ကျော်က ထူးထူးဆန်းဆန်း ဖြစ်တဲ့အမှုမျိုးဆိုရင် စိတ်ဝင်စားတတ်တယ်၊ အမှတ်အသားလည်းကောင်းတယ်၊ ဒါကြောင့်ပါရှင်"

"ဟုတ်ပါတယ်၊ ဒီအမှုနဲ့ပတ်သက်တဲ့ သတင်းစာဖြတ်ပိုင်းတွေနဲ့ တရားသူကြီးရဲ့ စီရင်ချက်ပါတဲ့သတင်းစာက ဓာတ်ပုံတချို့တောင် ကျွန်တော့်မှာ သိမ်းထားတာရှိပါသေးတယ်၊ ဪ - ဒါထက် ဆပ်ကပ်အကြောင်း နည်းနည်းမေးပါရစေ"

"မေးပါရှင် - မေးပါ"

"ဒီဆပ်ကပ်ဟာ မူလက အင်္ဂလိပ်ဆပ်ကပ် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကာလကတ္တားမှာ သူတို့ဓာတ်ခေါင်းကွဲပြီး ဖရိုဖရဲဖြစ်တော့ကျွန်မယောကျ်ားက ဝယ်ယူလိုက်တာပါ၊ နာမည်ကိုတော့ မူလနာမည်ပဲ တပ်ထားခွင့်ရပါတယ်၊ ဒါနဲ့ - ကျွန်မတို့လည်း အိန္ဒိယကလူတချို့ငှားပြီး ပြန်ထူထောင်ခဲ့ပါတယ်ရှင်"

"ဪ - ဟုတ်ကဲ့"

"ကဲ - အမှုအကြောင်း ဆက်ကြပါစို့၊ အမှုကတော့ ဒီလိုပါရှင်၊ ကျွန်မအနာပျောက်ပြီးတဲ့နောက် ပေါင်းတည်မြို့ကစုထောက်အရာရှိကလေး ကိုမြဘူးက



ကျွန်မကို စစ်ဆေးပါတယ်၊ ဒီတုန်းက သူ့ကို ကျွန်မ လိမ်ပြောခဲ့တယ်ရှင်၊ မှန်တဲ့အတိုင်း ဒီတုန်းက ပြောလိုက်ရရင် အကောင်းသား"

"ဒါကတော့ဘယ်အခါမဆို မှန်တာပြောရင် အကောင်းဆုံးပေါ့၊ ဒါထက် နေပါဦး - ခင်ဗျား အဲဒီတုန်းက ဘာဖြစ်လို့ လိမ်ပြောရတာလဲ"

"ဘာဖြစ်လို့လည်းဆိုတော့ လူတစ်ယောက်ရဲ့ကံကြမ္မာကို ထိခိုက်မယ်ထင်မိလို့ပါပဲ၊ ဒီလူဟာ ဘာမှအဖိုးတန်တဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ - ကျွန်မအတွက်နဲ့သူ့ဒုက္ခရောက်သွားမှာ ကျွန်မ မကြည့်ရက်လို့ပါပဲရှင်၊ ကျွန်မတို့အချင်းချင်းကလည်း အတော်ရင်းနှီးနေပါတယ်၊ အခ်မတန်ကို ရင်းနှီးနေပါတယ်"

"ဒါပေမဲ့ - အခုတော့ ဘာမှညှာတာထောက်ထားစရာ မရှိတော့ဘူးဆိုပါတော့"

"မှန်ပါတယ်ရှင်၊ ကျွန်မပြောတဲ့လူဟာလည်း အခု မရှိတော့ပါဘူး၊ ဆုံးရှာပါပြီ"

"ဒါဖြင့် - ဘာဖြစ်လို့ ပုလိပ်ကို ခင်ဗျားသိသလောက် မပြောတာလဲ"

"ဒါကတော့ - သည့်အပြင်လူတစ်ယောက် ရှိသေးလို့ပါပဲရှင်၊ သည့်အပြင်လူဆိုတာအခြားသူမဟုတ်ပါဘူး၊ ကျွန်မပါပဲ၊ ပုလိပ်က ကျွန်မကို စစ်ဆေးလို့ရှိရင် ကျွန်မရဲ့အကြောင်းကို လူတွေသိသွားမှာရယ်၊ ကျွန်မကို ကဲ့ရဲ့ရှုတ်ချကြမှာရယ် ဒါတွေကို ကျွန်မ မခံနိုင်လို့ပါ၊ အခုတော့ - နောက်ဆုံးအချိန် ရောက်လာပြီဆိုပါတော့၊ ကျွန်မလည်းကြာကြာမနေရတော့ပါဘူးရှင်၊ ဒါပေမဲ့ - မသေခင် စိတ်သောက အနှောင့်အယှက် ကင်းကင်းရှင်းရှင်း အေးအေးဆေးဆေး နေသွားချင်လို့ပါ၊ တစ်သက်လုံးမျိုသိပ်ထားခဲ့တဲ့ ကျွန်မရဲ့ဇာတ်လမ်းကို အန်ထုတ်ချင်လို့၊ အမှန်အမှား ဆင်ခြင်တုံ့တရားနဲ့ ပြည့်စုံတဲ့၊ ယုံကြည်စိတ်ရမယ့် ပုဂ္ဂိုလ် တစ်ဦးကို ရှာနေခဲ့တာပါပဲ၊ ဒါမှလည်း ကျွန်မသေတဲ့အခါကျွန်မရဲ့အဖြစ်အပျက် အမှန်ကို သိကျန်ရစ်ခဲ့ပါလိမ့်မယ်"

"အင်း - ခင်ဗျားကတော့ အရင်က ခင်ဗျားဖြစ်ပျက်ခဲ့တာ ဖွင့်ပြောပြီ၊ ဒါပေမဲ့ ကျွန်ုပ်က တာဝန်ရှိတဲ့လူတစ်ယောက်ဗျ၊ ဒီတော့ - ခင်ဗျား အခုဖွင့်ပြောတဲ့ အကြောင်း ပုလိပ်ဘက်ကို တိုင်ရို စီးဒ်



www.burmeseclassic.com

www.burmeseclassic.com

မကျူးဘူးဆိုတာတော့ ခင်ဗျားကို ကတိမပေးနိုင်ဘူး"

"ကျွန်မ ဒီလိုမထင်ပါဘူး - ဦးထင်ကျော်။ ကျွန်မဟာ ရှင့်ရဲ့အပြုအမူ အလုပ်အကိုင်အကြောင်း သိနေတာ နှစ်ပေါင်းအတော်ကြာပါပြီ။ ရှင်လိုက်တဲ့အမှုတွေအကြောင်း ကျွန်မ မဖတ်မိတာရယ်လို့ မရှိသလောက်ပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မရဲ့ဖြေဖျော်မှုဟာ စာဖတ်တာတစ်ခုပဲ ရှိပါတော့တယ်။ ကျွန်မရဲ့ဖြစ်ရပ်ကို ရှင် ဘယ်လိုအသုံးပြုမယ်ဆိုတာကိုတော့ ကျွန်မရဲ့ဂုဏ်တရားလို့ အောက်မေ့ပါတယ်။ နို့ပေမယ့် - အခု ဒီလိုဖွင့်ပြောလိုက်ရတဲ့အတွက် ကျွန်မရင်ထဲတော့ ရှင်းသွားပါပြီ"

"ကျုပ်ရော တောဒီက မိတ်ဆွေပါ ဒီလိုကြားရတာ ဝမ်းသာပါတယ် ခင်ဗျာ"

အမိန့်ဘာဘိဘိသည် နေရာမှထပြီးနောက် စားပွဲအံဆွဲ တစ်ခုအတွင်းက ယောကျ်ားတစ်ယောက်၏ဓာတ်ပုံကို ထုတ်ယူလိုက်၏။

ထိုသူ၏ပုံမှာ အားကစားအလုပ်ဖြင့် အသက်မွေးမြူသော အားကစားသမားတစ်ယောက်ဖြစ်ကြောင်း၊ ရုတ်ခြည်းမြင်ရုံမျှဖြင့် သိနိုင်ပေ၏။

ကာလပလအားဖြင့် အလွန်တောင့်တင်းကြံ့ခိုင်ပြီးလျှင် နှုတ်ခမ်းမွှေးဖောင်းကြွလျက်ရှိသော ရင်အုပ်ကြီးပေါ်တွင် လက်ကြီးနှစ်ဖက်ကိုယှက်တင်လျက် နှုတ်ခမ်းမွေးရေးရေးအောက်တွင် ပြုံးယောင်သမ်းလျက်ရှိသော နှုတ်ခမ်းအစုံသည် တင့်တယ်ထည်ဝါလှပေရာ ၎င်း၏အပြုံးမှာလည်း အောင်မြင်သောအပြုံးမျိုးဖြစ်လေသည်။

"မာမက်ဟူစိန်ဆိုတာ သူပါပဲရှင်"

"ဩော် - ဒီအမှုမှာ သက်သေခံခဲ့တဲ့ "ဆန်ဒို" လို့ခေါ်တဲ့ လူသန်ကြီးဆိုတာ သူလား"

"ဟုတ်ပါတယ်ရှင် - သူပါပဲ"

အမိန့်နာသည် အခြားပုံတစ်ပုံကို ထုတ်ယူပြီးနောက် -

"ဟောဒါကတော့ ကျွန်မ ယောကျ်ားအလီမန်ပုံပါ"

ထိုဓာတ်ပုံတွင်ပါရှိသော သူ၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာမျိုးဖြစ်၍ လူသား၏မျက်နှာထက်



တိရစ္ဆာန်များဟာ လူသွေးကို အင်မတန် အနံ့ခံကောင်းပြီး ချက်ချင်း စိတ်ရိုင်းဝင်လာတတ်ပါတယ်။ ခြင်္သေ့ကြီးဟာ လူတစ်ယောက်ဖြန်းခနဲ သေသွားလို့ ဒဏ်ရာက ထွက်တဲ့သွေးနံ့ကို ချက်ချင်းရသွားတဲ့ လက္ခဏာပါပဲရှင်။ သဘာဝပြောလိုက်တဲ့အတိုင်း အင်မတန်မြန်ပါတယ်။ ကျွန်မလည်း လှောင်အိမ်က ချိတ်ကိုဖြုတ်လိုက်ရော ခြင်္သေ့ကြီးဟာ ဖြန်းခနဲ ခုန်ထွက်လာလို့ ကျွန်မ ပက်လက်လန်လဲသွား ကျွန်မအပေါ် ခုန်အုပ်တော့တာပါပဲ။

တောဝက်တစ်ကောင်၏မျက်နှာနှင့် ပို၍တူပြီးလျှင် တိရစ္ဆာန်ကဲ့သို့ ကြမ်းကြုတ်သောအမူအရာအသွင်အပြင်ကိုဆောင်လျက်ရှိ၏။ ထူထဲသောနှုတ်ခမ်းကြီးများမှာ ဒေါသရောင်သမ်းလျက်ရှိ၏။ ခပ်ကျဉ်းကျဉ်းရှိနေသော မျက်လုံးကလေးနှစ်လုံးမှာ အဆိပ်ရှိသောမြွေကဲ့သို့ စက်ထန်သည့်အရိပ်အရောင်များ သန်းနေပြီလျှင် လောကကြီးကို မာန်ဖီ၍ကြည့်နေသကဲ့သို့ ရှိနေ၏၊ စက်ထန်ကြမ်းကြုတ်ခြင်း၊ သူတစ်ပါးအား ညှဉ်းဆဲလိုခြင်း၊ ရက်စက်ခြင်း စသည်တို့မှာ သူ၏မျက်နှာပေါ်တွင် ပေါင်းစပ်ကာ ပေါ်လွင်လျက်ရှိလေသည်။

"ဒီဓာတ်ပုံနှစ်ပုံပဲ ယှဉ်ကြည့်ပါတော့ရှင်။ ဓာတ်ပုံတွေကိုကြည့်ရင် ကျွန်မရဲ့ဖြစ်ရပ်ဓာတ်သွားကို လူကြီးမင်းများ နားလည်သဘောပေါက်အလိမ့်

www.burmeseclassic.com

မယ်။ ကျွန်မဟာ ဆပ်ကပ်ထဲက ဘားတိုင်အောက်မှာခင်းတဲ့ လွှစာမှုန့်တွေထဲမှာ ကြီးပြင်းလာခဲ့ရတဲ့ ဆပ်ကပ်မယ်ကလေးတစ်ယောက်ပါ။ အသက်ဆယ်နှစ်မပြည့်ခင်ကတည်းက ကြိုးကွင်းတွေ ခုန်၊ ဘားတွေ ကစားခဲ့ရတယ်။ ဒါနဲ့ တဖြည်းဖြည်းကြီးပြင်းလာလို့ အပျိုဖြစ်လာတဲ့အခါ ဒီလူကြီးက ချစ်ပါတယ်၊ ကြိုက်ပါတယ်ဆိုပြီးယူတော့ သူ့မိန်းမ ဖြစ်လာရတာပါပဲ။ အဲဒီနေ့ကစပြီးကျွန်မဟာ ဒီတစ္ဆေသရဲကြီးရဲ့ အနိပ်အစက်ကို ခံလာခဲ့ရတာ ကျွန်မမှာ ငရဲခံရသလိုပါပဲ။

ဆပ်ကပ်ထဲမှာ ပါတဲ့ လူမုန်းသမျှ အကျိုးအကြောင်းသိရတော့ သူ့ကိုစက်ဆုပ်ကြသလောက် ကျွန်မကိုသနားကြတယ်။ ပြီးတော့ - ကျွန်မနင့်တင် အားမရလို့ အငယ်အနှောင်းတွေ သူက ယူလိုက်ရသေး။ ကျွန်မက မခံချင်လို့ သူ့ကို အကျိုးအကြောင်းပြောပြတဲ့အခါ မြင်းရိုက်တဲ့ကြာပွတ်နဲ့ ကျွန်မကို သူက ရိုက်သေးတယ်ရှင့်။ ဆပ်ကပ်ထဲကလူတွေဟာ ဒီဟာကို မရှုဆိတ်နိုင်ဘဲ သူ့ကို အမုန်းကြီးမုန်းပြီးကျွန်မကိုတော့ သနားကြပါရဲ့။ ဒါပေမဲ့ - သူ့ကိုကြောက်လို့ ဘယ်သူမှ မပြောဝံ့ကြဘူး။ မတတ်နိုင်ကြဘူး။ အရက်ဆိုတာ သေမလောက်သောက်ပြီး မူးလာပြီဆိုမှဖြင့် တွေ့ကရာ မြင်ကရာလူတွေကို ရမ်းတော့တာပါပဲရှင်။ ရက်စက်တဲ့နေရာမှာလည်း တိရစ္ဆာန်ထက် ဆိုးသေးတယ်၊ ဒါပေမဲ့ - သူ့မှာ ငွေကြေးက ပြည့်စုံတော့ ရုံးက ဒဏ်ငွေ တပ်လည်း ဘာမှမဖြုဘူး။ ဆောင်လိုက်တာပဲ။ ကြာတော့ - ဆပ်ကပ်ထဲကလူတွေဟာ တဖြည်းဖြည်းထွက်ကုန်ကြလို့ ကျွန်မတို့ ဆပ်ကပ် ဘယ်လောက်ကောင်းအောင်ဘယ်လိုပြရပါတော့မလဲရှင်။ ဒီလိုနဲ့ အလုပ်အကိုင်က တဖြည်းဖြည်းကျဆင်းလာတော့တာပဲ။ ဆပ်ကပ်ထဲမှာ ဟူစိန်ရယ်၊ စိန်ဂျော်လီဆိုတဲ့ လူပြက်ရယ်၊ ကျွန်မရယ်ပဲ ကျန်ရစ်တော့တယ်။ ဟူစိန်ကလည်း ဆပ်ကပ်ကိုထိန်းသိမ်းပြီး မဖြစ်ဖြစ်အောင်ကြိုးစားနေခဲ့ရပါတယ်"

အမိနာသည် ပြောရင်းမှ သက်ပြင်းတစ်ချက် ချလိုက်၏။ ထို့နောက် ဆက်လက်၍-

"ဒါနဲ့ - ဟူစိန်ဟာ ဆပ်ကပ်ရဲ့ခေါင်းဆောင်လိုဖြစ်လာတော့ ကျွန်မနဲ့တဖြည်းဖြည်း နီးစပ်လာတာပေါ့ရှင်။ သူ့ဓာတ်ပုံကိုလည်း လူကြီးမင်းများ မြင်ကြတဲ့အတိုင်းပါပဲ။ ကိုယ်အင်္ဂါအလှအပလည်း ပြောစရာမရှိဘူး။ ကျွန်မယောကျ်ားနဲ့ နှိုင်းယှဉ်လိုက်ရင် ဘီလူးနဲ့နတ်သားကွာခြားသလောက် သူဟာ ကျွန်မကို အင်မတန် သနားပြီး အရာရာမှာ စောင့်ရှောက်ကူညီတဲ့အတွက် တစ်စတစ်စ ကျွန်မနဲ့ ရင်းနှီးလာပြီး နောက်ဆုံးတစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင်ချစ်ခင်ကြတာပါပဲ။ ကျွန်မတို့ ချစ်တဲ့အချစ်ဟာ အင်မတန်နက်ရှိုင်းပြီး ကျွန်မ အိပ်မက်မက်ခဲ့တဲ့ အချစ်စစ် အချစ်မှန် ဖြစ်ပါတယ်။ ဒါနဲ့ - ကျွန်မယောကျ်ားက နည်းနည်းတော့ မသင်္ကာဖြစ်လာတယ်။ ဒါပေမဲ့ - လူများကို ညှဉ်းပန်းနှိပ်စက်တတ်သလောက် သတ္တိကြောင်တဲ့လူ တစ်ယောက်ပါရှင်။ ပြီးတော့ - ဟူစိန်ကိုလည်း ကြောက်တယ်။ ဒီတော့ - သူ့နည်းနဲ့သူကလဲ့စားချေတဲ့သဘောနဲ့ ကျွန်မကို အရင်ကထက် ပိုပြီးနှိပ်စက်တော့တာပါပဲရှင်"

"ဒီလိုနဲ့ တစ်ညတော့ ကျွန်မတို့တဲ ရှေ့မနီးမဝေး သစ်ပင်ရိပ်တစ်ခုအောက်မှာ ကျွန်မတို့ ချိန်းတွေ့ကြပြီး ရှေ့ရေးအတွက် စကားပြောကြပါတယ်။ ကျွန်မတို့လည်း အမျိုးမျိုးစဉ်းစားတယ်။ ဒီကိစ္စမှာ ကျွန်မယောကျ်ား သေမှပဲ အေးမယ်ဆိုပြီး ကျွန်မတို့နှစ်ယောက် သူ့ကို ကြံစည်လုပ်ကိုင်ကြတာပါပဲရှင်။

ဟူစိန်ဟာ အင်မတန်အကြံထုတ်နိုင်တဲ့ဦးနှောက်ရှိတဲ့လူတစ်ယောက်ဖြစ်ပြီး ဒီဟာတစ်ခုလုံး သူကြံတာပါပဲရှင်။ သူ့ကိုလည်း အပြစ်တင်စရာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ သူ့နောက်ကိုထက်ကြပ်လိုက်ဖို့ဆုံးဖြတ်ပြီးပါပြီ။ သူ့ အကြံထုတ်ပုံကို ကျွန်မ အံ့သြလို့မဆုံးပါဘူး။ ဟူစိန်ဟာ သစ်သားတင်းပုတ်တစ်ခု ပထမလုပ်တယ်။ တင်းပုတ်ရဲ့အဖျားကို ခဲတပ်ပြီး အဲဒီခဲပြားမှာ သံချွန်ကြီးငါးခု တပ်ထားပါတယ်။ တပ်ထားပုံကလည်း သံချွန်တွေက ခြင်္သေ့ရဲ့လက်တွေလို အစီအရီ အပြင်ဘက် ကိုးရိုးကားရားထွက်နေပါတယ်။ အဲဒီလက်နက်ဟာ ကျွန်မယောကျ်ားကိုသတ်မယ့် သေမင်းတမန်လက်နက်ပါပဲ။ ဒါပေမဲ့ တစ်ခုရှိတာက ကျွန်မတို့က ခြင်္သေ့ကို လွှတ်အောင်လုပ်ပြီး ခြင်္သေ့က တအား





www.burmeseclassic.com

www.burmeseclassic.com

ခုန်အုပ်လို့ ရတဲ့ဒဏ်ရာဖြစ်တယ်လို့ သက်သေခံရဖို့ လိုပါတယ်။

ကျွန်မတို့လင်မယားလည်း ထုံးစံအတိုင်း ခြံသေ့ကို အစာကျွေးရအောင် သွားတဲ့ညဟာ အင်မတန်မှောင်တဲ့ည ဖြစ်ပါတယ်။ ကျွေးဖို့ အမဲသားစိမ်းကို တော့ သွပ်ပုံးတစ်လုံးနဲ့ထည့်ပြီး ယူလာ တယ်။ ခြံသေ့လှောင်အိမ်ဆီကို ကျွန်မ တို့သွားမယ့်လမ်းက လှောင်ချိုင့်ကြီး တစ်ခုန်ဘေးနား မှောင်ရိပ်မှာ ဟူစိန်က စောင့်နေပါတယ်။

ဒါပေမဲ့ - သူဟာ အင်မတန် လက် နှေးတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မတို့ သူ့အနီးကို ဖြတ်သွားတာ တောင် သူဘာမှမလုပ်သေးဘူး။ နောက် တော့မှကျွန်မတို့နောက်ကအသံမကြား အောင် ခြေဖျားထောက်လိုက်လာပြီး ကျွန်မယောက်ျားရဲ့ဦးခေါင်းကို တစ် ချက်တည်း ရိုက်ချလိုက်တာပါပဲ။ "ခွပ်" ခနဲ ဦးခွံကွဲသွားတဲ့အသံ ကြားရတယ်။ ဒီအသံကြားလိုက်ရတော့ ကျွန်မ သိပ် ဝမ်းသာသွားတာပဲ။ ဒီနောက် ကျွန်မ လည်းရှေ့ကို ခုန်လိုက်ပြီးခြံသေ့လှောင် အိမ်တံခါးမှာ တပ်ထားတဲ့ချိတ်ကို ဖြုတ် လိုက်ပါတယ်ရှင်။

ဒီနောက်ဖြစ်တာတော့ ပြောရမှာ တောင် ကြောက်စရာကြီးပါပဲ၊ တိရစ္ဆာန် များဟာ လူ့သွေးကို အင်မတန် အနံ့ခံ ကောင်းပြီး ချက်ချင်း စိတ်ရိုင်းဝင်လာ တတ်ပါတယ်။ ခြံသေ့ကြီးဟာ လူတစ် ယောက် ဖြန်းခနဲ သေသွားလို့ ဒဏ်ရာ က ထွက်တဲ့သွေးနံ့ကို ချက်ချင်းရသွား တဲ့ လက္ခဏာပါပဲရှင်၊ သဘာဝ ပြော လိုက်တဲ့အတိုင်းအင်မတန်မြန်ပါတယ်၊ ကျွန်မလည်းလှောင်အိမ်ကချိန်ကိုဖြုတ် လိုက်ရော ခြံသေ့ကြီးဟာ ဖြန်းခနဲ ခုန် ထွက်လာလို့ ကျွန်မ ပက်လက်လန်လဲ အသွား ကျွန်မအပေါ် ခုန်အုပ်တော့တာ ပါပဲ။ တကယ်တော့ဟူစိန်ဟာကျွန်မကို လာကယ်မယ်ဆိုရင် ကယ်နိုင်ပါတယ်၊ သူ့လက်ထဲမှာရှိတဲ့တင်းပုတ်နဲ့ခြံသေ့ကို တစ်ချက်ရိုက်ရုံလိုက်ရင် ပြီးတာပါပဲ။

"နို့ပေမဲ့ - သူဟာကြောက်သေသေပြီး ကြောင်ကြည့်နေတယ်။ သူ ကြောက် အားလန့်အားနဲ့ အော်လိုက်သံကို ကျွန်မ ကြားလိုက်ရပြီး ထွက်ပြေးတာ မြင်လိုက် ရတယ်။ ဒီအချိန်မှာ ခြံသေ့ဟာ ကျွန်မ မျက်နှာကို တအားခဲလိုက်ပြီး သူ့ပါးစပ် က တရှူးရှူးထွက်တဲ့အနံ့ဆိုးကြီးတွေ ကြောင့် ကျွန်မဟာ နာရမှန်းတောင် မသိ လိုက်ဘဲ တစ်ခါတည်း မေ့မြောသွားတာ ပါပဲ။ သွေးစွန်းနေတဲ့ သူ့ရဲ့ပါးစပ်ကြီးကို ကျွန်မလက်နဲ့ အတင်းတွန်းပစ်နေရပါ တယ်။ ကြောက်အားလန့်အားနဲ့ အသံ ကုန်ဟစ်ပြီးလည်း အော်လိုက်တယ်။ နောက်မှ ဟူစိန်ရယ်၊ စိန့်ဂျော်လီရယ်၊ တခြားလူတွေရယ် ပြေးလာပြီး ခြံသေ့ ကြီးရဲ့လက်သည်းတွေအောက်က ကျွန်မကို အတင်းလုဆွဲယူကြရပါ တယ်။

"ဒီနောက်တော့ ကျွန်မဟာ သတိ မေ့သွားပြီး အခုပြောတာတွေဟာ နောက်ဆုံး ကျွန်မ သတိရတာတွေပါပဲ။ နောက် လပေါင်းအတော်ကြာ ဆေးဝါး ကုသခဲ့ရပြီး အိပ်ရာကထနိုင်လို့ ကျွန်မ မျက်နှာကို မှန်ထဲ ကြည့်လိုက်မိတဲ့အခါ ကျွန်မကိုယ်တောင်ကျွန်မကြောက်လန့် မိပါတယ်ရှင်။ ခြံသေ့ကြီးကိုလည်းကျွန်မ အပြစ်တင်မိတယ်။ တင်မိတာ တခြား မဟုတ်ပါဘူး။ ကျွန်မရဲ့အလှပျက်ရုံ လောက်သာ လုပ်ခဲ့ပြီး တစ်ခါတည်း ရှင်းပြီးသေအောင် ဘာဖြစ်လို့မကိုက် သလဲဆိုပြီး အပြစ်တင်မိပါတယ်။

ဒီတော့ - ကျွန်မလည်း မသေ မယ့်အတူတူ ငါ့မျက်နှာကို ဘယ်တော့မှ လူမြင်မခံတော့ဘဲ အမြဲအဝတ်ဖုံးထား တော့မယ်လို့စိတ်ကိုသန္နိဋ္ဌာန်ချလိုက်ပါ တယ်။ အသိအကျွမ်းတွေ၊ မိတ်ဆွေ သင်္ဂဟတွေနဲ့လည်းဘယ်တော့မှအတွေ့ မခံတော့ဘူးလို့။ ဒီချောင်ကျတဲ့နေရာမှာ လာနေတာပါပဲရှင်။ အခုပြောတာတွေ ဟာကျွန်မလုပ်ခဲ့သမျှ၊ ကျွန်မဖြစ်ခဲ့သမျှ တွေပါပဲ၊ ဒဏ်ရာရတဲ့ကျားဟာ နောက် ဆုံး သူ့ရဲ့သားရဲတွင်းကို သေရအောင် လာခဲ့သလိုကျွန်မလည်းဒီနေရာကိုလာ ခဲ့တာပါပဲရှင်"

"ခင်ဗျားကိုကြည့်ရတာ သိပ်သနား မိပါတယ်။ အများကြီး စိတ်မကောင်းပါ ဘူးဗျာ။ ဒါနဲ့ - ဟူစိန်ဆိုတဲ့လူကော ဘယ် လိုဖြစ်သွားသလဲ"

အမ်ိနာဘီဘီသည် မျက်ရည်များ လည်လျက် -

"ဒီကတည်းကစပြီး သူ့ကို ကျွန်မ မမြင်ရတော့ပါဘူးရှင်။ သူ့အကြောင်းကို လည်း မကြားရတော့ပါဘူး။ အသစ် အသစ်ကလေးတွေနဲ့ လိုက်သွားလေ ရော့သလား မပြောတတ်ဘူး။ ဒါပေမဲ့

www.burmeseclassic.com

သူ့ကို ကျွန်မ မမုန်းရက်ဘူး။ မိန်းမသား တစ်ယောက်အနေနဲ့ ကျွန်မရဲ့မေတ္တာက တော့ ဘယ်တော့မှမပျက်ပြယ်နိုင်ပါဘူး ဦးထင်ကျော်၊ ကျွန်မဟာ ခြသေ့်ကြီးရဲ့ အကိုက်ခံနေရတုန်းသူပစ်သွားရက်တာ ကျွန်မဖြင့် အံ့ဩပါရဲ့၊ ဒါပေမဲ့ - ကျွန်မ ကတော့ သူ့လည်ပင်းကို ကြိုးကွင်းစွပ် အောင် မလုပ်ရက်ပါဘူးရှင်၊ ကျွန်မ အတွက်တော့ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ်ပါစေ ဂရုမစိုက်ပါဘူး"

"ဒါထက် - သူ သေပြီဆို"

"ဟုတ်ပါတယ်၊ အထက်မြန်မာ ပြည်ဆိပ်ကမ်းမြို့တစ်မြို့မှာ သင်္ဘော ဆိုက်လို့ရေဆင်းရိုးတုန်းရေနစ်ပြီးသေ ရှာပါတယ်၊ ကျွန်မလည်း သတင်းစာထဲ ပါလို့ သိရတာပါ"

"ဒါထက် မေးပါရစေဦး။ အရှားမှာ သံရွှန်ကြီးငါးချောင်း တပ်ထားတယ်ဆို တာကတော့ အတော်စိတ်ကူးကောင်း တဲ့လူလုပ်တဲ့လက်နက်ပဲ၊ ခင်ဗျားအတတ် လမ်းမှာ ဒီလက်နက်ဟာ အဓိကပဲ အဓိနာဘီဘီ"

"ကျွန်မ မပြောတတ်ပါဘူးရှင်၊ ကျွန်မတို့ဆက်ကပ်စခန်းချတဲ့နေရာနား မှာရေအိုင်ကြီးတစ်ခုရှိလေတော့ဒီအထဲ များ သူ ပစ်ချလေခဲ့ရော့သလားလို့ ထင် ရတာပါပဲ"

"တဲပါလေ - ဒီဟာ အရေးမကြီး တော့ပါဘူး။ အမှုလည်း ပိတ်ပြီးပါပြီ"

"ဟုတ်ပါတယ်ရှင်၊ အမှုစိတ်တာ တော့ ကြာပါပြီ"

ကျွန်တော်တို့သည် ပြန်တော့မည် ဟု နေရာမှ ထလိုက်ကြ၏၊ သို့သော် အဓိနာဘီဘီ၏အသံမှာ တစ်မျိုးဖြစ်၍ ဦးထင်ကျော်သည် ၎င်းဘက်သို့ ဖျပ်ခနဲ မျက်နှာမူလိုက်လေသည်၊

"ဒီမယ် မအဓိနာဘီဘီ - ဘဝဆို တာ ကိုယ်ပိုင်တာ မဟုတ်ဘူး။ သူဖြစ် ချင်သလိုဖြစ်ကြတာ၊ ဒီတော့"

"အို - ကျွန်မဘဝကိုဘယ်နေရာမှာ သွားပြီးအသုံးချဦးမှာလဲဟင်၊ ဒီမျက်နှာ ကြီးကို ဘယ်သူက သုံးဦးမှာတုံးရှင်၊ သေတာပဲ ကောင်းတယ်"

"ဒီလိုလည်း မလုပ်ပါနဲ့လေ၊ ဒီလောက်တောင် အချိန်ကြာအောင် ဘဝကို ရင်ဆိုင်နိုင်ခဲ့တာကိုလည်း သင် ခန်းစာတစ်ခုအနေနဲ့ ယူလောက်ပါ တယ်၊ သည်းခံမှပေါ့ ခင်ဗျာ"

မအဓိနာဘီဘီသည် နေရာမှ ချပ်ခနဲ ထလိုက်ပြီးလျှင် အလင်းရောင်ရှိရာ ရှေ့သို့ တိုးလာပြီးနောက် မျက်နှာပေါ်တွင် ဖုံးထားသည့်အဝတ်ကို ခွာချလိုက် လေသည်၊

"ကဲ - ကျွန်မမျက်နှာကို ကြည့်ကြ စမ်းပါဦး"

၎င်း၏မျက်နှာကား ကြောက်မက် ဖွယ်ကောင်းလှ၏၊ မျက်နှာဟူ၍ ပြောပ လောက်အောင်ပင် မရှိတော့၊ ပေါက် ပက်ဖြစ်နေသည့်မျက်လုံးအိမ်အတွင်းမှ တောက်ပစူးရှသည့်မျက်လုံးကလေးနှစ် လုံးသာ ကျွန်ုပ်တို့အား ကြည့်ရှုလျက်ရှိ နေ၏၊ ဦးထင်ကျော်သည် မကြည့်ရက် နိုင်သော ကရုဏာစိတ်ဖြင့် လက်ဝါးကို ကာ၍ပြလိုက်သည်၊

ထို့နောက် ကျွန်တော်တို့လည်း အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခဲ့ကြ လေသည်၊

❀ ❀ ❀

နောက်နှစ်ရက်အကြာ၌ကျွန်တော် သည်အပြင်မှပြန်ရောက်လာစဉ်ဦးထင် ကျော်သည်ဝင့်ကြွားသည့်အမူအရာဖြင့် သူ့စားပွဲပေါ်တွင်ရှိနေသော အပြာရောင် ပုလင်းကလေးတစ်လုံးကို ကျွန်တော့် အား ညွှန်ပြလေသည်၊ ပုလင်းပေါ်တွင် "အဆိပ်" ဟု အနီရောင်စက္ကူပတ်လေး ပေါ်၌ ပုံနှိပ်ထားသည်ကို တွေ့ရ၏၊ အတွင်းမှ စူးရှသောအနံ့သည် အတန် ငယ် ထွက်လျက်ရှိ၏၊

"အဆိပ်ပါလား"

"ဟုတ်တယ်လေ၊ ဒီပုလင်းကို စာ တိုက်ကနေပြီး ကျုပ်ဆီ ပို့လိုက်တယ်၊ ပြီးတော့ - "ကျွန်မဟာ ရှင် သတိပေးတဲ့ အတိုင်း ဘဝကို အရှုံးပေးဖို့ မကြံစည် တော့ပါဘူး၊ အစုပို့လိုက်တဲ့ပုလင်း ကလေးက သက်သေခံပါတယ်" လို့ရေး ထားတဲ့ စာကလေးတစ်စောင်လည်း ပါလာတယ်ဗျ။ ဘယ်သူကပို့လိုက်တယ် ဆိုတာတော့ ခင်ဗျား ရိပ်မိလောက်ရော ပေါ့ - ကိုတင်မောင်"


"ရိပ်မိပါပြီဗျာ"


➡ ဒုနှစ်ရွှေများ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**တောတွင်းတစ်နေရာတွင် မှုယစ်ဆေးဝါး မှောင်ခိုကုန်ကူးသည့် လူငယ်ကလေးတစ်ယောက်၏ သက်စွန့်ဆံဖျားဘဝ၊ ထောင်နှုတ်ခမ်းနှင်းရသည့် ဘဝမှ ..**

**လော** လောဆယ်၌ ကျွန်တော်သည် ငရဲမှ ထွက်ပြေးလွတ်မြောက်လာသူတစ်ယောက်ကဲ့သို့ခံစားနေမိပါ၏။ ထွက်ပြေးလွတ်မြောက်လာရမှာ ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်၊ အခြားတစ်ယောက် ရှိလေသည်။ သူ့အမည်ကိုကျွန်တော်မသိ။ အသက်(၅၀)ခန့်၊ အသားညိုညို၊ ရိုးကြီးခေါင်းဂင်နှင့် ဝဲဘက်ပါးပေါ်မှာ ကန့်လန့်ဖြတ်အမာရွတ်ကြီးတစ်ခု ရှိနေသော ဆံပင်ဖြူ ကြောင်ကြောင်လူကြီးတစ်ယောက်ဖြစ်သည်။ သူ့ကို တောတွင်း "ဖြန့်ဖြူးရေး" စခန်းက ထွက်လာကြတော့မှ ကျွန်တော် ပထမဆုံးအကြိမ်တွေ့မြင်ဖူးခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ "ကယ်ရီ" အုပ်စုတွင်လူ(၈)ယောက်ပါရှိရာ အားလုံးထဲမှာ သူက သူစိမ်းပြင်ပြင်အဆန်ဆုံး၊ စကားအနည်းဆုံးလည်း ဖြစ်ပါ၏။ သူက ကျွဲကော်ကိုင်းမျက်မှန်ကြီးတပ်ထားကာ မုတ်ဆိတ်ကျင်စွယ်တွေလည်း ရှိသဖြင့် ဥပဓိအမြင်ဘက်မှ တောတွင်း "ဆေး" သယ်ဆောင်သူ "ကယ်ရီ" သမားတစ်ဦးထက်ပညာတတ်ပါမောက္ခကြီးတစ်ယောက်နှင့်ပင်ပိုတူနေသယောင်ယောင်ကျွန်တော်ထင်မြင်မိပါသည်။

ကံကြမ္မာက ဆိုင်းမဆင့်၊ ဗုံမဆင့် ကျရောက်လာခြင်း ဖြစ်သည်။ လွန်ခဲ့သောသုံးနှစ်ကာလအတွင်း၌အဖြစ်မျိုးကြုံတွေ့မိဖို့မပြောနှင့်၊ အိပ်မက်ထဲမှာပင် သွေးလေချောက်ချားပြီး မက်ခဲ့ခြင်းမျိုး မရှိခဲ့ပါ။

စခန်းမှ ထွက်၍ တောတောင်လျှိုမြောင်များအတွင်း လျှို့ဝှက်တည်ရှိနေသော လူသွားလမ်းဟု ခေါ်၍ပင် မရနိုင်သော မြက်ဖုံးလွှမ်းနေသည့် လမ်းတွေ လမ်းကောက်အတိုင်း ကျွန်တော်တို့ အေးအေးလူလူ လျှောက်လာခဲ့ကြသည်၊ အားလုံး ကျောပိုးအိတ်ကြီးတွေ ကိုယ်စီနှင့် ဖြစ်ကြ၏၊ အိတ်ကြီးတွေထဲမှာ "ဆေး" ထုပ်တွေအပြည့်။ အားလုံး "ကယ်ရီ" ရှစ်ယောက်။

နွေခေါင်ခေါင်မိုးကြီးပစ်ရသည်နှင့် တူလှပါသည်၊ ကျွန်တော်တို့ လူတန်းကလေး၏ ညာဘက်အထက်အမြင့်နေရာ တောင်ကုန်းကလေးဆီကနေ သေနတ်သံတွေ ရုတ်ခြည်း မြည်ဟည်းလာကြသည်၊ ကျည်ဖူးတွေက ပျားရိုင်း၊ ပိတုန်းရိုင်းကောင်တွေလို တဝီဝီ တရွှီရွှီ မြည်သံပေး၍ ကျွန်တော်တို့အနီးတစ်ဝိုက်မှာဖြတ်သန်းပျံသွားကြသည်။ ချော်ညည်းသံတွေ ထွက်ပေါ်လာကြ၏။

"လာ - အားလုံး ရပ် - မရပ် ရင် အသေပဲ"

မြိမ်းခြောက်သံကြီးကလည်း သေနတ်သံတွေထက်ပင် ကျယ်လောင် ဟိန်းညံနေမလား မဆိုနိုင်။

ကျွန်တော်က မွေးရာပါ သတိကောင်းသည်။ သစ်ပင်ငယ်တွေ၊ ချုံပုတ်တွေကြားထဲ မြွေလိမ်မြွေကောက် ဝင်ပြေးသည်။ သည်နယ်မြေမှာ ကျည်ဆံန်ပေါသလောက်သေနတ်ပစ်လက်ဖြောင့်သူ ရှားမှန်း ကျွန်တော် ကောင်းကောင်းသိသည်။ သေနတ်ကိုင်သတ္တဝါတွေက သေနတ်ပစ်နည်း စနစ်တကျ လေ့ကျင့်ထားခဲ့သည့်အကောင်တွေ မဟုတ်၊ ကိုက်(၅၀)အကွာက အုန်းသီးလောက် အရွယ်ပစ်မှတ်ကိုပင် (၁၀)လလောက် ပစ်လေ့ရှိကြသော သတ္တဝါတွေ။

ကျွန်တော် ကြောက်ရလန့်ရမှန်း မသိဘဲ စွတ်ပြေးသည်၊ ကြောက်စိတ်အစား ရှင်သန်လိုစိတ်က အဟုန်ပြင်းကြီးမားနေသည်၊ ကျောပိုးအိတ်ထဲမှ ဆေးတွေက ကျွန်တော့်ဘဝကို ပြောင်းလဲပေးတော့မှာဖြစ်သည်၊ သည်တစ်ခေါက် "ဆေး" တွေ ရောင်းပြီးလျှင် ကျွန်တော် တစ်သက်လုံး ခူးနန်ပြီး ထိုင်စားတော့မှာဖြစ်သည်၊ တိုက်ခန်းတစ်ခန်း၊ ကားတစ်စီး၊ အကောင်းစားဝီစကီ၊ အပျိုစား အလန်းစား ကုဋ္ဌိယပျိုမြစ်တွေ တစ်ယောက်ပြီးတစ်ယောက်၊ "ဒိုင်" ကတော့ ကျွန်တော့်ကို သတ်ဖို့ လိုက်ရှာမှာဖြစ်သည်၊ သို့သော် "ဒိုင်" မပြောနှင့်၊ နတ်မိစ္ဆာမင်းကြီးပင်ရှာမတွေ့နိုင်သောနေရာမျိုးကို ကျွန်တော်က တွေ့ထားနှင့်ပြီးပြီ၊ ဘဝအသွင်ပြောင်း၊ ရုပ်ဖျက်၍နေဖို့တိုင်ဖို့ပင် ကျွန်တော်က ကလေးစိတ်အစီအစဉ်တွေ၊ အတိအကျ ဆွဲထားခဲ့ပြီးပြီ၊

သေနတ်သံတွေ စဲသွားကြသည်၊ တစ်ချိန်တည်းမှာ ကျွန်တော့်နောက်ကျောဘက်က ခြေသံ တဘုတ်ဘုတ် ကြားရသည်၊ လှည့်ကြည့်လိုက်တော့ ကျွန်တော်တို့ကယ်ရီအဖွဲ့ထဲက မျက်မှန်နှင့်လူကြီး၊ သူ့မှာလည်း "ဆေး" တွေပိုးအိတ်ကြီးနှင့်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် - မပြေးနဲ့တော့၊ မအေပေး၊ ခွေးကောင်တွေ လိုက်မှာ မဟုတ်တော့ဘူး။ကျွန်ုပ်ခဲ့တဲ့ဝက်ခြောက် ယောက်ဆီကရတဲ့ပစ္စည်းနဲ့တင်ဒီကောင် တွေ ကျေနပ်သွားကြမှာ"

"ခင်ဗျားဟောကိန်းကို ခင်ဗျား အာမခံနိုင်သလား" ဟု ကျွန်တော်က မောဟိုက်သံဖြင့် အော်သည်။

"အကြိမ်တစ်ထောင် အာမခံနိုင် တယ် - ငါ့လူ"

အုယားဖားယား အပြေးအလွှား မဟုတ်သော်လည်း ကျွန်တော်တို့ ခပ် သုတ်သုတ်ကလေး လျှောက်ကြသည်။ လျှောက်ရင်းစကားပြောကြသည်၊သူ၏ နောက်ခံဘဝနှင့်ပတ်သက်၍သူ့နာမည် ဖော်ဇေ ဖြစ်ကြောင်း။ ဤအမှောင် လောကထဲ ကျင်လည်နေခဲ့သည်မှာ ငါးနှစ်ခန့် ရှိပြီဖြစ်ကြောင်းလောက်သာ သိရသည်၊ကျွန်တော်၏ဦးနှောက်ဉာဏ် နှင့် သည်လူကြီးသည် ဝရမ်းပြေးတစ် ယောက်ဖြစ်နိုင်သည်ဟုသတ်မှတ်ထား လိုက်သည်။

ချုံပိတ်ပေါက်ပေါက်ခြင်း ခရီး (၃)နာရီမျှ ကြာသောအခါ ကျွန်တော်တို့ ရောမ ညောင်ပင်ကြီးတစ်ပင်၏ အရိပ်ထဲမှာ ခေတ္တအနားယူကြသည်၊ ကိုယ်စီပါလာကြသောကိတ်ခြောက်ကိုစား၏။ရေဘူး ထဲမှ ရေကို သောက်ကြသည်။ သူက ငါးသုံးလုံးစီးကရက်ဘူးကို ထုတ်၍ သူ လည်း သောက်၊ ကျွန်တော့်ကိုလည်း တည်သည်၊ကျွန်တော် ခေါင်းခါပြလိုက် သည်။

"ကျွန်တော် စီးပွားရေးအရက ဒီဆေးသယ်တဲ့အလုပ်ကို လုပ်နေတာ ဦးလေး။ဆေးဆိုရင်ကျွန်တော်ဘာဆေး လိပ်မှမသောက်ဘူး။ကွမ်းဝါးရင်လည်း ဆေးမပါဘဲစားတာ"

ကျွန်တော့်စကားကိုသဘောကျပြီး သူက အသံအောကြီးနှင့် ရယ်သည်၊ ကျွန်တော့်ကိုလှောင်တာလည်းဖြစ်ချင် ဖြစ်မည်။

"ဒါကတော့ - မကောင်းတဲ့အလုပ် ကိုမှအရသာတွေ့တတ်သရော၊ထောင် ထဲ သုံးခါဝင်ဖူးတယ်၊ မကောင်းဆုံး အလုပ်တွေ လုပ်ခဲ့လို့ပေါ့ကွာ၊ အဲသေး စိတ်ပြောလိုက်ရင် ငါ့မျက်နှာကို မင်း တံတွေးနဲ့တောင် ထွေးချင်လာလိမ့် မယ်"

ဦးဖော်ဇေက နောင်တရသည့် အသံမျိုးဖြင့် ပြောနေပါသည်၊ ထောင် သုံးခါကျဖူးသည့် လူတစ်ယောက် နောင်တရခြင်းမှာ မဆန်းလှပါ။သို့သော် သူ့စကားကိုမျက်စိမှိတ်မှိတ်ပြီး ယုံကြည် ဖို့တော့ ခက်သည်။ ကြည့်လေ၊ ယခု ကျွန်တော်နှင့် သူ အတူတကွ လုပ်ကိုင် နေသည့်အလုပ်မှာ အစိုးရဥပဒေနှင့်ဆို လျှင် ထောင်ကျရုံမျှမဟုတ်၊သေဒဏ်ပင် ကျနိုင်သည်ပဲမဟုတ်ပါလား။

"ကျွန်တော့်အတွက်တော့ ဒီတစ် ခေါက်ကနောက်ဆုံးအခေါက်ပဲ၊တကွစီ တစ်စင်းထောင်ပြီး တကွစီပဲ မောင်းစား တော့မယ်" ဟု ကျွန်တော်ကလည်း သူ့တော်ကောင်းလေသံဖြင့် လိမ်ပြော လိုက်ပါသည်။

"မင်းစုဆောင်းပြီးပြီလား၊ တစ်နေ ရာရာမှာ ရင်းနှီးမြှုပ်နှံထားသလား"

"ဆိုပါတော့ - တစ်ကိုယ်တော် အေးအေးလူလူ စားနိုင်သောက်နိုင်ရုံ ပေါ့၊ အထုပ်လိုက် အထည်လိုက်ကြီး မဟုတ်ပါဘူး။ ဦးလေးကော နောင်ရေး ကို ဘယ်လိုစီစဉ်ထားသလဲ"

"ကင်ဆာရောဂါသည် ငါ့မိန်းမ သက်ဆိုးရှည်နိုင်ဖို့ ငါ ငွေလိုတယ်၊ လိုသမှ အများကြီးလိုတယ်၊ ဒါပေမဲ့ ဘုရားပေးသလောက်ပဲ ရမှာပေါ့ - ငါတို့ ရား၊ကင်ဆာကုရတာ ငွေကုန်လွန်းလို့ငါ ဒီအလုပ်ကိုရွေးခဲ့ရတာ၊ငါကမြို့ကလေး ဘာကလေးဖိုက်၊ အကောင်ပလောင် ကလေးအနည်းအကျဉ်းမွေးပြီးငြိမ်းငြိမ်း ချမ်းချမ်းပဲ နေချင်တော့တယ်"

သည်တစ်ခါတော့ သူ့စကားကို ကျွန်တော်ယုံချင်လာသည်၊ လူကြီးပိုင်း မှာ လိမ္မာသွားကြသော လူမိုက်တွေ အများကြီးကို ကျွန်တော် တွေ့ဖူးပါ သည်။

နောက်(၁)နာရီလောက်လျှောက် ကြပြီး ကျွန်တော်တို့ သစ်ပင်ရိပ်မှာ နား ကြပြန်သည်။ မွန်းလွဲခဲ့ပြီ၊ အမှောင်ပျိုးစ မှာ ကျွန်တော်တို့ ပစ္စည်းပို့ရမည့်ရွာသို့ ရောက်နိုင်လိမ့်မည်ဟု မျှော်လင့်သည်၊ သို့သော်ကျွန်တော်က ပစ္စည်းသွားပို့မှာ တော့မဟုတ်၊အခြားတစ်နေရာသို့လစ် ပြေးတော့မှာဖြစ်သည်၊ ခက်သည်က ဦးဖော်ဇေကို ကျွန်တော် လမ်းခွဲ (သို့ မဟုတ်) တောထဲမှာ အပြတ်ရှင်းပစ်မှ ဖြစ်မည်၊ သူ့ကိုရှင်းနိုင်လျှင် သူ့အိတ်ထဲ က ဆေးတွေကိုလည်း ကျွန်တော် ပိုင် တော့မည်မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကအခြေအနေကိုသတိ ကောင်းကောင်းနှင့် သုံးသပ်လေ့လာကြည့်မိသည်။ အဘိုးကြီးက "ရေမြေ" လို အဆိပ်ကင်းမဲ့သည့်သတ္တဝါတော့မဟုတ်။ မြွေပွေးထက် အပြန်တစ်ရာ ပိုပြီးအဆိပ်ပြင်းမည့် "တောကြီးမြွေဟောက်" နှင့်တူသည်။ သူက သူတော် ဝန်းကျင်မှာ ကျင်လည်ခဲ့သူမျိုးမဟုတ်။ ဒုစရိုက်လောကမှာ အသည်းမာမာနှင့် ရဲရဲတင်းတင်း ကျက်စားပျော်ပါးနေသည့် "လူအရွတ်တုံးကြီး" မျိုးဖြစ်သည်။ သူ့မိန်းမ၏ကင်ဆာရောဂါကို ကုသဖို့ ခက်ခက်ခဲခဲ ငွေရှာနေခြင်းဟု သူ အကြောင်းပြသည်ကို ကျွန်တော် တစ်စက်ကလေးမျှ မယုံနိုင်။

"နာရီဝက်လောက်တော့ အနားယူကြမယ်ဟေ့" ဟု သူက အိပ်ချင်မူးတူး အသံကြီးဖြင့်မြည်တမ်းပြီး ကျောပိုးအိတ်ကို ခေါင်းအုံးကာ လဲလျောင်းချလိုက်၏။ ခြေကားရားလက်ကားရားဖြင့်အိပ်တော့မလို၊ မျက်စိတွေ မှိတ်လိုက်သည်ကို

ကျွန်တော်ကိုယ်တိုင်လည်း သေမင်းကိုမြင်ယောင်ကာ ကြက်သီးမွေးညင်းထ,လာသည်။ သူက 'ပဆုပ်ပနီ' ဟု အော်သော်လည်း အမှန်မှာ fire-ant ခေါ် အလွန်အဆိပ်ပြင်းသော သားစားပုရွက်ဆိတ်ကြီးများ ဖြစ်ကြသည်။ သူတို့၏ကျွှာ၊ သူတို့၏ စခန်းဟုခေါ်နိုင်သော အပေါ်ယံမြေလွှာ အောက်ရှိတွင်းထဲတွင် သည်အကောင်တွေက ကောင်ရေ သိန်းသန်းချီ၍ နိုအောင်းနေတတ်ကြသည်။



ကျွန်တော် တွေ့သည်။ သူ တကယ်အိပ်မှာတော့မဟုတ်။

သူ့လိုပဲ ကျောပိုးအိတ်ကို ခေါင်းအုံးရင်း ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ကျွန်တော်သည်သာ မေးခနဲ ငိုက်သွားရာက ရိပ်ခနဲ အိပ်မောကျသွားခြင်း ဖြစ်ပါလိမ့်မည်။ ရုပ်စန္ဒာ၏ ပင်ပန်းညောင်းညာမှုသည် စိတ်အားသတ္တိကို လွှမ်းမိုးသွားပေလိမ့်မည်ဟု ဘယ်တုံးကမှ ကျွန်တော် တွေးမိခြင်းမရှိပါ။ ကျွန်တော့်အမှား၊ မဟာအမှား၊ ပြင်မရသောအမှား၊ ကိုယ့်သေတွင်း ကိုယ်တူးလိုက်သော အမှား။

ဠဠဠ

ဆိုးရွားပြင်းထန်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရပြီး ကျွန်တော် လန့်နိုးသတိရလာတော့ ကမ္ဘာလောကကြီးက ဦးဖောက်ကျွမ်းပြန်ဖြစ်နေသည်။ ကျွန်တော်၏ ခြေကျင်းဝတ်များဆီမှာ ကြိုးတစ်ချောင်းက အထပ်ထပ်ရစ်ပတ်ထားပြီး ကြိုးစက ပေ(၂၀)ခန့်မြင့်သော သစ်ကိုင်းကြီးတစ်ကိုင်းဆီမှာ ရစ်ပတ်ပြီးနောက် အခြားသစ်ပင်တစ်ပင်ဆီသို့ သွယ်တန်းချည်နှောင်လျက် သားရှိသည်။ ကျွန်တော်သည် သုတ်ကိုင်းထောင်ချောက်မိစံရသော တောရိုင်းတိရစ္ဆာန်တစ်ကောင်လို လေထဲမှာ တွဲလောင်းဖြစ်နေသည်။ ကျွန်တော့်လက်နှစ်ဖက်က အောက်သို့ ဆန့်လိုက်လျှင် မြေပြင်အထက် (၄)ပေအကွာလောက်ထိပဲ ရောက်သည်။

"ဟောဒီ မနီလာလျှော်ကြိုးဟာ တရိန်ရိန်မှာ အသုံးဝင်လာမှာပဲဆိုပြီး ငါ မျှော်လင့်ထားခဲ့တာ။ အခုတော့ -ကွက်တိပဲကွ။ မင်း ကြိုက်သလောက် ရုန်း၊ သေတဲ့အထိ ရုန်း - နေရစ်ခဲ့ပေါ့ကွာ"

ဦးဖော်ဖေက စီးကရက်ဖွာရင်း အေးအေးလူလူ ပြောနေစဉ် ကျွန်တော်က အော်ဟစ်ဆဲရေးလိုက်သည်။

"ခွေးစိတ်တော်ကြိုက်သလိုဆဲတော်မူနိုင်ပါရဲ့ - ဆရာကလေးရယ်။ ကျုပ်ကတော့ မင်းကို ထားရစ်ခဲ့ပြီး ခရီးဆက်ရတော့မှာပေါ့။ မင်းသယ်လာတဲ့ဆေးတွေက ငါ့ထက်တောင် များသေးတာပဲနော်။ အေးလေ - အခုတော့ ငါပိုင်တဲ့ဆေးတွေ ဖြစ်သွားပြီပေါ့ကွာ"

www.burmeseclassic.com

"ခင်ဗျားကြီး လွတ်အောင်ပြေး၊ မပြေးနိုင်ရင်တော့တစ်နေ့ကျကျွပ်လက်နဲ့ သေရမှာပဲ၊ နားလည်လား - သစ္စာဖောက်ကြီး" ဟု ကျွန်တော်က လူးလွန့်ရုန်းခါရင်း အော်ပြောသောအခါ အဘိုးကြီးကသံသေးသံကြောင်ကလေးလုပ်၍ အာခေါင်ခြစ်ရယ်ပါသည်။

"ကမ္ဘာပေါ်မှာအကောင်းဆုံးဟာသစကားကို ပြောခဲ့တဲ့ ငတုံးကလေးတစ်ယောက်အဖြစ် မင်းကို မှတ်တမ်းတင်ပါရစေ - ခေနာ် - ဟီးဟီး - ဟီးဟီး"

ကျွန်တော်သည် မြင်ကွင်း ပြောင်းပြန်အနေအထားဖြင့် ဦးဇော်ဇေကို တွေ့နေရပါသည်။ သူက ကျောပိုးအိတ်တစ်လုံးကိုလွယ်၊ တစ်လုံးကို လက်ကဆွဲပြီး ခြေလှမ်းမြင့်လိုက်သည်။

"ငွတ်ဘိုင် - ငတုံးကလေး - အားအား"

ဖြစ်သွားပုံက မြန်ဆန်ပါသည်။ သူလည်း၊ ရုတ်တရက် ကိုယ်နေဟန်ထားပျက်သွားကာ ခြေနှစ်ဖက်စလုံး ဒူးခေါင်းတွေအထိ ကျွံဝင်သွားကြသည်။ ကျောပိုးအိတ်များ၏ "ဝိတ်" များကြောင့် သူသည် လိုအပ်သည်ထက် ပိုပြီး လျင်မြန်စွာ နစ်ဝင်သွားဟန်ရှိသည်။

"အား - အား - ပဆုပ်ပနီတွေ ပဆုပ်ပနီတွေ" ဟု သူက သွေးရူးသွေးတန်း အော်ပါသည်၊ သူ့အော်သံထဲတွင် သူ၏အသက်ဝိညာဉ် ပုံထွက်လွင့်စဉ်သွားဟန် ရှိပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း သေမင်းကို မြင်ယောင်ကာ ကြက်သီးမွေးညင်း ထ,လာသည်။ သူက "ပဆုပ်ပနီ" ဟု အော်သော်လည်းအမှန်မှာ fire-ant ခေါ် အလွန်အဆိပ်ပြင်းသော သားစားပုရွက်ဆိတ်ကြီးများဖြစ်ကြသည်။ သူတို့၏ကမ္ဘာ၊ သူတို့၏စခန်းဟု ခေါ်နိုင်သော အပေါ်ယံမြေလွှာအောက်ရှိတွင်းထဲတွင် သည်အကောင်တွေက ကောင်ရေသိန်းသန်းချီ၍ ဗိုအောင်းနေတတ်ကြသည်။ သူတို့တွင်းထဲသို့ ဆင်ကြီးတစ်ကောင်၏ ခြေထောက်တစ်ဖက် ကျွံကျပါက ပြန်နုတ်လိုက်လျှင် ခြေထောက်ရိုးချည်းသာ အပေါ်ပြန်ရောက်လာမှာဖြစ်သည်။ အသားတစ်စမျှပင် ကြွင်းကျန်ရမှာ မဟုတ်တော့။ အကောင်နှင့် မမျှအောင် သူတို့၏ စွယ်သွားတွေက ထက်မြလှသည်၊ ကိုက်ဖြတ်မျိုစားပုံကလည်း မြန်သည်။

"အား - အစ် - အစ်"

ဦးဇော်ဇေ မအော်နိုင်တော့။ အော်စရာ ပါးစပ်လည်း မရှိတော့၊ အသံမြည်စရာ လည်ချောင်းတွေလည်း မရှိတော့၊ မိုးမချုပ်မီ အရိုးဖွေးဖွေးနှင့် စန္ဒာအစွံ၊ နံရိုးအိမ်ကြီးသာ ကျန်ရစ်တော့မည်၊ သေမင်းတမန် ပုရွက်ဆိတ်ကြီးတွေက လူ့အသွေးအသားမှလွဲ၍အခြားဖြစ်ဝတ္ထုတွေကို ထိပါးလေ့မရှိကြပါ။

ဆေးအိတ်ကြီးနှစ်အိတ်က ကျွန်တော့်အတွက် တစ်ပတ်ကျော့ရောက်ရှိလာခဲ့ပြန်ပါပြီ။ သို့သော် ကျွန်တော် အနှောင်အဖွဲ့ကမှ လွတ်ဖို့တော့ လိုသေးသည်။ ကျွန်တော်ရှိသမျှအားဖြင့် ကိုယ်ခန္ဓာကို ဆွဲယမ်းကာ ကြိုးပြတ်ထွက်အောင်ရုန်းကန်ပါသည်။ ရုန်းဆန်ခတောင့်ဆွဲမှုအားများလာလျှင်မနီလာလျှော်ကြိုးခံနိုင်မှာမဟုတ်။

(၁၀)မိနစ် လောက်ကြာတော့ မနီလာလျှော်ကြိုးဆီမှ ဖျစ်ဖျစ်မြည်သံကြားရသည်။ ဒင်း(သင်း) အလျှော့ပေးလိုက်ပြီ။ "ဒုတ်" ခနဲ ကြိုးပြတ်သံ မကြားမီကလေးမှာကျွန်တော်က လက်နှစ်ဖက်ကို ဆန့်တန်းအသင့်ပြင်ထားလိုက်၏။ ကျွန်တော်လည်း မြေပြင်ပေါ်သို့ ကျွမ်းဘားသမားလိုလက်နှစ်ဖက်က ထောက်လျက်ကျပြီးနောက် တစ်ပတ်လည်ကာ မြေကြီးပေါ်မှာ လေးဖက်ထောက်လျက် ရှိနေပါသည်။

"ဟူး - လွတ်ပြီကွ - လွတ်ပြီ" ဟု ကျွန်တော် ရေရွတ်မြည်တမ်းလိုက်သည်။

ဦးဇော်ဇေ၏ ရုပ်ကြွင်းက မိုးစုကြီးထဲက ကျွန်တော်နှင့် တစ်လံအကွာလောက်မှာ ကျက်သရေမဲ့စွာ ငြိမ်သက်နေ၏။ ပဆုပ်ပနီတချို့ကတော့ သူ့အရိုးတွေပေါ်မှာ လှည့်လည်သွားလာရင်း အသားကြွင်း အသားကျန်ကလေးတွေကို လက်စသတ် ရှာဖွေစားသောက်နေကြကုန်၏။

ကျွန်တော်က သစ်ကိုင်းတစ်ခု ရှာကာ အိတ်ကြီးနှစ်လုံးကို သတိထား၍ ဆွဲယူသည်။ အိတ်တွေမှာ လူသတ်ကောင်ကလေးတွေ ပါမလာဖို့ အရေးကြီးသည်၊ တစ်ကောင်တည်းပဲပါလာဦးတော့ သူကျွန်တော့်ကိုကောင်းကောင်း ဒုက္ခပေးနိုင်သည်၊ နားရွက်ထဲ ဝင်ကိုက်လိုက်ပါက ကျွန်တော် နားကန်းဒုက္ခိတဘဝ ရောက်သွားနိုင်သည်၊ ပါးတစ်ဖက်ကို ကိုက်လိုက်လျှင်လည်း ကျွန်တော် ပါးစပ် လှုပ်၍ရမှာမဟုတ်တော့၊





www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းပါသည်။ မိစ္ဆာကောင်လေးတွေ လုံးဝပါမလာကြပါ။

ကျွန်တော်သည် အိတ်တစ်လုံးကိုလွယ်၊ ကျန်တစ်လုံးကိုဆွဲ၍ ကျက်သရေမရှိသောနေရာမှ ထွက်လာခဲ့သည်။ ကျွန်တော်၏ အနာဂါတ်က ရွှေရောင်သမ်းပြီး လေပြေလေညင်းတွေက ချိုကြည်မွှေးသင်းနေကြပြီ။ ဘာပြောပြော၊ ကျွန်တော် ကောင်းစားဖို့ မြေလွှာအောက်မှ သေမင်းတမန် ပုရွတ်ဆိတ်ကြီးတွေက စီမံဖန်တီးပေးလိုက်ခြင်း မဟုတ်ပါလေလော။

"ပေး - ရဝ် - မရပ်ရင် အသေပစ်သတ်မယ်။ နယ်ခြားလုံခြုံရေးရဲတပ်ဖွဲ့ကကွ" ဟူသော အသံကြီးက မိုးကြိုးပစ်ချသလို ပေါ်ထွက်လာပါသည်။

ချုံထဲမှ လက်နက်ကိုယ်စီနှင့် ထွက်လာကြသော တစ်ဒါဇင်ခန့်ရှိသော လက်နက်ကိုင်များ၏ ယူနီဖောင်းများ၊ လက်မောင်းတံဆိပ်များကို မြင်လိုက်သည်နှင့် ကျွန်တော်သည် မြင့်မားညိုမှောင်သော အကျဉ်းထောင်အုတ်ရိုးကြီးကို ဖျတ်ခနဲ ပြေးမြင်လိုက်ပါသည်။

ကြူးနှစ်

## သည်နှစ် လာဘ်လား၊ ဥပါဒ်လား

အသက်ကိုတည်ကိန်းထား။ (၃) နှစ် (၃) စား အကြွင်းမြင်ရာကို အောက်ပါအတိုင်း ဟော...။

၁ - ကြွင်း မင်းပူဇော်ခံရကိန်း။

၂ - ကြွင်း အရှင်းရှင်း ခိုက်ရန်ဖြစ်ကိန်း။


၃ - ကြွင်း သုခ ဒုက္ခံ နှစ်တန်မျှမယ်။

၄ - ကြွင်း ခရီးသွားရမယ်။

၅ - ကြွင်း ဒုက္ခဆင်းရဲတွေ့မယ်။

၆ - ကြွင်း စည်းစိမ်ဥစ္စာ အလိုလိုတိုးသည်။

၇ - ကြွင်း ခိုက်မှာ ဒုက္ခဖြစ်မယ်။



# ကော့သောင်းစခန်း အလွမ်းပြေ

ထောင် မှူး ကြီး သိန်း ဝင်း

www.burmeseclassic.com

www.burmeseclassic.com

## တောတွင်းဆီအုန်းစခန်းတွင် ဝန်ထမ်းသက်တမ်းတစ်လျှောက် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရပုံ၊ ပျော်စရာရှာဖွေခဲ့ရပုံကို ဖတ်ရှုရမည့် ..

**ယနေ့ . . .**

ကျွန်တော်တို့ကော့သောင်းဆီအုန်းစခန်းများသို့ ပြောင်းရွှေ့ရောက်လာကြမည့် စင်းလုံးငှားသင်္ဘောကြီးဆိုက်မယ့်နေ့ဝန်ထမ်းနှင့် ရဲဘက်များ၊ ရိက္ခာများ ပါလာမည်ဖြစ်သည်။ ပွင့်လင်းရာသီတွင် တစ်လတစ်ကြိမ်၊ နှစ်ကြိမ် ရောက်ရှိလာတတ်သည်။ မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ တောင်ကြီး၊ ဟားခါး၊ မြစ်ကြီးနားသင်္ဘောကြီး (၃)စင်းအနက် တစ်စီးစီး ဖြစ်ပေလိမ့်မည်။

ဆီအုန်းခြံများကွပ်ကဲမှုတာဝန်ခံရုံးမှ ထောင်ပိုင်ကြီးများဖြစ်ကြသော ဦးဘညို့နှင့် ဦးသန်းစိန်တို့က ခေါင်းဆောင်ပြီး ကားဖြင့် အကြိုဆင်းကြမည်။ ကျွန်တော်တို့ ပါဆယ်ပါညန်းအုပ်စုကတော့ ထောင်ပိုင်ဦးဟန်မြင့်ခေါင်းဆောင်၍ ဆိုင်ကယ်ကိုယ်စီဖြင့် အကြိုဆင်းကြရမည်ဖြစ်သည်။

ကွပ်ကဲအုပ်ချုပ်မှုရုံးကို လဲမွန်ဆီ အုန်းခြံတွင် တည်ထားပြီး ဆီအုန်းစခန်းအုပ်စုကြီးများဖြစ်ကြသော ပါဆယ် ပါညန်း၊ အော်ကြီးနှင့် ဟပ်စတင်းဒေသ ဆီအုန်းခြံများကို ကွပ်ကဲအုပ်ချုပ်ရခြင်းဖြစ်သည်။ သင်္ဘောကြီးများ ဆိုက်ကပ်သည့်ရက်များတွင်ကျွန်တော်တို့အကျဉ်းဦးစီးဌာနအရာရှိများ ကော့သောင်းမြို့သို့ဆင်း၍ ကြိုဆိုနေရာချထားပေးရသည်မှာ တာဝန်တစ်ခုဖြစ်ပါသည်။ ထိုနေ့များတွင် ကော့သောင်းမြို့၌ ရုပ်ပြ၍ ဆိုကြပြီး စားကြသောက်ကြရသည်မှာ အလွန်ပျော်စရာ ကောင်းသည်။ ရန်ကုန်မြို့မှ သက်ဆိုင်သူ ဇနီးမယားများက ပေးပို့ကြသောစာများနှင့်စားသောက်ဖွယ်ရာများလည်း ရရှိ၍ စိတ်ပျော်ကြရသည်။ သူတို့မှာကြားသော လက်ဆောင်ပစ္စည်းများကိုလည်း ပြောင်းရွှေ့ဝန်ထမ်းများဖြင့် ဝယ်ခြမ်းပြီး ပေးလိုက်နိုင်သည်။

ပြည်မသို့ ပြန်လည်ပြောင်းရွှေ့ကြရမည့် အရာရှိ၊ ဝန်ထမ်းနှင့် ရဲဘက်များကတော့ ဌာနကားကြီးများဖြင့် တစ္ဆ... ရောက်ရှိလာကြမည်ဖြစ်သည်။ ... တော်ယာဉ်ဌာနကို ကော့သောင်းမြို့... အနီးဆုံးစခန်းဖြစ်သည့် ရေတံခွန်စခန်း... တွင် အခြေစိုက်ထားသည်။ ယခုလို ပွင့်လင်းရာသီ နိုဝင်ဘာလတွင်တော့ ဌာနပိုင်ဟီးနိုး (TE) ကားကြီးများ သွားလာနိုင်သော်လည်း မေလမှ အောက်တိုဘာလကုန်အထိ မိုးရာသီဖြစ်သောကြောင့် တောင်ဆင်းတောင်တက် မြေလမ်းခရီးတွင် ဟီးနိုးကားကြီးများမသွားလာနိုင်ပါ။ ထိုမိုးတွင်းကာလတွင် ထွန်စက်နှင့် ဆိုင်ကယ်များကိုသာ အားကိုးပြီး ခရီးသွားလာကြရပါသည်။

သင်္ဘောကြီးများ ဆိုက်ကပ်သည့်နေ့ရက်များတွင် ကော့သောင်းမြို့၌ လူအလွန်စည်သည်။ သင်္ဘောအတင်အချများကြောင့် ကော့သောင်းဆိပ်ကမ်းမှာ အဆင်းအတက် ရှုပ်ထွေးပြီး စည်ကားနေတတ်သည်။ ထိုနေ့မျိုးတွင် ပြည်မမှ ပြောင်းရွှေ့ဝန်ထမ်းများ သယ်ယူလာကြသည့်ကုန်ပစ္စည်းများအား ရောင်းချခြင်း၊ ပြည်မ ပြန်ကြမည့်ဝန်ထမ်းများ လက်ဆောင်ပစ္စည်းများဝယ်ကြခြင်းဖြင့် ဆိပ်ကမ်းနှင့် ကပ်လျက်တည်ရှိသော ကော့သောင်းဈေးမှာ အလွန်စည်ကားနေတတ်သည်။

(၁၉၈၄ - ၈၅)ခုနှစ် မှောင်မိုခေတ်ဖြစ်သောကြောင့် နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် နိုင်ငံခြားပစ္စည်း အစုံရသည်။ ဈေးလည်း အလွန်ပေါသည်။ ပင်လယ်ကူးသင်္ဘောကြီးများမှာ အသွားကုန်၊ အပြန်ကုန်များဖြင့် ပြည့်နေတတ်သည်။

ကျွန်တော် အောက်ချိုင့်ဆီအုန်းခြံမှ တပည့်တစ်ဦးကို အဖော်ခေါ်ပြီး ကျွန်တော်၏ (HONDA) ဆိုင်ကယ်ကလေးဖြင့် ထွက်ခဲ့ရာ ပါဆယ်ပါညန်းဆီအုန်းခြံတွင် ထောင်ပိုင်ဦးဟန်မြင့်ကလည်း တပည့် တစ်ဦးဖြင့် ကျွန်တော့်အား အသင့်စောင့်ကြိုနေပါသည်။ တောလမ်းဖြစ်၍ အဖော်မပါ၍မဖြစ်ပါ။ ဆိုင်ကယ်ကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ ရေတံခွန်စခန်းတွင် စခန်းခွဲကာ ဝန်ခံထောင်မှူးကြီးဦးကျော်ရှိန်ကလည်း အသင့်စောင့်ကြိုနေသဖြင့် ကျွန်တော်တို့ ဆိုင်ကယ်ကိုယ်စီဖြင့် တပျော်တပါး ထွက်ခဲ့ကြသည်။ ရေတံခွန်စခန်းမှ (၁၀)မိုင်ရွာသို့ မြေလမ်း၊ တောကြမ်းခရီး၊ (၃)မိုင်ခန့်ဝေးပြီး (၁၀)မိုင်ရွာရောက်မှ ကော့သောင်း၊ ဘန်းကချွန် ကတ္တရာလမ်းသို့ ရောက်သည်။ လမ်း၌ (၇)မိုင်ရွာတွင် ကော့သောင်းမြို့ လေယာဉ်ကွင်းရှိသည်။ ထိုစဉ်အခါက တစ်ပတ်တစ်ကြိမ်သာ လေယာဉ်အဆင်းအတက်ရှိပြီး ဂျက်လေယာဉ်များ မဆင်းနိုင်၊





www.burmeseclassic.com

www.burmeseclassic.com

(FOKKER)လေယာဉ်များသာအဆင်းအတက်ပြုနိုင်သည်။ လေယာဉ်ကွင်းတိုသောကြောင့် ဖြစ်သည်။ လေယာဉ်မဆင်းသောရက်များမှာ ကော့သောင်းလေယာဉ်ကွင်းကို ဂေါက်သီးရိုက်ကွင်းအဖြစ် အသုံးပြုကြသည်။ ဌာနဆိုင်ရာလူကြီးများ ဂေါက်သီးရိုက်ကြသည်။

(၃)မိုင်ရွာကုန်းအဆင်းတွင်တော့ ကျွန်တော်တို့အကျဉ်းဦးစီးဌာန၊ ဧည့်ရိပ်သာရှိသည်။ အမိုးနီရဲရဲဖြင့်ပင်လယ်ကမ်းစပ်တွင်ဆောက်လုပ်ထားခြင်းဖြစ်သည်။ သစ်သားအဆောက်အအုံ သာ ဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်တို့အဖွဲ့ ဧည့်ဂေဟာတွင် ဝင်မနားတော့ပါ။ နေ့လယ်ထမင်းစားချိန်နီးသောကြောင့် ကော့သောင်းမြို့လယ်သို့ တန်းဆင်းခဲ့ကြသည်။ ဈေးအနီး ကမ်းနားလမ်း၊ ဦးကျော်ခေါက်ဆွဲဆိုင်တွင် ခေတ္တနား၍နေ့လယ်စာ စားကြသည်။ ပြီးမှ လူစုခွဲ၍ မိမိတို့အလိုရှိရာသို့ သွားကြပါသည်။

၉၉၉

စားသောက်ပြီးသည်နှင့်ကျွန်တော်နှင့် တပည့် သံရောင်းတို့ ကော့သောင်းမြို့ ရေပေါ်ဈေးတွင်း ဝင်ခဲ့ကြသည်။ ပြည်မပြန် လူကြုံဖြင့် လက်ဆောင်ပစ္စည်းများဝယ်ရန်ဖြစ်သည်။ ကျွန်တော်၏ထုံးစံအတိုင်းပစ္စည်းမဝယ်မီ ဦးရွှေ၏ ဈေးတောင်ဘက်တန်း၊ ရေပေါ်ကမ်းစပ်လတာပြင်ပေါ်၌ဆောက်လုပ်ထားသော သုံးရောင်ခြယ်၊ လက်ဖက်ရည်ဆိုင်သို့ ဈေးဆိုင်များကိုဖြတ်ပြီးတန်းသွားသည်။ လူစည်ကားနေသော အထည်ဆိုင်တစ်ခု၏ ရှေ့ ခင်းထားသည့် ပျဉ်ချပ်များအပေါ်တွင် ပလတ်စတစ်ဖြင့် ထုပ်ထားသော အထုပ်ကလေးတစ်ခုကိုကောက်ရသည်။ အထဲ၌ ရွှေရောင်တောက်ပနေသော ဘတ်ကြီးတစ်ကုံးကိုတွေ့ရသည်။ အတုလား၊ အစစ်လားတော့ မသိပါ။ ဘောင်းဘီအိတ်အတွင်းသို့ ကောက်ထည့်ခဲ့သည်။

တပည့်သံရောင်းက မြင်သဖြင့် -

"ဆရာ - ဘာလဲ - ရွှေရောင်လက်လက် တွေ့လိုက်သလိုပဲ"

"အေး - နောက်မှ အသေအချာကြည့်ကြတာပေါ့။ အခုတော့ - ဦးရွှေဆိုင်မှာ လက်ဖက်ရည်သောက်ရင်း လက်ဆောင်တွေဝယ်ဖို့စာရင်း လုပ်ကြရအောင်"

"ဟုတ်ကဲ့ပါ - ဆရာ"

နေ့လယ်နေ့ခင်းဖြစ်၍ဦးရွှေ၏သုံးရောင်ခြယ် လက်ဖက်ရည်ဆိုင်အတွင်း၌ လူရှင်းနေသည်။ ကျွန်တော်တို့ ထိုင်နေကျ ပင်လယ်ကမ်းစပ်ဘက် လက်တန်းအနီးရှိ ထိုင်ခုံစားပွဲတန်းဘက်တွင် အမျိုးသမီးနှစ်ဦးသာ ထိုင်၍ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြသည်။ ကျွန်တော်တို့ဆရာတပည့်လည်း သူတို့အနီးရှိလွတ်နေသော အစွန်စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။ ဦးရွှေ၏ လက်ဖက်ရည်ဆိုင်တွင် ယခုခေတ်လို ပေါ့ဆိမ့်၊ ချိုဆိမ့်၊ ပေါ့ကျ၊ ပုံမှန်ဟူ၍ အမျိုးအစား ခွဲခြားမထား၊ သုံးရောင်ခြယ်လက်ဖက်ရည်တစ်မျိုးတည်းသာ ရသည်။

သုံးရောင်ခြယ်လက်ဖက်ရည်ဆိုသည်မှာ လက်ဖက်ရည်ထည့်သော ဖန်ခွက်ကလေးအတွင်း၌ သကြားတစ်ထပ်၊ နို့ဆီတစ်ထပ်၊ အကျရည်တစ်ထပ်၊ သုံးထပ်ပါသောကြောင့် သုံးရောင်ခြယ်လက်ဖက်ရည်ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ကျွန်တော်နှင့် ရင်းနှီးနေသောကြောင့် ဆိုင်ပိုင်ရှင် ဦးရွှေကိုယ်တိုင် လက်ဖက်ရည်နှစ်ခွက် လာချပေးရင်း -

"ဆရာတို့ - ဒီနေ့သင်္ဘောဆိုက်မှာလား"

"ဟုတ်ပါ့ - ဦးရွှေရယ်။ အဲဒါ လာကြိုတာပါ"

"အင်း - ဆရာတို့ အလုပ်များကြဦးမှာပေါ့နော်"

"ညနေ (၃)နာရီသင်္ဘောကြီးဆိုက်မှာ - ဦးရွှေရဲ့ ဝန်ထမ်းနဲ့ ရဲဘက်တွေ ချစခန်းသို့ ရိက္ခာတွေချနဲ့တစ်ညလုံးအလုပ်ရှုပ်ကြမှာ။ မနက်ဖြန်မနက်ကျတော့လည်း ပြောင်းရွှေ့ဝန်ထမ်းတွေနဲ့ ရဲဘက်တွေ၊ ပစ္စည်းတွေ တင်ရဦးမှာဆိုတော့ အလုပ်ရှုပ်ဦးမှာပေါ့။ ကျွန်တော်တို့ စခန်းအဖွဲ့လည်း ဒီည ကော့သောင်းမြို့မှာပဲ ညအိပ်ကြရမှာပါ"

"ကောင်းတာပေါ့ - ဆရာရယ်။ မြို့ပေါ်မှာဆိုတော့ ဆရာတို့ စားလိုရာ၊ သောက်လိုရာ သုံးဆောင်နိုင်တာပေါ့"

ဦးရွှေ ကောင်တာဘက် ပြန်သွားမှ ကျွန်တော် တစ်ဖက်စားပွဲရှိ အမျိုးသမီးကလေးနှစ်ဦး၏ စကားသံကို နားစွင့်မိခြင်းဖြစ်သည်။ စေ့စေ့စပ်စပ်လည်းလှမ်းကြည့်မိတော့မှ အမျိုးသမီးကလေးတစ်ဦးမှာ ကျွန်တော် မြင်ဖူးသူတစ်ဦး ဖြစ်သည်။ စဉ်းစားကြည့်တော့မှ ကျွန်တော်တို့အကျဉ်းဦးစီးဌာန၊ ဧည့်ဂေဟာအနီးရှိ သမဝါယမဆိုင်မှ ဝန်ထမ်းစာရေးမကလေးဖြစ်ကြောင်း အမှတ်ရမိတော့သည်။ သူမက ထားဝယ်သူဖြစ်သည်။

www.burmeseclassic.com

ရျောမောလှပသလို တစ်မှုထူးခြားပြီး အသားဖြူသည်၊ ယခုတော့ သူမက အဖော်မိန်းကလေးနှင့် စကားတိုးတိုး ပြောရင်း တချစ်ချစ် ငိုနေခြင်းဖြစ်သည်၊ အပျိုအရွယ်ကလေးများဖြစ်ကြ၍ အချစ်ရေး၊ အချစ်ရာအကြောင်းပဲ ဖြစ်ပါလိမ့်မည်၊ သို့သော် -

"ငါ ဘယ်လိုဖြေရှင်းရမှန်းမသိဘူး မသိတာရယ်၊ တန်ဖိုးက သောင်းဂဏန်း ကျော်တော့ ဘယ်ကရှာရမှန်း မသိတော့ဘူး၊ ဥက္ကဋ္ဌက ဝယ်နိုင်းတာဆိုတော့ ပစ္စည်းပြန်မရရင် ငါ အလုပ်ပြုတ်တော့ မှာပဲ၊ တရားစွဲရင်လည်း ခံရဦးမှာ - အီး ဟီးဟီး"

တစ်စွန်းတစ်စ ကြားသိရသော်လည်း ကျွန်တော် သဘောပေါက်လာသည်၊ ယင်းအမျိုးသမီးကလေး ပစ္စည်းပျောက်ခြင်းဖြစ်ပေလိမ့်မည်၊ ဘာပစ္စည်းများပါလိမ့်၊ ကျွန်တော် ကောက်ရသော ပစ္စည်းကလေးများလား၊ ဒါဆို - ထိုပစ္စည်းမှာ အတုမဟုတ်၊ ရွှေအစစ် ဖြစ်ပေလိမ့်မည်၊ ၁၉၈၅ - ခုနှစ်ခန့်က ယိုးဒယားဘတ်ကြီးတစ်ကုံးတန်ဖိုးမှာ မြန်မာငွေကျပ် တစ်သောင်းကျော်ခန့်သာရှိသည်၊ ယိုးဒယားဘတ်ငွေ (၁၀၀) ကို မြန်မာငွေ (၈၆)ကျပ်ခန့်သာ တန်ဖိုးရှိသည်၊ မြန်မာငွေတန်ဖိုးက မြင့်သည်၊ ထို့ကြောင့် မနေသာတော့ပဲ -

"စပ်စုတယ် မထင်ပါနဲ့ကွယ်၊ ညီမတို့ ဘာပစ္စည်းများ ပျောက်သွားလို့လဲ"

အမျိုးသမီးနှစ်ဦးမှာ ယူနီဖောင်းဝတ်ထားသောကျွန်တော့်ကိုလှမ်းကြည့်ပြီး အားကိုးသောအမူအရာဖြင့် -

"အော် - ဒီက မဥမ္မာပါ - ဆရာရယ်၊ သမဝါယမဆိုင်ဥက္ကဋ္ဌက ရန်ကုန်က သူ့သားအတွက် ယိုးဒယားဘတ်ကြိုး ဝယ်နိုင်းတာ၊ အဲဒါ - ကျပျောက်သွားလို့ပါ"

"အော် - ဘယ်လောက်ပေးရသလဲကွဲ့"

"(၁၂၅၀၀)ကျပ်ပါ - ဆရာ" ငိုနေသော မဥမ္မာဆိုသူကလေးက ဝင်ပြောသည်၊

"ဘယ်ဆိုင်က ဝယ်တာလဲကွဲ့"

"ဈေးအတွင်း၊ သိင်္ဂီထွန်းရတနာရွှေဆိုင်ကပါ - ဆရာ"

"အော် - အေးအေး - စိတ်မပူနဲ့၊ မငိုနဲ့တော့ကွဲ့၊ အစ်ကို ကောက်ရထားတာလေးများ ဖြစ်မလားပဲ"

ကျွန်တော်သောင်းဘီအိတ်ထဲမှိုက်၍ ပလတ်စတစ်အိတ်ကလေးကို ဖြေကြည့်တော့ အိတ်ကလေးထဲတွင် ရွှေဆွဲကြိုးကလေးနှင့်အတူ ဘောက်ချာစာ



လူစည်ကားနေသောအထည်ဆိုင်တစ်ခု၏ရှေ့၊ ခင်းထားသည့်ပျဉ်ချပ်များအပေါ်တွင်ပလတ်စတစ်ဖြင့် ထုပ်ထားသောအထုပ်ကလေးတစ်ခုကို ကောက်ရသည်၊ အထဲ၌ ရွှေရောင်တောက်ပနေသော ဘတ်ကြိုးတစ်ကုံးကိုတွေ့ရသည်၊ အတုလား၊ အစစ်လား တော့မသိပါ၊ သောင်းဘီအိတ်အတွင်းသို့ကောက်ထည့်ခဲ့သည်၊

ရွက်ကလေးပါသည်၊ သိင်္ဂီထွန်းရတနာရွှေဆိုင်၊ တန်ဖိုးက (၁၂၅၀၀)ကျပ်တဲ့၊

ကျွန်တော် ရွှေဆွဲကြိုးထည့်သည့် ပလတ်စတစ်အိတ်ကလေးနှင့်ဘောက်ချာစာရွက်ကလေးကို လှမ်းပေးလိုက်တော့ မဥမ္မာဆိုသူကလေးက လက်နှစ်ဖက်ဖြင့် လှမ်းယူပြီး အသေအချာ စစ်ဆေးကြည့်၍ -

"ဒီဟာ - ကျွန်မပစ္စည်းအမှန်ပါပဲ ဆရာရယ်၊ ကျွန်မ ဘယ်လိုကျေးဇူးပြန်ဆပ်ရမလဲ"

"မလိုပါဘူးကွယ်၊ အစ်ကိုတို့က စိုးရဝန်ထမ်းတွေပါ၊ အခုလို တိုက်ဆိုင်ဆိုင်ကူညီခွင့်ရတာကိုပဲကျေးဇူးတင် ဝမ်းသာလှပါပြီ"

"ကျေးဇူးတင်လွန်းလို့ ကျွန်မ ကန်တော့ပါရစေ - ဆရာရယ်"

အမျိုးသမီးကလေးမှာ ဆိုင်ကြမ်းခင်းပေါ်တွင် ပုဆစ်ဒူးတုပ်ထိုင်၍ ကျွန်တော့်အား ရှိသေစွာ ကန်တော့နေရှာပါသည်၊

"ညီမ - ထပါကွယ်၊ မလိုအပ်ပါဘူး၊ အဆင်ပြေသွားရင် ပြီးတာပါပဲ၊ ကိုယ့်အတွက် အပန်းမကြီးပါဘူး"

သို့နှင့်ကျွန်တော်တို့တစ်ဦးနှင့်တစ်ဦး မိတ်ဆွေဖွဲ့ကြပြီး တစ်ဦးအကြောင်း





www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးကပြော၍ စကားလက်ဆုံကျကြပြီး ခင်မင်ရင်းနှီးသွားကြသည်။

"ဒါနဲ့ - အစ်ကိုတို့က သင်္ဘောကြီး လာကြိုတာပေါ့နော်၊ ဒီနေ့ညတော့ ဒီမှာ ညအိပ်ကြရမယ်ထင်တယ်၊ ဘယ်မှာ တည်းကြမှာလဲ"

"(၃)မိုင်မှာ အစ်ကိုတို့က အကျဉ်းဦးစီး ရိပ်သာရှိတယ်လေ၊ အဲဒီမှ ညအိပ်တည်းမှာပါ"

"အော် - ညီမတို့ကလည်း (၃)မိုင်ရွာမှာပဲ နေပါတယ်၊ ညနေ ညီမတို့ အစ်ကိုတို့ ဧည့်ရိပ်သာကို လာလည်လို့ ရမလားရှင့်"

"ရပါ့ဗျာ၊ ဒါပေမဲ့ - အစ်ကိုတို့က ခေတ္တလာကြတာဆိုတော့ ဧည့်ဂေဟာမှာ ကျွေးမွေးဧည့်ခံစရာ ဘာမှမရှိဘူး၊ အိပ်ရုံသက်သက်ပဲ"

"ရပါတယ် - အစ်ကိုရယ်၊ ညီမတို့က စားစရာ၊ သောက်စရာတွေ ယူလာမှာပါ"

"အဲ့ဒါလည်း မလိုပါဘူးကွယ်၊ အစ်ကိုတို့က (၃)မိုင်ရိပ်သာနားက ဒေါ်ရော့ဆိုင်မှာ ညအိပ်လာတိုင်း စားသောက်နေကျပါ"

"အော် - ဒေါ်ရောမရဲ့ "ရောစားသောက်ဆိုင်"ကို ပြောတာလား၊ သူ့သမီးတွေကလည်း သူ့အမေလိုပဲ ရောတယ်နော်"

"ဟုတ်တယ်ကွဲ့၊ ဒေါ်ရောတို့က မကြာခဏ အစ်ကိုတို့ စခန်းကို လာကြပြီး ရဲဘက်တွေကို ကျွေးမွေးအလှူလုပ်လို့ ခင်နေကြတာ၊ သူ့ဆိုင်မှာ အစ်ကိုတို့ကို အမြဲတမ်း ဖိတ်ပြီး ကျွေးမွေးတတ်တယ်"

"ဒါနဲ့ - အစ်ကိုတို့စခန်းက ဘယ်နားမှာလဲ၊ ကော့သောင်းမြို့နဲ့ အဝေးကြီးဝေးသလား၊ ညီမတို့ လာလည်လို့ရမလား"

"ညီမတို့ (၁၀)မိုင်ရွာကို ရောက်ဖူးသလား၊ ကော့သောင်းဘန်းကချွန်းသွားလမ်းပေါ်မှာပဲ"

"ဟုတ်ကဲ့ - ညီမတို့ဘန်းကချွန်းရွာအထိ ဆိုင်ကယ်စီးရင်း ရောက်ဖူးပါတယ်"

"အေးကွဲ့ - အဲဒီ(၁၀)မိုင်ရွာကနေတောထဲကို (၁၀)မိုင်လောက် အထဲဝင်ရတယ်၊ တောင်ဆင်းတောင်တက်တောတွင်းမြေလမ်းပဲ၊ ညီမတို့ ချုန်းဖန်ရွာကို ရောသိသလား၊ ကော့သောင်း - ချုန်းဖန်လိုင်းကား ပြေးတယ်လေ"

"အော် - ဟုတ်ကဲ့၊ ကြားဖူးပါတယ်၊ ချုန်းဖန်ရွာက ကျောင်းဆရာဦးဇော်မင်းရဲ့မိန်းမက ကျွန်မတို့ သူငယ်ချင်းပဲ၊ အလည်ဖိတ်ပေမယ့် တစ်ခါမှတော့ မရောက်ဖူးသေးဘူး"

"အဲဒီချုန်းဖန်ရွာအနားမှာ အစ်ကိုတို့ စခန်းရှိတာ၊ အလွန်သာယာတယ်ကွဲ့၊ အလည်လာဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ - ဘာဖြစ်သလဲ အစ်ကိုရဲ့"

"ခရီးကဝေးတော့ ညအိပ်မှဖြစ်မှာပဲ"

"ညီမတို့ ချုန်းဖန်ရွာသူငယ်ချင်းအိမ်မှာ ညအိပ်မှာပေါ့"

"အဲ့လိုလည်းမဟုတ်ပါဘူး၊ အစ်ကိုတို့စခန်းမှာ ကျယ်ကျယ်ဝန်းဝန်းနဲ့ ညအိပ်လို့ရပါတယ်၊ အစ်ကိုတို့ ရုံးအိမ်ကြီးမှာ ဧည့်သည်တွေအတွက် အိပ်ခန်း(၂)ခန်းတောင် အပိုရှိပါတယ်၊ စားရေးသောက်ရေးလည်း ပြည့်စုံပါတယ်"

"အဲ့ ဒါဆို ပို အဆင်ပြေတာပေါ့ အစ်ကိုရယ်၊ ဒါနဲ့ - အစ်ကိုတို့က မနက်ဖြန် ဘယ်အချိန် စခန်းပြန်မှာလဲ အစ်ကို"

"သင်္ဘောကိစ္စကတော့ ဒီနေ့ညနေကြိုပြီး ဝန်ထမ်းသစ်နဲ့ ရဲဘက်တွေကို ရောက်ခွင့်စခန်း ပို့ပြီးတာနဲ့ ရိက္ခာပစ္စည်းတွေကို သင်္ဘောပေါ်ကချ၊ တစ်ညလုံးပဲ၊ ဒါပေမဲ့ - ရိက္ခာပစ္စည်းတွေအတွက် ထောက်ပို့ဌာနက တာဝန်ယူသယ်ရမှာမို့ ဝန်ထမ်းသစ်နဲ့ ရဲဘက်တွေ သင်္ဘောပေါ်က ချပြီးတာနဲ့ အစ်ကိုတို့တာဝန် ပြီးပြီ၊ ညမိုးချုပ်စ (၃)မိုင်ဧည့်ရိပ်သာ ပြန်နားမယ်၊ မနက်ဖြန်စောစော စခန်းပြန်ကြမယ်"

"အဲ့ဒါဆို - ညီမတို့ မနက်စောစော အသင့်ပြင်ဆင်ထားမယ်၊ ညီမတို့နှစ်ဦး ဆိုင်ကယ်တစ်စီးနဲ့ လိုက်ခဲ့ကြမယ်"

"အေးကွယ် - အဲ့ဒါဆို အဆင်ပြေပါတယ်၊ အစ်ကိုတို့ စောင့်နေပါ့မယ်"

"ဟုတ်ကဲ့ - အစ်ကို၊ ဒါဆို - ညီမတို့ ပြန်ဦးမယ်၊ ကျေးဇူးတင်တယ် အစ်ကို"

သူမတို့နှစ်ဦး ပြန်သွားကြတော့မှ ကျွန်တော်နှင့် တပည့်သံရောင်းတို့ကို လိုအပ်သောပစ္စည်းများကိုကော့သောင်းမြို့ဈေးအတွင်း ဝယ်ရသည်၊ ညနေ (၃)နာရီခန့်တွင် စင်းလုံးငှားသင်္ဘောကြီး ဥဩဆွဲ၍ ဆိုက်ရောက်လာတော့သည်။

သင်္ဘောကြီးပေါ်မှ ဝန်ထမ်းသစ်များနှင့်ရဲဘက်သစ်များအား ကဲ့လေ့ကြီးများနှင့် တစ်ခေါက်ပြီးတစ်ခေါက် ကြိုရသည်၊ ဆိပ်ကမ်းတွင်စစ်ဆေးပြီး အသင့်စောင့်ဆိုင်းနေသော ဟီးနိုး (TE 11) RANGER ကားကြီးများ အပေါ်တင်၍



www.burmeseclassic.com

www.burmeseclassic.com

အနီးဆုံး၊ ရေတံခွန် ဆီအုန်းစခန်းသို့ပို့ရသည်၊ ထိုစခန်းမှလိုအပ်သောစခန်းများဖြစ်ကြသည့် အော်ကြီးနှင့် ဟပ်စတင်း စခန်းများသို့ နောက်နေ့များတွင် ခွဲဝေပို့ဆောင်ရမည်ဖြစ်သည်၊

တော်ပါသေးသည်၊ သဘော်ကြီး စောစောရောက်၍ ညနေစောင်းတွင် သယ်ဆောင်ရေးလုပ်ငန်းများပြီးသည်၊ ရိက္ခာပစ္စည်းများ သယ်ဆောင်ရေးကိစ္စများကတော့ ထောက်ပံ့ဌာနဝန်ထမ်းများ ကကြီးကြပ်ပြီးသယ်ယူကြပေလိမ့်မည်၊ ကျွန်တော်တို့ ကြိုဆိုရေးအဖွဲ့များ နေမဝင်မီ ညှော်ရိပ်သာသို့ အနားယူရန် ပြန်ခဲ့ကြသည်၊

ထိုညနေက (၃)မိုင်ညှော်ရိပ်သာတွင် စတည်းချ၍ ရေမိုးချိုးပြီး အစ်မကြီး ဒေါ်ချောမေ၏ စားသောက်ဆိုင်တွင် ထိုင်၍ အနားယူ အပန်းဖြေကြသည်၊ ညဘက်တွင် ပင်လယ်ကမ်းစပ်ညှော်ရိပ်သာတွင် မောမောပန်းပန်းဖြင့် ပင်လယ်လှိုင်းပုတ်သံကို နားဆင်ရင်း ကောင်းမွန်စွာ အိပ်စက်အနားယူခဲ့ရသည်၊

နောက်တစ်နေ့မနက်တွင် ဥမ္မာတို့ သူငယ်ချင်းနှစ်ဦး စောစီးစွာရောက်လာကြပြီး အစားအစာများ ယူလာ၍ BREAK FAST စားသောက်ကြပြီး သည်နှင့် ကျွန်တော်တို့အဖွဲ့ ဆိုင်ကယ်နှစ်စီးဖြင့် အေးချမ်းစွာ စခန်းသို့ပြန်ခဲ့ကြပါသည်၊ ကော့သောင်းမြို့မှာ ဆောင်းရာသီမရှိသော်လည်း ပင်လယ်ကမ်းစပ်ဖြစ်၍မနက်ခင်းတွင်ပင်လယ်လေတဝူဝူးဖြင့် အေးချမ်းသာယာလှပါသည်၊ ကော့သောင်းမြို့မှာ ထိုစဉ်အခါ ၁၉၈၆ ခုနှစ်ခန့်က ကားနည်းပြီး ဆိုင်ကယ်ပေါ သည်၊ ဆိုင်ကယ်မြို့ကလေးဖြစ်သည်၊ တောင်ပတ်လမ်းကိုကွေ့ကောက်တက်ရသည်မှာ ပျော်စရာ အလွန်ကောင်း သည်၊

(၇)မိုင်လေယာဉ်ကွင်းကျော်ပြီး မကြာမီ(၁၂)မိုင်ရွာသို့ရောက်လာသည်၊ ပသျှူးလက်ဖက်ရည်ဆိုင်တွင်ခေတ္တနား ကြသည်၊

"ကဲ - ညီမတို့စားသောက်ပြီးကြရင် ခရီးဆက်ကြစို့၊ နေ့လယ်စာအမီ စခန်း ပြန်ရောက်အောင်ပါ၊ တောတွင်းခရီး လမ်းကြမ်း ဝင်ရတော့မှာဆိုတော့ ညီမ တို့ ဆိုင်ကယ်ကို အစ်ကို့တပည့် သံချောင်းမောင်းလိမ့်မယ်၊ ညီမတို့အထဲ ကတစ်ယောက်က အစ်ကို့ဆိုင်ကယ်ကို ပြောင်းစီးပါနော်"

"ဟုတ်ကဲ့ပါ - အစ်ကို"

ပြောပြောဆိုဆို ဥမ္မာက ကျွန်တော့် ဆိုင်ကယ်ပေါ်သို့ ပြောင်းစီးပြီး တပည့် သံချောင်းနှင့် မသီတာတို့က တစ်စီးစီး ကြမည်ဖြစ်သည်၊ မိုးကုန်စကာလဖြစ် သော်လည်း တောလမ်းအတွင်း၌ရေစပ် စပ်နှင့်ဗွိုင်များကရှိသေးသည်၊ အကြောင်း မသိပါက စလစ်ဖြစ်တတ်သည်၊ ကျွန် တော့်ဆိုင်ကယ်က ဦးဆောင်၍ ထွက်ခဲ့ သည်၊ တောလမ်းခရီး(၂)မိုင်ကျော်ဖြတ် ပြီးသည်နှင့်ရေတံခွန် ဆီအုန်းခြံအစပ်သို့ ဝင်လာသည်၊ ကျွန်တော့်နောက်တွင် ကပ်ထိုင်လာသော မဥမ္မာက -

"ဟယ် - လှ လိုက် တာ နော်၊ ဆီအုန်းပင်တွေကို တန်းစီပြီး စိုက်ထား တာ ညီနေတာပဲ၊ တချို့အပင်တွေ သီး တောင် သီးနေပြီပဲ၊ အခိုင်လိုက် သီးနေ တာ၊ နီရဲနေတာပဲ"

ကျွန်တော်တို့ ရေတံခွန်စခန်းသို့ မဝင်တော့ဘဲ ဆက်လက်ထွက်ခွာလာ ရာ ရေတံခွန်ချောက်ကုန်းဆင်းရောက် တော့ -

"ညီမ ဥမ္မာရေ - ဒီကုန်းဆင်းက မတ်စောက်ပြီး အလွန်အန္တရာယ်များ တယ်၊ အစ်ကို့ကို မြဲအောင် ကိုင်ထား၊ မလွှပ်နဲ့နော်"

ကျွန်တော် ဆိုင်ကယ်၏နံပါတ်(၁) ဂီယာကြီးကိုချိန်းပြီးရေတံခွန်ကုန်းဆင်း ချောက်ကြီးအား သတိဖြင့် ဆင်းခဲ့ရ သည်၊ ကုန်းဆင်းဖြစ်၍ ဥမ္မာက ကျွန် တော့်ခါးအား ကြောက်လန့်တကြား တအားဖက်ထားသည်၊

ကုန်းအောက်မြေရောက်မှ ဆိုင် ကယ်ကိုရပ်ပြီး ခေတ္တအနားယူကြရ သည်၊ နောက်ဆိုင်ကယ်က တပည့် သံချောင်းကတော့ အန္တရာယ်ကင်းစေ ရန် မသီတာကို ဆိုင်ကယ်ပေါ်က ချပြီး တစ်ဦးတည်း ယက်ကန် ယက်ကန်ဖြင့် ဆိုင်ကယ်ကို ထိန်းရင်း ဆင်းလာပါ သည်၊ ထိုရေတံခွန် ချောက်ကုန်းဆင်း မှာအင်္ဂတေကိုင်ထားသောကြောင့်မတ် စောက်ပြီး ချောလှသည်၊ ပရမ်းပတာစီး မိပါက ဆိုင်ကယ်မှောက်တတ်သည်၊ ကျိုးပဲ့သေကြေဒဏ်ရာရသူတွေ လည်း မနည်းတော့၊

ကျွန်တော့်ဆိုင်ကယ် ဦးဆောင်ပြီး ဆက်လက်ထွက်ခွာလာကြရာ စိမ့်အိုင် များကိုဖြတ်ပြီးတော့ထွန်စက်ပင်ပျောက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သော စောမောင်ချစ်တောင်တက်ခရီးသို့ ရောက်သည်။ ထိုတောင်တက်လမ်းကၽွံမြေဖြစ်၍အလွန်ချောသလို၊ ခရီးကအလွန်ရှည်သည်။ ထို့ကြောင့် -

"ညီမ မဥမ္မာရှေ့ကဆောင်းပြီးလမ်းလျှောက်ခဲ့၊ ဒီတောင်တက်လမ်းက ဂီယာကြီးထည့်ပြီး တစ်ယောက်တည်းတောင် မနည်းတက်ရမှာ ..."

"ဟုတ်ကဲ့ပါ - အစ်ကို"

ထို တောင် တက် ခရီးကျော်ပြီး အင်မဒိုင်းရွာကို ကျော်မှ ကျွန်တော်တို့ ပါဆယ်ပါညန်း၊ ဆီအုန်းခင်အစပ်သို့ ရောက်လာသည်။ မြေပြန့်လမ်းဖြစ်၍ အန္တရာယ်ကင်းပါပြီ။ ကျွန်တော်တို့အေးဆေးစွာ ဆိုင်ကယ်စီးခဲ့ကြသည်။ လမ်း၌ ပါဆယ်ပါညန်း ဆီအုန်းစခန်းသို့ ခေတ္တဝင်၍ ရေနွေးကြမ်းသောက်ရင်း နားကြသည်။ တောစခန်းဖြစ်၍ ဥမ္မာနှင့် မသီတာတို့ အလွန်ပျော်နေကြပါသည်။ ထိုမှ ဆက်လက်ထွက်ခွာလာကြပြီး တန်နွာ၊ ရွာအစပ်ဖွက်ဆိုင်များကိုရှောင်လို၍ ဆီအုန်းခင်းအတွင်းလမ်းမှ ကျွန်တော်တို့ အောက်ချိုင့်ဖြူ ဆီအုန်းစခန်းသို့ ချောင်းကူးတံတားကလေးကို ဖြတ်ပြီး တစ်ဖက်ကမ်းသို့ ကူးခဲ့ကြရာ ကျွန်တော်၏ ဆိုင်ကယ်အသံကို မှတ်မိကြသော အမဲလိုက်ခွေးညီနောင် ဘိုနီနှင့် ဘိုဖြူတို့က လာရောက်ကြိုဆိုနေကြသည်။ အောက်ချိုင့်ဖြူဆေးရုံကိုလွန်တော့မှ ကျွန်တော်တို့စခန်းသို့ ရောက်ရှိပါသည်။ တနင်္သာရီရိုးမတောင်တန်းကြီးနောက်ခံနှင့် ကျွန်တော်တို့အောက်ချိုင့် ဆီအုန်းစခန်းမှာ လွန်စွာ သန့်ရှင်းသပ်ရပ်၊ သာယာလှသည်။

ကျွန်တော်တို့ ရုံးခန်းအိမ်ကြီးရှေ့ ဆိုင်ကယ်ရပ်တော့ ဥမ္မာက -

"ဟယ်တော် - အစ်ကိုတို့စခန်းက အရမ်းလှတယ်နော်"

"ကဲ - လာကြ - ရုံးခန်းထဲမှာ နားပြီး နေ့လယ်စာ စားကြမယ်"

တောတွင်း၌ နေသော်လည်း စနစ်တကျ ကျွန်တော် တည်ဆောက်ထားသော စခန်းကို သူမတို့ အလွန်သဘောကျကြပြီး ပျော်ရွှင်နေကြသည်။ ခေတ္တနားကြပြီး အပေါ်ထပ်ဆက်တီစားပွဲတွင် နေ့လယ်စာ စားကြတော့လည်း တောဝက်သား၊ ချေသား၊ အသီးအရွက်ကြော်မျိုးစုံဖြင့် စားကြရသောကြောင့် သူမတို့ အလွန်ပျော်ရွှင်ပြီး မြိန်ရှက်စွာ စားသောက်ကြသည်။

ဥမ္မာက "အစ်ကိုတို့ တောတွင်းမှာ နေကြပေမယ့်အလွန်ဖိမ်ကျတာပဲနော်။ အံ့မခန်းပဲ - ပျော်စရာကောင်းလိုက်တာ"

"ကဲ - ညီမတို့စားသောက်ပြီးခေတ္တအနားယူကြ။ ဟိုမှာ ဧည့်သည်အိပ်ခန်း (၂)ခန်းရှိတယ်။ ညနေအေးတော့ ချုန်းဖန်းရွာကို လိုက်ပို့မယ်။ ရေချိုးဖို့လည်း အောက်ထပ်မှာ ရေချိုးခန်းရှိတယ်"


ကျွန်တော်တို့၏ အောက်ချိုင့်ဖြူ ဆီအုန်းစခန်းမှာ အေးချမ်းသာယာ၍ တင်မကာ ဝန်ထမ်းနှင့် ရဲဘက်များကလည်း အလွန်စည်းကမ်းရှိကြသည်။ စခန်းအတွင်း၌ အမှိုက်တစ်စပင် မရှိ၊ အဆောက်အအုံများကလည်း ကျွန်တော် စိတ်တိုင်းကျတည်ဆောက်ထားခြင်းဖြစ်သည်။ တောကောင်သားငါးပေါပြီး ဥယျာဉ်ရှိသဖြင့် အစားအသောက်လည်း အလွန်ပေါသည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသောကြောင့် နေ့ကြီးရက်ကြီးများတွင်လည်း အလှူအတန်းက မပြတ်ပါ။ ထို့ကြောင့်လည်း ရပ်ဝေး၊ ရပ်နီးဧည့်သည်များက ကျွန်တော်တို့ စခန်းတွင် မပြတ်စည်ကားနေတတ်သည်။ သို့သော် ထိုအောက်ချိုင့်ဖြူစခန်းကို သာယာလှပ သပ်ရပ်စေရန် မွမ်းမံပြင်ဆင် တည်ဆောက်ခဲ့ရသော ကျွန်တော်နှင့်တပည့်ဝန်ထမ်း၊ ရဲဘက်များ၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုများကတော့ မနည်းမနောပါပင်။

မှတ်ချက်

ကော့သောင်း ဆီအုန်းစခန်းများမှ ခွဲခွာလာရစဉ်အနှစ်(၃၀)မြောက်အမှတ်တရ။

➽ ထောင်မှူးကြီး သိန်းဝင်း

www.burmeseclassic.com




အမှန်တကယ်ဖြစ်ရပ်ကို
အမှုသွား အမှုလာ ပြီးစီးသွားသောအခါ
ဝတ္ထုအဖြစ် ထွက်ပေါ်လာသည့်
ဇာတ်လမ်းဖြစ်သည့် ...

## ညအမှောင် ...

လရောင်က မသာတတ်သေး၊ လဆုတ်ရက်ပိုင်းမို့ လထွက်နောက်ကျပေမည်။ မြို့ကြီးပြကြီးတွင် လျှပ်စစ်မီးက ထိန်ထိန်ညီးအောင်ဝင်းပနေ၏။ မာကျူရီ (နင်းခွဲ)မီးအရောင်ကြောင့် လမ်းသွယ်ကြီးတစ်ခုလုံးက ထင်ထင်လင်းလင်း။ ခရီးသည်တင်ဘတ်စ်ကားများ အသွားအလာမရှိသဖြင့် တစ်ခါတစ်ရံဖြတ်သွားသော ကိုယ်ပိုင်ယာဉ်တစ်စင်းတလေမှတစ်ပါး အဖြတ်အသန်းကျဲပါးနေသည်။ လူကုံထံများ နေထိုင်ရာ ရပ်ကွက်ဖြစ်သောကြောင့် ဝန်းကြီးခြံကျယ်များအထဲတွင် ခေတ်မီပုံဆန်းတိုက်ကြီးများမှာ အစီအရီ၊ တိုက်မဆောက်ခင်ကပင်ပုံဆွဲအင်ဂျင်နီယာကို ငွေကုန်ကြေးကျခံကာ တကူးတက ဆန်းသစ်သည့်ပုံစံတီထွင်ရေးဆွဲတည်ဆောက်ခဲ့သဖြင့် သူ့ထက်ငါကောင်း အလှဖြိုင်နေကြသည်။

အဆောက်အအုံသာမက ခြံဝန်းကြီးများက ခန့်ထည်နိုင်မာသော ပတ်ပိုင်းဆောက်လုပ်ခြင်းနှင့် အတူ ခြံဝန်းတံခါးကြီးများ တပ်ဆင်ထားခဲ့ရာ လှပထည်ဝါကြသည်နှင့်အမျှ လုံခြုံစိတ်ချသွားရပေပြီ။ အရောင်အသွေး ပုံသဏ္ဌာန်တွေကလည်း စုံပါ၏။

ခြံတိုင်းပင်အပြိုင်အဆိုင် အလှပန်းမျိုးစုံ စိုက်ပျိုးထားသော ပန်းဥယျာဉ်ကိုယ်စီရှိနေခြင်းက လမ်းတစ်လမ်းလုံး၏အလှကို ပို၍ ခန့်ညားစေ၏။ လမ်းထဲဝင်လာသူ (လူစိမ်း) တစ်ယောက်အဖို့ ဆန်းဆန်းကြယ်ကြယ်ဒေသရောက်သူတစ်ဦးနယ် ခေါင်းတလည်လည်၊ မျက်စိပေါ်ကြည့်သည်ကြည့်ရှိနေမည်ပင်။

တင်ကွန်းအတွက် တိုက်တာ၊ အဆောက်အအုံ၊ ဝင်းခြံတွေက စိတ်ဝင်စားစရာမဟုတ်။ သူ့အလုပ်သာ အဓိက၊ သူ့အလုပ်အတွက် အချိန်ကုန်ထားရသည်။ ငွေကုန်ထားရသည်။ အရင်းအနှီးအဝေါ်များသွားခဲ့ရပေပြီ။ တင်ကွန်းကလူစေ့စပ်၊ အလုပ်တစ်ခုကိုအလုပ်နှင့်တူအောင် လုပ်တတ်၏။ သဘောထားကြွဲလွဲပြီး စကားများတတ်သောကြောင့် အဖော်အလျော်လည်း မရှားတစ်ကိုယ်

www.burmeseclassic.com

တော် လှုပ်ရှားရသည့်အခါ သိပ်သည်းကျစ်လစ်သွားသည်၊ ဝေခွဲပေးရန်လည်း မလိုတော့၊ လက်စလက်နမကျန်လျှင် နောက်ကြောင်းအေးသဖြင့် ပူပင်စရာမရှိလောက်အောင် ခေါးကင်းသွားသည်၊ အစလန်မှာလည်း မစိုးရိမ်ရ။

ရာဇဝတ်မှုမကင်းသည့်အလုပ်ပင်ဖြစ်လင့်ကစား တင်ကွန်း(သစ်ခွရိပ်)ကို လေ့လာခဲ့သည်ပင် တစ်လနီးနီး။ ပိုင်ရှင်၏လုပ်ငန်း ကြွယ်ဝမှုနှင့် သူတို့ပိုင်ဆိုင်ခြင်းများ အသေးစိတ်ကို လေ့လာခဲ့၏။ ပိုင်ရှင်များ၏ သဘောသဘာဝနှင့် လုပ်လေ့ကိုင်လေ့အနေအထားများ သစ်ခွရိပ်တိုက်ကြီး၏ အိမ်သူအိမ်သားများ အခြေအနေ၊ စီမံချက်ရျ ဆောင်ရွက်သတဲ့သို့ လစ်ဟာမှု မရှိစေရန် ကြိုတင်စီမံထားသည်။ (အိမ်တစ်အိမ်ဖောက်ထွင်းဖို့ဒီလောက်ပုံကြီးချဲ့နေစရာမလိုပါ) ဆိုကောင်း ဆိုကြမည်၊ ရှေ့၊ အင့် ဆိုပြီး ခေါ်ပေးနေခြင်း မဟုတ်၍ သူတစ်ပါး ပစ္စည်းရရန် လွယ်ကူသည်ဟု မထင်ကောင်းစရာ။ တစ်ခုရလို့မှုအတွက် တစ်ခုတော့ ပေးဆပ်ရမည်မှာ မွေတာ၊ ကိစ္စတစ်ခုပေါ်ပေါက်လာပြီဆိုကတည်းက ဝင်ရောက်လာတော့မည့် ဥပဒေဘက်တော်သားတို့ကိုလည်း ကြိုတင်တွက်ဆထားရပေမည်၊ ဥပဒေဘက်တော်သားများက သူတို့လိုလူစားတွေကို အမြဲမျက်စိဒေါက်ထောက်အကဲခတ်နေကြသည်၊ လုပ်ပုံလုပ်နည်းကို ကြည့်ရုံဖြင့် ဘယ်သူဘယ်ဝါဟု အတပ်ပြောနိုင်သည်အထိ လိမ္မာပါးနပ်၍ အတွေ့အကြုံရင့်ကျက်ကြ၏၊ သူတို့ကိုလျော့တွက်၍မရ၊ ယနေ့အထိ တင်ကွန်း တံကောင်းနေသည်မှာ အမှုတွဲဖေဟာင်းမရှိခြင်းပင်၊ တင်ကွန်း ဘယ်ကိစ္စကိုပေါ့ပေါ့တန်တန်မစဉ်းစား။ သစ်ခွရိပ်ပိုင်ရှင်များနှင့် ပတ်သတ်ပြီး ဝင်စဉ်ကလည်း ဒရိုင်ဘာလို တစ်မျိုး၊ ဈေးသည်လို တစ်ဖုံ၊ ဝန်ထမ်းတစ်ယောက်လို တစ်နည်းရုပ်အမျိုးမျိုး ဖျက်ခဲ့ရသည်၊ ကားဒရိုင်ဘာ၊ အိမ်ဖော်ဈေးဝယ်သူမိန်းမကြီးနှင့်သစ်ခွရိပ်ပိုင်ကုမ္ပဏီဝန်ထမ်းများကို သို့နယ် ချဉ်းကပ်ခဲ့ခြင်းပါ။ တစ်ဦးထံမှစကားကိုနည်းလမ်းအမျိုးမျိုးဖြင့် ယူခဲ့၍ သိလိုသမျှကို သိရပြီးနောက် ရေးမှတ်ကာ ဖိုင်တစ်ဖိုင် သီးသန့်ဖွင့်ထားခဲ့သည်။

ထိုဖိုင်ကို (သစ်ခွရိပ်)ဟူ၍ အဖုံးမှာ မင်နီဖြင့် ရေးဖွင့်ခဲ့၏။

၀၀၀

သစ်ခွရိပ် စီမံချက်အရ အိမ်သူအိမ်သားအနေအထားကို အဓိကထားလေ့လာလိုက်သောအခါ သစ်ခွရိပ်ပိုင်ရှင် ဦးခင်မောင်ကျော်၊ ဇနီး ဒေါ်ခင်ထားနွယ်နှင့် ကလေးနှစ်ယောက်၊ ဦးခင်မောင်ကျော်၏ဖခင်နှင့်မိခင်ဒေါ်ခင်ထားနွယ်၏ မိခင်ကြီး၊ ခြံစောင့်ကြီး ဇနီးထမင်းချက်မိန်းမနှင့် သူတို့သမီးလေး၊ အိမ်ဖော်မိန်းကလေးနှင့် ကားဒရိုင်ဘာ အမျိုးသားပေါင်း လူကြီးလူလတ်၊ လူငယ်ဆယ့်နှစ်ဦးတို့နေထိုင်ခဲ့ကြသည်။ ခြံစောင့်ကြီး၏ သမီးကလေးမှာ အိမ်ရှင် ကလေးနှစ်ယောက် ထိန်းကျောင်းပေးရသည့်တာဝန်။ ပြင်ပမှာနေ၍ တစ်ရက်ခြားလာလုပ်ပေးရသည့် ဥယျာဉ်မှူးတစ်ဦးရှိသော်လည်း အတူနေမဟုတ်သဖြင့် ထည့်သွင်းစဉ်းစားရန်မလို၊ သူ့ကိုစာရင်းမှ ပယ်လိုက်၏။

တင်ကွန်းအဖို့ အလုပ်လုပ်ရမည့်ရက်ကို တွက်စစ်ပါက လေးရက်တင်းတင်းသာရှိသည်၊ သကြံန်အကြိုမှ သကြံန်အတက်နေ့အထိ သူ့လုပ်ခွင့်ရှောင်နေတော့သည်။ ဦးခင်မောင်ကျော်တို့ ဇနီးမောင်နှံ၊ ကလေးနှစ်ယောက်၊ ကလေးထိန်းကောင်မလေးနှင့်ဒရိုင်ဘာပေါင်းခြောက်ယောက်ကရှောင်းသာသို့ အကြိုနေ့မတိုင်မီကတည်းက ထွက်ကြမည်၊ ဦးခင်မောင်ကျော်မိဘနှစ်ဦးစလုံးက လဆန်း(ရှစ်ရက်)မှ နှစ်ဆန်းတစ်ရက်နေ့အထိ ဆယ်ရက်တရားစခန်းဝင်ကြမည်၊ ထမင်းချက်အမျိုးသမီးကြီးက သားချင်းဆွေမျိုးများရှိရာ မော်လမြိုင်အနီးရှိဖားအောက်ရွာသို့အလည်အပတ်သွားမည်၊ အိမ်တွင် ဒေါ်ခင်ထားနွယ်၏ မိခင်ကြီးအိမ်ဖော်ကလေးမလေးနှင့် ခြံစောင့်ကြီးသာ ကျန်နေခဲ့၏၊ တင်ကွန်းအတွက် ရခဲလှသည့်အခွင့်အရေး တစ်ရပ်ဖြစ်၍ သည်အခွင့်အရေးကို လက်လွှတ်မခံနိုင်။

တင်ကွန်း ယခင်က ဖောက်ထွင်းသမားတစ်ဦးမဟုတ်၊ ရိုးရိုးသားသား လုပ်ကိုင်စားသော်လည်း မမျှော်လင့်သည့်တစ်နေ့ သူနှင့်အပြိုင် လူတစ်ဦး၏ ကလိမ်စေ့ငြမ်းဆင်မှုကြောင့် နာမည်ပျက်ရုံသာမက အလုပ်မှပြုတ်ခဲ့ရသည်၊ အနာဂတ်ရည်ရွယ်မှန်းထားချက်တို့ ပြိုပျက်ခဲ့သည့်နည်းတူ ချစ်ဦးသူနှင့်လည်း လွဲခဲ့၏၊ ဖခင်မရှိသည့်နောက် သူ့ကိုမွေးဖွားပျိုးထောင်ပေးခဲ့သော မိခင်ကြီးကိုပင် သူ့စိတ်ကြောင့် နလုံးရောဂါဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်ခဲ့ရသည်ဆိုလျှင် မမှား၊ တင်ကွန်းလောကကြီးကိုစိတ်နာသွားသည်။ ဒေါသဒေါးရှိုးသားပါလျက် တည်ငြိမ်မှု တွေဇရှိဖရဲနှင့်ကစဥ့်ကလျားဖြစ်ရသည့် အဖြစ်ကို နာကြည်းခါးသီးသွားမိ၏။ လိမ္မာယဉ်ကျေးသူအဝမှ ရိုင်းစိုင်းရက်စက်သူတစ်ယောက်ဖြစ်သွားစေသည်။ အလင်းထဲမှအမှောင်တွင်းသို့ပြောင်းလဲခြင်းတစ်ရပ်တွင် ဒုစရိုက်သမားဝါရင့်ကြီးများကို ဆရာတင်ခဲ့သည့်နောက် လူကောင်းသူကောင်းဖြစ်လာရန် အလားအလာမမြင်တော့ပြီ။

တင်ကွန်းနလပိန်းတုံးတစ်ယောက်အဖြစ်မခံယူ၊ လူကောင်းမဟုတ်သော လူဆိုးတစ်ဦးပင် ဖြစ်လင့်ကစား အများထဲတွင် ထွန်းပေါက်နိုင်အောင် ကြိုးပမ်းခဲ့သည်။ ဖောက်ထွင်းမှုပညာရပ်၊ လူကဲခတ်နည်း၊ စနစ်တကျအကွက်ချစီစဥ်ခြင်း၊ သော့တုအမျိုးမျိုးလုပ်ပုံကိုင်ပုံနှင့် ဖောက်ထွင်းရာတွင် သုံးစွဲသည့် လက်နက် ကိရိယာစာမေးပွဲစစ်ဆေးအမှတ်ပေးလျှင် ဂုဏ်ထူးတွေ တသီတတန်းကြီးရမည်ပင်၊ တင်ကွန်း၏ထူးချွန်မှုကာ ရှာမှရှား။ ဒုစရိုက်သမားလောကတွင် လိုအပ်သည့် ကိုယ်ပိုင်အရည်အချင်းအဖြစ် ကိုယ်လုံးကျစ်လစ်တောင့်တင်းသန်မာသည်သာမက ကိုယ်ခံကိုယ်လုံ ပညာတွင်လည်း လက်ထောက်ဆရာအဖြစ် တင်ကွန်း။ ဆရာကြီးတစ်ဦး ရေးခဲ့သည့် စာတစ်ပိုဒ်ကို သတိရမိသည်။

"ပညာတတ်၊ အတွေးအခေါ်ကောင်းသူတွေသာ လူဆိုးလူမိုက်ဖြစ်ခဲ့ပါက သက်ဆိုင်ရာ အာဏာပိုင်များအတွက် အန္တရာယ်မသေးလှပေ" ဟူ၏။

⊚⊚⊚

မှတ်မိပါသေးသည်၊ ထိုနေ့က သကြံန်အကျနေ့မို့ အစွမ်းကုန်သည်း၍ ကဲနေကြသည်မှာ မဆန်း။ တစ်နေ့တာ ပတ်လုံးအော်ဟစ် ဆူညံရုံဖြင့် အားမရတတ်။ ညပိုင်း၊ ခွင့်ပြုထားသည့် လမ်းမကြီးများပေါ်ရှိ မဏ္ဍပ်တို့တွင် တေးသံရှင်များ၏ မြူးကြွလှသော တေးသီချင်းနှင့် တီးလုံးတို့အလိုက် ကခုန်နေကြပြန်သည်။ ညပိုင်းဖြစ်လင့်ကစား ကားသံ၊ လူသံတို့ မစဲတတ်သေး။ မြူးထူးလိုသူတို့အတွက် သကြံန်ပါ။

တင်ကွန်း နောက်ဘက်လမ်းကြားပိတ်ထားသည့်တံခါးပေါက်ဝကိုမယောင်မလည်ကပ်သွားသည်။ သူ့အဖို့တံခါးကို တွဲခိုရ၍ လက်အားဖြင့် ထောက်ကာ ခွကျော်ရန်အလုပ်မှာ ထမင်းစားပြီး ရေသောက်သလောက် မခက်။ တင်ကွန်းတစ်ကိုယ်လုံး အပေါ်အနက်၊ အောက်အနက်၊ ထပ်ဝတ်ထားသည့် ဂျာကင်ပါးကလေးပင်လျှင်အနက်။ အနက်ရောင်မင်းသားလေးက လွှားခနဲ အထဲကို ရောက်သွားသည်။ နောက်ဖေးလမ်းကြားအတိုင်း သတ်မှတ်ထားရာနေရာအထိ သွားရပေဦးမည်။ ဦးခင်မောင်ကျော် အိမ်နောက်ဘက်ကိုမမှတ်မိစရာမရှိ။ စိန်ပန်းပင်တစ်ပင်ထီးထီးပေါက်နေ၏။ တင်ကွန်းရပ်တန့်ပြီး ဟိုသည်ကြည့်ကာ လွယ်ထားသည့် အိတ်အတွင်းမှ နိုင်လွန်ကြိုးခွေနှင့် ချိတ်ကို ထုတ်ယူလိုက်သည်။

ဦးခင်မောင်ကျော်အိမ်နောက်တွင် မလွယ်ပေါက်သံတံခါးရှိသော်လည်း အတွင်းမှ အလုံသော့ခတ်ထားသဖြင့် ဖိရန်မလွယ်၊ မြဲစည်းရိုးနံရံအထက် ကြောက်ပေလောက်အကွာတွင် စိန်ပန်းပင်၏ ကိုင်းခွဲတချို့မှာ သန်သန်မာမာ။ တင်ကွန်းလက်လွှဲ၍ ဆတ်ခနဲပစ်လိုက်သည့် ချိတ်က အကိုင်းဆုံတွင် ချိတ်ဆွဲနေခဲ့သည်။ (တင်ကွန်းလေ့ကျင့်ခဲ့သော ကြိုးပစ်နည်းကဒီနေရာမှာ အသုံးဝင်လှ၏) ခန္ဓာကိုယ် နိုင်မနိုင် ဆကြည့်ပြီးနောက် မျောက်တစ်ကောင်နှယ် ဖျတ်ဖျတ်နှင့် ဆွဲခိုတက်သွား၍ ခြံတွင်းသို့ ဆင်းနိုင်ခဲ့ပြီ။ ခြံနောက်ပိုင်းတွင် မီးအားနည်းသည့်တိုင် ခြံ၏ရှေ့ပိုင်းတွင် မီးများက လင်းလင်းကျင်းကျင်း။

တင်ကွန်း ရာဘာမျက်နှာဖုံး (အဖိုးကြီးအိုပုံ) ကိုထုတ်စွပ်လိုက်သည်။ ခြံရှေ့ပိုင်းသို့ မှောင်ရိပ်ခိုကာ သွားနေစဥ် လက်နှိပ်ဓာတ်မီးကိုင်၍ တုတ်တစ်ချောင်းနှင့် လမ်းသလားနေသူ ခြံစောင့်ကြီးကိုတွေ့နေရ၏။ (ဦးခင်မောင်ကျော်၏ မိဘများမှာ တရားသမားများဖြစ်သဖြင့် အိမ်တွင် ခွေးမမွေးနိုင်းခြင်းကို တင်ကွန်း ကြိုတင်သိပြီးဖြစ်သည်၊) ခြံစောင့်ကြီးအနီးသို့ အသာချဥ်းကပ်သွားခဲ့ရာတွင် သူ့လက်တွင်း ကာလိုရိုဖောင်းဓမ္မဆေးဆွတ်ထားသော လက်ကိုင်ပုဝါတစ်ထည်ပါသွားသည့်အတွက် ခြံစောင့်

www.burmeseclassic.com

ကြီးကို လှဲသိပ်ဖို့ မခဲယဉ်းလှ။ မြဲစောင့်ကြီး၏ အိတ်တွင် သော့တစ်ချောင်းကို တွေ့ရာ နောက်ဘက်တံခါးတစ်ပေါက်တစ်ခုမှ သော့ဖြစ်မည်မှာ မလွဲသေချာ။ အိမ်ရှေ့တံခါးကြီးတွင် အာမခံသော့ အထပ်ထပ် ခတ်ထားသော်လည်း တင်ကွန်းအတွက် အဝင်အထွက်ကိုရှေ့မှမလုပ်လိုသဖြင့် စဉ်းစားရန် မလိုတော့ပေ။

စိတ်ချသည်ထက် စိတ်ချရန် မြဲစောင့်ကြီးကို အသေအချာတုပ်နှောင်ခဲ့ပြီးမှ တင်ကွန်း တံခါးပေါက်ကိုရှာရာ အခန့်သင့်ပင် စတိုခန်းနှင့် ပူးတွဲလျက် အခန်းကိုဖွင့်ဝင်နိုင်ခဲ့သည်။ မြဲစောင့်ကြီးတို့ဇနီးမောင်နှံနေကြသည့်အခန်းဖြစ်ဖို့များသည်။ အခန်းတွင်းဝယ် ကွပ်ပျစ်ကြီးတစ်ခုထက်ခင်းထားသော အိပ်ရာနှင့် အဝတ်အစားအသုံးအဆောင်ပစ္စည်းများကထည်ထည်ဝါဝါမရှိလှသည့်အနေအထား။

မီးဖိုဆောင်နှင့်နံရံခြား၍ထမင်းစားခန်း။ ထမင်းစားခန်းနှင့် လမ်းခြားထားသည်က ရေချိုးခန်းအိမ်သာ။ ပြီးမှ အိမ်မဆောင်ကြီးဝင်ရမည့်တံခါး၊ ထမင်းစားခန်းနှင့် ရေချိုးခန်း၊ မီးဖိုဆောင်တို့မှာ သာမန်အိမ်တစ်လုံးနီးနီး ကျယ်ဝန်း၍

ခေတ်သစ်တောက်ပြူးနယ်
ပစ္စည်းနှင့်ငွေသားကိုအကုန်အစင်
မယူဘဲတချို့တစ်ဝက်ကို
စာနာစိတ်ဖြင့် ထားခဲ့သေး၏။
ကိုယ့်လုပ်စာပင်စာကိုလာရောက်
ယူငင်နေခြင်းမဟုတ်ဟုသော
ခံယူချက်တရှိပြီးသား။



မွမ်းမံထားမှုတွေက အပျံစား။ ငွေကြေးနေကြွယ်ဝသူတို့အတွက် တုရင့်ပုဆိုး ပိုးချည်းထိုးသလို လုပ်နိုင်ကိုင်နိုင်ကြသည်ပဲ မဟုတ်ပါလား။

တင်ကွန်းဝင်ရမည့် တံခါးရှေ့ရပ်ကာစေ့စေ့စပ်စပ်ကြည့်ပြီးအိတ်အတွင်းမှ လက်လုပ်လွန်ပူနှင့် ထူးသွားများ ထပ်ဆင်၍ ဆယ်မိနစ်ခန့် အလုပ်များသွားရ၏။ မကြာခင် အိမ်မတံခါးကြီးကို အောင်မြင်စွာ ဖွင့်နိုင်ခဲ့ပြီ၊ လုပ်ငန်းရပ်တစ်ဝက်ကျော်က အခက်အခဲမရှိလှဘဲ ကျော်ဖြတ်နိုင်ခြင်းမှာ တင်ကွန်း၏ ထူးခြားကျွမ်းကျင်မှုကြောင့်ဆိုလျှင် မမှား။

◉◉◉

တိုက်အိမ်အတွင်းတွင် မိန်းမသားနှစ်ယောက် ကျန်နေသေးသည်ကို တင်ကွန်းမမေ့၊ သူ့အိတ်တွင်းမှ ပစ္စည်းတစ်ခုထုတ်လိုက်၏။ ခြောက်လုံးပြူးသေနတ်တစ်လက်ဖြစ်၍ နက်ပြောင်သောပြောင်း၊ သေသေသပ်သပ်လက်ကိုင်ဖင် ကျည်အိမ်တို့နှင့် ပီဘိသေနတ်အစစ်တစ်လက်ပမာ။ မသိသူတို့ကို လှန့်ခြောက်နိုင်သည်။ (ရှားပါးပစ္စည်းများအရောင်းဆိုင်တွင် ဈေးကြီးပေးဝယ်လာရသည့် သေနတ်တုကလေးပါ။) သေနတ်ကိုလက်တွင်ကိုင်ကာ အောက်ခန်းများကိုမွှေနှောက်ရှာသော်လည်းမတွေ့၊ စတီးလက်ရန်းကြီးများနှင့် လှေကားမှတစ်ဆင့်အပေါ်ထပ်ကို တက်လာရာ အိပ်ခန်းတစ်ခုအတွင်း အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းမငယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ နှစ်ဦးစလုံးက နှစ်ခြိုက်စွာအိပ်မောကျလျက် ရှိနေခြင်းမှာ လုံခြုံစိတ်ချရသည့် အနေအထားကိုယုံကြည်မှုပင်၊ စင်စစ်လူစိမ်းတစ်ယောက် (တိတိကျကျပြောရလျှင် အန္တရာယ်ပေးမည့်သူတစ်ဦး)က အိမ်တွင်းရောက်နေသည်ကို သူတို့လုံးဝမသိသေး။ နေထိုင်ရာရပ်ကွက်၏သန့်ပြန့်မှု၊ နေထိုင်သူများ၏အခြေအနေနှင့် အဆောက်အအုံများ၏နိုင်မာတောင့်တင်းမှုအပေါ်ယုံမှားစရာပင်။

အမျိုးသမီးနှစ်ဦးကို အိပ်ရာမှ နှိုးခြင်း၊ ပါးစပ်ကိုပလာစတာကပ်၊ လက်မြန်ကြိုးချည်ခဲ့ခြင်းအလုပ်တို့မှာ တင်ကွန်းအတွက် စာမဖွဲ့လောက်သည့်လုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

များသား၊ အမျိုးသမီးနှစ်ဦးကို အောက်ထပ်သို့ ကြမ်းကြမ်းတမ်းတမ်း တွန်းထိုးခေါ်လာသောတင်ကွန်း၏ ပရိယာယ်ဆင်ကွက်အရ နှစ်ဦးစလုံး ဒူးဆတ်ဆတ်တုန်သည်အထိ စိုးရွံ့မှုနှင့် ကြောက်လန့်တုန်လှုပ်နေကြ၏။ သူတို့အစိုးရိမ်ဆုံးကအသက်အန္တရာယ်ထိပါးမည့်အရေးကိစ္စပင်။

"ကဲ - ကျုပ်လိုချင်တာ ပစ္စည်း။ ပစ္စည်းနဲ့ငွေကြေးအသာတကြည်ရသွားရင် ပြီးတာပါပဲ၊ အဲ - ကကွက်ကာစလုပ်မယ်၊ ကလန်ကဆန်တွေလုပ်မယ်ဆိုလို့ ကကျွပ်စိတ်ဆိုးလာရင်အသက်အတွက် အာမမခံနိုင်ဘူး"

တင်ကွန်း၏ စပ်ပြုတ်ပြုတ်လေသံကြောင့် အမျိုးသမီးနှစ်ဦး ကြောက်စိတ်တွေပိုမိုဖြစ်ပေါ်လာစေသည်၊ တင်ကွန်းကိုယ်၌က အကယ်ဒမီရွှေလောက်သည့် အမူအရာ။

"မီးခံသေတ္တာနဲ့ပစ္စည်းတွေထားတဲ့နေရာပြပါ"

ကနဦးအမျိုးသမီးကြီးက အင်တင်တင်နှင့် မပြရချင်သည့်ပုံဟန်၊ သားသမီးပစ္စည်းပင်ဖြစ်လင့်ကစား တစိမ်းတစ်ဦးလက်သို့ ပိုးစိုးပက်စက်ထည့်လိုက်ရ တွန့်ဆုတ်ကောင်း တွန့်ဆုတ်နေမည်သား၊ သို့သော် တင်ကွန်း၏ တရှူးရှူးတဲ့ ရှဲ့ဒေါသဖြစ်လာဟန်ကိုစိုးထိတ်နေမိ စိတ်နောက်ကိုယ်ပါ လှုပ်လျှင် အခေါ် လက်လျှော့လိုက်ပြီးအလုပ်ခန်းလိုတဲ့ ကုလားထိုင် အကျအနခင်းထားသော အခန်းတွင်းရှိ မီးခံသေတ္တာကို တာမွှဲ၊ အံဆွဲထဲမှသော့ဖြင့်ဖွင့်၍လည်းကောင်း၊ တကြည့်ခန်းလို အခန်းအတွင်းမှ ဘီဒို တွင်းရှိ ငွေသားများကိုလည်းကောင်း ပြသပေးသူကြောင့် လွယ်လင့်တကူရခဲ့ ခြင်းပါ၊ တင်ကွန်းကစိန်ထည်၊ လက်ဝတ်လက်စားများ၊ တစ်ဆယ်သား နှစ်ဆယ်သား ရွှေအခေါက်အတုံးများ၊ ငွေသား များကိုယူ၍အိတ်နှစ်အိတ်အတွင်းစနစ် တကျထည့်သိုလိုက်သည်၊ သူ့အတွက် လုံလောက်ပြီဖြစ်သည်။

တင်ကွန်းကခေတ်သစ်တောက်ပြောင် နယ်ပစ္စည်းနှင့်ငွေသားကိုအကုန်အစင် မယူဘဲတချို့တစ်ဝက်ကိုတနာစိတ်ဖြင့် ထားခဲ့သေး၏၊ ကိုယ့်လုပ်စာ ပင်စာတို့ လာရောက်ယူငင်နေခြင်းမဟုတ်မှု သောခံယူချက်ကရှိပြီးသား၊ အမျိုးသမီး နှစ်ဦးကို အခန်းတွင်း ပြန်ပို့ပြီး အခန်းတံခါးပိတ်ကာထွက်ခဲ့သည်၊ အိမ်နောက်ဖေးတံခါးကိုပြန်လည်သော့ခတ်၍ယခုတိုင်မေ့နေသေးသည့်ခြံစောင့်ကြီးအိတ်တွင်း သော့ကို ထားရစ်ခဲ့၏၊ တက်ခဲ့စဉ်က ရိုတ်နှင့် ရိုတ်ဆွဲနိုတက်လာခဲ့သော်လည်း အိမ်များကို ချပြီးနောက် ရိုတ်ပါသည့် ကြိုးရှည်ကို နှစ်ခေါက်ခေါက်၍ သစ်ကိုင်းထက်တွင် ကြိုးချည်းသက်သက် တွဲလောင်းချကာ ပူးဆွဲနိုဆင်းခဲ့သည်၊ သစ်ပင်အောက်အရောက်တွင် ကြိုးစ ဆွဲသိမ်းပြီး ခြေဝလက်စမကျန်စေရန်လုပ်ခဲ့ရသည်မှာအခက်အခဲမရှိတော့ပေ၊ နောက်ဖေးလမ်းကြား အမှောင်ရိပ်နိုကာလမ်းလျှောက်လာခဲ့၍တံခါးကျော်ကာ ဆင်းလိုက်ရုံဖြင့် လမ်းဘေးပလက်ဖောင်းပေါ် ရောက်သွား၏၊ ထိုမှတစ်ဖန်ရပ်ကွက်လမ်းသွယ်၊ ပြီးတော့ - လမ်းမကြီးရွှန်းလက်စိုပြေကြည်နူးဖွယ်မြိန်သောအပြုံးတို့ကတင်ကွန်း နှုတ်ခမ်းထက်မှာ လွှင့်မြူးလျက် လမ်းမကြီးပေါ်တွင် တင်ကွန်းတစ်ယောက်ပေါ့ပါးလွတ်လပ်ခြင်းတို့ဖြင့် လျှောက်လှမ်းလာသည်။

တင်ကွန်းအတွက်သာယာချမ်းမြေ့ဖွယ်နေ့ရက်တို့သည်ကား -

◉◉◉

သူရေးယူလာသည်က ဝတ္ထုတစ်ပုဒ်အမည်နှင့်ကလောင်အမည်တစ်ရွက်။

"အဲဒီဝတ္ထုကလေးကို သည်းထိတ်ရင်ဖိုမဂ္ဂဇင်းထဲမှာဖတ်လိုက်ရတယ်တဲ့၊ စာရေးဆရာက ဒီမြို့နာမည်နဲ့ စာရေးဆရာဆိုတော့၊ ဆရာတို့သိသလားဟင်၊ ဆရာတို့ကလည်း သည်းထိတ်ရင်ဖိုမဂ္ဂဇင်းမှာရေးနေတာဆိုတော့ သိများသိမလားလို့ ရဲမှူးက မေးခိုင်းလိုက်တယ်"

တစ်နေ့ မြို့နယ်မှူး(ဒုရဲမှူး)ကိုယ်ရေးအရာရှိတပ်ကြပ်လှစိုးမှုခင်းသတင်းထောက်များ ရုံးခန်းအတွင်း ဝင်လာပြီး အမေးရှိလာသည်၊ အမေးခံရသူပန်းမြိုင်လယ်စိန်ဝင်း ခေါင်းကို သွက်လက်စွာခါလိုက်၏၊ စာရေးသူ ရေးထားသည့် (ကလောင်အမည်)ကအသစ်မို့သူမသိ၊ ကျန်သူများကလည်း မကြားဘူးသည့်နာမည်။

www.burmeseclassic.com

"ကျွန်တော်တော့ မသိဘူး တစ်ခါတလေ ဒီမြို့ရွာမည်နောက်က ပါပေမယ့် ဇာတိသာမှန်မယ်။ လူနေတာက ရန်ကုန်။ အဲဒါမျိုးလည်း ရှိတယ်၊ အမှန်သာ ဒီမြို့ကဖြစ်ရင် သည်းထိတ်ရင်ဖိုက လဆန်းသုံးရက် လေးရက်စာအုပ်ရော စာမူစရော ရနေကျလေ၊ စာတိုက်မှာ မေးကြည့်ရင် သိနိုင်ပါတယ်"

"သိရင် - ရဲမှူးဆီဖုန်းဆက်သတင်းပို့ပေးပါနော်။ ရဲမှူးကလည်း စာပေဝါသနာအိုးဗျ။ တကယ်လည်း စာစုဖတ်နေတာ"

မှန်ပါသည်။ ယခုပြောင်းလာသည့် ရဲမှူးကပြောင်းလာသည်ပင်မကြာတတ်သေး။ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်စာရေးသူများ။ မှခင်းသတင်းထောက်များနှင့် တရင်းတနှီးဖြစ်သွားခဲ့ပါပြီ။ စာမရေးသည့်တိုင် စာအုပ်စာတမ်း အတော်များများ ဖတ်ဖူး၍ စာနယ်ဇင်းများကို လစဉ်ဖတ်ရှုနေသော လေးစားအပ်သူတစ်ဦးပါ။ ရဲမှူးဖတ်ပြီး စိတ်ဝင်စားလာသဖြင့် မေးမြန်းခြင်းပင် ဖြစ်ပေမည်။

"အဲဒီဝတ္ထုကို ကိုယ်ဖတ်ပြီးပါပြီ။ သိပ်ကြီးလည်းမဟုတ်ပါဘူး၊ စာရေးသူကဓာတ်တွင်းသမားတစ်ယောက်အဖြစ် ရေးထားတာပဲ။ စိတ်ဝင်စားစရာတော့ ကောင်းတာအမှန်ပါ။ အလှည့်အပတ်တော့ သိပ်မပါပါဘူး။ မဂ္ဂဇင်းတိုက်က လူသစ်ဖြစ်ပေမယ့် အားထုတ်ကြိုးပမ်းစေချင်တဲ့ စေတနာနဲ့ ဝင်တင်ပေးလိုက်တာဖြစ်ရမယ်"

ကိုအေးဆွေ(ချိန်ရှိန်)က သူ့အမြင်ကိုပြောနေပါသည်။ တစ်စခန်းထလာသူကကိုအေးထွန်း။ မြေပြန့်က သူ့သဘောထားကို တင်ပြနေပြန်၏။

"ဘာပဲဖြစ်ဖြစ်၊ စာတစ်ယောက်ရေးလာတာ တို့မြို့အတွက် စာပေအင်အား တစ်ယောက်တိုးလာတာပဲ၊ တို့ကတော့ ကြိုက်တယ်ကွာ။ လေးလည်းလေးစားတယ်။ တကယ်ပဲ"

"ကဲ - မြို့နယ်သတင်းထောက်ကြီးက စာပေသမားတွေကို သိပ်လေးစားတာ။ ခုရှိနေတဲ့လူတွေကိုလေးစားလွန်းလို့ လက်ဖက်ရည်တိုက်ချင်နေသတဲ့ဗျာ"

တစ်ဦး၏ ဟစ်အော်ကြွေးကြော်ချက်အရ မြို့နယ်သတင်းထောက်၊ မြို့နယ်မှုခင်းသတင်းထောက် တာဝန်ခံကိုအေးထွန်းမှာ လက်ဖက်ရည်ဆိုင်သို့ ကန့်လန့်ကန့်လန့်ပါသွားပါတော့သည်။ ကိုအေးထွန်း သူ့စကားနှင့် သူ ခံသွားရပါပကော။

နောက်ဆုံးသတင်းအရ ကိုမျိုးကြီးနှင့်ကိုစိန်ဝင်းတို့စာရေးသူအမည်၊ လိပ်စာတို့ကို ရဲမှူးအား ပေးလိုက်ကြောင်းသာ သိလိုက်ရ၏။ စာရေးသူကဒီမြို့သားဇာတိမဟုတ်၊ တခြားပြောင်းလာပြီးအခြေတက်နေသည်ပင် ငါးနှစ်ကျော်ကျော်ခြောက်နှစ် နီးပါးကြာခဲ့ပြီဟု သိလိုက်ရသည့်ရပ်ကွက်သတင်း။

အထွေအထူးအကြောင်းမဆုံသဖြင့် ထိုကိစ္စလေးမှာ မေ့မေ့ပျောက်ပျောက်သွားလာလှုပ်ရှားနေသူတို့အဖို့ခေါင်းထဲကိုပင် ထည့်မိမည်မထင်။ ကိုမျိုးကြီးနှင့်ကိုစိန်ဝင်းတို့အိမ်သို့ ဖုန်းခေါ်သံတစ်ခုစီမရှေးမနှောင်း ဝင်လာသည်။ မြို့နယ်မှူးရုံးခန်းသို့ ခေတ္တလာရောက်ပါရန် ဖိတ်ကြားချက်ဖြစ်နေသောကြောင့် တအံ့တသြ။

ဘာကိစ္စများဘာလိမ့်။ သွားသာသွားရသော်လည်းအကြောင်းကိစ္စမသိရ၍ မြို့နယ်မှူး ရုံးခန်းရောက်သည့်တိုင် ကြောင်တက်တက်။

◉◉◉

မြို့နယ်မှူးကြီး ပြုံးပြုံးရွှင်ရွှင် ရုံးခန်းတွင်းဝင်လာသဖြင့် အရင်ရောက်နှင့်နေသော စာရေးသူနှစ်ဦးက လေးစားမှုဖြင့် မတ်တတ်ရပ်လိုက်ကြသည်။

"အား - ထိုင်ပါ၊ ထိုင်ပါ"

မြို့နယ်မှူးကြီးက စာရေးသူနှစ်ဦးကို အထိုင်ခိုင်းလိုက်၏။

"ဆရာတို့ကိုအခေါ်လွှတ်တာကျေးဇူးတင်ကြောင်း ပြောချင်လို့ရယ် နို့ပြီး အကြောင်းတစ်ခုကိုလည်းအသိပေးချင်လို့ပါ"

"ဟုတ်ကဲ့ သိပါရစေ - ရဲမှူး"

"ပြီးခဲ့တဲ့ တစ်လကျော်လောက်က ဆရာတို့မှုခင်းသတင်းထောက်ရုံးခန်းမှာ ဝတ္ထုတစ်ခုနဲ့ပတ်သက်လို့ စာရေးတဲ့ ကလောင်ရှင်ကို ကျွန်တော့်တပည့်တစ်ယောက်နဲ့ စုံစမ်းခိုင်းခဲ့ဖူးတယ်၊ မှတ်မိမယ်ထင်ပါတယ်နော်"

"အော် - ဟုတ်ပါတယ်၊ သတိရပြီ"

"အဲဒီကိစ္စပြောချင်တာပါ၊ ဝတ္ထုလေးကို ဖတ်မိတော့ သိပ်စိတ်ဝင်စားသွားမိတယ်။ အရေးအသားကောင်းလွန်းလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အကြောင်းအရာက စိတ်ဝင်စားစရာမို့ တစ်ချိန် စခန်းမှာ စခန်းမှူးဘာညီ့ လုပ်

www.burmeseclassic.com

ကိုင်နေရစဥ်က အမှုတစ်ခုနဲ့ တော်တော်ဆင်နေတယ်။ အမှုက ဖောက်ထွင်းမှုအမှုကြီးတစ်ခုပါ။ တော်တော်များများလေး ပါသွားခဲ့ပါတယ်။ ကြိုးစားပြီး ဖော်ထုတ်ပေမဲ့ အမှုနဲ့ပတ်သက်ပြီး တစ်စွန်းတစ်စ စုံစမ်းလို့ မရခဲ့ဘူး။ ကျူးလွန်တာက လည်း တစ်ဦးတည်းရယ်။ တကယ့် အကွက်ချစီမံသွားလို့ ခြေရာပျောက်နေတဲ့ အမှုမျိုးပါ။ သဲလွန်စ ဟုတ်တိပတ်တိလည်း မကျန်ခဲ့တော့ ရာဇဝတ်ကြပ်ပြီး တရားခံ မမိသေးတဲ့အမှုလို့ ပြောရမှာ ပဲ"

"လုပ်သွားပုံက ပီပီရိရိ ရှိတယ်လို့ ပြောရမှာပေါ့နော်"

"အင်း - ဒီလိုပဲ ပြောရတော့မှာပေါ့။ ဝတ္ထုဇာတ်လမ်းထဲပါတဲ့ အချက်တွေက ဒီအမှုနဲ့ အတော်များများ တူနေတယ်။ ကုန်ကုန်ပြောရရင် အိမ်သားတွေ အခြေအနေ ဖွဲ့စည်းပုံတွေ အမှုဖြစ်စဥ်က သွားလာလှုပ်ရှားမှုတွေကအစ ထပ်တူလောက်နီးနီး ဖြစ်နေတယ်။ သေချာအောင် အမှုတွဲမိတ္တူကို ယူပြီး တိုက်ဆိုင်ကြည့်တော့မှ ပိုရှင်းတာပါ။ အမှုကျူးလွန်စဥ်က လုပ်ရပ်တွေ စစ်ဆေးချက်တွေနဲ့ ကွက်တိပဲ။ နောက်ဖေးမှ မျက်နှာစုံးစွပ်ချွတ်တာအစ တူတာ။

"စိတ်ကူးနဲ့ ရေးတဲ့စာရေးသူတစ်ယောက်ရဲ့ ဇာတ်လမ်းဟာ တကယ်ဖြစ်ရပ်တွေလောက်နီးနီးတူတာတော့ ဆန်းကြယ်တာပေါ့"

"အိုး - စိတ်ကူးနဲ့ ရေးတာမှမဟုတ်ဘဲ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဖြစ်ရပ်တွေကို အတိအကျသိသူတစ်ယောက်က အမှုပိတ်လောက်ပြီအထင်နဲ့ မသိတန်ဘူးဆိုတဲ့ အတွေးအရ ရေးလိုက်တာပါ။ လုပ်ခဲ့တာ တစ်ခုချင်းကိုလည်း ဖော်ထုတ်ထားသေးတော့ အားလုံးဟာ ထပ်တူဖြစ်နေတယ် မဆန်းလား"

"ဒါဖြင့်ရင် - ခု ဘယ်လိုဖြစ်သေးလဲ ဟင်"

"သူ့လိပ်စာသိရကတည်းက စခန်းက လူဆိုးထိန်းအဖွဲ့ရယ်၊ ဒုစရိုက်မှုနှိမ်နင်းရေးအဖွဲ့ရယ် ပေါင်းပြီး (အထူးတပ်ဖွဲ့) ဖွဲ့စည်းလုပ်ဆောင်ဖို့ ခရိုင်ရဲမှူးကြီး ညွှန်ကြားချက်နဲ့ ဆောင်ရွက်ခဲ့တာ မကြာပါဘူး။ အမှုမှန်ပေါ်ခဲ့လို့ အမှုဖြစ်နယ်မြေက လွှဲယူသွားပါတယ်။ ဆက်လက်ဖော်ထုတ်ရမယ့်အမှုတွေလည်းပါသွားတယ်။ မလွယ်ဘူးပေါ့"

"အရင်က အမှုတွေလည်း ရှိသေးတယ် - ဟုတ်လား"

"မှန်တာပေါ့ဗျာ၊ အမှုတိုင်းမှာ သူက ဖွင့်ဖွင့်ပြီး စနစ်တကျ ကျူးလွန်ခဲ့တာ၊ အားလုံး သိမ်းဆည်းရမိတယ်လေ"

မြို့နယ်မှူးကြီး တိုက်သည့် လက်ဖက်ရည်နှင့် မုန့်စားပြီး နှုတ်ဆက်၍ နှစ်ဦးသားပြန်လာခဲ့ကြသည်၊ ပန်းမြိုင်လယ်ကြီးက စကားစလိုက်သည်။

"အစ်ကိုကြီး - အဲဒါလေး ရေးဦးမလား။ ဇာတ်လမ်းကောင်းလေးဗျ"

"ရေးမယ်လို့ စိတ်ကူးတယ်ကွ"

"ရေးရင်ဘာခေါင်းစဥ်နဲ့ ရေးမလဲ။ စဥ်းစားပြီးပလား"

ညီငယ်ပန်းမြိုင်လယ် စိန်ဝင်း အမေးကို မဆိုင်းမတွ ဖြေလိုက်၏။

"ဝတ္ထုထဲက တရားခံလို့ ရေးမလား စဥ်းစားတယ်"

➳ မျိုးသစ်

## မြေကြီးလား၊ ရွှေထီးလား


အသက်ကိုတည်ကိန်းထား။ (၃) နှင့်မြှောက်၊ (၉) နှင့်စား - ဝကြွင်းရင် သေတတ်သည်။

၁ - ကြွင်း အမှုနိုင်မယ်
၂ - ကြွင်း လာဘ်ရမယ်
၃ - ကြွင်း ဖျားနာမယ်
၄ - ကြွင်း လာဘ်ကြီးရမယ်
၅ - ကြွင်း ကြွယ်ဝချမ်းသာမယ်
၆ - ကြွင်း ယာယီခရီးသွားရမယ်
၇ - ကြွင်း ရဟန်းဝတ်ရမယ်။
၈ - ကြွင်း ရန်အောင်မယ်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ဒုစရိုက်သမားတစ်ယောက် ဘဝတူချင်း ယုံကြည်၍ ဖွင့်ဟပြောမိရာမှ ...

**ရဲကျော်**သည်... အချုပ်ခန်းထဲသို့ခြေနှစ်လှမ်းမျှဝင်လိုက်ပြီးနောက် ခေတ္တရပ်တန့်လိုက်သည်။

သူ့ကျောဘက်ရှိ မျက်နှာချင်းဆိုင် အချုပ်ခန်းတံခါးဆွဲပိတ်သံနှင့်သော့ခတ်လိုက်သံကို ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ရသည်။

ရဲကျော်က ဆက်လက်၍ရပ်လျက်သားဖြင့် နောက်သို့ လှည့်မကြည့်ပဲ နားစွင့်လိုက်သည်။ ထောင်မှူးတို့၏ဘွတ်ဖိနပ်သံသည်တဖြည်းဖြည်းနှင့်ဝေးသွားရာမှ တစ်စတစ်စ တိတ်ဆိတ်သွားသည်။

ထိုအခါကျမှ ရဲကျော်သည်မျက်နှာချင်းဆိုင် အချုပ်ခန်းဘက်သို့ မျက်နှာမူလျက်လှည့်ကြည့်လိုက်သည်။ သူရောက်ရှိနေသော အချုပ်ခန်းနှင့် မျက်နှာချင်းဆိုင်အချုပ်ခန်း၏ကြားတွင်လူသွားစင်္ကြံရှိထားသည်။ လူသွားစင်္ကြံ၏ အနံမှာ ငါးပေမျှ ကျယ်ဝန်းသည်။

မျက်နှာချင်းဆိုင် အချုပ်ခန်းထဲရှိ ခုတင်အဖြစ် သတ်မှတ်ရာထားသော အဆင့်ပေါ်တွင်ခြေပစ်လက်ပစ်လဲလျောင်းနေသောဝေလင်းတို့မြင်နေရသည်။ ဝေလင်း၏အသွင်သဏ္ဍာန်မှာ အကြီးအကျယ်စိတ်ဓာတ်ကျနေပုံမျိုးဖြစ်သည်။

မိမိသည်လည်း ဝေလင်းနည်းတူ လုံးလုံးလျားလျားစိတ်ဆင်းရဲနေရသည်။ ထို့နောက် ရဲကျော်သည် သူ၏ဦးခေါင်းပေါ်တွင် ဆောင်းထားဆဲဖြစ်သော ဂျော်ကီဦးထုပ်ကို ဆွဲချွတ်၍ အချုပ်ခန်းထောင့်သို့ လွှင့်ပစ်လိုက်သည်။

ဦးထုပ်သည် ရှာလည်လည်ကာ အခင်းသသံတလင်းပေါ်သို့ကျသွားသည်။ ရဲကျော်အနေနှင့် ထိုဦးထုပ်ကို နောက်ထပ်သုံးနှစ်အတွင်း ဆောင်းစရာ မလိုတော့ပါချေ။

⁂

ဝင်စစ်အားဖြင့် ရဲကျော်သည် မွေးရာပါ လူဆိုးတစ်ယောက်ဖြစ်သည်။ သူကျင်လည်ရာဘဝတစ်လျှောက်လုံး (လူမှန်းသိစါစကတည်းက) ကံကောင်းသောနေ့ရက်ဟူ၍ အလွန်တရာ နည်းပါးခဲ့သည်။

အများအားဖြင့် သူ့အနေနှင့်ကံဆိုးမိုးမှောင်ကျသောကာလများနှင့်သာကြုံတွေ့ခဲ့ရသည်။ တစ်ခါတစ်ရံမှသာ မဖြစ်စလောက်သော ကံကောင်းထောက်မမှုအနည်းအကျဉ်းနှင့်သာ ကြုံကြိုက်ခဲ့ရသည်။

တရားဥပဒေနှင့် ဆန့်ကျင်သောဖြစ်မှုကျူးလွန်သူတစ်ယောက်အဖြစ်နှင့်အချုပ်ခန်းနှင့်အကျဉ်းထောင်သို့သာ ကူးချည်သန်းချည် လူးလာခေါက်တုံ့ ပြန်လေ့ရှိသည်မှာ သူ့အတွက် မဆန်းတော့ပါချေ။

မည်သို့ပင်ဖြစ်စေ၊...

ဤတစ်ကြိမ်သည် သူ့အဖို့ ခါတိုင်းနှင့်မတူစေရန် ဝိဝိရိရိသေသေသပ်သပ် ကြိုတင်ပြင်ဆင်၍ ကျူးလွန်ခဲ့သောဖြစ်မှုဖြစ်သည်။ သို့ပါလျက် မည်သည့်နေရာတွင် ဟာကွက်လစ်ကွက်ဖြစ်ပေါ်ရသလည်း ဟူ၍ ဘဝင်မကျ ဖြစ်နေရသည်။

ထိုမျှမကသေးပဲ သူ့အား အချုပ်ထဲသို့မထည့်မီ ကလိတိတိ သရော်တော်တော်နှင့် ပြုံးစိစိပြုံးပြလိုက်သော ရဲတပ်ကြပ်ကြီး၏အပြုံးမှာ မချင့်မရဲဖြစ်စရာကောင်းသည်။ ထိုအပြုံးကို ရဲကျော်က အဓိပ္ပာယ်ဖော်ကြည့်မိသောအခါ -

"မင်း - လူဆိုးလုပ်စားလာတာ ရိုးကာပ်နေပြီ။ ဒါနဲ့တောင် - သည်တစ်ခါ လောက်တုံးတာတစ်ကြိမ်မှမဖြစ်ဖူးဘူး။ မင်းလိုအူကြောင်ကြောင်ငနိုက်သားမျိုး မကြုံဘူးပေါ်င်"

ဟူ၍ဖြစ်သည်။

ဒုစရိုက်လောကအတွက် ခေါက်ရိုးကျိုးနေသော ဆောင်ပုဒ်ဖြစ်သည့် "ရာဇဝတ်မှုကောင်းကျိုးမပြု" "ရာဇဝတ်ဘေးမပြေးမလွတ်" ဟူသော ဆိုရိုးစကားနှင့်အညီ ရဲကျော်သည် အမှားအယွင်းတစ်ခုခုကြောင့်သာ အချုပ်ခန်းထဲသို့ ရောက်နေခြင်းဖြစ်သည်။

"မည်သည့်အမှားအယွင်းကို ပြုမိပါသနည်း၊" ဟူ၍ သူ့အနေနှင့် အပြန်ပြန်အလှန်လှန် စဉ်းစားနေမိသည်။ သို့ရာတွင် ယခုထက်တိုင် အဖြေမပေါ်သေး။

ရဲကျော်က အချုပ်ခန်းသံတိုင်ကို ဆုပ်ကိုင်၍မျက်နှာချင်းဆိုင် အချုပ်ခန်းတွင်းရှိ ဝေလင်းကို လှမ်းကြည့်သည်။ ဝေလင်းသည်မလှုပ်မယှက်ငြိမ်သက်စွာ လဲလျောင်းနေသည်။

ရဲကျော်နှင့် ဝေလင်းသည် လွန်ခဲ့သောဆယ်နှစ်ကတည်းက အတူတကွ လက်တွဲလျက် ဒုစရိုက်မှု အဓိကအမှုများ

www.burmeseclassic.com

များကို မကြာခဏ ကျူးလွန်ခဲ့ဖူးသည်။ သို့ရာတွင် ရဲကျော်သည် ဝေလင်းနှင့် နှစ်ယောက်တွဲ၍ ကျူးလွန်ခဲ့ကြသော ခုစရိုက်မှုမှန်သမျှ အဆင်မပြေသည်က များသည်။

တစ်နည်းအားဖြင့် ဝေလင်းဆိုသောသတ္တဝါသည်အလွန်တရာလာဘ်တိတ်သောအကောင်ဖြစ်သည်ဟု ရဲကျော်ကသဘောပေါက်လိုက်မိသည်။ ယခုတစ်ကြိမ် အချုပ်ခန်းထဲသို့ ရောက်နေရခြင်းသည်ပင်လျှင် ဝေလင်းနှင့် တွဲ၍ဆောင်ရွက်လိုက်မိသောကြောင့်ဖြစ်တန်ရာသည်ဟူ၍ သုံးသပ်မိသည်။

လွန်ခဲ့သောလအနည်းငယ်က ဝေလင်းနှင့်ဆုံစည်းခဲ့ရသောညတစ်ညကို ရဲကျော်က ပြန်လည်သတိရလိုက်မိသည်။

ထိုညတွင် ရဲကျော်တစ်ယောက်တည်းအလစ်သုတ်ခဲ့ရာတွင်အဆင်ပြေခဲ့သည်၊ ထို့ကြောင့် "ပျိုတို့မောင်စားသောက်ဆိုင်"တွင် သွားရောက်စားသောက်ရန်အတွက် ခြေဦးလှည့်ခဲ့သည်။

စားသောက်ဆိုင်အပြင်ဘက်ပလက်ဖောင်းပေါ်တွင် ညှိုးငယ်နွမ်းပါးစွာ မှိုင်တွေရှုနေသောဝေလင်းကို မြင်လိုက်သည်။ ရဲကျော်ကိုတွေ့လိုက်သောဝေလင်းသည်အနားသို့ကပ်လာသည်။

"ငါ-ဒီနေ့တစ်နေ့လုံး ဘာတစ်ခုမှ အဆင်မပြေဘူး-သူငယ်ချင်းရာ၊ အခုထက်ထိ မနက်စာရော ညစာပါ မစားရသေးလို့ ငါ့ဗိုက်ထဲမှာ တဗွိဗွိမြည်နေပြီ၊ မယုံရင်-မင်း နားထောင်ကြည့်"

ပြောပြောဆိုဆို ဝေလင်းက သူ့ဗိုက်ကို ရှေ့သို့ တိုးပြသည်။

ဝေလင်းကိုမြင်ရသည်မှာအတော်ပင် သနားစရာအသွင်သဏ္ဌာန်မျိုး ဖြစ်နေသည်၊ ထို့ကြောင့်-

"လာ-လိုက်ခဲ့-ဒီညအတွက် ငါ တာဝန်ယူကျွေးမယ်၊ နောက်နေ့တွေအတွက်တော့ မစဉ်းစားနဲ့-ကိုယ့်လူ"

ရဲကျော်ကကြိုတင်သတိပေးသည်။

ထို့နောက် နှစ်ယောက်သား စားသောက်ဆိုင်တွင်းသို့ဝင်ခဲ့ကြသည်၊ စားပွဲလွတ်တစ်လုံးတွင်ထိုင်၍စားသောက်စရာများကိုရဲကျော်ကမှာသည်၊ ရောက်လာသော အစားအစာများကို မြိန်ရေရှက်ရေ တစ်နင့်တစ်ပိုး စားကြသောက်ကြသည်၊ သူတို့ဘဝတွင်ရှိတုန်း အဝ



လွန်ခဲ့တဲ့ခြောက်နှစ်
ကျော်ကျော်တုန်းကသာယာဝတီ
ထောင်မှာထောင်ကျခဲ့ဖူးတဲ့ထောင်
ထွက်တစ်ယောက်ဖြစ်ကြောင်း၊
ရှာနာဆိုင်ပိုင်ရှင်ကို
ဖွင့်ပြောလိုက်ရုံပါပဲ။



အပြီစားထားမှ နောက်ထပ်ဘယ်နှရက်လောက် ငတ်နေရမလဲမသိ။

အစာအိမ်ထဲသို့ အပြည့်အဝ သွတ်သွင်းပြီးသောအခါကျမှ ဝေလင်း၏ ညှိုးနွမ်းနေသောမျက်နှာကြီးကပကတိလန်းဆန်းလာသည်၊ အားသွက်လျှာသွက်ဖြစ်လာသည်။

"ငါကမကြီးပွားပေမဲ့ငယ်ငယ်လေးကတည်းက မှတ်ဉာဏ် အရမ်းကောင်းတယ်ကွ၊ လူတစ်ယောက်ကိုတစ်ခါမြင်ဖူးထားရင် ဘယ်တော့မှ လုံးဝမမေ့ဘူး၊ ကို့ရှေ့နားက စားပွဲမှာ တစ်ယောက်တည်းထိုင်ပြီး ဘီယာစုပ်နေတဲ့ပေါ်န်းကို ကြည့်လိုက်စမ်း"

ဝေလင်း၏စကားကြောင့် ရဲကျော်က ဖျတ်ခနဲ လှမ်းကြည့်သည်၊ သူတို့ရှေ့ မလှမ်းမကမ်းရှိ စားပွဲတွင် တစ်ယောက်တည်း ဘီယာသောက်လျက် တွေးတောငေးမောနေသော လူကြီးတစ်ယောက်ကို မြင်လိုက်ရသည်။

"အဲဒီကောင်ကြီးရဲ့နှာမည်က စိန်မြအောင်၊ လွန်ခဲ့တဲ့ခြောက်နှစ်နဲ့ သုံးလတုန်းက သာယာဝတီထောင်မှာ ငါနဲ့ အတော်ကြာကြာ ဆုံခဲ့ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဝေလင်းက လက်မထောင်လျက် သူ့မှတ်ဉာဏ်ကိုဂုဏ်ယူစွာပြောပြသည်။ ဝေလင်းနှင့် သာယာဝတီထောင်တွင် အတူနေခဲ့ဖူးသည်ဆိုသောစိန်မြအောင်ဆိုသူကိုစူးစူးရဲရဲမှတ်မှတ်ရရအကဲခတ်လိုက်သည်။

အကယ်၍သာဝေလင်းကပြောမပြခဲ့လျှင် ထိုစိန်မြအောင်ဆိုသော ပုဂ္ဂိုလ်ကြီး၏အသွင်သဏ္ဌာန်သည်မည်သည့်နည်းနှင့်မှ လူဆိုးတစ်ယောက်ဟု ထင်မြင်စရာအကြောင်းမရှိပါချေ။ သားသားနားနားပကတိဥပဓိရုပ်သန့်သန့်ပြန့်ပြန့်နှင့် ခန့်ညားထည်ဝါသော လူကြီးလူကောင်းတစ်ယောက်နှင့် တူနေသည်။

မည်သို့ပင်ဖြစ်စေ၊ အချို့သော ခုစရိုက်လောကသားများထဲတွင်လည်း ယင်းကဲ့သို့ သပ်ရပ်သားနားသော လူကုံထံ ရှပ်ပေါက်သူများလည်း ရှိတတ်ကြောင်း ရဲကျော်က နားလည်သဘောပေါက်လိုက်သည်။

ထိုည စားသောက်ပွဲအပြီးတွင် ရဲကျော်နှင့်ဝေလင်းတို့နှစ်ယောက်သည် တစ်ခါတစ်ရံနှစ်ယောက်တွဲ၊ တစ်ခါတစ်ရံ တစ်ကိုယ်တော်အဖြစ် ပြစ်မှုအသေးအမွှားလေးများကို ကျူးလွန်ဖြစ်ခဲ့ကြသည်။ အဆင်ပြေသည့်အခါဝလင်လင်မြိုးမြိုးမြက်မြက်စားခဲ့ကြရသည်၊ အများအားဖြင့် ခွေးပြေးဝက်ပြေး ပြေးခဲ့ရသည်က များသည်။

ထိုအခါ ရဲကျော်သည် လူသွားလူလာရှင်းသော လူကုံထံရပ်ကွက်တစ်ခုရှိ ပုဂ္ဂလိက စိန်ရွှေရတနာဆိုင်ကြီးတစ်ဆိုင်ကို မျက်စိကျမိသည်၊ တစ်ချီ အမွှကြဲလိုက်ရလျှင်တစ်သက်ထိုင်စားရုံသာ ရှိသည်။

ထို့ကြောင့် ထိုစိန်ရွှေရတနာဆိုင်ကြီးကိုလေ့လာနေသောအခိုက်အတန့်တွင် ကံအားလျော်စွာ အခွင့်အလမ်းတစ်ခုကို သတိပြုမိလိုက်သည်။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ဝေလင်းမှတ်မှတ်ရရ ညွှန်ပြပြောဆိုခဲ့သော စိန်မြအောင်ဆိုသူသည် ထိုစိန်ရွှေရတနာဆိုင်ကြီးတွင် လုံခြုံရေးအစောင့် ဖြစ်နေကြောင်း တွေ့ရှိလိုက်ရသည်။

ထိုအခါရဲကျော်က သူတစ်ယောက်တည်းနှင့်ပင် စိန်မြအောင်ဆိုသော ပုဂ္ဂိုလ်သောက်လေ့ရှိသောကော်ဖီဆိုင်တွင် မတော်တဆ ဆုံစည်းပုံမျိုးဖြင့် အရောတဝင် တိုက်ကျွေးမိတ်ဖွဲ့သည်။ ထိုအကြောင်းကို ရဲကျော်က ဝေလင်းအား ကြိုတင်အသိပေးထားခြင်း မပြုပါချေ။ အကယ်၍များ ဝေလင်းက အာရောင်ခဲ့လျှင် မိမိအစီအစဉ် ပျက်မှာစိုးရသည်၊ ထို့ကြောင့် တစ်ယောက်တည်း ကြိတ်စီစဉ်သည်။ ဝေလင်းကို နိုးရာပါကားတစ်စီးဖြင့် လာကြိုရန်မျှသာ ပြောထားခဲ့သည်။

ရက်သတ္တပတ် အနည်းငယ်မျှအကြာတွင် ရဲကျော်သည် စိန်မြအောင်အမည်ရှိပုဂ္ဂိုလ်ကြီးနှင့် တရင်းတနှီး ခင်မင်လာကြသည်။ ထိုအခါကျမှ ရဲကျော်က ထိုပုဂ္ဂိုလ်ကြီးကို ဆွေးနွေးစည်းရုံးသည်။ ထိုပုဂ္ဂိုလ်ကြီးအနေနှင့် (မည်သို့သော ငွန့်ငွန့်စားစားလုပ်စရာမှ မလိုပဲနှင့်) တစ်နင့်တစ်ပိုး ရရှိမည့် အချိုးကျဝေစုကို တွက်ချက်ပြလိုက်သည်။

ထိုအခါ စိန်မြအောင်ဆိုသော ပုဂ္ဂိုလ်ကြီးက ရဲကျော်ကို မေးခွန်းတစ်ခု ကို မေးသည်။ "တကယ်လို့ ကျုပ်က မင်းရဲ့အစီအစဉ်မှာ မပါဝင်ဘူးဆိုရင်မင်း ဘာလုပ်မလဲ"

ဟူသောမေးခွန်းဖြစ်သည်။

"အဟတ်ဟတ် - ဟား - မိတ်ဆွေကြီးက ကျွန်တော်နဲ့ ပူးပေါင်းပါဝင်ခြင်း မပြုရင် လုပ်ရမှာက လွယ်ပါတယ်။ ခင်ဗျားဟာ လွန်ခဲ့တဲ့ခြောက်နှစ်ကျော်ကျော်တုန်းက သာယာဝတီထောင်မှာ ထောင်ကျခဲ့ဖူးတဲ့ ထောင်ထွက်တစ်ယောက်ဖြစ်ကြောင်း၊ ရတနာဆိုင်ပိုင်ရှင်ကို ဖွင့်ပြောလိုက်ရုံပါပဲ။ ဒါဆိုရင် ခင်ဗျားရဲ့ရတနာဆိုင်လုံခြုံရေးအစောင့် အဖြစ်က ဖယ်ရှားခံရမှာ သေချာတယ်။ ကဲ - ကျွန်တော်ပြောတာ ရှင်းတယ်နော်"

ရဲကျော်က ပိုင်နိုင်သောလေသံဖြင့် ခြိမ်းခြောက်သည်။

နောက်ဆုံးတွင် စိန်မြအောင်ဆိုသောပုဂ္ဂိုလ်ကြီးက ပခုံးတစ်ချက်တွန့်ပြပြီးနောက်ရဲကျော်၏အကြံအစည်တွင် ပါဝင်ရန် သဘောတူလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

အစီအစဉ်အတိုင်း လှုပ်ရှားရမည့် နေ့ညနေ လေးနာရီခွဲလုနီးတွင် ရဲကျော်သည် သားရေအတက်ချိုကျေစ်တစ်လုံးကိုဆွဲလျက် ရတနာဆိုင်ထဲသို့ ဝင်သွားသည်။ သူ၏ ဝတ်စားဆင်ယင်မှုမှာ ပကတိတောက်ပြောင် သားနားနေသည်၊ ပြဒါးသုတ်ထားသောမျက်မှန်ကိုလည်း တပ်ဆင်ထားသည်။ ရှိုးကေ့စ်ထဲတွင် ပြသထားသော စိန်လက်စွပ်များ၊ စိန်ထည်လက်ဝတ်ရတနာများရှိသည့် ကောင်တာရှေ့တွင် ရဲကျော်က ရပ်လိုက်သည်။

"အဲဒီ စိန်လက်စွပ်နဲ့ တခြားလက်ဝတ်ရတနာတွေကို ကြည့်ပါရစေ"

ရဲကျော်က မွန်မွန်ရည်ရည် ချိုသာစွာ ပြောသည်။

အရောင်းကောင်တာမှ အမျိုးသမီးက ကတ္တီပါအနက်ရောင်ဘူးဖြင့် ထည့်ထားသော စိန်လက်စွပ်သုံးကွင်းကို မှန်ကောင်တာပေါ်သို့ တင်၍ပြသည်။ ရဲကျော်က စိန်လက်စွပ်များကိုတစ်ကွင်းချင်း သေသေချာချာ ကြည့်ရှုစစ်ဆေးနေသည်။

အစီအစဉ်အတိုင်းအဆင်ပြေသည်။ ရဲကျော် သတ်မှတ်ထားသော လေးနာရီနှင့် ဆယ့်ငါးမိနစ်တိတိတွင် ဝေလင်း မောင်းလာသော နိုးရာပါကားသည် ရတနာဆိုင်ရှေ့သို့ ရောက်ရှိလာသည်။ ကားကိုမရပ်ပဲ ဘီးကို ဖြည်းဖြည်းချင်း လှိမ့်၍မောင်းနေသည်။

ရဲကျော်ကအလျင်မြန်ဆုံး၊ အသွက်လက်ဆုံး လှုပ်ရှားမှုဖြင့် စိန်လက်စွပ်သုံးကွင်းစလုံးကိုယူ၍ ဆိုင်ထဲမှ ပြေးထွက်သွားသည်။ ရွေ့လျားနေသော ကားပေါ်သို့ ရဲကျော်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ဝေလင်းက ကားကို အရှိန်အဟုန်မြင့်၍ မောင်းထွက်သွားသည်။

ရတနာဆိုင်မှ လုံခြုံရေးအစောင့်ဖြစ်သူ စိန်မြအောင်သည် ဆိုင်ထဲမှ ဒရောသောပါး ပြေးထွက်လာပြီးနောက် မောင်းထွက်သွားသောကားကို လှမ်းကြည့်၍ကားနံပါတ်ရေးမှတ်ရန် ကြိုးစားနေသည်ကိုကားနောက်ကြည့်မှန်မှတွေ့နေရသည်။

ဤအကြောင်းအရာသည်လည်း အစီအစဉ်အတိုင်းဖြစ်သည်၊

ရတနာဆိုင်နှင့်ရှစ်မိုင်ခန့်ဝေးသော လူပြတ်သည့်တစ်နေရာတွင် ဤနိုးရာပါကားကို စွန့်ပစ်ထားခဲ့ရန် ကြိုတင်စီစဉ်ထားပြီးဖြစ်သည်၊ အခြားတက္ကစီတစ်စီးကို တား၍စီးနင်းလိုက်ပါရန် ရည်ရွယ်ခဲ့သည်၊

သတ်မှတ်ထားသောနေရာတွင် ကားကိုရပ်၍ ကားပေါ်မှ ရဲကျော်နှင့် ဝေလင်းရှေ့ဆင့်နောက်ဆင့် ဆင်းလိုက်ကြသည်နှင့်တစ်ပြိုင်နက် သူတို့နှစ်ယောက်ဝန်းကျင်သို့ရဲပိုင်ယာလက်ကားများ ရောက်ရှိဝိုင်းရံထားလိုက်ကြသည်။

ရဲကျော်နှင့်ဝေလင်းကိုရဲများကဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ရဲကျော်ထံမှ စိန်လက်စွပ်သုံးကွင်းကိုလည်း ရှာဖွေသိမ်းဆည်းလိုက်ကြသည်။

သို့ရာတွင် "မည်သို့သော အကြောင်းကြောင့်ရဲပတ္တရောင်ကားများ ချက်ချင်းရောက်ရှိလာနိုင်သနည်း" ဟူသောအချက်ကိုရဲကျော်က စဉ်းစား၍မရပါချေ၊ တစ်နေရာရာတွင် အမှားအယွင်းတစ်ခုခု ရှိနေလိမ့်မည်ထင်သည်။ .

ထို့ကြောင့်ရဲကျော်ကမျက်နှာချင်းဆိုင် အချုပ်ခန်းထဲတွင် စိတ်ပျက်လက်ပျက်ဖြင့် လဲလျောင်းနေသော ဝေလင်းအား ကျယ်လောင်စွာ လှမ်းမေးလိုက်သည်။

"ဝေလင်း - မင်းကို ငါ မေးစရာရှိတယ်"

"ဘာမေးမလို့လဲ - ရဲကျော်"

"လွန်ခဲ့တဲ့ခြောက်လလောက်တုန်းက မင်းနဲ့ငါ ပျိုတို့မောင်စားသောက်ဆိုင်မှာ ညစာစားခဲ့တာကို မှတ်မိလား"

"သိပ်မှတ်မိတာပေါ့။ ငါက အရမ်းမှတ်ညဏ်ကောင်းတဲ့ကောင်ဆိုတာ မင်းသိတယ်မဟုတ်လား"

ဝေလင်းက သူ့ကိုယ်သူ အမွှန်းတင်၍ကြွားလုံးထုတ်သည်။

"ထားပါတော့ကွာ၊ အဲဒီညတုန်းက တို့ရှေ့က စားပွဲမှာ ဘီယာစုပ်နေတဲ့ စိန်မြအောင်နဲ့ မင်းနဲ့ သာယာဝတီထောင်မှာ ဆုံခဲ့ကြဖူးတယ်လို့မင်းပြောခဲ့သေးတယ်နော်"

"ဟုတ်တယ်လေ - အဲဒါဘာဖြစ်လဲ ရဲကျော်"

"ဘာမှမဖြစ်ပါဘူးကွာ၊ ငါ့စိတ်ထဲမှာ မရှင်းတာတစ်ခု ရှိနေလို့ မင်းကို မေးကြည့်တာပါ၊ စိန်မြအောင်ဆိုတဲ့ ပုဂ္ဂိုလ်နဲ့

www.burmeseclassic.com

မင်းနဲ့တွေ့ကြတုန်းက သူ ဘာအမှုနဲ့ ထောင်ကျနေတာလဲ"

ရဲကျော်ကတစ်ခွန်းချင်းဖိဖိပြင်းပြင်း မေးသည်။

"ဘာမှုနဲ့လဲ-ဟုတ်လား။ဖြစ်မှဖြစ်ရလေ-ရဲကျော်ရယ်၊ အဲဒီ့စိန်မြအောင်ဆိုတဲ့လူကြီးကိုထောင်ကျနေတဲ့ထောင်သားအဖြစ်နဲ့ဆုံတယ်လို့ငါမပြောခဲ့ပါဘူးကွာ၊ ငါ သာယာဝတီထောင်မှာ ထောင်ကျနေတုန်းက စိန်မြအောင်ကို ဆုံစည်းခဲ့တာက သူက ထောင်ဝါဒါအဖြစ်နဲ့ပါ"

ဝေလင်း၏ရှင်းပြချက်ကို ကြားလိုက်ရသောရဲကျော်သည် အကြောင်းအရာတစ်ခုကို ပြည့်ပြည့်စုံစုံ မစူးစမ်းမလေ့လာပဲ သူထင်ရာစွတ် ဆုံးဖြတ်ချက်ချလိုက်မိသော သူ့ကိုယ်သူသာ လျှင်အပြစ်တင်လိုက်မိလေတော့သည်။ စင်စစ်အားဖြင့် ရဲကျော်သည် စိန်မြအောင်ကိုသူတို့လိုဒုစရိုက်သမားထင်၍ အလုံးစုံဖွင့်ပြောခဲ့သောကြောင့်ရဲလက်သို့ရောက်ခဲ့ရခြင်းဖြစ်လေသည်။

➳ ဆွေမြင့်

## ဘေးရန် ရှိ/မရှိ

၃၆-ကိုတည်ကိန်းထား၊မိမိအသက်နှင့်နှော၊

၅-ခုစား...။

၁-ကြွင်း အရှေ့အရပ်မှာ ရန်ရှိတယ်။

သွားလာမှုဆင်ခြင်။

၂-ကြွင်း တောင်အရပ်မှာ ရန်ရှိမယ်။

၃-ကြွင်း အနောက်အရပ်မှာ ရန်ရှိမယ်။

၀-ကြွင်း အိမ်တွင်းမှာ အတွင်းရန်ရှိမယ်။




www.burmeseclassic.com

www.burmeseclassic.com



မောင်ညိုမှိုင်း (သန်လျင်)

# ငရဲ နဲ့ နိဗ္ဗာန်

# အမေ နှင့် သား

**လွတ်**ငြိမ်းချမ်းသာခွင့် ဥပဒေထုတ်ပြန်လိုက်ပြီတဲ့။
အင်းစိန်ထောင်ထဲက အကျဉ်းသား နှစ်ကြီးကျရော၊ နှစ်လေးကျရော
ဝမ်းသာလွန်းလို့ ဝေးခနဲ အော်လိုက်ကြတာ အဆောင်တွေမှာ ပဲ့တင်သံလျှံသွားတော့
ထောင်ကျတွေ ပျော်တော့၊ ထောင်မှူးလေး၊ ထောင်မှူးကြီး၊ ထောင်ဝါဒါတွေလည်း
သူတို့အပျော်တွေကိုကြည့်ပြီး ပျော်ခဲ့ရပေါ့။ ဒီအဆောင်က ဘယ်သူတွေ
လွတ်ငြိမ်းချမ်းသာခွင့်နဲ့ စာစီးစွာလွတ်မလဲ။ (နှမ်း) နွားနို့ ဝင်းနိုင်ရော ပါပါ့မလား။
ကြက်နီးတဲ့ ဝင်းသိန်းရော၊ ရိုက်မှုနဲ့ ထောင်ကျနေတဲ့ ကြည်လှိုင်ရော

ထောင်နှင့်လူမိုက်၊
မိခင်နှင့်သားချစ်ခြင်းတို့၏ ပဋိပက္ခလွန်ဆွဲမှု၊
လူမိုက်တို့၏သွားရာလမ်းဆုံးကား...

www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်တွေ လွတ်ငြိမ်းချမ်းသာနဲ့ ပါမယ်နဲ့တူရဲ့၊ ဓားပြမောင်လေးကတော့ ထောင်ကျနှစ်သက် ငါးနှစ်ခန့်ရနေတော့ သူပါမှာပဲဆိုပြီး ပျော်မြူးနေတာပဲ။

ဖဲသမားဝေစိုးတို့လည်းသီချင်းတွေ ဆိုပြီးကလို့။

ဩော် - လွတ်ငြိမ်းချမ်းသာခွင့်။

ရနိုင်ခဲတဲ့အခွင့်အရေး။ ရတော့၊ ကြားတော့ ပျော်ကြတာပေါ့၊ ထောင်ထဲ မှာနေရတဲ့ဒုက္ခ၊ ရဲဘက်စခန်းမှာ အလုပ် ကြမ်းတွေ လုပ်ရတဲ့ဒုက္ခ၊ စိတ်ရောကိုယ် ပါ ပင်ပန်းခဲ့ကြပေါ့။

ထောင်ကျတွေ လွတ်ငြိမ်းချမ်းသာ ခွင့် အခွင့်အရေးနဲ့ လွတ်တဲ့လူ လွတ်မှာ သိကြတော့ ပျော်ကြ၊ ရယ်ကြ၊ ပြောကြ၊

အိမ်ပြန်ရောက်ရင်၊ အပြင်ပြန်ရောက် ရင် မင်း ပထမဦးဆုံး ဘာလုပ်မလဲ၊ မေး ကြတယ်၊ တစ်ယောက် "အဟီး" တဲ့။ တစ်ယောက်က အံကြိတ်တယ်၊

အပြင်ကိုရောက်ရင်တော့လားတဲ့၊ တစ်ယောက်ကတော့ပြောတယ်၊ အပြင် ပြန်ရောက်လည်း ငါ့မိန်းမက နောက် ယောကျ်ားယူသွားပြီဆိုတော့ ပျင်းစရာ ကြီးကွာတဲ့။

ငါ့သားလေးခုလောက်ဆိုကျောင်း နေရောမယ်တဲ့။

ငါ့ကိုမြင်ရင် မှတ်မိပါဦးမလားတဲ့၊ ပြောနေရဲ့၊ တစ်ယောက်က အကြံပေး တယ်၊ အပြင်ရောက်ရင် သစ္စာမရှိတဲ့ မိန်းမ ရှင်းပစ်လိုက်တဲ့၊ လွတ်ငြိမ်းချမ်း သာခွင့်ရဲ့အရသာက ဘာလဲ၊ လွတ်ငြိမ်း ချမ်းသာခွင့်ရဲ့အနှစ်သာရက ဘာလဲ၊

လွတ်ငြိမ်းချမ်းသာခွင့်ရဲ့အကျိုး ကျေးဇူးကို ဘယ်လိုပြန်အသုံးချမှာလဲ၊ ထောင်ကျတွေမှာ အတွေးက အမျိုးမျိုး ရည်ရွယ်ချက်က အမျိုးမျိုး၊ ပြီးတော့ မျှော်လင့်ချက်က အမျိုးမျိုး၊

***

မနေ့တုန်းက ခင်ကြိုင် လွတ်ငြိမ်း ချမ်းသာခွင့်နဲ့ ပြန်လွတ်လာခဲ့တယ်၊ ခင်ကြိုင် လွတ်လာတဲ့သတင်း ရေဒီယို က မကြေညာဘူး၊

သတင်းစာထဲမှာ ခင်ကြိုင် လွတ် ငြိမ်းချမ်းသာခွင့်နဲ့ လွတ်သွားပါပြီလို့ ဘယ်သူမှ မရေးကြဘူး၊

ထောက်လှမ်းရေးက အရာရှိကြီး အနှစ်(၄၀)ထောင်ကျကနေ လွတ်သွား တဲ့သတင်း ပါလာတယ်၊

အရာရှိကြီးကို မှန်လုံကားနဲ့ လာ ...တဲ့သတင်းဓာတ်ပုံကို သတင်းစာမှာ ...ခဲ့ရတယ်၊

နွားနို့ ဝင်းနိုင်သတင်း မပါဘူး၊

ကြက်သူခိုး ဝင်းသိန်းအကြောင်း မပါဘူး၊ ခါးပိုက်နှိုက် ဇော်ဇေအကြောင်း မပါဘူး၊ ဓားပြမောင်စိန်းအကြောင်း မပါ ...ဘူး၊

သူတို့က ဖွတ်ကြားတွေ၊ သတင်း ...မှာ ဖော်ပြရမှာလား၊ ဟိုပုဂ္ဂိုလ်က ...နှစ်လေးဆယ်ကျော် ထောင်ကျခဲ့တဲ့ ...လ်ကြီး၊ အရာရှိကြီး၊ သူ့ဆရာက သူ့ ...ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်တာ၊

အခု - သူ့တပည့်လွှတ်တော့ ညစာ ...ပွဲနဲ့ ကြိုမှာ၊ နိုင်ငံခြားဖြစ် အရက် ...ကောင်းစားကို တိုက်မှာ၊ ပြီး - မင်း ...ယ်သူနဲ့နေချင်လဲ မေးမှာ၊ အလုပ် ...ကိုင်ကိုစွမပူနဲ့၊ ငါတို့ စီစဉ်ပေးမယ်၊ ...၊ - ထောင်က လွတ်တဲ့အရသာများ ...လိုက်တာ၊ မြိန်လိုက်တာ၊ အရသာ ...နေတာပဲ၊ ခင်ကြိုင်ကိုကြိုမည့်သူ ...ဘူး၊

ထောင်ဘူးဝအပြင်မှာ သူ့သူငယ် ...၊ ထောင်ကျထောင်ထွက်ကြိုက်တဲ့ ...နဲ့ မိဘနဲ့ ညီကိုမောင်ဘွားနဲ့ ပွေ့ ...ကြ၊ ငိုကြ၊

ခင်ကြိုင် - ဓားစုတ်မှုနဲ့ ထောင်ကျ ခဲ့တာ၊ ထောင်ထဲမှာ သုံးနှစ်နေခဲ့ပြီးပြီ၊

အခု - လွတ်ငြိမ်းချမ်းသာခွင့် ကြောင့် လွတ်ခဲ့ပြီ၊

နိုင်ငံတော်အစိုးရကို သူ ကျေးဇူး တင်ပါတယ်၊ နှစ်ပြည့်ဆို ငါးနှစ်နေရမှာ လေ၊

ခင်ကြိုင် - သူ့မြို့ကလေးကို ပြန် ရောက်ခဲ့ပြီ၊ သူငယ်ချင်းတွေက အော် ဟစ်ကြိုဆိုကြ၊ အရက်သောက်ပါဦးတဲ့၊ ထမင်းကျွေးချင်လို့ပါတဲ့၊ နောက်နေ့မှ လုပ်ပါကွာ၊ ငါ့မိန်းမနဲ့ တွေ့ချင်လို့ပါ၊

ခင်ကြိုင် - သူ့မိန်းမကို သိပ်ချစ် တယ်၊ သူ ထောင်ကျနေတုန်း လေးခါ လောက် ထောင်ဝင်စာ လာတွေ့တယ်၊

နောက်ပိုင်းမှာ ထောင်ဝင်စာလာ မတွေ့ဘူး၊ လူကြုံနဲ့ ပြောလိုက်တာက သူ့မိန်းမ မသန်းသန်းဧွယ်ကျန်းမာရေး မကောင်းလို့ ဆေးရုံတက်နေရသတဲ့၊

ဘာရောဂါဖြစ်လို့လည်း မေးကြည့် တော့၊ အဆုပ်တီဘီရောဂါတဲ့၊ ထောင် ဝင်စာမလာနိုင်တော့၊ ခုလောက်ဆို တီဘီရောဂါ ပျောက်ရောပေါ့၊ အထည် ချုပ်လုပ်ငန်း ပြန်ဝင်နေရောပေါ့၊ သန်း ဧွယ်က အရမ်းလှတယ်လေ၊

www.burmeseclassic.com

လင်ရှိတဲ့ သန်းဆွယ်ကို လူတစ်ယောက်က နေ့တိုင်းလိုက်ပြီး ချစ်စကားပြောသတဲ့၊ ကျွန်မမှာ လင်ရှိပါတယ်လို့ လည်းပြောလည်းမရ၊ ဖွတ်။

ဒီသတင်းခင်ကြိုင်ကြားသွားတယ်။ ငါ့မိန်းမမှာ ကာမပိုင်ရှိရဲ့သားနဲ့ ဒီကောင် လိုက်ချစ်စကားပြောရလား။ တွေ့မှာပေါ့ကွာ၊ ငါနာမည် ခင်ကြိုင်ကွ။

သန်းဆွယ် အလုပ်ရုံက အပြန်၊ ဒီကောင် ရှုံးစမိုးနဲ့ လိုက်စကားပြောနေတာ။ သန်းဆွယ်က သုတ်သုတ်လျှောက်ရင်း ဒီကောင်က ခြေလှမ်းကျဲနဲ့ လိုက်စကားပြောနေတာ။

"ကဲကွာ - သေကွာ"

"ရှီး"

"ခုတ်"

"အားမလေးဗျ"

"ဟင် - အစ်ကို - ခင်ကြိုင် - ရှပ်ရှင်"

"သေစမ်းကွာ - ခင်ကြိုင်တဲ့ကွ"

"ခုတ်"

"အား - အား"

သူ ခြေဖော့ပြီး အိပ်ခန်းထဲကို ကြည့်လိုက်ရော၊ သူ့မိန်းမ သန်းဆွယ်နဲ့ ယောကျ်ားတစ်ယောက် ဖျာပေါ်မှာ အဝတ်ဗလာကျင်းနဲ့ လူးလွန့်ပွေ့ဖက် တကျာအဆိပ်တက်နေကြတာ အဝင်းမရ။ ခင်ကြိုင် ကြည့်ရင်း သွေးတွေ သုတက်လာတယ်။



"အစ်ကို - မ - မ - လုပ်နဲ့ - မလုပ်နဲ့"

ခင်ကြိုင့် လက်ထဲက ဓားကြီး တောင်ဓား ဒီကောင့် ခေါင်းပေါ်ကျပြီး ဒီကောင် လဲကျသွားတယ်၊ လဲကျတုန်း နောက်ထပ်နှစ်ချက်ဆင့် ခုတ်လိုက်တယ်၊ သွေးတွေ ရဲစနဲ့။

လူအချို့အော်သံ၊ ဒီကောင်ရဲ့အော်သံ၊ သန်းဆွယ်ရဲ့ငိုသံ လူတွေမထွဲရင် ဒီကောင်အသေပဲ၊ ခင်ကြိုင် - ဒီဓားခုတ်မှုနဲ့ ထောင်ငါးနှစ်ကျသွားခဲ့တယ်၊ ငါးနှစ်မကလို့ ဆယ်နှစ်ပဲကျကျ ကျစမ်းပါစေ ငါ့မိန်းမကို စော်ကားရင် စော်ကားတဲ့လူ ငါ့ဓားစာမိမယ်ပေါ့၊ ခြောက် - ထောင်ကျသွားတော့လည်း မယားကိုမျှော်ရ၊ ပူပန်ရ၊ အိပ်မပျော်တဲ့ညတွေ သုံးနှစ်ကျော်ခဲ့ပြီ၊ အခု - လွတ်ငြိမ်းချမ်းသာခွင့်နဲ့ သူ လွတ်ခဲ့ပြီ။

သူ့မိန်းမ သူ့ကို မြန်းခနဲတွေ့ရင် ဖုံသြလိုက်သည့်ဖြစ်ခြင်း၊ "အစ်ကို" ဆိုပြီး ပြေးဖက် နမ်းရှပ်ကြည်နူးလိုက်။

* * *

အင်း - ထောင်ကထွက်တဲ့နေ့ကတော့ ပျော်စရာကောင်းလိုက်မည့်နေ့များ။ ခင်ကြိုင် - ခြံထဲကို ဝင်လိုက်တယ်။

ခြံတံခါးသော့ခတ်မထားဘူး။ ခက်တဲ့မိန်းမပဲ၊ သူ အိမ်ရှေ့တံခါးခေါက်မလို လုပ်ရင်းက မခေါက်ပဲ အသာလေးတွန်းကြည့်တယ်၊ အထဲက ချက်ထိုးထားတာကိုး။ အိမ်နောက်ဖေးမှာ ချက်ပြုတ်နေတယ်နဲ့တူရဲ့၊ သူမ အံ့သြသွားအောင် ဘွားခနဲကိုယ်ထင်ပြလိုက်မယ်၊ ခင်ကြိုင် နောက်ဖေးကို ခြေဖော့ဝင်ခဲ့တယ်။

နောက်ဖေးတံခါး ဟ,လို့ပါလား။

သန်းဆွယ်နေမကောင်းလို့အိပ်ရာထဲလဲနေရော့လား။ သူ နောက်ဖေးတံခါးကိုအသာဟ,ပြီး အထဲကို ဝင်လိုက်ရော၊

"အဟင့် - ဟင့် - အို - မောင်မောင်ရယ်"

"ဟင် - ဒါ - ဒါ - သန်းဆွယ်အသံပါလား"

"အို - မောင် - မောင် - အင်း - အင်းဟင်း"

ဘုရားရေ - ယောကျ်ားတစ်ယောက်ရဲ့အသံလည်းကြားရ၊ သူ့မိန်းမ သန်းဆွယ်ရဲ့ငှက်ဖျားတက်နေတဲ့ရာဂသံလည်းကြားရ။

သူခြေဖော့ပြီးအိပ်ခန်းထဲကိုကြည့်လိုက်ရော၊ သူ့မိန်းမ သန်းဆွယ်နဲ့ ယောကျ်ားတစ်ယောက် ဖျာပေါ်မှာ

www.burmeseclassic.com

အဝတ်ဗလာကျင်းနဲ့ လူးလွန့်ပွေ့ဖက် တဏှာအဆိပ်တက်နေကြတာ အငမ်းမရ၊ ခင်ကြိုင် ကြည့်ရင်း သွေးတွေ ဆူတက်လာတယ်။

လက်နှစ်ဖက် တုန်နေတယ်၊ သွားကြိတ်လိုက်တယ်၊ သည့်နောက် နောက်ဖေးဘက်မှာ ရှာကြည့်တော့ ထင်းခွဲတဲ့ဓားမကြီးကို သွားတွေ့တယ်၊ ဝမ်းသာလိုက်တာ။ ခင်ကြိုင် ထင်းခွဲဓားမကြီးကို ကိုင်ဆုပ်ပြီး ရာဂဝန်းဖမ်း၊ တဏှာဇာတ်ကြမ်းနေတဲ့ သူ့မိန်းမစုတ်ရှိရာကို ဖြည်းဖြည်းချင်း ဝင်ခဲ့လိုက်တယ်။

လူစိမ်းက အပေါ်က၊ သူ့မိန်းမ သန်းဆွေယ်က အောက်က။

ခင်ကြိုင် ဓားမကို စုကိုင်မြှောက်ပြီး ကြာကူလီကောင်ရဲ့ခေါင်းကို နောက်ကနေ ခုတ်ချလိုက်တယ်။

"ခွမ်း"

"အား"

"ဂုန်း - ဂုန်း"

"ဟင် - အစ် - ကိုခင်ကြိုင်"

"မျောက်မ - နင်လည်း ဒီကောင်နောက် လိုက်သွားတော့ - ကဲဟာ"

"ခွမ်း"

"အမလေးတော့"

"သေဟာ - သေဟာ - မျောက်မ သေဟာ"

လက်ထဲမှာ ဓားမက သန်းဆွေယ်ခေါင်းကို ထက်ခြမ်းကွဲပြီး ဦးနှောက်တွေ သွေးတွေ ထရံကို စဉ်ထွက်ကုန်တယ်။ ခင်ကြိုင် - သူ့မယားကို အားရအောင် ခုတ်သတ်ပြီးနောက် ခေါင်းကွဲပြီး လူးလွန့်အော်ဟစ်နေတဲ့ ကြာကူလီကောင်ရဲ့ကျောကုန်းကို ဓားမနဲ့ အားကုန်ချလိုက်တယ်။

ဒီနေ့ပဲ ခင်ကြိုင် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်က လွတ်ခဲ့ပါတယ်၊ ဒီညနေမှာပဲ ထောင်ချုပ်ကို ပြန်ရောက်ခဲ့ရတယ်။

အမှုက နောက်မီးလင်းနေတဲ့ သူ့မိန်းမနဲ့သူမရဲ့လင်ငယ်ကြာကူလီကောင်ကိုသတ်တဲ့လူသတ်မှု၊ တရားခံခင်ကြိုင်က သူ့ဆရာ ထောင်မှူးကြီးကို ပြောသတဲ့၊

"ဒီတစ်ခါထောင်ထဲဝင်ရတာ ပျော်တယ် - ဆရာ"

"ဟေ - မင်း - လူသတ်မှုလေး သေဒဏ်လေး အဲဒါပျော်စရာလား - ခင်ကြိုင်ဟင်၊ မိုက်လိုက်တဲ့ကောင်ကွယ်"

"ဒီမိန်းမကို လိုက်ရည်းစားစကားပြောလို့ အဲဒီကောင်ကို ဓားနဲ့ခုတ်ပြီး ပထမအကြိမ် ထောင်ငါးနှစ်ကျခဲ့တယ်၊ အခု ချစ်ရတဲ့မိန်းမနဲ့ သူ့လင် ကြာကူလီကောင်ကို ကျွန်တော် ဓားမနဲ့ ခုတ်သတ်ခဲ့တယ်၊ ဒီမှာ ဆရာ"

"ပြော - ခင်ကြိုင် - ဘာဖြစ်လဲ ပြော"

"ကျွန်တော့်မိန်းမနဲ့ ကြာကူလီ မျောက်ဇာတ်ခင်းနေတဲ့ကောင်က ဘယ်သူလဲ - သိလား"

"ဘယ်သူမို့လို့တုံး - ခင်ကြိုင်"

"ကျွန်တော့်မိန်းမကို လင်ရှိမှန်းသိရက်နဲ့ နေ့စဉ် ရည်းစားစကား လိုက်ပြောလို့ ကျွန်တော် ပထမအကြိမ် ဓုတ်ကြီးတောင်ဓားနဲ့ ခုတ်ခဲ့တဲ့ကောင်ပဲ ဆရာ"

"ဟေ"

တဏှာရှိရာသို့ သွားသောလမ်းအစကား သနားခြင်းက စခဲ့လိုက်တာပါလား၊ ခင်ကြိုင်ပထမအကြိမ်ဓားခုတ်မှုနဲ့ ထောင်ငါးနှစ်ကျသွားတယ်၊ ထောင်ကျနေတုန်းမှာ ဓားခုတ်ခံရတဲ့ ကိုကျော်တင်ညွန့်နဲ့ ပြန်တွေ့သွားကြတာ၊ တွေ့ရာကနေ သနားသွားပြီး နောက်ပိုင်းမှာ မြင်ပါများ နှုတ်ဆက်ပါများရင် ပြီသွားကြတာ၊ သံယောဇဉ်နဲ့လား၊ တဏှာရာဂနဲ့လား။ စုတော့ - သူတို့အားလုံး ဇာတ်သိမ်းမလှပခဲ့ကြတော့၊ အင်း - ဒါကြောင်း မင်းပျော်သတဲ့လား - ခင်ကြိုင်ရယ်။

★★★

"အမေ"

"ဟဲ့ - နင် - နင် - ဘယ်သူတုံး"

"ရာကျော် လေ - အမေ့ သား ရာကျော်လေဗျာ - ဟား - ဟား - ဟား ဟား"

"ရာ - ကျော် - ရာကျော် - နင်နင်"

"ကျွန်တော် နိုင်ငံတော်အစိုးရရဲ့ လွတ်ငြိမ်းသာခွင့်နဲ့ ပြန်လွတ်လာတာလေ၊ ဒီနေ့ပဲ လွတ်လာတာ - အမေရ"

"ဟင်"

"အမေ - အမေ့ကို သတိရလိုက်တာဗျာ"

ရာကျော် - သူ့အမေ ဖွားကောက်ညွှန်းကို အားရပါးရ ပွေ့ဖက်ပြီး ဆွဲမွှေ့လိုက်တယ်၊ ရာကျော် ပျော်လိုက်တာ။

သား ရာကျော် အရမ်းပျော်နေပေမယ့် အမေ ဖွားကောက်ညွှန်း မပျော်နိုင်





www.burmeseclassic.com

www.burmeseclassic.com

ရှာဘူးဗျာ။ ဘာလို့လည်းဆိုတော့ သူ့သား ရာကျော်က လူကောင်းတစ်ယောက် မဟုတ်ဘူး။ လူဆိုးလူသွမ်း၊ ပြီးတော့ မုဒိမ်းကောင်။

အဖမဲ့သားတစ်ယောက်အနေနဲ့သူ ဆင်းရဲဖြိုဖြင်စွာ ကြီးပြင်းခဲ့ရတယ်။ ဒေါ်ကောက်ညှင်းမုဆိုးမဘဝနဲ့အကြော် ရောင်းပြီး သား ရာကျော်ကို မူလတန်း ကျောင်းထားပေးခဲ့တယ်။

သူ စာတော်တယ်။ သူ့အဖေလိုပဲ ဉာဏ်ကောင်းတယ်။ စာတော်တဲ့သားမို့ မုဆိုးမအကြော်သည် ဝုဏ်ယူခဲ့ရရဲ့။

သို့သော် ပဥ္စမတန်းရောက်ချိန်က စပြီးသူ ကျောင်းပြေးတယ်။ ဆိုးတတ်လာတယ်၊ နိုက်တတ်လာတယ်။ သူ့အပေါင်းအသင်းတွေက ကလေးသူခိုးတွေ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရာကျော် အချုပ်ထဲ ရောက် ခဲ့တယ်။

အရွယ်ရောက်တော့ အရက်သောက်တတ်ပြီ၊ ဖဲရိုက်တတ်ပြီ၊ ရန်ဖြစ်တတ်ပြီ၊ ရိုက်ရဲ၊ လုရဲပြီ၊ ဆုံးမလို့မရတော့။ သူ့မှာ ဆရာတွေ ရှိနေပြီလေ။

(စာသင်ကျောင်းကစာသင်တဲ့ဆရာတွေ မဟုတ်ဘူး။ ခိုးနည်း၊ နိုက်နည်း၊ လုနည်း၊ ရိုက်နည်း၊ ပြေးနည်း စတဲ့ ဒုစရိုက်အလုပ်တွေ သင်ပေးနေတဲ့ ဒုစရိုက်သားတွေ။

ရာကျော်ရဲ့အပေါင်းအသင်းတွေက ထောင်ထွက်တွေ၊ ရာကျော်က သိုင်းဇန်တိုလည်း တတ်တယ်၊ လှလုံးလှဖန်ကလည်းတောင့်တင်းသန်မာတယ်။ ရုပ်ရည်ကလည်း ခံ့တော့ သူ့ဆရာတွေက သူ့ကိုမကောင်းမှုမှန်သမျှသင်ကြားပေးပြီး နိုင်းစားခဲ့တာပေါ့။

သူ အသက်(၂၃)နှစ်မှာ ဖောက်ထွင်းမှုနဲ့ ထောင်ကျခဲ့တယ်။ ထောင်ကလွတ်တော့ ဓဲဝိုင်းမှာ ဓားထိုးမှုဖြစ်ပြီးပြန်ထောင်ကျခဲ့တယ်။ ထောင်ကလွတ်ပြန်တော့ ကောင်းကောင်းမနေဘူး။

သူကြိုက်တဲ့မိန်းကလေးက သူ့ကို ပြန်မကြိုက်ရကောင်းလားဆိုပြီး ကောင်မလေးမျက်နှာကို သင်တုန်းဓားနဲ့လှီးပစ်ခဲ့တယ်။ ထောင်ပြန်ကျတယ်။

မကြာဘူး၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အကြံ့ဝင်ပြီးထောင်ကလွတ်လာတယ်။ သူထောင်ကလွတ်လာရင်အမေလုပ်သူ ခမျာ ရင်တမမ၊ ဘယ်နေ့ ဘာဖြစ်မလဲ သူ့ကိုသတ်တဲ့လူ နိုင်တဲ့လူပေါ်လာပြီး ရက်ရက်စက်စက် သတ်ပစ်လေမလား။



www.burmeseclassic.com

အမေဆိုတော့ နေ့နေ့ညည ပူခဲ့ရ ယ်။ သူ့ကို ကောင်းကောင်းမွန်မွန် နေထိုင်ဖို့ ဆုံးမရင် အမေ့ကို ပြန်အော် သးတယ်။ တစ်ခါတစ်ခါ စဉ်းစားသတဲ့။ ကျော်၊ ထောင်ထဲမှာပဲ ရှိနေပါစေ။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လည်း မလွတ် ပါစေနဲ့။

မေတ္တာမဲ့လို့ ပြောတာမဟုတ်ဘူး။ စ်လို့ပြောတာ။ သူ့သေမှာစိုးလို့ပြော တာ။ သူ့ကို သတ်ချင်တဲ့လူ များနေတာ ြာနေရတယ်။ ဒီနေ့ - ထောင်ကလွတ် ကိဖြန် ပြန်ဝင်တဲ့ကောင်။

ရဲအဖွဲ့က မကြာခဏဒီအဖွားကြီးကို ခေါ်မေးကြတယ်။ ကြောက်လိုက်တာ။ ကာ - ကြည့်စမ်း။ အမှုထမ်းတစ်ဦးကို ားနဲ့ထိုးသတဲ့။

ဓားနဲ့ထိုးတာ ပွဲချင်းပြီးရော။ သူ့ကို ကိစ်ပ်တိုက်ရှာကြတာ။ ရာကျော်ထွက် ပြေးတယ်။ အမေလုပ်သူကို ခေါ်မေး ယ်၊ ဘုရား - ဘုရား - လူသတ်မှုတဲ့။

ဒီကောင် လူသတ်သမား ဘယ်နေ မှာရှိလဲတဲ့။

"ကျွန်မ မသိဘူး"

"ရာကျော် - ညဘက် အိမ်ပြန်လာ လား - အမေကြီး"

"မလာပါဘူး"

"သူ့အမျိုးတွေ အိမ်ရော သွားရှောင် နေလား"

"ကျွန်မ မသိဘူး"

"သူ - လူသတ်သွားတယ်"

"ကြားပါတယ်"

"သူ ရောက်လာရင် ရဲစခန်းကို လာ ပြောပါ - အမေကြီး"

"ဆရာ"

"ဟုတ်ကဲ့ - ပြောပါ - အမေကြီး"

"ဖြစ်နိုင်ရင် - ဖြစ်နိုင်ရင်"

"ဘာဖြစ်တုံး - အမေကြီး"

"သူ - သူ့ကို - ထောင်ကနေ - မ မလွှတ်ပါနဲ့ရှင် - ဟဲ့၊"

"အေးဗျာ - အေးဗျာ"

ရဲမှူးကြီး စိတ်ညစ်သွားခဲ့တယ်။ ဘယ်လိုပြောရမှန်းမသိတော့၊ သူတို့က ရာဇဝတ်သားတွေကို ဖမ်း၊ တရားစွဲ၊ တရားရုံးက ထိုက်သင့်တဲ့ပြစ်ဒဏ်ကို စီရင်ချက်ချ။

ထောင် ထဲ ကို ဖြစ်မှုကျူးလွန် ရောက်သွား။

တစ်မှုတော့ အောင်မြင်စွာ ပြီး မြောက်သွားပြီလို့ "ဟင်း" ချတုန်းရှိသေး။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှုကျူးလွန် ထောင်ကျတရားခံက ဖြစ်မှုကြေးကိုရွေးနဲ့ကျေအောင်မဆပ်ရသေးခင်မှာပဲလွတ်ငြိမ်းချမ်းသာခွင့်ပြုလို့ လျော့နှစ်တွေ အများကြီးနဲ့ ပြန်လွတ်လာကြ၊ အချို့က ကောင်းမွန်စွာ ပြန်နေထိုင်ကြရဲ့။

အချို့ထောင်ထွက်တွေက အပြင်ရောက်ရင် ရာဇဝတ်မှုတွေပြန်ကျူးလွန်ကြ၊ အဲဒါ - လိုက်ဖမ်းရ၊ တရားစွဲရ၊

ကိုယ်က ဖမ်းပို့၊ တရားစွဲ၊ ထောင်ကျ၊ ပေါ - တော်နေကြာ - လွတ်ငြိမ်းချမ်းသာခွင့်နဲ့ အချိန်မတန်ခင် ပြန်လွတ်လာကြ၊ ရဲတွေလည်း ရင်တမမ၊ မြို့က လူတွေလည်း စိုးတထိတ်ထိတ်။

အခု - အမေကြီး ဒေါ်ကောက်ညှင်းကသူ့သားလူဆိုးကိုထောင်ထဲကမလွတ်ပါနဲ့တဲ့၊ မုန်းလို့မဟုတ်ဘူး။

သူ့သားလွတ်လာရင် အခြားလူသေမှာစိုးလို့၊ ရာကျော်နောက်ကိုရဲတပ်ဖွဲ့က ပိုက်စိပ်တိုက်လိုက်နေကြတာ၊ သူကလည်းအပုန်းအရှောင်ကောင်းတယ်၊

ပုန်းရှောင်နေတဲ့ကြားက လုယက်မှုကျူးလွန်သွားသတဲ့၊ ပြီးတော့ - မုဒိမ်းမှုတစ်ခု ကျူးလွန်သွားသတဲ့၊

အမေ့သားပါလို့ ဘယ်လိုပြောရ
လဲ၊ ရုက်လွန်းလို့ ခေါင်းမဖော်ရဲတော့

တစ်ခါတုန်းက သူ လွတ်ငြိမ်းချ
သာနဲ့လွတ်ခဲ့ဖူးတယ်၊ လွတ်လာတာမြ
တော့ သူနှိပ်စက်ခဲ့တဲ့ တရားလိုမိသား
တွေစားမဝင်အိပ်မပျော်ကြ၊ ရာကျော်က
အိမ်ရှေ့ကနေ ဆဲရေးတိုင်းထွာနေတာ
ဓားကြိမ်းကြိမ်းနေတာ၊

ရာကျော်နဲ့ စကားများဖူးတဲ့လူ၊

ရာကျော်ကို ထောင်ကျစေတဲ့ အ
တရားလို၊ ရာကျော်လွတ်လာရင် ရပ
ကွက်ထဲမနေတော့ဘူး၊ အိမ်နဲ့ခြံရောင်
ပြောင်းသွားကြရော၊

အမှန်က လူမိုက်ရာကျော်ကို
ကြောက်လို့မဟုတ်ဘူး၊ တန်ဖိုးမရှိတ
လူမိုက်နဲ့ ယှဉ်မဖြစ်ချင်ကြလို့၊

ကြောက်လို့မဟုတ်ဘူး၊ လူတိုင်
ခုတ်ရဲ၊ သတ်ရဲတာပဲ၊ သို့သော် အမှုတ
ရဖြစ်ရင် ငွေကုန်တယ်၊ အချိန်ကုန်တယ်
စီးပွားပျက်၊ ဘဝပျက်တယ်၊

ရာကျော်နဲ့ ယှဉ်မဖြစ်ချင်တော့
သည်းခံကြရတယ်၊ ဒီလိုသည်းခံလေ
ရာကျော်က သူ့ကို ကြောက်လို့လို့ ထင
မှတ်ပြီး ပိုဆိုး။

အမေကြီးဒေါ်ကောက်ညှင်းဘုရားရှိခိုးရင်း ဆုတောင်းတယ်၊ ဘဝဆက်တိုင်း ဒီလိုသားဆိုးသားမိုက်နဲ့ မတွေ့ပါရစေနဲ့၊

ခုနစ်နေ့သားသမီးတွေ အန္တရာယ်ကင်းကြပါစေ၊ ကျန်းမာချမ်းသာကြပါစေ၊ သူ့ဆုတောင်းထဲမှာ သူ့သားရာကျော်လည်းကျန်းမာချမ်းသာနေတာ မသိလေရော့လား။

* * *

တစ်မနက်၊

ရဲတပ်ဖွဲ့ဝင်တွေ ဖွားဒေါ်ကောက်ညှင်းကို လာခေါ်သွားကြတယ်၊ ဧကာလေးပါတဲ့၊ သူတို့ကားနဲ့ ဆေးရုံကို ခေါ်သွားကြတယ်၊

ဆေးရုံခုတင်ပေါ်က လူနာတစ်ဦးကိုပြတယ်၊ လူနာက ခြေနဲ့လက်ကို ခြေထိတ်လက်ထိတ်ခတ်ပြီး ခုတင်သံတိုင်နဲ့ ချည်ထားတာ၊

ဦးခေါင်းမှာလည်း ပတ်တီးတွေ နှေးနေတယ်၊

ခြေနဲ့ လက်မှာလည်း သွေးစိုရွှဲနေတဲ့ ပတ်တီးတွေပြည့်လို့ လူနာက သတိရစပြုနေပြီ၊

"အမေကြီး - ဒီလူနာကို ကြည့်ပါခင်ဗျ"

ကြည့်တယ်၊ လူနာက မျက်လုံးလေးဖွင့်ကြည့်လို့၊

"သူ့ကို သိလား"

"ဟင့်အင်း - မသိဘူး၊ သူက ဘယ်သူလဲ"

"လူနာက အမေကြီးကိုတွေ့ချင်လို့တဲ့"

"ဟင် - သူ - သူ - ဘယ်သူမို့တုံး ဆရာကြီးရယ်"

"ဒီလူနာက အမေကြီးသား ရာကျော်ပါ"

"ဟင် - ရာ - ကျော် - သား - သားအမလေး - ဖြစ်ရလေ - သားရဲ့ - ဟီး"

မိခင်မေတ္တာပါ၊

ပါးစပ်က သားဆိုးသားမိုက်ကို မုန်းတယ်လို့ ပြောနေသည့်တိုင် အရေးကျရင် ဖုံးလို့မရတဲ့မျက်ရည်၊

"သေသေချာချာကြည့်ပါဦး၊ ရာကျော် ဟုတ်ရဲ့လား"

အမေကောက်ညှင်းက လက်ကို ဆုပ်ကိုင်တယ်၊ မျက်ရည်စို့နေတဲ့မျက်လုံးနဲ့ အနီးကပ်ကြည့်တယ်၊ ခုတင်ပေါ်က လူမမာက မျက်လုံးအိမ်က မျက်ရည်တွေ စီးကျလို့၊

www.burmeseclassic.com

"မင်း - မင်း - ရာကျော်လား ဟင်"

"အင်း"

"အို - သားရယ်"

"ရာကျော် - သေရှာရဲ့လား - အမေကြီး"

"ဒါ - ဒါ"

အမေကောက်က လူမမာရဲ့အင်္ကျီကို လှန်ကြည့်တယ်။ ညာဘက်ရင်ဘတ်မှာ နို့သီးအမြွာပူးကို တွေ့သွားတယ်။

"ဟုတ် - ဟုတ်တယ်။ ဒါ - ဒါကျွန်မသား ရာတော့ပါ"

ဒီယောကျ်ား နို့သီးနှစ်လုံးပြူး (အပွား)က သူ့သားရဲ့မွေးရာပါ။ အမှတ်အသားလေ။ သားစကားမပြောနိုင်ရှာဘူး။ ရဲအုပ်လုပ်သူက ရှင်းပြတယ်။

"ရာကျော် - ဌာနဆိုင်ရာအရာရှိတစ်ဦးကို ဓားနဲ့ခြိမ်းခြောက်ပြီး ပစ္စည်းလုတယ် - အမေကြီး။ အရာရှိက ပြန်ခုခံတော့ ဓားနဲ့ အသေထိုးသတ်ပြီး ဆွဲကြိုးလက်စွပ်နဲ့ ငွေဆယ်သိန်းကို ယူပြေးတယ်၊ ဖမ်းပြေးရင်းနဲ့ ငွေကုန်တော့ လုယက်မှုကျူးလွန်ပြန်တယ်။ ပြီးတော့ - အိမ်ပျော်နေတဲ့ လင်ရှိမယားကို မုဒိမ်းမှုကျူးလွန်ပြီး ထွက်ပြေးသွားတယ်။ သူ့ကိုတွေ့တာက ဘယ်သူတွေ သူ့ကို ဓားနဲ့ ခုတ်သတ်ခဲ့လဲ မသိသေးဘူး။ အဝေးပြေးလမ်းမှာ ဓားဒဏ်ရာတွေနဲ့ သတိမေ့နေတယ်၊ အဝေးပြေးရဲက သူ့ကိုတွေ့ပြီး မေးမြန်းတော့ ဝရမ်းပြေးရာကျော်မှန်းသိလို့ ကျွန်တော်တို့ မြို့နယ်ရဲတပ်ဖွဲ့ကို အကြောင်းကြားလို့ ပြန်ခေါ်လာတာပါ။ သူကလည်း အမေကြီးကိုတွေ့ချင်နေလို့ ပေးတွေ့ပေးတာပါ။ အမေကြီး - သိပ်ဝမ်းမနည်းပါနဲ့နော်၊ အမေကြီးသားအကြောင်းလည်း အမေကြီးအသိပါနော်"

"သူ - သူ - မသေနိုင်ဘူး။ အသက်ပြင်းတဲ့လူမိုက် - ဟီး"

ရာကျော်ဒဏ်ရာတွေပျောက်တော့ သူ့ကို စစ်မေးပြီး ရုံးတင်တရားစွဲရတော့တယ်။

လူသတ်မှု

လုယက်မှု

မုဒိမ်းမှု

အမှန်က သူ့ကိုလူနှစ်ယောက် ဓားနဲ့ အသေပိုင်းခုတ်ကြတာ၊ ဦးခေါင်း၊ ပါး၊ နားရွက်၊ ပေါင်၊ ခြေသလုံး၊ ကျောကုန်း၊ ဝမ်းဗိုက်၊ ဓားဒဏ်ရာ ဆယ့်ငါးချက်။ ရာကျော် မသေဘူး။

အချိုက ရာကျော် "ပြီး" နေလို့တဲ့။

အဝေးပြေးလမ်းက ရဲအဖွဲ့ဝင်တွေသာ မတွေ့ရင် ဒီကောင် သွေးလွန်ပြီးသေသွားတာပေါ့ဗျာ။

မြို့နယ်တရားရုံး နစ်မြို့နယ်ရုံးက သက်သေအစုံအလင်စစ်ဆေးပြီးနောက်ပိုင်း သူ့ကို အမှုသုံးမှုအတွက် စုစုပေါင်း ထောင်ဒဏ်အနှစ် သုံးဆယ် ပြစ်ဒဏ်စီရင်လိုက်တယ်။

စီရင်ချက်ချတဲ့နေ့က အမေကောက်ညှင်း မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရတယ်။ ရာကျော်ကတော့ မျက်နှာတစ်ချက် မပျက်ဘူး။ လုပ်ရဲရင် ခံရတယ်ဆိုတဲ့မာန်မာနကို ပြနေတုန်းပဲ။

သူ့ကို ထောင်ပြန်ပို့လိုက်တယ်။

အမေကောက်က ရဲအရာရှိကို စကားပြောချင်နေမှန်းသိလို့ ရဲအရာရှိက အမေကောက်ကို မေးတယ်။

"အမေကောက် - ဘာပြောချင်လို့လဲ - ပြောလေ"

"ဟို - ဟို - ဆရာကြီးရယ် - ဟိုလေ"

"ပြောလေ - ရာကျော်ကိုပြောစရာရှိလို့လား"

ဒီလူမိုက် ဒီနေ့ထောင်က ထွက်လာရင် ဒီနေ့မြို့ထဲက လူတစ်ယောက်ယောက်တော့ သေရင်သေ၊ မသေရင်ကျိုးကာန်းဒုက္ခိတဖြစ်။ ဒါမှမဟုတ် နှုတ်နဲ့အောင်ကြောက်နေရမှာတဲ့။ အဲဒီလိုကြောက်ရ လန့်ရ၊ ပြေးရ၊ သေရတဲ့အဖြစ်တွေ အဖြစ်မဲ့သူတွေ မခံစားစေချင်လို့တဲ့။ သူ့ကြောင့် သားသမီးမကောင်း၊ မိဘမကောင်းဖြစ်နေရတာလဲ ရှက်လွန်းလို့ပါတဲ့။





www.burmeseclassic.com

www.burmeseclassic.com

"မ - မဟုတ်ပါဘူး - ဆရာကြီးရယ်။ သူ - သူ့ - ကိုလေ - ဟို - ဟို - လွတ်ငြိမ်းချမ်းသာခွင့်နဲ့ - ပြန် - ပြန် - မလွှတ်ပါနဲ့နော်"

"ဗျာ"

ဒီစကားကိုပြောပြီး အမေကောက် တရားရုံးထဲကနေ ခပ်သုတ်သုတ် ထွက်သွားသတဲ့။

ဘယ်အမေပဲဖြစ်ဖြစ်၊ ကိုယ့်သားကိုထောင်ကနေမြန်မြန်လွတ်စေချင်ကြတာပါပဲ။

သို့သော် ဒီအမေတွေထဲမှာ ဒေါ်ကောက်ညွှင်းမပါဘူးတဲ့။ သူ့သားက ဘုရားရှင်တော်တရားပြရင် ကျွတ်ချင်မှကျွတ်မယ့်ကောင်တဲ့။

သူ့သားက ဒီနေ့လွတ်၊ ဒီနေ့ပြစ်မှုပြန်ကျူးလွန်တဲ့ လူဆိုးလူသွမ်းလူမိုက်၊ ရာဇဝင်လူဆိုးတဲ့။

ဒီလူမိုက်ဒီနေ့ထောင်ကထွက်လာရင် ဒီနေ့ မြို့ထဲက လူတစ်ယောက်ယောက်တော့ သေရင်သေ၊ မသေရင် ကျိုးကန်း၊ ဒုက္ခိတဖြစ်။ ဒါမှမဟုတ် ဒူးတုန်အောင်ကြောက်နေရမှာတဲ့။ အဲဒီလို ကြောက်ရ၊ လန့်ရ၊ ပြေးရ၊ သေရတဲ့ အဖြစ်တွေအပြစ်မဲ့သူတွေမခံစားစေချင်လို့တဲ့၊ သူ့ကြောင့် သားသမီး မကောင်းမိဘခေါင်းဖြစ်နေရတာလဲ၊ ရှက်လွန်းလို့ပါတဲ့။

အမေကောက် တရားရိပ်မှာ အေးအေးလူလူ ခိုနားချင်လို့ပါတဲ့။ သူ့သားအပြစ်ဒဏ်ဓလေ့အောင် ခံစားပါစေတဲ့။ ခွေးမြီးကောက်တွေကို ကျည်တောက်မစွပ်ကြပါနဲ့တဲ့။

အမေကောက် တရားရိပ်သာမှာ အေးအေးလူလူ တရားစခန်းဝင်နေပါပြီတဲ့။ အမေကောက် အဝိဇ္ဇာတွေကို မွေ့ဖယ်ထုတ်နေတယ်။

သမုဒယသံယောဇဉ်မီးတွေကိုမေ့ အသိနဲ့ငြိမ်းသတ်နေတယ်။ သူ့အာရုံထဲမှာ လင်သားမရှိ၊ အချစ်ဆုံးသားလည်းမရှိ၊ အမုန်းဆုံးသားလည်းမရှိ၊ တပ်မက်မှုတဏှာမရှိ၊ စွဲလမ်းမှုသမုဒယမရှိ၊ ငါလည်းမရှိ၊ သူလည်းမရှိ၊ အတ္တမရှိ၊ အားလုံးအနတ္တ၊ မှတ်တယ်၊ မှတ်တယ်။

ဖြစ်တယ် ပျက်တယ်၊ ဖြစ်ပျက်၊ ဖြစ်ပျက်။ ဖြစ်၊ ပျက်ကိုရှုရင်း နှလုံးအိမ် ငြိမ်းချမ်းလာတယ်။

ငါသေရင် ပါသွားမည့် မိတ်ဖက်က ဝိပဿနာပါလား။ ငါ အသစ်တစ်ဖန်မဖြစ်ပါရစေနဲ့၊ ငါ ချုပ်ငြိမ်းပါစေ။

အမေကောက် မွေ့နဲ့ ရှုမှတ်အေးငြိမ်းနေချိန် အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ နိဗ္ဗာန်ခရီးသွားနေချိန်။

ဟိုး - ရဲဘက်ကျောက်ထုတ်စခန်းမှာ သူ့သားရာကျော် အသေဆိုးနဲ့ သေသွားတာ မသိခဲ့ဘူး။ ရာကျော် ကျောက်ထုတ်စခန်းမှာ အခြားရဲဘက်တွေနဲ့ စကားများတယ်၊ ရာကျော်နဲ့ စကားများတဲ့လူက လူသုံးယောက်သတ်လာတဲ့ လူမိုက်၊ လူမိုက်နာမည်က သုံးလုံးရှိနိုင်ကြီးတဲ့။

မိုက်ကန်းကန်း ဆောင့်ကြွားကြွားလုပ်ချင်တဲ့ ရာကျော်ကို ပေါက်တူးနဲ့ ထုသတ်လိုက်တာ။

ရာကျော် ဦးခေါင်းညက်ညက်ကြေသွားတယ်။ လူဆိုးလူမိုက်ရာကျော် လွတ်ငြိမ်းချမ်းသာခွင့်ကို မျှော်လင့်နေစရာမလိုတော့ပါဘူး။ သူ့ထောင်ကျဘဝက လွတ်မြောက်သွားပါပြီ။ သူ ငရဲကိုပြေးသွားလို့ရခဲ့ပါပြီ။

ရာကျော် အသေဆိုးနဲ့ အသက်ခံရတဲ့အကြောင်း အမေကောက်ကို ဘယ်သူမှ မပြောပြခဲ့ကြပါဘူး။

အဲဒီလို မပြောကြတာကိုက အမေကောက်ရဲ့နိဗ္ဗာန်စခန်းသွားရာလမ်းမှာ ရေကြည်အေးအား တစ်ခွက်တိုက်ကြတဲ့ကုသိုလ်ပါပဲ။

➽ မောင်ညိုမြွှင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ တွေ့လိုက်ရသော
ငွေထုပ်ပုံကြီးကိုမြင်ကာ
စိတ်ပြောင်းလဲပြီး ခိုးဝှက်ထားရာမှ
နောင်တစ်ချိန်တွင်
နောင်တရကာ ..

ဦးစိုးကောင်းကျော်သည်အငြိမ်းစားယူခါနီးမှတီးကွက်ဆန်းများနှင့် ကြုံနေရသည်။ ရွှေငွေကုဋေကုမ္ပဏီ၏ ဘဏ်အပ်နှံမည့် ငွေသိန်း(၁၂၅၀)ကျပ်မှာ အစရှာမရအောင်ပျောက်သွားခြင်း ဖြစ်သည်။ ငွေကိုင်ကိုမင်းသူမှာ ယောကျ်ားတန်မဲ့ ငိုပွဲဆင်နေရသည်။ မန်နေဂျာ ဦးညီလတ်မှာလည်းနှလုံးရောဂါအခံရှိသူမို့နာနတ်နေရသည်။ ရုံးခန်းတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်နှင့် စည်ကားနေသော်လည်း နှလုံးမသာမယာ ရှိကြသည်။

"ဖြစ်စဉ်ကို နောက်တစ်ကြိမ် ပြန်ပြောပြပါဦး"

အမှုကိုင်ရဲအရာရှိကဒုတိယအကြိမ်တောင်းဆိုသည်၊ ကိုမင်းသူကဖြစ်စဉ်ကိုနောက်တစ်ကြိမ် ထပ်မံရှင်းပြရသည်။

ကျွန်တော်တို့ ကုမ္ပဏီနဲ့ လက်အောက်ခံ ဆိုင်ခွဲ (၁၊၂၊(၃)ကနေလယ် (၁၂)နာရီတစ်ကြိမ်၊ (၂)နာရီ တစ်ကြိမ် ငွေသွင်းရတယ်။ ဒုတိယအကြိမ်ကဘဏ်ပိတ်ချိန်နဲ့ ညှိပြီး ငွေကို အပ်နှံရလို့ အချိန်အတိအကျ လုပ်နေတယ်။ ငွေပမာဏ ဆယ်သိန်းအောက် ဆိုလို့ရှိရင်နောက်နေ့မှာ အပ်လို့ရတယ်။ စာရင်းတော့ အမှန်အကန် ဖြစ်ရမယ်။ ဒီနေ့နေ့လယ်က သိန်းရှစ်ရာနှစ်ဆယ်ကိုစာရင်းပြုစုအပ်နှံပြီးပြီ။ ညနေပိုင်းသိန်း(၁၂၅၀)ကို စာရင်းပြုလုပ်ပြီး အသင့်လုပ်ထားတယ်၊ ဆောက်လုပ်ရေးဆိုင်က နည်းနည်းနောက်ကျနေတာ နဲ့ ဘဏ်ကို ညှိထားတယ်။ (၂)နာရီ (၄၅)မိနစ်မှာဒီကထွက်ဖို့အသင့်ပြင် ပြောခိုင်းတယ်။ ကျွန်တော်က အသင့်စောင့်နေတုန်း အပေါ့သွားချင်တာနဲ့ ခဏထသွားတယ်"

"ဘယ်သူ ကျန်ခဲ့လဲ"

"ဘယ်သူမှ မကျန်ဘူး၊ အိမ်သာခန်းနဲ့ မဝေးတော့ (၅) မိနစ် မကြာဘူး ပြန်လာတယ်"

"အရင်ကရော ဒီလို သွားဖူးလား"

ကိုမင်းသူ ခေတ္တစဉ်းစားပြီး ပြန်ပြောသည်။

"သွားဖူးပါတယ်၊ လူရှိတဲ့အခါ ရှိတယ်။ မရှိတဲ့အခါ မရှိဘူး၊ တစ်ခါမှ ဒီလို မဖြစ်ခဲ့ဘူး"

"ခင်ဗျားရဲ့ငွေကိုင်အခန်းက ဘယ်အခန်းနဲ့ ဆက်နေလဲ"

"ဘယ်သူနဲ့မှ မဆက်ဘူး။ သီးသန့်အခန်းသက်သက်ပါ"

အမှုစစ်အရာရှိက ထသွားပြီး ငွေကိုင်အခန်းကို စစ်ဆေးကြည့်သည်။ သီးသန့်အခန်းဖြစ်ပြီး မည်သည့်အခန်းနှင့်မျှ ဆက်နွယ်ခြင်းမရှိပေ။ အခန်းပတ်လည်ကို သုံးထပ်ပြားနှင့် တစ်ထပ်၊ ဗိုင်ဘာပြားနှင့် တစ်ထပ်ကာထားသည်။ အပေါ်ပိုင်းမှာ မှန်လုံခန်း ဖြစ်သည်။ လေအေးပေးစက် တပ်ဆင်ထားသည်။ ဝင်ထွက်ပေါက်မှာ ငွေကိုင်အခန်းက ဝဲဘက်ထောင့်၊ မန်နေဂျာအခန်းက ညာထောင့်ဖြစ်သော်လည်း ကော်ရစ်ဒါတစ်လျှောက်ကို ရုံးခန်းမကြီးမှ တွေ့ရသည်။ ငွေကိုင်အခန်း၏ ဝင်ထွက်ပေါက်မှာ စာရေးသုံးဦး၏ ရုံးထိုင်နေရာနှင့် ပိုမိုနီးစပ်လေသည်။

အမှုကိုင်အရာရှိသည် ငွေကိုင်အခန်းကို ဒုတိယအကြိမ် ပြန်စစ်သည်။ ငွေများထားသည်ဆိုသော ငွေကိုင်စားပွဲအံဆွဲ၊ စာတင်ခုံတို့ကို သေသေချာချာစစ်သည်။ ပေနှစ်ဆယ် ပတ်လည်အခန်းဖြစ်၍ ကျယ်ဝန်းလွန်းသည် မဟုတ်သဖြင့် များများစားစား စစ်ဆေးရန် မရှိပေ။ ခုနစ်ပေအမြင့်၊ သုံးပေခွဲအကျယ်ရှိသော ဗီရိုတစ်လုံးရှိသည်။ အဆင့်လေးဆင့် ရှိပြီး အပေါ်ထပ်နှစ်ဆင့်မှာ လက်ရှိသုံးစွဲနေသော စာရွက်စာတမ်း၊ စာရေးကိရိယာ၊ ကွန်မြူတာ ဆက်စပ်ပစ္စည်းများ ထားသည်။ အောက်ဆုံးနှစ်ထပ်မှာ ဖိုင်တွဲဟောင်း၊ ပြေစာဟောင်းများဖြင့် ပြည့်နေသည်။ ဇေ့ဇေ့စပ်စပ် ရှာသော်လည်း ထူးခြားမှု မတွေ့ရချေ။

ငွေကိုင်သည် အပေါ့သွားပြီး ပြန်လာစဉ် ထားခဲ့သော ငွေများကို မတွေ့ရ၍ ပျာလောင်ခတ်သွားသည်။ သိလျှင်သိခြင်း တစ်ဦးဦးက နောက်ပြောင်သည် ထင်၏။ အခန်းတွင် အသေအချာရှာသည်။ ပတ်ဝန်းကျင်ကို မေးသည်။ စုံစမ်းသည်။ ပျာလောင်ထုပူနေသဖြင့် မန်နေဂျာကို သတင်းပို့ရန် မေ့နေသည်။ မိနစ်သုံးဆယ်ခန့်ကြာမှ သတိရသဖြင့် မန်နေဂျာကို သတင်းပို့ရသည်။

မန်နေဂျာဦးညီလတ်က အေးအေးဆေးဆေး ရိုးသားသူ ဖြစ်သည်။ သူ၏ တာဝန်ကို တိကျကျေပွန်စွာ ထမ်းဆောင်သူ ဖြစ်သည်။ မိသားစုသုံးဦးသာရှိပြီး ရသည့် ဝင်ငွေနှင့် လုံလောက်မျှတအောင် နေထိုင်စားသောက်တတ်သူဖြစ်သည်။ အသောက်အစား၊ အပျော်အပါး ကင်းသည်။ ဝန်ထမ်းများက ရှိသေလေးစား အလေးထားရသူ ဖြစ်သည်။ မိသားစုအခြေအနေမှာ သားတစ်ဦးရှိသည်။ အသက် တစ်ဆယ့်ရှစ်နှစ်ခန့်ရှိပြီး မိဘယုံကြည်စိတ်ချရအောင် လိမ္မာယဉ်ကျေးသည်။ ချိုမြကြည်လင်သော မျက်နှာပေးနှင့် အစဉ်သွက်လက်တက်ကြွနေသည်။ ဇနီး ဒေါ်မေနွယ်ကမူ အသက်ငါးဆယ်ခန့်ရှိပြီး ကျန်းမာရေး မကောင်းပေ။ မိန်းမဘာဝ မီးယပ်ဝေဒနာ ပြင်းထန်သောရောဂါဝေဒနာကို ကာလရှည်စွာ ခံစားနေရသည်။

မန်နေဂျာသည် သတင်းကြားလျှင်ကြားချင်း စိတ်ညစ်သွားသော်လည်း တည်ငြိမ်မှုရရန် ကြိုးစားသည်။ ကိုယ်တိုင် လာရောက်စစ်ဆေးသည်။ တစ်ရုံးလုံးကိုလည်း စစ်ဆေးစီစစ်စေသည်။ မည်သူမျှ ရုံးမဆင်းရန်နှင့် နောက်ထပ်ညွှန်ကြားချက်မရမချင်း မိမိနေရာ၌သာ နေရန်မှာသည်။ ငွေကိုင်ကို ရဲစခန်းသို့ အကြောင်းကြားအမှုဖွင့်စေသည်။ ဖြစ်လာမည့် အရှုပ်အထွေးများအတွက် တည်ငြိမ်အေးဆေးစွာ ရင်ဆိုင်ကြရန် မှာကြားသည်။ ရဲစခန်းမှ တာဝန်ရှိသူများ ရောက်လာသည့်အခါ ညနေလေးနာရီ ရှိပေပြီ။

***

ရဲတပ်ဖွဲ့ဝင်များ ရောက်လာသည့်အခါဖြစ်စဉ်အသေးစိတ်ကိုစိစစ်မေးမြန်းသည်။ ဝန်ထမ်းအားလုံးကို တစ်ဦးချင်း ထွက်ချက်ရယူသည်။ မေးမြန်းစိစစ်သည်။ တစ်စုံတစ်ရာ ထူးခြားမှုတွေ့ ရသည်ဟု မကြားမိပေ။ ထူးခြားသည်က ကုမ္ပဏီ၏ ယာဉ်မောင်းအောင်သူနှင့် ငွေသိမ်း အမြဲတမ်းဝန်ထမ်း မြင့်အောင်တို့ကို ရှာမတွေ့ခြင်း ဖြစ်သည်။

အောင်သူနှင့် မြင့်အောင်သည် ယခင်နေ့များက ဆိုင်ခွဲများတွင် ငွေများ လိုက်လံကောက်ခံပြီး ငွေကိုင်သို့ စာရင်းနှင့် အပ်နှံသည်။ ငွေကိုင်နှင့် သူတို့နှစ်ဦးကတစ်နေ့နှစ်ကြိမ်တွေ့နေကျဖြစ်သည်။ ယနေ့တွင် နေ့လယ်ပိုင်းငွေအပ်နှံရာ၌ အောင်သူ၏ကားကို သုံးခဲ့သော်လည်း ညနေပိုင်းတွင် ကားဘရိတ် ချို့ယွင်းသဖြင့် ရုံးကားမောင်းသူ မောင်လှိုင်နှင့် အစားထိုးခဲ့သည်။ မြင့်အောင်နှင့်အတူ ကားပြင်ရန် ထွက်သွားသည်ဟု သိရှိသည်။

www.burmeseclassic.com

"ဘယ်အချိန်က ထွက်သွားတာလဲ"

ကျွန်တော်လည်း ငွေတွေ စစ်နေတာနဲ့ အမှတ်တမဲ့ပဲ၊ အရင်ကဆိုရင် ကျွန်တော့်အခန်းမှာရှိနေတာများတယ်၊ မောင်လှိုင်က သူ ပို့ပေးမယ်ပြောတယ်၊ အသင့်စောင့်နေမယ်ပြောလို့ သူတို့ကို ဘာမှမပြောတော့ဘူး၊ မတွေ့တာက အဲဒီအချိန်ကစပြီး ကျွန်တော်နဲ့ မတွေ့တော့တာပါ၊ ဘယ်အချိန် ထွက်သွားလည်းဆိုတာ မသိဘူး"

မေအာင်သူနှင့် မြင့်အောင်မှာ အသတ်နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသေးသည်၊ သွက်လက်ဖျတ်လတ်ပြီး ပါးရေနပ်ရေ ရှိသည်၊ ဘောလုံး ဝါသနာပါသည်၊ တစ်ခါတစ်ရံ ဘောလုံးလောင်းကစားလည်း လုပ်သည်၊ သို့သော် တာဝန်ကိုတော့ ကျေပွန်ကြသူများ ဖြစ်သည်၊

ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြင်ဆင်နေကျ ကားဝပ်ရှော့သို့ သွားရှာသော်လည်းမတွေ့ရပေ၊ ဝပ်ရှော့တွင်ပြင်ဆင်စရာရှိသည်များကိုတစ်နာရီသာသာခန့် ပြင်ဆင်ပြီး ပြန်ထွက်သွားသည်ဟု သိရသည်၊ နေအိမ်များသို့ သွားရှာသော်လည်း မတွေ့ရသဖြင့် တွေ့ရခက်နေသည်၊ နောက်တစ်နေ့ နံနက်တွင် နေအိမ်များသို့ ပြန်ရောက်လာသဖြင့် ရဲစခန်းက လာရောက်ခေါ်ဆောင်သွားသည်၊ ရဲစခန်းတွင် မေးမြန်းစစ်ဆေးခြင်း ခံရသည်၊

ဦးကောင်းကျော်သည် အစင်းဖြစ်စဉ် ဖြစ်ပွားပြီးနောက် သုံးရက်အကြာတွင် အထက်၏ ညွှန်ကြားချက်အရ ကုမ္ပဏီသို့ရောက်လာသည်၊ မန်နေဂျာ ဦးညီလတ်နှင့်တွေ့ရသည်၊ မန်နေဂျာမှာ အသက်ငါးဆယ်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းသည်၊ သွယ်လျသော ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်သည်၊ အသောက်အစား ကင်းသော ကြောင့်ထင်သည်၊ မျက်နှာအနေအထား ကပကတိကြည်လင်သန့်စင်နေသည်၊ မန်နေဂျာ၏ အပြုံးက နစ်လိုဖွယ် ရှိပြီး အသံကလည်း သိမ်မွေ့ညင်သာသည်၊

"ကျွန်တော် ဘာများ ကူညီရမလဲ ခင်ဗျာ"

ဦးကောင်းကျော်က သူ၏ဝန်ထမ်းကတ်ကို ထုတ်ပြပြီး မိတ်ဆက်သည်၊ စကားပြောရင်းတရင်းတန်းရှိလာသည့် အခါ မန်နေဂျာမှာ မြို့စဉ်ရိုးသားသူဖြစ်ကြောင်း အကဲခတ်မိသည်၊ ထို့ကြောင့် ဖွင့်ဟတိုင်ပင်ရသည်၊



"မန်နေဂျာကြီးအနေနဲ့ ဘယ်သူ ဖြစ်နိုင်မယ် ထင်သလဲ"

မန်နေဂျာက ခေတ္တစဉ်းစားဟန်ပြုပြီးပြောသည်၊ သို့သော် သူ၏အမူအရာ ကတစ်စုံတစ်ရာကိုစိုးရိမ်ဟန်ရှိသည်၊ သူ၏တာဝန်အရလည်းကောင်း၊ သိရှိပြီးဖြစ်သော သူ၏ မိသားစုအခြေအနေအရလည်းကောင်း စိုးရိမ်မှုဖြစ်နိုင်သည်ဟု သုံးသပ်မိသဖြင့် ဦးကောင်းကျော်က မည်သည့်ကောက်ချက်မျှ မချမိပေ၊

"ကျွန်တော် မထင်ဘူးဗျာ၊ ကျွန်တော် သိသမျှအားလုံးဟာ ရိုးရိုးသားသားနဲ့ ကြိုးစားသစ္စာရှိသူတွေလို့ မြင်ပါတယ်"

"ရဲစခန်းမှာ စစ်ကြောခံရတဲ့ ကိုအောင်သူနဲ့ ကိုမြင့်အောင်ရော မဖြစ်နိုင်ဘူးလား"

"ဘယ်လိုကြောင့်လဲဗျာ"

သူတို့နှစ်ယောက်က ငွေကိုင်ရဲ့ အလေ့အကျင့်ကို သေချာလေ့လာသိရှိထားတယ်၊ အဲဒီနေ့မှာ ကြိုတင်ပြင်ဆင်ပြီးအချိန်ကိုက် လုပ်သွားတာရော မဖြစ်နိုင်ဘူးလား"

မန်နေဂျာက ခေတ္တစဉ်းစားပြီးမှ ဖြည်းလေးစွာ ပြောသည်၊

"ကျွန်တော်တော့ မဖြစ်နိုင်ဘူးထင်တယ်၊ သူတို့ ဝန်ထမ်းသက် ငါးနှစ်ရှိပြီး တစ်သက်လုံး ရိုးရိုးသားသား လုပ်လာခဲ့တာလေ၊ ပြီးတော့ ငွေကိုင်နဲ့လည်း ညီအစ်ကိုတွေလို ခင်ကြတယ်"

"လောင်းကစားသမားဆိုတာ တစ်ချိန်ချိန် တစ်နေရာရာမှာတော့ ဖောက်ကြတာပဲ၊ မန်နေဂျာကြီးလည်း သိမှာပေါ့"

"ကျွန်တော် မထင်တတ်ဘူးဗျာ"

မန်နေဂျာက စိတ်မကောင်းစွာဖြင့် မျက်လွှာချထားသည်၊ ဦးကောင်းကျော်ကမူ မည်သည့်မှတ်ချက်မျှ မပေးချေ၊ သို့သော် ဦးညီလတ်၏ လူကြီးပီသမှုကို ကြိတ်၍ ကျေနပ်မိသည်၊

"ငွေကိုင်ရော မဖြစ်နိုင်ဘူးလား၊ သူကိုယ်တိုင်အပျောက်ရိုက်ပြီးအကွက်ဆင်တာ ဆိုရင်ရော"

"ဒီလိုလုပ်ချင်ရင် နေ့ရက် လပေါင်းများစွာရှိပါတယ်၊ သူ့ရဲ့လုပ်သက်အတွေ့အကြုံနဲ့ သစ္စာတရားက ကုမ္ပဏီစတည်ကတည်းက သူ့သမိုင်းရှိပါတယ်၊ ရိုးသားသူလို့ ကျွန်တော်မြင်ပါတယ်"

ဦးကောင်းကျော်က မန်နေဂျာ၏ ရုံးခန်းသို့ လေ့လာကြည့်သည်၊ စားပွဲ၊

www.burmeseclassic.com

ဝီရို၊ ဗုန်း၊ အဲယားကွန်း သူ့ဖနရာနှင့်သူအပြည့်ရှိသည်။ အခန်းထောင့်တွင် ကွန်ပျူတာ စာရေးမတစ်ဦးကို တွေ့ရသည်။ ဦးကောင်းကျော်တို့ကို ကျောပေးပြီး သူ့အလုပ်သူ လုပ်နေသည်။ အခန်းဝတွင် ရုံးလုလင်တစ်ဦးကို တွေ့ရသည်။ ရုံးခန်းဟူ၍ သီးခြားမရှိသော်လည်း ဧည့်သည်ကိုဧည့်ခံရန် အခန်းကျဉ်းလေးတစ်ခုကိုတော့ ပိုင်သေးသည်။

"သူတို့ကိုလည်း နည်းနည်းမေးကြည့်ချင်တယ်။ ရမလား"

ဦးကောင်းကျော်က ကွန်ပျူတာစာရေးမနှင့် ရုံးလုလင်ကို လက်ညှိုးထိုးပြပြီး ပြောသည်။ မန်နေဂျာက အံ့ဩသော်လည်း လိုလားစွာ ပြန်ပြောသည်။

"မေးနိုင်ပါတယ်၊ လွတ်လွတ်လပ်လပ်ရှိအောင် ကျွန်တော် ဧည့်ဆောင်မှာနေပါ့မယ်"

မန်နေဂျာကလိုအပ်သည်များစီစဉ်ပေးပြီး ထွက်သွားသည်။ ဧည့်ဆောင်မှာ မန်နေဂျာအခန်းနှင့် ကပ်လျက်အဆောင်ဖြစ်သဖြင့် မြင်နိုင်၊ ကြားနိုင်လေသည်။ မန်နေဂျာက ဧည့်ဆောင်တွင် သူ၏ ရုံးခန်းကို ကျောပေးထိုင်နေလေသည်။

ဏ္ဏ ဏ္ဏ ဏ္ဏ

ဦးကောင်းကျော်သည် သူသိရှိဖော်ထုတ်ရရှိသော အချက်များကို ရဲစခန်းရှိ အမှုစစ်အရာရှိနှင့် တွေ့ဆုံစိစစ်သည်။ ဖြစ်နိုင်ခြေရှိသည်များကို သုံးသပ်သည်။ ထူးခြားမှုက ထိထိရောက်ရောက်မတွေ့ရပေ။ မန်နေဂျာအပါအဝင် ကုမ္ပဏီဝန်ထမ်း သုံးဆယ်ခန့်ကို စစ်ဆေးပြီးဖြစ်သည်။ မသင်္ကာသူများကို ဦးစားပေးပြီး နည်းပေါင်းစုံဖြင့် စစ်ဆေးစောင့်ကြည့်ပြီး ဖြစ်ရာ အောင်သူနှင့် မြင့်အောင်မှာ အကြိမ်ရေအများဆုံး ဖြစ်သည်။

အခြားနည်းလမ်းများကို လည်း တွေးကြည့်သည်။ ရိုးရှင်းသော ဖြစ်စဉ်ဖြစ်သဖြင့် အခက်တွေ့နေရသည်။ အကြံအိုက်လာသဖြင့် အကြည်တော် မင်းခန့်ကိုသတိရမိသည်။ ထိုသူ၏ထူးခြားသော စိတ်တန်ခိုးကိုယုံကြည်လေးစားမိသည်။ အကြည်တော်မင်းခန့်၏အကူအညီဖြင့် အစရှာမရသော အမှုကိစ္စ အတော်များများကို ဖော်ထုတ်နိုင်ခဲ့ပြီး ဖြစ်သည်။

အကြည်တော်မင်းခန့်သည် လောကီထုပွတ် လူ့တိုင်းဇာတ်တွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်သူမှ မဟုတ်ပေ။ လူသူနှင့်ဝေးရာအရပ်တွင် သူ၏အရည်အသွေးကို တိုးတက်မြင့်မားအောင် တစ်ကိုယ်တော် ကျင့်ကြံအားထုတ်ကြိုးပမ်းနေသူ ဖြစ်သည်။ ငယ်ရွယ်စဉ်အသက်ရှစ်နှစ်သားကတည်းကတရားအားထုတ်သည်ကို အသားထားဘိဦး၊ ကျောင်းပြီးသည့်နောက် အသက်နှစ်ဆယ်ကျော်အရွယ်စ၍ ကျင့်ကြံအားထုတ်နေသည်မှာ ယခုအချိန်ထိဆိုလျှင် နှစ်ပေါင်းသုံးဆယ်ကျော်လွန်ခဲ့ပေပြီ။ အကြည်တော်မင်းခန့်တွင် ထူးခြားမှု မြောက်မြားစွာ ရှိခဲ့သည်။

ဦးကောင်းကျော်သည် မန်နေဂျာဦးညီလတ်ကိုတွေ့ဆုံရန် ရုံးခန်းသို့ သွားခဲ့သည်။ မန်နေဂျာ၏ ဇနီးသည် အခြေအနေမကောင်းသဖြင့် ဆေးရုံတင်ထားရကြောင်း သိရသည်။ မန်နေဂျာ ဆေးရုံသွားမှန်းသိသဖြင့်စိတ်အနှောင့်အယှက်မဖြစ်စေရန် မိမိလိုရာခရီးသို့ ထွက်ခွာလာရသည်။ ဤသို့ဖြင့် ဦးကောင်းကျော်သည် ရွှေညောင်သို့ ဦးတည်ထွက်ခွာလာသည်။

ယခင်ကမူ ဦးကောင်းကျော်သည် အကြည်တော်မင်းခန့်ကို တွေ့ရန် စိတ်ရည်သန်လျှင် တစ်နည်းမဟုတ် တစ်နည်း တွေ့ရသည်။ အခက်အခဲ အကြပ်အတည်းတွေ့၍ တမ်းတလျှင် တစ်နည်းနည်းဖြင့် အကူအညီရသည်။ ယခုမူ စိတ်ပြေလက်ပျောက် ရှိလိုသဖြင့် အကြည်တော် မင်းခန့် ရှိမည်ထင်ရသော နေရာသို့ မှန်းဆထွက်လာမိသည်။ မည်သည့်နေရာတွင် အတည်တကျဟူ၍တော့ မသိချေ။

ရွှေညောင်၊ အင်းလေးမှ ဥဒေါင်းတောင်ခေါင်းမဲ့တောဘက်သို့ရောက်လာသည်။ ဥဒေါင်းတောင် ဆရာတော်ကိုဝင်ရောက်ဖူးမြော်ပြီး တစ်စွန်းတစ်စ စုံစမ်းကြည့်သည်။ သေသေချာချာ သိရှိသူမရှိချေ။ တရားအားထုတ်သူ လူပုဂ္ဂိုလ်အတော်များများတော့ ရှိသည်။ သွားသွားလာလာရှိသော်လည်း အကြည်တော် မင်းခန့်ဆိုသော ပုဂ္ဂိုလ်ကိုတော့ မသိကြပေ။ ပြီးမှ စဉ်းစားမိသည်မှာ အကြည်တော်မင်းခန့်အမည်သည် မိမိကင်ပွန်းတပ်သော အမည်ဖြစ်သည်။ ပုဂ္ဂိုလ်၏ နာမည် အစစ်အမှန် မဟုတ်တန်ရာပေ၊ ထိုစဉ်က သူပြောခဲ့သော အမည်တစ်ခုကို အမှတ်မထင် မှတ်မိလိုက်သည်။

"ကိုယ်တော်လေး"

ဦးကောင်းကျော်သည် ရွာထဲ၌တွင် မေးမြန်းကြည့်သည်။ ဤအမည်ကို



www.burmeseclassic.com

www.burmeseclassic.com

သုံးသောအခါ ထူးထူးခြားခြား ပုဂ္ဂိုလ်အဖြစ် ရှုမြင်သူ ရှိလာသည်။ တစ်ခါတစ်ရံ သွားရောက်တတ်သည်ဆိုသော အင်းစပ်မှ ရွာလေးများသို့စူးစမ်းမေးမြန်းသည်။ တစ်ကြိမ်တစ်ခါ တွေ့မြင်ကြဖူးသော သူတော်စင်အဖြစ် ပိုးတဝါး သိကြသည်။ သေသေချာချာ ဂဃနဏ သိရှိသူက မရှိပေ။ ကြာသော် ခရီးလမ်းကပြင်းသည့်အပြင် စိတ်ကပန်း၊ လူက နွမ်းလာသဖြင့် ပြန်ရန် ဆုံးဖြတ်လိုက်သည်။

သက်သတ်လွတ်နယ်မြေဖြစ်ပြီး အခါအားလျော်စွာ ဘေးမဲ့တောတွင် ကျေးငှက်သာရကာတို့ပျော်မြူးကြည်နူးကျီစယ်ကြဟန်က သာယာလှပသည်။ အင်းလေးရေပြင်နှင့် ပကာရလှသည်။ အရှေ့ဘက်တစ်ခွင်ရှိ တောင်တန်းညို့ညို့များက ပွပန်မှုများကို ကင်းဝေးစေသည်။ မည်သည်ကို တမ်းတလွမ်းမိသည် မသိ၊ စိတ်အစဉ်ဝယ် တမ်းတမ်းတတ ဖြစ်နေမိသည်။

"ဦးကောင်းကျော် ပြန်တော့မလို့လား"

မိမိရှေ့မလှမ်းမကမ်းရှိ တောစပ်မှ ထွက်ပေါ်လာသော ပုဂ္ဂိုလ်တစ်ဦးက အမှတ်မထင် နှုတ်ဆက်လေသည်။ ဦးကောင်းကျော်သည် ဤကြည်လင်ရှင်းသန့်သော အသံကို မှတ်မှတ်ရရ ရှိလှသဖြင့်အတိုင်းမသိဝမ်းမြောက်သွားသည်။ အသံရှင်မှာ ဝတ်ဖြူစင်ကြယ်နှင့် ကြည်လင်အေးမြသော မျက်နှာပိုင်ရှင်ဖြစ်သည်။ မရီမပြုံးရှိသော်လည်း ရီပြုံးနေသကဲ့သို့ ရှိသည်။

"မတွေ့နိုင်တော့ဘူး ထင်လို့ ပြန်တော့မလို့ပါ"

"လူတွေဟာ အစက်အခဲ၊ အကြွင်းအတည်း ကြုံတွေ့ရစမြဲပဲ။ တချို့က လုပ်သင့် မလုပ်သင့် မစဉ်းစားဘဲ လုပ်ချင်ရာလုပ်ကြတယ်။ တချို့က စိတ်ပျက်လက်လျှော့ အားငယ်တတ်ကြတယ်။ လူကောင်းတွေက အဆိုးထဲက အကောင်းဆုံးကို ရွေးချယ်ပြီး ရင်ဆိုင်ကြတယ်။ တချို့က မှားမိရင်လည်း အဲဒီအမှားကို ပေးဆပ်ဖို့ဖြေရှင်းဖို့ဘယ်တော့မှနောက်မတွန့်တတ်ဘူး ဦးကောင်းကျော်"

ဦးကောင်းကျော်သည် အကြည်တော် မင်းခန့်၏အနီးသို့ ရောက်စဉ် အကြည်တော်မင်းခန့်၏စကားကို အမှတ်မထင်မှတ်သားမိသည်။ ဦးကောင်းကျော်က အကြည်တော် ဆက်ပြောမည့်စကားကို ငံ့လင့်နေသည်။

"ခင်ဗျားလည်းတောရိပ်တောင်ရိပ် တရားရိပ်မှာ နားခိုလိုက်ရတော့ အေးချမ်းသွားပြီ ထင်ပါတယ်။ ခင်ဗျားတို့ ရန်ကုန်လိုတော့ မမွန်းကြပ်ဘူးပေါ့ဗျာ။ လောကအာစလန်းဆန်းတယ်ဗျာ။ အေးမြကြည်လင်စိတ်ရွှင်လန်းစေတယ်ဗျို့။ ကျန်တဲ့သဘာဝကိုတော့ ပြောရန် မရှိပေဘူးဗျာ"

ဦးကောင်းကျော်သည် သူ၏ ရင်တွင် မတွေးနိုင်၊ မအန်နိုင်ဖြစ်နေသော ဝတားချက်တစ်ခုကို လွှတ်ခနဲ ပြောလိုက်မိသည်။

"ကျုပ် ဒီနေရာကို ရောက်လာကတည်းက သုံးကြိမ်ထက် မနည်းဖြတ်သွားခဲ့တယ်။ ဒီတောစပ် ဒီယူကလစ်ပင်ပေါက်လေးကိုမှတ်မိနေတယ်။ ဘာဖြစ်လို့ မတွေ့ကြတာလဲ"

"ခင်ဗျားတို့ ကျုပ်တို့ ဖတ်ရှုတဲ့ ဆိုင်းဘာဘာစာအုပ်မှာအသည်းအသန်လူမမာက ကြံရာမရ ဖြစ်တဲ့အချိန်မှာ ဆိုင်းဘာဘာကို တမ်းတရန် အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ ဆိုင်းဘာဘာ ရောက်လာပြီး သူ့ရောဂါကို ကုပေးလို့ ပျောက်သွားတဲ့အကြောင်းလေ။ ခေတ်သစ်မှာ စစ်ဒဏ်ကြောင့် ဒုက္ခိတဖြစ်သွားရတဲ့ ဆရာရှိန်းဟာ စိတ်ဓာတ်ကျပြီး ငိုမိတယ်။ အိပ်မက်ထဲမှာ ပုဂ္ဂိုလ်တစ်ဦးက အားပေးပြီး တောင်မကြည့်ရှုလို့ အိပ်ရာနိုးတဲ့အခါခေါင်းအုံးအောက်က ဓာတ်လုံးတစ်လုံးရတယ်။ ဒီဓာတ်လုံးတန်ခိုးနဲ့ ဆရာရှိန်းရဲ့ တီထွင်မှုဓာတ်ပြာတန်ခိုးကြောင့် (၉၆)ပါး ရောဂါကုနိုင်သူအဖြစ် ကျော်ကြားခဲ့တယ်။ ခင်ဗျားလည်း စိတ်ထဲမှာ အလွန်ပြင်းပြတဲ့ စိတ်ဓာတ်အဟုန်ရှိမှာပေါ့ဗျာ။ ခင်ဗျားနဲ့ ကျုပ် တိုက်ဆိုင်တာ မဆန်းပါဘူး။ အရင်ကလည်း ဒီလိုကြုံဖူးတာပဲလေ။ ခင်ဗျားပြန်ရင် ဒီဘက်လမ်းက သွားနော်၊ အေးချမ်းသာယာစွာနဲ့ အမြန်ဆုံး ရောက်မယ့်လမ်းပဲဗျ"

ဦးကောင်းကျော်က အကြည်တော်ပြသည့် လမ်းကို ကြည့်သည်။ တောရိပ်တောင်ရိပ်ကြောင့် အေးချမ်းသာယာသည့် လမ်းဖြစ်သည်။ ကျေးငှက်သာရကာတို့ကျူးရင့်မြူးထူးသံများကလည်း ပကာရလှသည်။

"ကဲ - ကျုပ်လည်း သွားတော့မယ်။ နောင်ကြုံရင် ဆုံကြသေးတာပေါ့"

ဦးကောင်းကျော် သည် ဖြူးနေသော လမ်းကို ကြည့်နေရာမှ အကြည်တော်၏နှုတ်ဆက်စကားသံကြားသဖြင့် ကြည့်လိုက်သော်လည်း မတွေ့ရတော့ပေ။ သည့်ထက်ဆိုးသည်က သူ့မေးလို



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုသည်များကို တစ်ခွန်းမျှ မေးရ ပြောရခြင်း မရှိသောကြောင့် ဖြစ်ပေသည်။

❀❀❀

ဦးကောင်းကျော်သည် ရန်ကုန်သို့ ပြန်ရောက်လာသည်။ ခရီးရောက် မဆိုက် ဦးညီလတ်၏ ဖန်းကွယ်လွန် ကြောင်းကြားရသည်။ ဦးကောင်းကျော် သည် စိတ်မကောင်းကြီးစွာဖြင့် ဦးညီ လတ်၏ အိမ်သို့ သွားသည်။ ညှိုးငယ် သောမျက်နှာဖြင့် ဆီးကြိုနေသောဦးညီ လတ်အတွက်စိတ်မကောင်းဖြစ်မိသည်။

ဝမ်းနည်းကြေကွဲမိပါကြောင့် စကားဆို ရင်း စကားစမြည်ပြောဖြစ်သည်။ အချိန် အတန်ကြာသောအခါပြန်လာခဲ့သည်။

ထူးခြားသော ထူးခြားဖြစ်စဉ် မရှိ ခြင်းကြောင့် ဦးကောင်းကျော်တစ်ဦး တည်း တွေဝေနေမိသည်။ ထိုစဉ်မန်နေ ဂျာ ဦးညီလတ်က အဆင်ပြေလျှင် သူ၏ ရုံးခန်းသို့ အလည်လာရန် ခေါ်သဖြင့် အံ့ဩမိသည်။ မည်သို့ဆိုစေအားငယ်နေ စဉ် အားပေးထိုက်သူ ဖြစ်ခြင်းကြောင့် ဦးကောင်းကျော်က လာခဲ့ပါမည်ဟု ကတိပြုလိုက်သည်။

ကျွန်တော့်ကိုယ်ကျင့်သိက္ခာ
ခွင့်မပြုဘူးဗျ။ ကျွန်တော့်ရဲ့ဖြူစင်
ရိုးသားမှုဂုဏ်ကို ဒီငွေနဲ့ မလဲနိုင်ဘူး။
တစ်ကျပ်ယူလည်း ခိုးတာပဲ။ နှစ်ကျပ်
ယူလည်း ခိုးတာပဲလို့ ခံယူတယ်။





"ထိုင်ပါ - ဦးကောင်းကျော်၊ ခင်ဗျား ကို ဖိတ်ခေါ်လို့ မအံ့ဩဘူးလား"

ဦးညီလတ်က ဦးကောင်းကျော်ကို နေရာထိုင်ခင်း ပေးရင်း ပြုံးရွှင်စွာ ပြော သည်။ ဦးကောင်းကျော်သည် သတ်မှတ် ပေးသော ခုံတွင်ထိုင်ရင်း ဦးညီလတ်ကို ပြုံးရွှင်စွာ နှုတ်ဆက်သည်။

"မအံ့ဩပါဘူး၊ ခင်ဗျားက ရိုးသား ဖြူစင်တဲ့လူပဲ၊ ခုလိုအချိန်မှာ စိတ်ပြေ လက်ပျောက် ခင်မင်တဲ့လူကို ဖိတ်ခေါ် စကားပြောရတာ သဘာဝပဲ၊ ကျုပ်က ဂုဏ်ယူပါတယ်ဗျာ"

ဦးကောင်းကျော်၏ တုံ့ပြန်ပြော စကားကြောင့် ဦးညီလတ်၏ မျက်နှာမှာ ခပ်တည်တည် ဖြစ်သွားသည်။ အတန် ကြာမှ ပြုံးရွှင်ဖော်ရွေစွာဖြင့် စကား စလာသည်။

"ခင်ဗျားပြောသလိုကျုပ်ကရိုးသား တဲ့ လူဟု ထင်ချင်ဟုတ်မယ်၊ ဒါပေမဲ့ ဖြူစင်တဲ့လူတော့မဟုတ်ဘူးဗျ၊ ဘာဖြစ် လို့လဲဆိုတော့ ပျောက်သွားတဲ့ငွေ သိန်း (၀၂၅၀) ကို ကျွန်တော် ယူထားလို့ပဲ"

ဦးကောင်းကျော် မျက်လုံးပြူးသွား သည်။ ဦးညီလတ်က ရိုးသားစွာပြောနေ မှန်း သူသိသည်။ မည်သို့သောအကြောင်း ကြောင့် ဤသို့ဖြစ်ရသည်ကို သိနိုင်ရန် ခပ်မဆိတ်နေလိုက်သည်။ ဦးကောင်း ကျော်၏ ရင်တွင်း၌မူ အကြည်တော် မင်းခန့်၏ စကားတစ်ခွန်းကို အမှတ်ရ လိုက်မိသည်။

"လူကောင်းတွေက အဆိုးထဲက အကောင်းဆုံးကိုရွေးချယ်ပြီးရင်ဆိုင်ကြ တယ်၊ မှားမိရင်လည်းအဲဒီအမှားကိုပေး ဆပ်ဖို့ ဖြေရှင်းဖို့ ဘယ်တော့မှ နောက် မတွန့်တတ်ဘူး"

ဦးကောင်းကျော်သည် ငိုင်ငေးနေ မိသည်။ ဦးညီလတ်က ပြုံးရွှင်စွာ ဆက် ပြောသံကြားရမှ သတိဝင်လာသည်။

"ကျွန်တော်က မရည်ရွယ်ပါဘူး။ အစည်းအဝေးအပြန်မှာ ငွေကိုင်အခန်း ကို ကြည့်မိတော့ ဘယ်သူမှ မရှိဘဲ ငွေ တွေကိုဒီအတိုင်းထားတာ တွေ့ရတယ်၊ ကျွန်တော်က တာဝန်အရှိဆုံး လူဖြစ် တော့ သင်ခန်းစာ ပေးချင်တာနဲ့ သူ့ဗီရို အံဝှက်ထဲကို ပြောင်းထည့်လိုက်တယ်၊ သူ့ရဲ့ဖိုင်တွဲအဟောင်းတွေကို ခြေရာ လက်ရာမပျက် ထားလိုက်တယ်၊ သူ ရှာတွေ့ရင်လည်း ပြီးရောပေါ့၊ မတွေ့ရင် လည်းနောင်ဒီလိုမထားဖို့သတိပေးမယ် ပေါ့ဗျာ၊ ကျွန်တော့်အခန်းရောက်ပြီး

www.burmeseclassic.com

မကြားဘူး၊ ခင်ဗျားသိတဲ့အတိုင်းရဲတိုင်ဖို့ ဖြစ်လာတယ်၊ အကျယ်အကျယ် မငြင်းဖွယ်ဖြစ်လာတော့ ကျွန်တော်လည်း ဝန်ခံဖို့ ခက်သွားတယ်။ ငြိမ်နေရတယ်၊ ဒါပေမဲ့ - ကုသိုလ်ကံကောင်းတော့ ကျွန်တော်ဖွက်ထားတာကို ဘယ်သူမှမတွေ့ကြဘူး၊ ငွေကိုင်လည်း ဒီအရှုပ်နဲ့ မေ့နေတယ်။ မထင်ဘူးနဲ့ တူပါတယ်"

"ခင်ဗျား - ဒီငွေကို ဘယ်တော့မှ ထုတ်ယူသလဲ"

"ကျွန်တော့်ဇနီး ဆေးရုံတင်ရတော့ ငွေလိုတယ်ဗျ။ ဒီအချိန်မှာ မတတ်နိုင်ဘူး၊ ထုတ်သုံးမယ်ဆိုပြီး ကျွန်တော့်မီးခံသေတ္တာမှာ ထားလိုက်တယ်၊ ဒါပေမဲ့ ကျွန်တော့် ကိုယ်ကျင့်သီလက ခွင့်မပြုဘူးဗျ၊ ကျွန်တော့်ရဲ့ဖြူစင်ရိုးသားမှုဂုဏ်ကို ဒီငွေနဲ့ မလဲနိုင်ဘူး။ တစ်ကျပ်ယူလည်း ခိုးတာပဲ၊ နှစ်ကျပ်ယူလည်းခိုးတာပဲလို့ ခံယူတယ်၊ ဒါနဲ့ မသုံးဖြစ်ဘူး။ ကျွန်တော့်ဇနီး ဆုံးသွားတယ်၊ ယူကျုံးမရဖြစ်ပေမယ့် ဘဝပေးသမျှကို ခံယူပါတယ်"

"အခု - အဲဒီငွေတွေ ရှိသေးလား"

"ရှိပါတယ် - တစ်ပြားမှ မလျော့ပါဘူး။ ခင်ဗျား လိုအပ်မယ်ထင်လို့ ဖိတ်လိုက်တာပါ။ ခင်ဗျားရဲ့ စိတ်ဓာတ်ကို လေးစားလို့ကျွန်တော် အပ်ပါတယ်၊ ဖြစ်ပျက်ပြီးသမျှကိစ္စအားလုံးအတွက် ကျွန်တော် တာဝန်ခံပါတယ်။ ကျွန်တော့်ကြောင့် ဒုက္ခရောက်ရတဲ့ လက်အောက်ဝန်ထမ်းတွေနဲ့ ပတ်သက်သူတွေကိုလည်း တောင်းပန်ပါတယ်၊ ကျွန်တော်မှားပါတယ်"

ဦးကောင်းကျော်က ခေတ္တစဉ်းစားသည်၊ အတန်ငယ်တွေပြီးမှ ဦးညီလတ်ကို ပြောသည်။

"ဒီလုပ်ရပ်ကို ခင်ဗျား ဘယ်သူ့ကို ပြောသေးလဲ"

"ဘယ်သူ့ကိုမှမပြောပါဘူး၊ ခင်ဗျားကို ပထမဆုံး အသိပေးဝန်ခံတာပါ"

"ခိုးမှုတော့ မြောက်တယ်ဗျ၊ ဒါပေမဲ့ ကျွန်တော် မလုပ်ခဲ့ဘူးတဲ့ အလုပ်တစ်ခုတော့ လုပ်ရတော့မယ်၊ ခင်ဗျား အခုပြောတဲ့ဖြစ်စဉ်ရော စကားရော မေ့လိုက်တော့၊ ဘာမှမသိတော့ဘူး။ ဒါပေမဲ့ အဲဒီငွေတွေကိုတော့ ကျုပ်ကို ပေးရမယ်၊ ကျုပ် ပြောသလို လုပ်ရမယ်"

ဏှီ ဏှီ ဏှီ

ယနေ့ ရုံးချုပ်ဝင်ပြီးမှ ရုံးကို လာရသောကြောင့် ဦးညီလတ် နောက်ကျသည်၊ ရုံးရောက်သောအခါ ဝန်ထမ်းအားလုံးက ကြည်လင်ပျော်မြူးနေကြသည်၊ ဦးညီလတ်က ယခုမှ ဝင်လာသူဖြစ်သဖြင့် ဘာမျှမသိရသေးချေ၊ ငွေကိုင် ကိုမင်းသူက ဦးညီလတ်ကို တွေ့သည်နှင့် ဝမ်းသာအားရ ပြေးလာပြီး ပြောသည်။

"ဆရာ ငွေတွေ ပြန်တွေ့ပြီ၊ ကျွန်တော့် ဗီရိုအံဝှက်ထဲမှာ အပြည့်အစုံပဲ ဆရာ"

"ဟုတ်လား - ဘယ်လိုဖြစ်တာလဲ"

"ရဲစစ်တုန်းက ကျွန်တော် မကြည့်မိဘူး၊ တစ်နေ့မှ ကြည့်မိတာ ဘာမှ မတွေ့ဘူး။ ဒီနေ့မနက်မှာ သိမ်းစရာရှိလို့ အံဝှက်ဖွင့်တဲ့အခါ ငွေတွေ တွေ့ရတာပဲ"

"ဟုတ်ရဲ့လား - ကိုမင်းသူ အမှတ်မှားနေလား"

"မသိပါဘူး - ဆရာရယ်၊ ဘာဖြစ်ဖြစ် ငွေတွေ တစ်ပြားမှမလျော့ဘဲ တွေ့ရလို့ ဝမ်းသာတယ်၊ ရဲစခန်းကိုလည်း ဖြစ်စဉ်ပြောပြပြီး အမှုပိတ်ရဦးမယ်၊ ဝမ်းသာလိုက်တာ - ဆရာရယ်"

ဦးညီလတ် ဘာမျှဆက်မပြောဘဲ သူ၏ ရုံးခန်းသို့ ဝင်သွားသည်၊ ထိုစဉ် တယ်လီဖုန်းက မြည်လာသဖြင့်ကောက်ကိုင်လိုက်သည်။

"ကောင်းကျော်ပါ - ဒီနေ့ပဲ ကျွန်တော် နုတ်ထွက်ခွင့် တင်လိုက်ပြီဗျာ၊ နုတ်ဆက်ပါတယ်၊ ပျော်ရွှင်တဲ့ နေ့ဖြစ်ပါစေ"

ဦးညီလတ်က တယ်လီဖုန်းကိုကိုင်ရင်း ငိုင်နေမိပါသတည်း ...။

နေမထွန်း



www.burmeseclassic.com

www.burmeseclassic.com

# နေဝန်းနီ



ဘဝချင်းမတူသည့် ချစ်သူနှစ်ဦး
တစ်အိုးတစ်အိမ် ထူထောင်ခဲ့သော်လည်း
အရိပ်ပမာလိုက်နေခဲ့သော
အနှောက်အယှက် ကြီးက ..

**ယခု** တင်ပြမည့်ဇာတ်လမ်းလေးက ကိုကြွက်နီဆိုတဲ့ ထောင်ကျတစ်ဦးပြောပြခဲ့တဲ့ဇာတ်လမ်းလေးပါ။

အဲ့ဒီတုန်းက ကျွန်တော်က ထောင်ကျလူသစ်ဆောင် (တစ်နည်းအားဖြင့်) ပုံစံခန်းမှာ ရုံးအဖွဲ့မှူးဆိုပါတော့။ ဒါပေမဲ့ ဝန်ထမ်းတော့မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် ကိုကြွက်နီလိုပဲ အပြစ်ဒဏ်ခံနေရတဲ့သူတစ်ဦးပေါ့။

ကိုကြွက်နီကို သတိထားမိတာက သူ( )ထောင်ပုံစံခန်းကိုရောက်လာတဲ့နေ့ကစလို့ပါပဲ။

လူသစ်ရောက်လာတယ်ဆို ထုံးစံအတိုင်း အပြစ်ဒဏ်ချမှတ်လိုက်တဲ့ တရားရုံးရဲ့ စီရင်ချက်နှင့် ထောင်ကိုတာဝန်ယူပို့ပေးရတဲ့ရဲစခန်းရဲ့ စာရွက်စာတမ်းတွေကိုအကျဉ်းဦးစီးဌာနရဲ့မှတ်ပုံတင်စာအုပ်တွေမှာ ကျွန်တော်နှင့် ထောင်ကျလူသစ်ဆောင် ထောင်မှူးလေးတို့က စီစစ်ပြီး ရေးသွင်းရပါတယ်။
အဲ့ဒီမှာ ကိုကြွက်နီနှင့် ကျွန်တော် စတွေ့ကြတာပါ။

ထောင်ဆိုတာက သိတဲ့အတိုင်း ဘယ်လိုပုဂ္ဂိုလ်မျိုးပဲရောက်လာရောက်လာ၊ သူတို့နှင့်အတူ ကိုယ်ရေးအကျဉ်းတွေ၊ ပြစ်မှုဆိုင်ရာစီရင်ချက်တွေ ဘယ်လောက်ပဲပါပါ၊ ထပ်စစ်၊ ထပ်မေး၊ ထပ်ရေးပြီး တိုက်ကြည့်ရ၊ ထပ်ရေးရပါသည်။

ဒီတော့ - ကျွန်တော့်ရှေ့ရောက်လာတဲ့ ကိုကြွက်နီကို ထုံးစံအတိုင်း မေးရပါတယ်။ မမေးခင်လည်း ထောင်ရဲ့စည်းမျဉ်းစည်းကမ်းအတိုင်း နာမည်ကို မေးရင်ဦးတို့၊ ကိုတို့၊ မောင်တို့ထည့်မပြောဖို့၊ မိဘအမည်ကိုမေးရင် ဦးထည့်ပြောဖို့၊ အလုပ်အကိုင်မေးရင် (အဲ့ဒီခေတ်က ထောင်ပုံစံခန်းထုံးစံအတိုင်း) အစိုးရဝန်ထမ်း အရာရှိအရာခံ စာရေးစာချီဖြစ်ရင် ဉာဏလုပ်သား၊ ဆိုက်ကားနင်း၊ ကုန်ထမ်း၊ စက်ရုံအလုပ်ရုံတွေမှာလုပ်ရင် ကာယလုပ်သား၊ ငါးဖမ်း၊ ငါးဖမ်း အစရှိသဖြင့်တံငါအလုပ်လုပ်ရင်းရေလုပ်သား ဘယ်မှာနေလည်း မေးရင် ခင်ဗျားတို့ပဲ

www.burmeseclassic.com

မိမိနေတဲ့အရပ်ကို ပြောရပါတယ်။ ဘာမှုဖြစ်လဲ၊ ဘယ်နှနှစ်ထောင်ကျသလဲ ဆိုရင်လဲ မေးသမျှခင်တိုတိုနဲ့ လိုရင်းဖြေတတ်ဖို့ သင်ပေးရပါတယ်။

အဲ့ဒီလိုသင်ပြီးတာနှင့် ထောင်ပုံစံဖြစ်တဲ့ ပုံစံ(၁၊ ၂၊ ၃၊ ၄)တို့ကို သင်ရပါတယ်။ အားလုံးလဲပြီးရောလူသစ်ထောင်ဗာယာ (ထောင်ကျ)က စစ်ရပါတယ်။ အဓနမတတ်၊ အဖြေမတတ်ရင် အဲ့ဒီထောင်ကျက အသင့်ကိုင်ထားတဲ့ကြိမ်နှင့်ရိုက်ပါတယ်။ နောက်ပြန်မေး၊ ပြန်ဖြေရပါတယ်။ သူဖြေသမျှ ကျွန်တော်က ရေး၊ ထောင်မှူးလေးက သူ့ကိုယ်ရေးအကျဉ်းနှင့် တိုက်စစ်ဆေးရပါတယ်။

(မှတ်ချက်) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က အကျဉ်းဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများ ဖြစ်ပါတယ်။ ဒီနေ့အကျဉ်းဦးစီးဌာနလက်အောက်မှာရှိတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုတော့ မသိတော့ပါ။

ကိုကြွက်နီတို့ အဲ့ဒီစည်းမျဉ်းစည်းကမ်းတွေအားလုံး သင်ပြီးတာနှင့် လူသစ်ထောင်ဗာယာက ကြိမ်လုံးကို တစ်ချက်နှစ်ချက်ဝင့်ပြီး စ,မေးပါတယ်။

ကိုကြွက်နီက မတ်ရပ်ရပ်ပြီး လက်နှစ်ဖက်ယှက်ထားရပါတယ်။

"နာမည်"

"ကြွက်နီ"

"အဖေနာမည်"

"ဦးသိန်း"

"အလုပ်အကိုင်"

"လယ်လုပ်သား"

"ဘယ်မှာနေလဲ"

"ဂုံညင်းတန်းကြီးရွာ၊ ကြို့ပင်ကောက်မြို့"

"ဘာမှုဖြစ်လဲ"

"လူသတ်မှု"

"ထောင် ဘယ်နှနှစ်ကျသလဲ"

"ခုနစ်နှစ်"

ဒါက လူသစ်ပုံစံခန်း ထောင်ကျဗာယာကမေးလို့ ကိုကြွက်နီက ဖြေတာပါ။ ဒါဟာ မေးရိုးမေးစဉ်၊ ဖြေရိုးဖြေစဉ်ဆိုပါတော့။ ထုံးစံအတိုင်းဆိုရင်တော့ ဒါပြီးပါပြီ။

ဒါပေမဲ့ - ကိုကြွက်နီက ဘာထပ်တွန့်လာသလဲဆိုတော့ -

"ကျုပ် ထောင်ကျတာ နစ်နည်းတယ်ဗျာ။ ကျုပ်က ဒီလူသတ်မှုနဲ့ တစ်သက်တစ်ကျွန်းတို့၊ ထောင်တစ်သက်လွတ်ရက်မရှိတို့ ကျသင့်တယ်။ ဖြစ်နိုင်ရင် ကျုပ်ကိုသေဒဏ်ပေးသင့်တယ်"လို့ ပြောရင်း သူ့မျက်လုံးအိမ်ထဲက မျက်ရည်တွေ အဆက်မပြတ် စီးကျလာကြတော့တာပါပဲ။

ကိုကြွက်နီ စကား ကြားရတော့ လူသတ်မှုနှင့်ထောင်ကျလာတဲ့အတွက် သာမန်ထောင်ကျတွေရဲ့ အဖြစ်ဒဏ်ခံရပြီးတဲ့ နောက် ဖြစ်လေ့ဖြစ်ထရှိတဲ့ "နောင်တ" ရတဲ့အဖြစ်မျိုးပဲ ထင်ခဲ့တယ်။ ဒါကြောင့် သိပ်အလေးမထားလိုက်ဘူး။

"ကျုပ်သတ်လိုက်တာ မစဉ်းမစား ဖြစ်သွားတယ်။ ကျုပ်ဟာ လူမိုက်လူမိုက်ပါဗျာ"

သူက မျက်ရည်ကြားက ထပ်ပြောလာတယ်။

ဒါပေမဲ့ ဗာယာက -

"ဟေ့ကောင် - တော်တော့။ ဒီနေရာက မင်းအလွမ်းသယ်ရမယ့် နေရာမဟုတ်ဘူး။ ကိုယ့်နေရာကိုယ်ပြန်" လို့ ခပ်ထန်ထန်အမိန့်ပေးလိုက်တဲ့အတွက် ကိုကြွက်နီဟာ သူ့ကိုချပေးထားတဲ့နေရာဆီ ပြန်သွားရတယ်။

သူ ရင်ဖွင့်ချင်တဲ့စကားလေးတွေ ပြောပြခွင့်မရလိုက်ဘူး။ သူ့စကားထဲမှာ တော့ ပဟေဠိတစ်ခုပါသွားတာ ကျွန်တော် သတိထားလိုက်မိတယ်။

ဒါကြောင့် ကျွန်တော် ကိုကြွက်နီကို စတွေ့တဲ့နေ့မှာပဲ သတိထားလိုက်မိတာပါ။

ကိုကြွက်နီက အသက်တော့ သိပ်မကြီးလှသေးဘူး။ (၁၉)နှစ်ပဲ ရှိသေးတယ်။ အသားညိုညို၊ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံက ခပ်တောင့်တောင့်ပဲ။ ကျစ်လျစ်သန်မာတဲ့သဘောရှိတယ်။ ဒါပေမဲ့ - သူ ဘာကြောင့် လူမျော့လူညံ့တစ်ယောက်လို စိတ်ဓာတ်မနိုင်မာခဲ့သလဲဆိုတာ မသိဘူး။ တကယ်ဆို ဒီလူစားမျိုးဟာ စိတ်ဓာတ်ကြံ့ခိုင်သင့်တယ်။

ဒါကြောင့်ပဲ တစ်နေ့နေ့တော့ သူ့ကို မေးမယ်လို့ စိတ်ကူးထားတယ်။ ဒါပေမဲ့ ကိုကြွက်နီက နောက်တစ်နေ့မှာပဲ ပုံစံခန်းကနေ အဆောင်(၄)ဆီပြောင်းသွားရတဲ့အတွက် မမေးဖြစ်လိုက်တော့ဘူး။ နောက် အလုပ်ကြီးဘက် ရက်ကန်းရုံမှာ အလုပ်ကျတယ်လို့ကြားတယ်။ ဒီတော့ သူလည်း သူ့တာဝန်နှင့်သူ၊ ကျွန်တော်လည်း ကျွန်တော့်တာဝန်နှင့်ကျွန်တော်

www.burmeseclassic.com

ဆိုတော့ တွေ့ဖို့မလွယ်ဘူးဖြစ်သွားတာပေါ့။

ဒီလိုနှင့် ကိုကြွက်နီနှင့် ကျွန်တော် မတွေ့တာလေးငါးလလောက်ကြာသွားတယ်။ သူ့သတင်းကထောင်ထဲမှာသင်းနေတယ်။ ကိုကြွက်နီနှင့်ပတ်သက်ရင် သူနှင့်တွေ့တဲ့သူတိုင်းကို ကိုကြွက်နီက -

"ကျုပ်ထောင်ကျတာ နည်းတယ်ဗျာ၊ တကယ်ဆို - ကျုပ်က သေဒဏ်ကျသင့်တယ်" လို့ဆိုတဲ့စကား၊ အမြဲတမ်း ပြောလေ့ပြောထရှိကြောင်း ပြောကြတယ်၊ သူ့မျက်နှာကလည်း ဘယ်တော့မှ ရွှင်ရွှင်လန်းလန်းမရှိဘူးလို့ဆိုကြတယ်၊ စိတ္တဇသမားတော့မဟုတ်ဘူး။ ဒါပေမဲ့ စိတ်ဝေဒနာခံစားနေရတာကတော့ သေချာတယ်။

နောက်ထူးခြားတာတစ်ခုကအပြစ်ဒဏ်ကျခံရသူ ထောင်ကျသားတိုင်းဟာ ငွေကြေးတတ်နိုင်ရင် ရှေ့နေရှေ့ရပ်တွေနှင့်အပြင်အယူခံလိုက်ကြသလိုငွေကြေးမတတ်နိုင်သူတွေက အတွင်း အယူခံ လိုက်လေ့လိုက်လေ့ရှိကြတယ်။ မိမိတို့ရဲ့ မှုရင်းဖြစ်မှုမှန်လို့ပဲ ခံရခံရ၊ မမှန်ပဲ ခံရခံရ၊ အပြစ်ဒဏ်များလို့ပဲဖြစ်ဖြစ်၊ မိမိဖြစ်မှု စီရင်တဲ့ တရားသူကြီးတွေ (ထိုစဉ်က ပြည်သူ့တရားသူကြီးများ) မတရားဘူး ထင်လို့ပဲဖြစ်ဖြစ် ဘယ်လိုနည်းနှင့်ဖြစ်ဖြစ်အယူခံမလိုက်တဲ့သူအယူခံမတင်တဲ့သူမရှိဘူး။ အားလုံးနီးပါးအယူခံတင်ကြ အယူခံဝင်ကြတာချည်းပဲ၊

ဒါပေမဲ့ - ကိုကြွက်နီကတော့ အတွင်းရော၊ အပြင်ရော ဘာအယူခံမှ မလိုက်ဘူး။ အကယ်၍အယူခံဝင်လိုက်ရင် သူ့ကျခံနေရတဲ့အပြစ်ဒဏ်ကလျော့ပေါ့သွားမှာစိုးလို့လို့ သူက ဆင်ခြေပေးကြောင်း သူနှင့်နီးစပ်သူတွေက ပြောကြတယ်။

ဒါဆို - "ကျုပ်ထောင်ကျတာ နည်းတယ်ဗျာ" ဆိုတဲ့ သူ့စကားအတိုင်း ဆုံးဖြတ်တာ တကယ်မှန်နေသလိုပဲ။ ဘယ်သူမဆို အပြစ်ဒဏ်က လွတ်ချင်ကြတာချည်းပဲ၊ အပြစ်ဒဏ်ခံချင်ကြတဲ့သူ တစ်ယောက်မှမရှိလောက်ပါဘူး။ မိမိကျခံရတဲ့အပြစ်ဒဏ်ကလွတ်ချင်လွတ်၊မလွတ်တောင် လျှော့ပေါ့စေချင်ကြတာ မွေတာပါ။ သူက မွေတာကို ဆန့်ကျင်နေသူ၊ အားလုံးနှင့် ဆန့်ကျင်ဘက်သမားဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော် ကိုကြွက်နီအပေါ် အတော်စိတ်ဝင်စားမိတာပါ။ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် တွေ့ဖို့လည်း ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် သူ့အကြောင်းတွေကိုမေးချင်တယ်၊ သူ ရင်ဖွင့်လာမည့်စကားတွေကို ကြားချင်တယ်၊ နောက်ပြီး သူ့အကြောင်းလေးတွေကို စာရေးချင်တယ်။ ရေးခွင့်ရတဲ့အချိန်ပေါ့။

ဒါနှင့်ပဲ - အလုပ်ကြီးနားရက်တစ်ရက်မှာ ကျွန်တော် မိန်းဂျေးထောင်မှူးကြီး ဦးကျော်ငွေကို ခွင့်တောင်းပြီး ကိုကြွက်နီနှင့်တွေ့ဖို့အဆောင်(၄)ဆီကို ရောက်ခဲ့တယ်။

"အတော်ပဲဗျာ - ကျုပ်ကလည်း ကျုပ်အကြောင်းတွေကို ပြောချင်နေတာပါ။မေးတဲ့သူတွေရှိပေမယ့်ဂယနကာ တကယ်နားထောင်တဲ့သူမရှိဘူး။ခုတော့ ကျုပ် ခင်ဗျားကို ခရေစေ့တွင်းကျ ပြောမယ်၊ နားထောင်ဗျာ" လို့ ကိုကြွက်နီက ဝမ်းသာအားရပြောရင်း -

"တကယ်တော့ - ကျုပ်အဖြစ်က ဆန်းပါတယ်ဗျာ၊ ကျုပ်အပြစ်နဲ့ ကျုပ်အဖြစ်က နည်းနည်းမှမတန်ပါဘူး။ တကယ်ဆို - ကျုပ်ကျူးလွန်ခဲ့တဲ့ပြစ်မှုနဲ့ ပတ်သက်ပြီး ကျုပ်ထောင်ကျတာ နည်းတယ်ဗျာ၊ ထောင်တစ်သက်လွတ်ရက် မကျကို၊ သေဒဏ်တို့ကျခံသင့်တာပါ" လို့ အစချီရင်း သူ့ဇာတ်လမ်းလေးကိုအောက်ပါအတိုင်း ပြောပြပါတော့တယ်။

ကျုပ်က ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်အတွင်းမှာရှိတဲ့ ဂုံညင်းတန်းကြီးဆိုတဲ့ရွာကပါ။ ကျုပ်ရွာနားမှာ သဲကုန်းကြီးရွာတို့၊ သဲကုန်းလေးတို့၊ ဂုံညင်းတန်းလေးတို့၊ ငါးကျည်းတို့ဆိုတဲ့ရွာတွေရှိပါတယ်။ ကျုပ်အဖေက သဲကုန်းလေးရွာသားဖြစ်ပြီး အမေက ဂုံညင်းတန်းကြီးရွာသူဆိုပါတော့။

အဖေက ဂုံညင်းတန်းကြီးရွာ လယ်စာရင်းငှားလာလုပ်ရင်းလက်လုပ် လက်စား ကြုံရာကျပန်းလုပ်ရတဲ့အမေနှင့် အိမ်ထောင်ကျပြီး ဂုံညင်းတန်းကြီးမှာပဲ အခြေချနေထိုင်ပါတယ်၊ အဖေက လယ်စာရင်းငှားအလုပ်အပြင် လယ်နှင့်ရဲ့လှည်းတွေ၊ နွားတွေနှင့် တောတကျိုးမေခါက်စားနှင့်ထင်းတိုက်ဝါးတိုက်အလုပ်လည်း လုပ်ပါတယ်၊ အမေကတော့ အဖေနှင့် အိမ်ထောင်ကျပြီးဆိုကတည်းက ရာသီပေါ်အလုပ်တွေဖြစ်တဲ့ ကောက်စိုက်ကောက်ရိတ်ကလွဲလို့ အိမ်မှာပဲ





www.burmeseclassic.com

www.burmeseclassic.com

တာရီယာတွေလုပ်ရတာနှင့် ခါတိုင်းလို အလုပ်တခြားထွက်မလုပ်နိုင်တော့ပါဘူး။

အဖေနှင့်အမေ အိမ်ထောင်ကျပြီး သုံးနှစ်လောက်အကြာမှာ ကျုပ်ကိုမွေးတယ်လို့ ဆိုပါတယ်။

ကျုပ်က မွေးခါစက အသားတွေ တစ်ကိုယ်လုံး ရဲတွတ်နေတဲ့အတွက်လူတွေက ကျုပ်ကို ကြွက်နီလေး၊ ကြွက်နီလေးလို့ ခေါ်ကြတယ်လို့ အမေက ပြောတယ်။ အဲ့ဒီလိုခေါ်ကြရင်းမှ ကြီးတဲ့အထိ ကျုပ်နာမည် ကြွက်နီတွင်သွားတယ်ဆိုပါတော့။

ကျုပ်ကို မွေးပြီးကတည်းက အမေက နောက်ထပ်သားသမီး မမွေးတော့ပါဘူး။ ပြောရရင်တော့ သားသမီးဆိုလို့ အဖေနှင့်အမေ့မှာ ကျုပ်တစ်ယောက်တည်းရှိတာပါ။ အဖေနှင့်အမေဟာ သားလေးတစ်ယောက်တည်းမို့ကျုပ်ကိုလည်း အရမ်းချစ် အရမ်းအလိုလိုက်ကြတယ်။

ကျုပ် ငါးနှစ်သားအရွယ်ရောက်တော့ ရွာမူလတန်းကျောင်းမှာ ကျုပ်ကို ကျောင်းထားကြတယ်။ ကျုပ်နဲ့အတူ အဖေ့စာရင်းငှိုင်ဖြစ်တဲ့ ကျုပ်တို့မိသားစုရဲ့ကျေးဇူးရှင် အလုပ်ရှင် ဦးဖြိုးတုတ်ရဲ့ သမီးလေး မိတုတ်လည်း ပါတယ်လေ။ သူတို့မှာလည်း ဒီသမီးလေးတစ်ယောက်ပဲရှိတော့ ကျောင်းသွားကျောင်းပြန် ကျုပ်ကိုပဲ အဖော်လုပ်ခိုင်းတယ်။ ကျုပ်က ကျောင်းသွားခါနီးအိမ်သွားခေါ်၊ ကျောင်းအတူတူသွား၊ ပြန်တော့တစ်ခါအိမ်လိုက်ပို့ အဲ့ဒီလိုလုပ်ရတယ်။

မိတုတ်ဆိုတာက ကျုပ်နှင့်ရွယ်တူ၊ ကျုပ်က နည်းနည်းဝတယ်၊ မိတုတ်ကတော့ ငါးရံ့ကိုယ်လေး၊ ပိန်လည်း မပိန်ဘူး၊ ဝလည်းမဝဘူး။ ဒါပေမဲ့ - "မိတုတ်" ဆိုတဲ့နာမည်နှင့်လိုက်အောင် ခန္ဓာကိုယ်ကတော့ ခပ်တုတ်တုတ်ပဲ၊ မိတုတ်က အသားလတ်လတ်၊ မျက်နှာမျက်လုံးချော ချောရယ်၊ မျက်လုံးလေးတွေဆိုဝိုင်းစက် အိရွှန်းပြီး အရောင်တွေ တောက်နေတယ်၊ နှာတံလေးကလည်း စင်းနေတာပဲ၊ သူ့နှုတ်ခမ်းလေးတွေဆိုရင်လည်း သူများတွေပြောကြတာ နှင်းဆီအငုံလေးလိုပဲတဲ့။

ကျုပ်ကိုလည်းမိတုတ်ကခင်တယ်၊ ကျုပ်ကလည်းမိတုတ်ကိုခင်တယ်။ သားစားစား၊ သရေစီ သရေစာဆိုရင်လည်း အတူတူပဲ စားကြတယ်၊ အထူးသဖြင့်တော့ ကျုပ်တို့က ဆင်းရဲတော့ မိတုတ်ကျွေးတာကိုပဲစားရတာ များပါတယ်။

လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်သာရှိတဲ့ခေတ်မှာ "မြေပိုင်ရှင်" ဆိုတဲ့နာမည်မရှိတော့ပေမဲ့ "လယ်လုပ်သူ၊ လယ်လုပ်ပိုင်ခွင့်" လယ်တွေအများကြီး၊ ပြောရရင်တော့ "လယ်လုပ်ပိုင်ခွင့် ဧက (၁၀၀) လောက်ရှိထားတဲ့ ဦးကြီးဖြိုးတုတ်ဆိုတာက "မြေပိုင်ရှင်"ကြီးဆိုတဲ့နာမည် ပျောက်မသွားပါဘူး။ သူ့မှာ လယ်ယာလုပ်သားစာရင်းငှားတွေ အများကြီးရှိတယ်၊ ကျွဲတွေနွားတွေ အခြွေအရံတွေ အများကြီးရှိတယ်။ သူ့ဩဇာက ရပ်ကွက်ကျေးရွာအုပ်စုတွေမှာရှိတဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့်ပြည်သူ့ စစ်တွေအပေါ်မှာလည်း လွှမ်းမိုးတယ်။ လိုသလိုလည်း သူက ထောက်ပံ့တယ်၊ ကူညီတယ်။

ကျုပ်တို့မိသားစုဆိုရင်လည်း သူ့ ကျေးရှိန်အဝါ သူ့ဩဇာအောက်မှာပဲ ရှင်သန်နေရတာပါ။ ဒါကြောင့်အဖေနဲ့အမေက မိတုတ်ကိုဂရုစိုက်ဖို့၊ မိတုတ်ကကျေးဇူးရှင်ကြီးရဲ့သမီးဖြစ်လို့စောင့်ရှောက်ဖို့အမြဲတမ်းမှာလေ့ရှိပါတယ်။ ကျုပ်တို့မိသားစုမှာ့နေ့စ၊ မိုး.မိုးခလေးတွေနှင့် မထောင့်မတားနေနိုင်တာ ဦးဖြိုးတုတ်ရဲ့ကျေးဇူးကြောင့်ပါလို့ ပြောကြတယ်။

ကျုပ်နှင့်မိတုတ် လေးတန်းရောက်တဲ့နှစ်မှာတော့ အဖေ တောတက်ရင်း ငှက်မိပြီး ဆုံးသွားပါတယ်။ အဖေမရှိတော့ ကျုပ်လည်းကျောင်းဆက်မတက်နိုင်တော့ပါဘူး။ ကျောင်းက ထွက်လိုက်ရပါတော့တယ်။ ဒါပေမဲ့ - ကျုပ် ကျောင်းကထွက်လိုက်ရပေမယ့်မိတုတ်ကိုတော့ ကျောင်းပို့ကျောင်းကြိုအလုပ်ကို ဆက်လုပ်နေရပါတယ်၊ ကျောင်းပိတ်တဲ့အထိဆိုပါတော့ဗျာ။

နောက် ဦးကြီးဖြိုးတုတ်က -

"မိလွှန်း - နင့် သားလည်း မငယ်တော့ဘူး။ ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ်ရောက်နေပြီဆိုတော့ နွားတော့ကျောင်းနိုင်လောက်ပြီ။ နောက်နေ့ကစ ငါ့အိမ်မှာ နွားကျောင်းသားအဖြစ် အလုပ်ဝင်ခိုင်းပေရော့" လို့အမေ့ကို ပြောပါတယ်။

ဒီတော့ - အမေက ကျုပ်ကိုကျောင်းဆက်ထားရျင်ခဲ့သေးပေမယ့် မတတ်နိုင်တဲ့အခြေအနေမို့ဦးကြီးဖြိုးတုတ်ရဲ့စကားကိုပဲ နားထောင်လိုက်ရတယ်။ နောက်တစ်နေ့ကစ ကျုပ် နွားကျောင်းအလုပ် ဝင်လိုက်ရတယ်လေ။ မိတုတ်ကတော့

www.burmeseclassic.com

နောက်တစ်နှစ်ကစလေးတန်းအောင်ပြီး ကြို့ပြင်ကောက်မြို့မှ အခြေခံအထက်တန်းကျောင်းကြီးကို ဆက်တက်ရတယ်။

မိတုတ်က ကြို့ပြင်ကောက်မှာပဲ တည်းပြီး ကျောင်းတက်တယ်။ ကျောင်းပိတ်ရင် အိမ်ပြန်တယ်။

အိမ်ပြန်ရောက်တာနှင့် မိတုတ်က ကျုပ်နှင့်အတူ နွားကျောင်းလိုက်တယ်။ နွားကျောင်းရင်းလယ်ကန်သင်းတွေပေါ် ပြေးလွှားဆော့ကစားကြတယ်။ သီချင်းလေးတွေ တအေးအေးဆိုရင်း ပျော်မြူးခဲ့ကြတယ်။ တစ်ခါတစ်ရံ ငါးဆိုလမှာပွင့်တတ်တဲ့မြူးပန်းတွေ၊ ပုန်းညက်ပန်းတွေ ခူးနိုင်းလို့ခင်တန်းလေးဆီသွားပြီး ခူးပေးရတယ်။

ကျုပ်က ပန်းလေးတွေ ခူးပြီးတိုင်း မိတုတ်ရဲ့ခေါင်းမှာ ပန်ပေးလေ့ရှိတယ်။ အဲ့ဒီ့အခါတိုင်း မိတုတ်ကလည်း ခေါင်းလေးမော့လို့ကျုပ်ပန်ပေးတဲ့ပန်းတွေကို ကျေကျေနပ်နပ်နှင့် ပြုံးပြီးခံယူလေ့ရှိတယ်။ ဒီလိုနှင့်ပဲအချိန်တွေက တရွေ့ရွေ့ ကုန်မှန်းမသိ ကုန်ဆုံးကုန်ကြတယ်။ ကျုပ် (၁၈)နှစ်သားအရွယ် မိတုတ်က (၁၀)တန်းအောင်တယ်လေ။ တစ်နှစ်စောင့်ပြီး နောက်တစ်နှစ် မိတုတ်က တက္ကသိုလ်တက်ရမယ်။

တက္ကသိုလ်ဆိုတာ ကျုပ်က ကြား ဖူးရုံကြားဖူးတာပါ။ ဒါပေမဲ့ - တက္ကသိုလ် ဆိုတော့ မိတုတ်နှင့် ကျုပ် အဝေးကြီး ဝေးနေရမယ်။ အကြာကြီးခွဲနေရမှာမို့ ကျုပ် မိတုတ်နှင့် အဝေးကြီးဝေးပြီး အကြာကြီး ခွဲနေရမှာပါလားဆိုတဲ့ အတွေးတွေးမိတော့ကျုပ်ရင်ထဲမှာတစ်မျိုးကြီးဖြစ်သွားတယ်။ ဆို့တို့တို့ဟာတာတာကြီး။ နောက်ပြီး ငိုချင်သလိုလိုမျိုး တကယ်တော့ - ကျုပ်မိတုတ်ကို ချစ်နေမိတာပါ။

ကျုပ်ကိုကြည့်ပြီး ကျုပ်နောက် နွားကျောင်းလိုက်လာတဲ့မိတုတ်က -

"ကြွက်နီ - နင့်ကြည့်ရတာ တစ်မျိုးကြီး။ နင် ဘာဖြစ်နေတာလဲ" တဲ့ မေးတယ်။

သည်တော့ - ကျုပ်ကလည်း ရင်ထဲရှိတာ အရှိးခံအတိုင်းပဲ -

"မိတုတ်ရယ် - နင်တက္ကသိုလ်ထက်မယ်ဆိုတာဝမ်းသာပါတယ်။ ဒါပေမဲ့ - အဝေးကြီးမှာ နင်နဲ့ငါ အကြာကြီးတော့ ခွဲမနေချင်ပါဘူး။ အဲဒါတော့ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲဟာ။ ငါ ငိုချင်သလိုလိုပဲ" လို့ ပြောလိုက်တယ်။

ဒီတော့ မိတုတ်မျက်နှာလေးလည်း ညှိုးသွားတယ်။

"ဒီလိုပေါ့ - ကြွက်နီရယ်။ အကြာကြီး ခွဲတယ်ဆိုပေမယ့် ကျောင်းပိတ်ရင် ငါပြန်လာမှာပဲ" လို့ လေသံလေး ခပ်တိုးတိုးနှင့် ပြန်ပြောတယ်။

နောက် မိတုတ်က -

"ရလဲ - သွားသေးတာမှမဟုတ်ပဲ ကြွက်နီရယ်။ နင် စိတ်မကောင်းဖြစ်မနေပါနဲ့။ လာ၊ တို့ခင်တန်းဆီသွားပြီးပန်းတွေ ခူးကြမယ်နော်" လို့ပြောလို့ နှစ်ယောက်သား ခွေးရှူးလိုက်တမ်းကစားရင်း ညို့ ညို့ဆိုင်းဆိုင်း ခင်တန်းတောအုပ်လေးဘက် ပြေးခဲ့ကြတယ်။ မိတုတ်က ရှေ့က ကျုပ်က နောက်ကပေါ့။

အဲ့ဒီနေ့က ကျုပ်တို့နှစ်ယောက် ပန်းအခူးကောင်းလို့ကျုပ်နွားတွေ၊ ကျုပ် နွားတွေဆိုတာက အငှားကျောင်းရတဲ့ နွားတွေကိုပြောတာပါ။ ရွာနောက်ဘက် ကဦးဖော်ကြီးမျိုးခင်းကိုဝင်စားလို့ဦးကြီး မြို့တုတ်ကို အတိုင်ခံလိုက်ရတယ်။

ကျုပ်အထင်က - အင်း - ဦးကြီး မြို့တုတ်တော့ ကျုပ်ပြန်ရောက်ရင်ကျုပ်ကို ရိုက်တော့မှာပဲလို့ထင်တာ၊ ဒါပေမဲ့ တကယ်တော့ ကျုပ်ထင်သလိုမဟုတ်ဘူး။ ချို ရိုက်လည်းမရိုက်၊ မန်လည်းမမန်ဘူး။

ဒါပေမဲ့ - ကျုပ်နွားတွေသွင်းလို့အိမ်ပြန်ရောက်တဲ့အချိန်မှာ ဦးကြီးမြို့တုတ်တို့အိမ်မှာ အမေ့ကို တွေ့လိုက်ရတယ်။ အမေက မျက်နှာမကောင်းလှဘူး။ အိမ်ရှေ့ကပြင်လေးမှာထိုင်ရင်းစိတ်မကောင်းသလို ညှိုးညှိုးငယ်ငယ်မျက်နှာနှင့် ကျုပ်ကိုကြည့်နေတာ။

နွားတွေသွင်းပြီးလို့ ကျုပ်ပြန်ထွက်လာတော့လည်းအမေကမပြန်သေးဘူး။ ဒါနှင့် - ကျုပ်အမေ့ဆီကိုသွားတယ်။ အဲ့ဒီအချိန်မှာ ဦးမြို့တုတ်အိမ်ပေါ်က ဆင်း၊ အမေ့ဘေးမှာ ရပ်လိုက်တယ်။

"အမေ - ဘာလုပ်တာလဲ" လို့ကျုပ်ကမေးတော့ အမေက ဘာမှပြန်မပြောဘူး။

အဲ့ဒီအချိန်မှာပဲ ဦးကြီးမြို့တုတ်က -

"ငါခေါ်ထားတာ။ နွားတွေ ကိုဖော်ကြီးမျိုးခင်းတွေ ဝင်စားတာ ကန်ရောလို့ လာတိုင်တယ်။ စာရင်းငှားတစ်ယောက် လိုက်ကြည့်နိုင်းတော့ တကယ်ဟုတ်တယ် ပြောတယ်၊ ကိုဖော်ကြီးကလဲ

www.burmeseclassic.com

ကျေးရွာကောင်စီဥက္ကဋ္ဌကို တိုင်ပြီး အလျော်တောင်းတဲ့အတွက် မင်းနွားကျောင်းခ စပါး(၂၅)တင်းထဲက မင်းအမေကို ခေါ်ပြီး တင်း(၂၀)ပြည်သူ့ကောင်စီရှေ့မှာ လက်မှတ်ထိုးပေးလိုက်ရတယ်" လို့ ပြောပါတယ်။

"ဗျာ - ကျုပ်နွားကျောင်းခ စပါး(၂၅)တင်းထဲကတင်း(၂၀) လျော်လိုက်ရတယ်" လို့ ကျုပ်က ထပ်မေးလိုက်ပါတယ်။ ဦးကြီးဖြိုးတုတ်ရဲ့စကားက ကျုပ်နားထဲမှာ မိုးကြိုးပစ်လိုက်သလိုပဲ။ နောက်ပြီး - ရင်ထဲမှာလည်း စူးရှနာကျင်သွားတယ်။ နေ့မိုးဆောင်း တစ်နှစ်လုံး နွားကျောင်းလို့ရတဲ့လုပ်အားခစပါးလေး တစ်ထိုင်တည်းနှင့်ပြတ်သွားပါရောလား ဆိုတဲ့အသိက ကျုပ်ရင်ကို စူးရှနာကျင်သွားစေတာပါ။

"ဟုတ်တယ် - ကြွက်နီ။ ဒါမင်းလုပ်ငန်းကို မလေးစားလို့ဖြစ်ရတာ"

ဦးကြီးဖြိုးတုတ်က ဆက်ပြောပါတယ်။ သူ့အသံက အထက်စီးကပါ။ အေးစက်မာကြောနေတယ်။ မိုးကြိုးတွေဆက်တိုက်ပစ်နေသလိုပါပဲ။

ကျုပ်ကတော့ ဘာမှပြန်မပြောနိုင်တော့ပါဘူး။ ခေါင်းငိုက်စိုက်ကျသွားပါတယ်။

အဲ့ဒီအချိန်မှာ အမေက ကျုပ်ပခုံးကို လာကိုင်ပါတယ်။

"လူလေး - စိတ်မကောင်းမဖြစ်ပါနဲ့ လူကလေးရယ်။ နောင်ဒီလိုမဖြစ်အောင်ပဲ ကြိုးစားပေါ့။ နော် - လူလေး" လို့ အားပေးပါတယ်။ ဒါပေမဲ့ - ကျုပ်ကို အားပေးတဲ့အမေ့အသံတွေက တုန်ယင်တိုးတိတ်နေပါတယ်။ ကျုပ်ကြည့်လိုက်တော့ အမေ့မျက်လုံးအိမ်မှာ မျက်ရည်စလေးတွေနှင့်။

"အမေပြောတာကြားလားလူလေး။ စိတ်မကောင်းဖြစ်မနေနဲ့တော့နော်"

အမေက ထပ်ပြောပါတယ်။

"ဟုတ် - ဟုတ်ကဲ့ပါ - အမေ" လို့ ကျုပ်က အမေ စိတ်ချမ်းသာအောင် ပြန်ပြောလိုက်ပါတယ်။ ဒါပေမဲ့ - ကျုပ်အသံတွေကလည်း ထစ်ထစ်ငေါ့ငေါ့တွေနှင့်ပေါ့။

အဲ့ဒီအချိန်မှာ ကျုပ်ရဲ့အဖြစ်တွေကို စိတ်မကောင်းစွာ မိတုတ်တစ်ယောက် သူ့အဖေရဲ့ကိုယ်နှင့်ကွယ်ကြည့်နေတာ ကျုပ် သတိထားလိုက်မိပါတယ်။ ကျုပ်မသိမသာလှမ်းကြည့်လိုက်တော့မိတုတ်မျက်လုံးအိမ်ထဲမှာလည်း မျက်ရည်တွေဝိုင်းလို့လေ။

ဗဗ

ချွေသံကတစ်ဖြည်းဖြည်းနီးနီးလာတယ်။ ကျုပ်စိတ်ထဲရှိနေသူတွေလာပြီလို့ထင်လိုက်တယ်။ ကျုပ်တို့ကို တိတ်တိတ်ချောင်းသတ်မည့်သဘောပေါ့။ ဒါနှင့်ကျုပ်လည်း ဓားကိုတင်းတင်းဆုပ်ထားလိုက်မိတယ်။ တကယ့်တကယ်ရှိနေသူနှင့် ရင်ဆိုင်ရမည်ဆိုတော့ ကျုပ်ရင်တွေခုန်လာတယ်။ အသက်ရှူတွေမြန်ပြီး တစ်ကိုယ်လုံးရှိန်းရှိန်းဖိန်းဖိန်းနှင့် နတ်ပူးသလိုဖြစ်လာတယ်။



အမေနှင့်ကျုပ် အိမ်ပြန်လာတော့ မကြာခင်မှာပဲ မိတုတ် အထုပ်လေးဆိုက်ပြီး လိုက်လာတယ်။ သူ ကျောင်းဆက်မတက်တော့ဘူး။ ကျုပ်ကိုလည်း မခွဲနိုင်တော့ဘူး။ ခုဖြစ်ရတဲ့ကိစ္စကလည်း သူ့မန်းစူးခေါ်လို့ သူ့ကြောင့်ဖြစ်ရတာပါ။ သူစိတ်မကောင်းပါဘူး။ နင်ငါ့ကိုချစ်နေတာ နှစ်ဖွင့်မပြောပေမဲ့ ငါသိနေသလို နင်လည်း နင့်အပေါ်ငါချစ်တာတွေကိုသိနေတာပါ။ ဟန်မဆောင်လိုတော့ပါဘူး။ နင့်ရဲ့နာမှုတွေအတွက်ငါကြွေးပြန်ဆပ်ပါရစေလို့ ပြောပြီး တစ်နေရာဆီပြေးဖို့ ပြောပါတော့တယ်။

အမေနှင့်ကျုပ်ကတော့ မိတုတ်ကို မတော်မလျော်တဲ့အကြောင်း၊ ကျောင်းတက်မည့်ကိစ္စ ဆက်တက်ဖို့အကြောင်း ပြောကြပါတယ်။ ဒါပေမဲ့ - မိတုတ်က လုံးဝပြန်လှည့်မရတော့ပါဘူး။

ညဦးလေး နည်းနည်းနက်လာတဲ့ အချိန်ထိ မိတုတ်က ပြန်လှည့်မရဘူး။ ရှောလို့လည်းမရဘူး။ ဒါနှင့် - နောက်ဆုံးတော့ကျုပ်လည်းမိတုတ်ကိုအလေးထားမ

www.burmeseclassic.com

မှာရှိတဲ့တောင်ခြေရွာလေးတစ်ရွာကိုနိုး ပြေးခဲ့ပါတော့တယ်။ မထူးတော့ဘူးလေ။ မိတုတ် အဲ့ဒီအချိန်မှာ အိမ်ပြန်လို့လည်း မလွယ်လောက်တော့ဘူးမဟုတ်လား။

ကျွန်ုပ်နှင့်မိတုတ်လည်းတောင်ခြေရွာလေးမှာပဲ အခြေချလိုက်ပါတယ်။ ရွာနှင့် တော်တော်လေး အလှမ်းဝေးတော့ မိတုတ်မိဘတွေလည်း၊ ကျုပ်တို့ရှိတာ လွယ်လွယ် မသိနိုင်ဘူးပေါ့။ ဒီနေရာလေးက ကျုပ်တို့နှစ်ယောက်ရဲ့လွတ်မြောက်နယ်မြေလေးအဖြစ် သတ်မှတ်ပြီး အေးချမ်းပျော်ရွှင်စွာ နေခဲ့ကြတယ်။

ဒါပေမဲ့ - ကျုပ်တို့ထင်သလိုမဟုတ်မပါဘူး။ ဦးကြီးဖြိုးတုတ် မကြာခင်မှာပဲ ကျုပ်တို့သတင်းကို ရသွားခဲ့ပါတယ်။ ဒါနှင့် - ကျုပ်တို့လည်း နေရာပြောင်းဖို့ စဉ်းစားစီစဉ်ရပြန်တာပေါ့။ နောက်တစ်နေ့ပြောင်းမယ်ဆိုတဲ့ညမှာပဲကျုပ်တို့ကို ဖမ်းဖို့ ပြည်သူ့စစ်တွေ ရောက်လာလို့ ကျုပ်တို့နှစ်ယောက်လည်းညတွင်းချင်း ခြေကုန်သုတ်ပြေးခဲ့ကြရတယ်ဗျာ။ ကျုပ်တို့ ခပ်လှမ်းလှမ်းရောက်တော့ ကျုပ်တို့နေတဲ့တဲအိမ်လေးဆီက သေနတ်သံတွေကြားလိုက်ရပြီးမီးတောက်ကြီးတွေကို လှမ်းမြင်လိုက်ရတယ်။

နောက်မှသိရတာက ကျုပ်တို့နှစ်ယောက်ကိုခွဲပြီး ကျုပ်ကို အပြတ်ရှင်းဖို့ လူမိုက်တွေငှားလွှတ်လိုက်တယ်ဆိုတာ ပါပဲ။

ဒါနှင့် - ကျုပ်တို့လည်း ဘယ်နေရာရောက်ရောက် သတိလက်လွှတ်တော့ မနေတော့ဘူး။ ရောက်လေရာမှာ ကျုပ်နှင့်မိတုတ်တစ်ယောက်တစ်လှည့်ကင်းစောင့်အိပ်ကြတယ်။ ခပ်လှမ်းလှမ်းမှာရှိတဲ့ ယာတဲလေးက ဓားကြီးဆီကတောင်ယာခုတ်တဲ့ဓားလေးတစ်ချောင်းလည်းငှားထားတယ်။ ကင်းကျတဲ့သူကအဲဒီဓားလေးနှင့် ကင်းစောင့်ရတယ်။ သူ့အသက် ကိုယ့်အသက် လုရပြီဆိုရင် လက်မြှောက်အရှုံးပေးပြီးတော့ အသေမခံနိုင်ဘူးလေ။ ပြေးလို့လွတ်ရင်လွတ်၊ မလွတ်ရင် ရှိတာလေးနှင့် ကာကွယ်ရမယ်မဟုတ်လား။

ဒီလိုနှင့် တစ်ညမှာပေါ့။

ကျုပ် ကင်းစောင့်နေချိန်မှာ အပြင်ကနေ တဲဘက်ကိုလာနေတဲ့ခြေသံကို ကျုပ် ကြားလိုက်ရတယ်။ အဲ့ဒီညကမိုးတစ်လရဲ့လမိုက်ညမို့ ဘာအလင်းရောင်မှမရှိဘူး။ တောထဲ၊ တောင်ထဲဆိုတော့လည်း ဓာတ်မီးမရှိ၊ ဘာမရှိပေါ့။ ကြယ်လေးတစ်လုံးတလေတောင် မတောက်ဘူးလေ။

ခြေသံက တဖြည်းဖြည်း နီးနီးလာတယ်။ ကျုပ်စိတ်ထဲ ရန်သူတွေလာပြီလို့ ထင်လိုက်တယ်။ ကျုပ်တို့ကိုတိတ်တိတ်ရောင်းသတ်မည့် သဘောပေါ့။ ဒါနှင့် ကျုပ်လည်း ဓားကို တင်းတင်းဆုပ်ထားလိုက်မိတယ်၊ တကယ့် တကယ်ရန်သူနှင့် ရင်ဆိုင်ရမည်ဆိုတော့ ကျုပ်ရင်တွေ ခုန်လာတယ်၊ အသက်ရှူတွေ မြန်ပြီး တစ်ကိုယ်လုံး ရှိန်းရှိန်းဖိန်းဖိန်းနှင့် နတ်ပူးသလို ဖြစ်လာတယ်။ ဒါပေမဲ့ - ကိုယ့်စိတ်ကိုယ်တင်းပြီး အဆင်သင့်အနေအထားကို ဖြစ်ဖို့ကြိုးစားလိုက်တယ်၊

အဲ့ဒီအချိန်မှာပဲ လူရိပ်တစ်ခုက မည်းမည်းခနဲ တဲထဲဝင်လာတယ်။ ကျုပ်လည်း မထူးဘူးဆိုပြီး မျက်စိမှိတ်၊ ဓားနှင့်ပိုင်းချလိုက်တယ်ဗျာ၊ ဖြစ်ချင်ရာဖြစ် ဆိုပြီးတော့ပေါ့။ ကျုပ်ဓားနှင့် ခုတ်လိုက်ချိန်မှာပဲ ..."

"အမယ်လေး" ဆိုတဲ့ အသံယဲ့ယဲ့လေးထွက်လာပြီး "ဝုန်း - ဗုန်း" ဆို မြေပေါ် လဲပြိုပြုတ်ကျသွားတဲ့အသံ ကြားလိုက်ရတယ်။

အဲ့ဒီအချိန်မှာ ကျုပ်လည်း မိတုတ်ကို ကညင်ဆီမီးတိုင်လေးထွန်းဖို့ နှိုးလိုက်တယ်။ ဒါပေမဲ့ဘယ်လိုမှနှိုးမရဘူး။ ဒါနှင့် - ကျုပ်လည်း နှိုးမရတဲ့ အဆုံး မိတုတ်ရှိရာ စမ်းသွားတော့ မိတုတ်ကို အိပ်ရာထဲမှာ လုံးဝမတွေ့ရဘူး။ ဘုရား ဘုရား - ကျုပ် ဘုရားတလိုက်မိတယ်၊ ဒါဆို - ဒါဆို - မိတုတ် - တဲအောက် အပေါ့အပါးထသွားတာ ကျုပ်မသိလိုက်တာ။ နောက်ပြီးကျုပ် ကြောက်ကြောက်လန့်လန့်နှင့် လုပ်လိုက်မိတာ၊ ကျုပ် ကျုပ် - အသက်တစ်မျှအသည်းနှင့်ထပ်တူချစ်ရတဲ့ ကျုပ်ဇနီးလေး မိတုတ်ကို ကျုပ်ကိုယ်တိုင် သတ်လိုက်မိတယ်ဗျာ။ ကျုပ်သတ်လိုက်တာ၊ ကျုပ်အသည်းနှင့်အောင်ချစ်ရတဲ့ ကျုပ်ဇနီးကိုပါ၊ ကျုပ်ဇနီးလေးကိုပါ။

➳ နေဝန်းနီ



www.burmeseclassic.com

www.burmeseclassic.com

# မြမြလှိုင်
# ပါပကာရီဘော်ဒီးလမ်း



ရက်စက်သော
သားသတ်သမား၏ ဘဝနိဂုံး
စိတ်ဖောက်ပြန်ကာ မိမိမွေးထား
သောသားငယ်ကို ...

**"ဂျီဂျီ"**

"ဂျိုဂျို"

ဓားသွေးကျောက်ပေါ်တွင်ဓားသွေးနေသည့်အသံကို မခင်မေ ကြားနေရသည်။ ထိုဓားသွေးသံကို ကြားရလျှင် မခင်မေရင်ထဲ နင့်သွားလောက်အောင် ကိုခံစားရသည်။ ဓားကိုထက်သည်ထက်ထက်မြနေအောင် သွေးပြီဆိုလျှင် -

"ဒီနေ့ ရွာလယ်မှာ ဦးပန်းမောင်တို့ အလှူအတွက် ကျင်ခဲအိမ်မှာ ဝက်နှစ်ကောင်ပေါ်စရာရှိတယ်။ အပြန်မှာ ဟင်းထားလည်း ရမယ်၊ ပိုတာလည်းရောင်းရင်ပိုက်ဆံရမယ်။ အဲဒါ - ဒေါ်ပိန်မဆီက ဆန်နဲ့ ဆီငါးကျပ်သားလောက် အကြွေးဝယ်ထား။ ငါပြန်လာရင် ဝက်ထိုးခအတွက်ပိုက်ဆံရမယ်၊ အဲဒီအခါကျမှ ပေးမယ်လို့ပြောပြီးယူခဲ့ - ကြားလား"

ဓားငထွန်းက မိန်းမ မခင်မေကို ပြောလိုက်သည်။ ဓားကိုလည်း ဓားသွေး...ကျောက်ပေါ်တွင်ရေစက် ...တင်လိုက် သွေးလိုက်၊ ထက် ...မထက် မျက်လုံးတစ်ဖက် မှိတ် ...ကာ ကြည့်လိုက်၊ ဓားသွားကို လက် ...ညှိုးများတင်ကာစမ်းလိုက်လုပ်နေသည်။ စိတ်တိုင်းကျတော့မှ ဓားကို ပုဆိုးပိုင်းစဖြင့် ပတ်ထုပ်ပြီး ဗိနပ်ချွတ်နားတွင် ချထားလိုက်သည်။ ဓားကိုပန်းပဲဖိုတွင် သီးသန့်မှာပြီး လုပ်ထားသောဓားဖြစ်သည်။ ဓားမြှောင်လို လည်း မတို၊ ဇက်ကြီးတောင်ဓားလောက်လည်း မရှည်၊ တံတောင်နီးပါးလောက်တော့ရှိသည်။ ဓားခါးထိပ်များမှာ ချွန်မြနေသည်။ ဓားပြားမှာမကြီးသော်လည်း ထက်မြနေအောင်သွေးထားသည်။ ဓားငထွန်းသည် သူ့ဓားကို လွန်စွာမှ တန်ဖိုးထားသည်။

ဓားငထွန်း၏ ပုံပန်းသဏ္ဌာန်ကိုကြည့်လျှင် စက်ထန်ကြမ်းတမ်း၊ ရိုင်းစိုင်းမှုရှိမည်ကို သိသာနိုင်သည်။ အရောင်အဆင်းကို အမှန်အတိုင်း ခန့်မှန်း၍မရသော အကျႌနှင့်ပုဆိုး၊ အကျႌကြယ်သီးကိုလုံးဝတပ်လေ့ မရှိ၊ အမြဲတမ်း ရင်ဘတ်ဟပြရှိသည်။ ပုဆိုးမှာလည်း ဒူးအရင်းနားထိ ဝတ်ထားသလို အောက်ပိုင်းမှာတစ်ထွာခန့်ပြနေသည်။ ပုဆိုးကို ခါးတွင်ဝတ်ထားသော်လည်း ခါးပုံစ...



www.burmeseclassic.com

www.burmeseclassic.com

အောက်နားတွင်ပံ့ရုံထားသည်။ဦးခေါင်းရှိဆံပင်တို့မှာကြမ်းတော်ပြီး ဖွာလန်ကြဲနေသည်။

ညစ်ထပ်ထပ် ဦးထုပ်ကို ဆောင်းထားသည်။ အရောင်အဆင်းမှာ ပြောင်ပြောင်တင်းတင်းမရှိ၊ မျက်နှာက ကြမ်းတမ်းခက်ထန်သောအသွင်ကအမြဲတမ်းဖြစ်ပေါ်နေသည်။ မွဲခြောက်ခြောက်ညစ်ထပ်ထပ်အသားအရေတွင်မှည့်ခြောက်ထုထုပြိန်းပြိန်းက နေရာတွေ ယူထားသည်။ နှာခေါင်းပွပွ၊ ပါးစပ်ပြဲပြဲ၊ ကွမ်းချေးထနေသည့်သွား၊ အချိုက မည်းမည်း၊ သွားကျဲကျဲနှင့် ကြီးမားတုတ်ခိုင်သောခြေသလုံးသားတို့တွင် ပေါက်နေသောအမွေးအမှင်တို့မှာ မြင်ရသူအတွက် မသတီစရာ ကောင်းလှသည်။ တစ်ခါတစ်ရံ ခါးတွင် ဝတ်ထားသော ထိုပုဆိုးတိုတိုကိုပင် ခေါင်းဘက်ရှိ အစနှစ်ဖက်ကိုယူပြီး ခါးနှစ်ဖက်တွင် ထိုးထည့်ထားလိုက်သေးသည်။

မြင်ရသူတွေအတွက် မသတီစရာဖြစ်ပါစေ၊ ကိုကြင်ရွှေအဖို့မှာ ဓားငထွန်းကို လက်လွှတ်၍မရ၊ ဝက်သားလိုင်စင်ရထားသူဖြစ်သောကြောင့်ပင်၊ ဓားငထွန်းက ဝက်ကို သတ်ရာတွင် လွန်စွာလက်သည်သည်၊ လက်စလက်ကျကမှန်သည်၊ သေသပ်သည်၊ တွန့်ဆုတ်မှုမရှိ၊ ဝက်တစ်ကောင် မည်မျှပင် အရှိန်စီးပါစေ၊ ဓားငထွန်း၏ ဓားတစ်ချက်သည် ဝက်တစ်ကောင်ကိုဘဝပြောင်းစေသည်။ ဓားငထွန်းဝက်သတ်ရာတွင်သူ့အကြိုက်ကို လိုက်ပြီး လုပ်ပေးတတ်သည်။

"အတွင်းကလီစာ၊ အူ၊ အသည်းအစုံ သန့်သန့်လေးရအောင် လုပ်ပေးနော်"

"ရစေမယ် - ရစေမယ်"

အသိဉာဏ်နည်းသော အဟိတ်တိရစ္ဆာန်ဖြစ်သောဝက်တို့သည် ဓားငထွန်း သူတို့ရှေ့ဝက်ခြံတွင်းသို့ဝင်လာလျှင်တည်ငြိမ်မှုမရှိကြတော့ဘဲတအီအီအော်ကြသည်၊ ခြံပတ်ပတ်လည်သို့ လှည့်ပြေးကြသည်။

"တောက် - မသာလောင်းတစ်ကောင်"

ဓားငထွန်းလက်သည် လျင်မြန်ဖျတ်လတ်စွာပင် သူသတ်ရမည့်ဝက်၏လည်ပင်းဆီသို့ လက်သန်းလောက်ရှိနိုင်လွန်ကြိုးလုံးကို ကွင်းလျှိုကာ ဝက်၏လည်ပင်းဆီသို့ရအောင်စွပ်လိုက်သည်၊ ဝက်သည် လည်ပင်းအစ်၍ ခြေလေးချောင်းကို အားကုန်တွန်းကာ ရုန်းကန်ရှာသည်။

ဓားငထွန်းကလည်း ဝက်၏လည်ပင်းတွင် စွပ်ထားသောကြိုးကို တင်းနိုင်သမျှ တင်းအောင် ဆွဲသည်၊ ဝက်သည် မရုန်းနိုင်တော့ပေ။

"ကဲပေး - ကြိုးတွေ"

ရလာသောကြိုးနှင့် ဝက်ကောင်၏ခြေ၊လက်နှစ်ချောင်းတို့အားပူးချည်ကာ တုပ်သည်၊ ထို့နောက် ဝက်၏ပါးစပ်ကိုဖြဲကာ တုတ်တိုတစ်ချောင်းနှင့် ဝက်၏ပါးစပ်ကို ဟကာ ထောက်ထားလိုက်သည်၊ လှုပ်ရှား၍မရသော ဝက်လေးသည် ဓားငထွန်းလုပ်သမျှကို မျက်လုံးအိမ်မှ မျက်ရည်စတွေစီးကျကာ နာကျင်မှုဝေဒနာကိုအာခေါက်အတွင်းမှညည်းကာသာ နေရရှာသည်။

"ကဲ - ပေး - ရေနွေး - ပွက်ပွက်ဆူရဲ့လား"

ရေနွေးလာပေးသူလက်ထဲမှ ပွက်ပွက်ဆူနေသော ရေနွေးကရားအိုးကြီးကိုယူကာတုတ်ထောက်၍ဟထားသော ဝက်လေး၏ပါးစပ်အတွင်းသို့ဖြည်းဖြည်းချင်း လောင်းထည့်လေသည်၊ ဝက်၏ခန္ဓာကိုယ်တစ်ခုလုံးတွန့်သွားသည်၊လှုးလွန့်လှုပ်ရှားသွားသည်၊ ရေနွေးလောင်းထည့်သောကြောင့် အစာအိမ်၊ အူလမ်းကြောင်း၊ အူမကြီးနှင့် စအိုတို့မှာ အညစ်အကြေးတွေ ဆင်းကျလာသည်၊ အထပ်ထပ် လောင်းပြီးသည့်အခါတွင် ကိုယ်တွင်းမှ ရေနွေးဖြူတွေနှင့် အဆီများ ကျဆင်းလာသည်၊ ထို့နောက်ဝက်၏လည်ပင်းသို့ သူ၏ဓားထက်ထက်နှင့် ခုတ်ဆွဲပြီး လှီးချလိုက်သည်၊ ဝက်သွေးတို့ကျလာသည်၊ ကျလာသောသွေးကိုခံထားသည်၊ ခြေလက်တို့ကိုဖြတ်သည်။

ဝက်တစ်ကိုယ်လုံးအားရေနွေးဖြင့်လောင်းလိုက်သည်၊ ပြီးလျှင်အမွေးရိတ်လိုက်သည်၊ ဝက်ကို ဖျက်သည့်နေရာတွင်လည်း ဓားငထွန်းက ကျွမ်းသည်၊ အဆီအသား၊ အသားရှည်းသက်သက် အရိုးစုံ၊ နံရိုးပိုင်း၊ အခေါက်များသည့်အပိုင်း ဖြတ်စ၊ ခုတ်စကအစ ရသည်။

"ငထွန်းရေ - အတွင်းကလီစာတွေကို ဓားချင်တဲ့သူက မှာထားလို့၊ မင်းရှေ့လက်နှစ်ချောင်းနဲ့ နံရိုးတစ်တွဲ၊ ဟင်းအား



www.burmeseclassic.com

www.burmeseclassic.com

အတွက်ယူသွား။ ရော့-ဟောဒီမှာဝက်ထိုးဓါး"

စားငွေနှင်းဘဝတွင် ဘာမှမလို၊ ဟင်းစားရသည်။ တစ်ခါတလေ ကိုကြင်ရွှေသဖွဲ့၍ပေးလိုက်သည့်အရက်ဖြူတစ်လုံးပင် အဆစ်ပါသေးသည်။

ဝက်ကိုအသားမျိုးစီးအောင်လည်း စားငွေနှင်း လုပ်တတ်သည်။ ဝက်တစ်ကောင်အား ခြေလက်တုပ်ထားပြီး တိုင်တွင် ချည်နှောင်ထားပြီး ဝက်တစ်ကိုယ်လုံးအား တင်းပုတ်ဖြင့် နာနာရိုက်လေသည်။ ထိုအခါ အသားတို့သည် ကျယ်ပြန့်လာသည်။ ထိုဝက်ကိုတစ်ချက်တည်း ဓားချွန်ဖြင့် လည်မျိုကို တစ်ဖက်သို့ပေါက်အောင် ထိုးချပြီး ချဲ့လိုက်သည်။ ဝက်လည်ပင်းမှ သွေးတို့ ပန်းထွက်လာသည်။ သွေးကုန်သည့်အခါ ဝက်လည်းသေပြီ။ ရလာသော အတွင်းကလီစာ အူစုံ၊ အသည်း၊ စသည်တို့ကို ဝက်သွေး၊ အရက် ရောထည့်ပြီး ချက်စားလျှင် ပို၍အရသာရှိသည်ဟုထင်သည်။

ယခုလည်း စားငွေနှင်း ဝက်သွေး၊ ဝက်ခြေထောက်၊ ဝက်နံရိုးတွဲနှင့်အရက်တစ်ပုလင်း ဟင်းစားအမြည်းတွင်မက ပိုက်ဆံပါတစ်ထောင်တန်ငါးရွက် ရလာသည်။ ဟင်းတွဲကိုကိုင်ကာ အိမ်ပြန်ရာလမ်းတစ်လျှောက်တွင် ပုလင်းထဲမှ သူ့ရာ ရေရေလေးတစ်ငုံ မော့လိုက်၊ လေအတိုက်နှင့်အတူ ဦးခေါင်းက ငိုက်၊ ခြေလှမ်းတို့က ယိုင်၊ တစ်ပင်တိုင်မင်းသားကြီး အသွားရာ ယိမ်းကပြီးလာသည်။

"ဂုတ်-ဂုတ်-ဂုတ်"

"တယ်-ဒီမသာတွေ-ငါလုပ်လိုက်ရ-ဇက်မဖြစ်ချင်လို့-ဟင်း"

ခွေးတွေ ဟောင်ရာမှ ရပ်ကာ စားငွေနှင်းနှင့်ဝေးရာသို့ပြေးသွားကြသည်။ ခွေးတို့သည် အရက်သမားနှင့် ယှဉ်ပြိုင်ကာ မဟောင်ကြတော့ပေ။

"ဒီအချိန် ရောက်လာရင် နှော်ငွေနှင်းစိတ်တွေ ဖောက်ဖောက်လာတယ်"

ဩသြ အထစ်ထစ်အသံကြီးနှင့် အိမ်ပြန်လမ်းတစ်လျှောက် သူဆိုလာသည်။ ဝက်က အရှိန်စီးသည်။ အခေါက်ထူသည်။ ချက်ရသည်မှာ အခေါက်ထူသည့်အတွက် ပိုကြာ၊ ပိုပင်ပန်းသည်။

"အိမ်ကဟာမကို ဝက်နံရိုးကို သေသေချာချာ ချက်နိုင်းရမယ်။ ငရုတ်သီးနိုင်ချင်း၊ စပါးလင်နဲ့ဆို ရေစပ်စပ်လေးချက်။ ကိုကြင်ရွှေပေးလိုက်တဲ့ဒီအရက်နဲ့မြည်းရမယ်။ ဝက်လက်တစ်စုံကိုတော့ပြုတ်နိုင်းထားပြီး နောက်နေ့မှ ချဉ်ပေါင်အိုင်ချင်းနဲ့ နူးအိနေအောင် ချက်နိုင်းထားမယ်"

ဝမ်းစိုစို၊ အမူးပိုပို၊ တားဖို့အရေး စားငွေနှင်း စဉ်းစားလာခဲ့သည်။ ရွာလယ်လမ်းအတိုင်းအိမ်အထိလျှောက်ရသည်မှာ အနည်းငယ်အလှမ်းဝေးသေးသည်။ သူတို့ လင်မယားနေသည်က ရွာနှင့်အနည်းငယ်လှမ်းသော အစွန်အဖျားတွင် တဲထိုးကာနေသည်။ ရှေ့တစ်ခေါ်လောက်တွင် ရွာ၏သုသာန် ရှိသည်။

"မိန်းမရေ-ဟေ့-မိန်းမ-တယ်ဒီကောင်မ-ဘယ်ကိုသွားနေတာလဲ"

"လာပါပြီ-ကလေးကို နို့တိုက်နေလို့ပါတော်-တိုးတိုး။ ကလေးက ခုမှအိပ်သွားလို့"

"ကဲရော့-ငါပြောသလို ဆန်နဲ့ဆီအကြွေးယူထားလား၊ သွားပေးလိုက်။ ပိုက်ဆံပေးလို့ရှိရင် သူတို့သောက်စွက်က-ဖွီး"

အိမ်အတွင်းမှ ဖိုသီဖတ်သီ ထွက်လာသောဇနီးသည်အားငွေတစ်ထောင်ပေးပြီး ပြောလိုက်သည်။ စားငွေနှင်းက သူကိုယ်တိုင်ယူလာသော အသားစိမ်းများကို အိမ်နောက်ဘက်ရှိ ဝင်လေးပေါ်သို့တင်ထားလိုက်သည်။ မူးကလည်းမူး၊ မြူးကလည်းမြူးနေသည်။

ခါးတွင် အဝတ်စုတ်ပတ်ပြီး ထိုးယူလာသည့်ဓားကို ဖြုတ်ယူလိုက်သည်။ ကျောက်ရှေတ်ကျည်ပွေ့ကို အရှည်လိုက်ထားပြီး ဓားကို ပို၍ထက်လေအောင် သွေးလိုက်သည်။

"ဖလပ်-ဖလပ်-ဖလပ်"

"ဟ-ဘာလဲ-ရှုးတဲ့မှပဲ-တောက်တယ်-ဒီခွေးက ဘယ်ကလာပြီး လာရွဲ့ရသလဲလို့"

မည်သည့်နေရာမှပေါ်လာမှန်းမသိသောခွေးနက်တစ်ကောင်သည်ရေဆေးနေသည့်အူစုံတွဲအားဆွဲခါပြီးလုယူလိုက်သည်။ စားငွေနှင်းရင်ထဲတွင် ဒေါသတွေ ရှူဝေကာ တက်လာသည်။ ခွေးကို ထိလေသလား၊ မထိလေသလား မသိ၊ ဖြုတ်ကျကျန်ခဲ့သောအူတွဲကို ကောက်ယူပြီး ရေဆေးရန် လာခဲ့သည်။

www.burmeseclassic.com

"ဘုတ် - ဘုတ် - ဟီး - ဟီး"

"ဟ - သစ်ပင်ပေါ်ကဘာကောင်လဲကွ။ ငါလာမနှောင့်ယှက်နဲ့နော်၊ တားထွန်းရဲ့ဓားစာမိလို့ အူပွင့်သွားမယ်"

သူတို့နေသည့်တဲ၏ နောက်ဘက်တွင် စရေပင်၊ နှစ်ချို့အပင်ကြီးရှိသည်။ ပင်စည်ပင်စောက်ကကြီးသည်။ အရွက်တွေက အုပ်ဆိုင်းကာ မှောင်မည်းနေသည်။ အပင်က မြင့်၍ တားထွန်းတို့၏ တဲခေါင်မိုးပေါ်တွင်မိုးအုပ်ထားသလိုပင်။ ထိုအပင်ပေါ်မှ မည်းမည်းအလုံးတွေ တဖုတ်ဖုတ်နှင့် ကျလာသည်။

"ခင်မေ - ဟဲ့ - ခင်မေ - လာစမ်း"

စိတ်တိုတိုနှင့် တဲအတွင်းသို့ လှမ်းအော်ကာ ခေါ်လိုက်သည်။ တဲအတွင်းမှ မခင်မေ၏အသံ တိုးတိုးပြန်ကြားရသည်။

"အသံနဲ့မလုပ်နဲ့ - လူအရင်လာ။ ဒီမှာ နင့်လင်တွေ လာရှုပ်နေတယ်။ ငါ ဒေါသဖြစ်လာပြီ၊ ပုလင်းထဲမှာလည်း



ပွဲ - ဒီမိန်းမ - တယ် - သောက်စကားများတာပဲ။ ဒါငါကျွမ်းကျင်တဲ့ အလုပ်။ ငါ့ကိုဘယ်သူမှလိုက်ပြိုင်လို့ရဘူး။ သစ္စာပါဆိုတာလူကချွတ်မှကျွတ်တာ။ စကားမများနဲ့ငါ့ကိုအရက်ပုလင်းသယ်ခဲ့။

ကုန်ပြီ၊ ဖိုးတိုးတို့ဆိုင် မပိတ်သေးဘူး။ တစ်ပိုင်းလောက် သွားဆွဲဦးမယ်၊ အဲဒါတွေ ငါ ခုတ်ထစ်ထားပြီးပြီ၊ နင်ပဲ ဆက်ချက်လိုက်တော့"

နှုတ်မှမကြားဝံ့မနာသာကြမ်းကြမ်းတမ်းတမ်း ဆဲဆိုပြီး အရက်ဝယ်ရန် တားထွန်းထွက်သွားသည်။ မခင်မေကလေးနှိုက်ကာသိပ်ထားပြီးထွက်လာသည်။ တဲအိမ်၊ အကာထရံ၊ အမိုးဓနိ၊ ကြမ်းကိုဝါးကြမ်းခင်းထားသည့် အိပ်ခန်းလည်း ဒီနေရာ၊ ထမင်းစားလည်း ဒီနေရာ၊ အခင်းကြီးအခင်းလေးသွားချင်ရင် ချုံထဲကိုး၊ သည်လိုဘဝမျိုးတွေ မခင်မေက တားထွန်း၏ဇနီးမယားလာဖြစ်ရသည်။ အသားလတ်လတ်၊ ယဉ်စစ၊ ရိုးသားသောစရိုက်နှင့်လိုက်အောင် အပြောအဆိုယဉ်ကျေးသည်၊ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ရှိသည်၊ တားထွန်းနှင့် လိုက်ဖက်မညီသော ဇနီးမယားဖြစ်ရသည်။

မခင်မေ၊ ဟင်းတွဲတွေကိုအမြန်ရေဆေးပြီး ငရုတ်သီးလေးစိပ်ကွဲ အမြန်ထောင်းကာ ဆားများနယ်ပြီး ချက်ရန်မီးမွှေးပြင်ဆင်လိုက်သည်၊ ဟင်းအိုးကိုမီးပြင်းတိုက်သည့်အနေနှင့် ကောက်ထားသော စရေကိုင်းအခြောက်များကိုများများမီးထိုးလိုက်သည်၊ ပေကျံနေသော အိုး၊ ပန်းကန်တို့ကို ဆေးနေစဉ်နောက်နားဆီမှ ဟင်းအိုးအဖုံးဖွင့်သံကိုကြားလိုက်ရသည်၊ လှည့်ကြည့်သည်တွင်အမှောင်ထဲသို့အရိပ်တစ်ခုပြေးဝင်သွားသည်ကိုရိပ်ခနဲ တွေ့လိုက်ရသည်၊ သူတို့နေသည့် နေရာသည် ရွာနှင့်အလှမ်းဝေးသည်၊ ရွာထဲကလူတော့ မဖြစ်နိုင်၊ မည်သူများ ဟင်းခိုးစားသည်ကို မခင်မေ တွေး၍မရ ရှိသည်။

ဟင်းအိုးလည်းကျက်ပြီးအဝေးမှ လင်တော်မောင် တားထွန်း၏အရက်သံနှောသည့် အောက်ကလိအာသီချင်းဟစ်လာသံကို ကြားရသည်၊ ဝယ်လာသည့်အရက်ကို လမ်းတစ်လျှောက်လုံးသောက်လာခြင်းဖြစ်သည်။

"ခင်မေ - အေ့ - ဟဲ့ - ခင်မေ - ဟင်းချက်လို့ပြီးပြီလား"

www.burmeseclassic.com

အိမ်နားရောက်လာသည်နှင့်အသံကို ကြားရသည်။ ဖြစ်သလို ရိုက်ထားသော သစ်တိုသစ်စအဟောင်း၊ စားပွဲခုံလေးထောင့်အားအိမ်ခန်းထဲတွင်ချထားသည်။

"ပြီးပြီ - လာစားတော့"

နှုတ်ခမ်းသားတို့ မညီမညာ တွန့်ဖြတ်နေသော စားပွဲပေါ်တွင် ဆေးသားကင်းနေသည့် သံဇလုံတစ်ခု၊ ထိုအထဲတွင် နနွင်းနိုင်နိုင်၊ ငရုတ်စပ်စပ်ဖြင့် ချက်ထားသည့်ဝမ်းတွင်းသားဟင်း။

ထိုဟင်းတွေက ဇလုံထဲတွင် ပြည့်လျှံနေသည်။ မတိုက်မချွတ်လပေါင်းများစွာအိုးမည်းတက်ပြီးအိုးဖင်ချိုင့်နေသော ထမင်းအိုးထဲတွင်ဝါကျင်ကျင်ဆန်ကြမ်းထမင်းရှိသည်။ အိုးထဲတွင် အခဲလိုက်၊ အတုံးလိုက် မာကျစ်နေသည်။

"ကဲ - လာ - စားကြမယ်"

မူးမူးနှင့် ထမင်းဝိုင်း ဝင်ထိုင်ပြီး အော်ပြောလိုက်သည်။ နောက်ကျောဘက်က ရေအေးနှင့် ပက်လိုက်သလို အေးစိမ့်စိမ့်ဖြစ်သွားသည်။ ဟင်းဇလုံထဲမှ အသားဖတ်တွေ အောက်သို့ပြုတ်ကျသွားသည်။

"တောက် - တယ် - ဒီခွေးက လာ ဆွဲပြန်ပြီ"

မူးမူးရူးရူးနှင့် တောက်ကျယ်ကျယ် ခေါက်လိုက်ပြီး မိုက်မိုက်ရိုင်းရိုင်း ဆဲလိုက်သည်။

"ဟဲ့ - ခင်မေ - လာစားလေ"

"ဟင့်အင်း - မစားတော့ဘူး။ ကျွန်မစားပြီးပြီ။ ပဲလှော်ကို ကြက်သွန်နဲ့ ရောသုပ်ပြီး စားလိုက်တယ်"

"ဒီမိန်းမကလေ - ဟင်းနဲ့ ထမင်းနဲ့ တွေ့အောင်ကို မစားတတ်ဘူး။ ခွေးလိုပဲ၊ မင်းမစားလည်းနေ၊ ငါပဲ ကုန်အောင်စားမယ်"

"စားတာတော့ စားပေါ့တော်၊ ရှင့်ခါးက ဓားကိုလည်း ဖြုတ်ထားပါဦး။ မတော်တဆ - ထိမိမှဖြင့်"

"ဟော့ - ဒီမှာ စားထွေန်းတဲ့၊ ထွေန်းတို့ ဒီဓားနဲ့ လုပ်စားလာတာ ကြာပြီ။ ဘာမှထိစရာမရှိဘူး။ ဒီဓားက ငါ့ရဲ့အသက်ပဲ၊ ဒီဓားနဲ့ သတ္တဝါတွေကိုချွတ်ခဲ့တာ မနည်းတော့ဘူး။ ငါချွတ်ပေးလိုက်လို့ဝင်ရှကျွတ်သွားကြရရှာတာ။ အရက်ကိုလတ်လတ်ဆတ်ဆတ် သွေးနဲ့ ချက်ထားတဲ့ဟင်းကို အမြည်းလုပ်ပြီး သောက်ရတာလောက် အရသာရှိတာ မရှိတော့ဘူး"

လင်ဖြစ်သူ စားသောက်ပြီး ပြောနေပုံကို မခင်မေ ငေးကာကြည့်နေမိသည်။ သူ့တစ်ပါးအသက်ကိုမှ ရက်ရက်စက်စက် အာသာရမ္မက် ငမ်းငမ်းတက်ပြီး သတ်ဖြတ်စားတတ်သူ၊ လင်သားကို ပြောလည်း မပြောချင်၊ ပြောလို့လည်း ရတော့မည်မဟုတ်ပေ။

"ကိုထွန်းရယ် - ရှင် တခြားအလုပ်လေးဘာလေး ပြောင်းလုပ်ပါလား။ ဒီလောက် အကုသိုလ်များတဲ့အလုပ်ကို မလုပ်ချင်ပါနဲ့ရှင်"

"ဗွီ - ဒီမိန်းမ - တယ် - သောက်စကားများတာပဲ။ ဒါ ငါ ကျွမ်းကျင်တဲ့အလုပ်၊ ငါ့ကို ဘယ်သူမှ လိုက်ပြိုင်လို့မရဘူး။ သတ္တဝါဆိုတာ လူက ချွတ်မှ ကျွတ်တာ၊ စကားမများနဲ့ - ငါ့ကိုအရက်ပုလင်းပေးစမ်း"

ခင်မေသည် လင်သားဖြစ်သူအား အနားမှာရှိသည့်အရက်ပုလင်းကိုလှမ်းပေးလိုက်သည်။ ထို့နောက် သားလေးအနားသို့ ပြန်လာခဲ့သည်။ သားလေးသည် နှစ်နှစ်သားအရွယ်သာ ရှိသေးသည်။ မိခင်နို့ မပြတ်သေး။ မပီကလာ၊ ပီကလာတီတီတာတာစကားပြောတတ်သည့်အရွယ်၊ အလုပ်အကိုင်က သားသတ်၊ နွားသတ်၊ အစားကြူး၊ အရက်အမြဲတမ်းမူးနေသောအဖေနှင့်ရှာရှိုလျှောက်ကာ ဟင်းရွက်၊ တို့စရာ စသည်တို့ကို ရသလိုရှုးပြီးအရပ်တကာလည်၊ ကလေးကို ခါးထစ်ခွင်ချီပြီး လည်ရောင်းရသောအမေတို့မှ မွေးဖွားလာသော ရင်သွေးငယ်သားလေး။ အကျီအရောင်နွမ်းနွမ်း၊ ချုပ်ရိုးအရာနှင့် တိုတိုကျပ်ကျပ်၊ ရှိသည့်သုံးလေးထည်လောက်ကိုသာ အလဲအလှယ် ဝတ်နေရသည်။ ခါးကိုယ်အောက်ပိုင်းတွင် ဘောင်းဘီတိုလေးပင် ဝတ်စရာမရှိ၊ ဗလာနီတ္တိ။ ဟင်းလျာကို ခုတ်ထစ်၊ ချက်ပြုတ်ရင်းအချိန်ကာ နည်းလာသည်။ ညခုနဆည်းဆာပင် မရှိ၊ နေဝင်ချိန် ရောက်နေပြီ။

www.burmeseclassic.com

"ငါ့လည်း အစာကျွေးပါ"

ဈာစုတ်၊ ဈာကြမ်းပေါ်တွင် ပုဆိုးစုတ်ပိုင်းလေးခင်းကာ မျက်နှာသုတ်ပုဝါအဟောင်းကိုခေါင်းအုံးလေးလုပ်ပြီးအိပ်နေသောသားလေးသည်မခင်မေအနားသို့ရောက်လာလျှင်ရုတ်တရက်ထထိုင်လိုက်သည်။ လူကြီးအသံလေးလေးသြသြကြီးနှင့် မခင်မေကို ပြောလိုက်သည်။ သားလေး၏မျက်လုံးအစုံသည် နီရောင်သန်းသောမျက်သားနှင့် ပြူးကျယ်နေသည်။

"ဟင် - သားလေး - သားလေး ဘာပြောတာလဲ"

"ငါ့ကို အစာကျွေးပါ - ငါ့ကို အစာကျွေးပါ။ ငါ ဆာလှပြီ - ဆာလှပြီ၊ နင်တို့ ချည်းပဲ စားနေတာ"

ဈာကြမ်းပေါ်မှ ကုန်းထလာသည့် သားလေး၏မျက်နှာသည် ပွယောင်းယောင်းနှင့် မျက်ခွံတွေ မို့မောက်နေသည်၊ နှစ်နှစ်သားသာသာရှိသော ကလေးငယ်နှင့် လုံးဝမတူ။

"ကျွေးလေ - ကျွေး - ဘာငေးနေတာလဲ။ နင်တို့ကတော့ စားနေကြတယ် ဟုတ်လား"

ခြေလှမ်းကိုတစ်လှမ်းချင်းလှမ်းရာတွင် ခြေသံက ပြင်းပြင်း၊ ဝါးကြမ်းခင်းထားသည့် အိမ်တဲလေးမှာ သိမ့်သိမ့်ခါနေသည်။ ကလေးက မခင်မေကို ကျော်လွှားပြီး မားငထွန်း ထမင်းစားနေသည့်ဘက်သို့ ထွက်သွားသည်။

"ဟ - ဟ - ဘယ်ကကောင်လဲ၊ ငါ့ဟင်းတွေကိုလာနှိုက်စားတာ၊ ဖွီးတဲ့မှ ကဲကွာ - ကဲကွာ"

ခြေသံကြမ်းကြမ်းနင်းကာ မီမီ အနားသို့ ရောက်လာပြီး စည်းစိမ်ခံပြီး ဟင်းတစ်ဇော်စား၊ အရက်တစ်ခါ ငုံ့သောက်ကာ လောကကို အမေ့ကြီး မေ့အမူးကြီးမူးနေသူက သူ့စားအိုးကိုမပြောမဆိုနဲ့ ဆိုးဆိုးဆတ်ဆတ် ဟင်းခွက်လာနှိုက်သည်ကို ခံလိုက်ရ၍ ဒေါသက အမူးဒီဂရီကိုပိုတက်စေလာပြီးဘာကိုမှမမြင်း လက်ထဲရှိဓားနှင့် ထမင်းပန်းကန်ပေါ် စိုက်လာသည့်အရာကို မရှုးစမ်းတော့ပဲ သုံးလေးချက်ဆင့်ကာ ပိုင်းလိုက်သည်။

"အမလေးတော် - ကိုထွန်းရယ် ရက်စက်လိုက်တာ။ ရှင် - ရှင် - ဘာကို ကြည့်နေတာလဲ။ အဲဒါ - အဲဒါ - သား

[…]လေး - ရှင့်သားလေ - ကျွန်မတို့သား […]လေး"

မားငထွန်းပါးစပ်တွင် ဝက်၏ ဝမ်း […]ပိုင်းသား အစုတ်များက ရွတ်သီးရဲရဲ […]ဖိ : သူ့ပါးစပ်ထဲတွင် တန်းလန်းကြီးဖြစ် […]နေသည်။ ငထွန်း၏လက်ထဲတွင် သွေး […]တွေက ဓားနှင့်အတူ နီရဲနေသည်။ သွေး […]တွေက မြင်၍မကောင်းအောင် စီးကျနေ […]သည်။ မြင်လိုက်ရသည့်မြင်ကွင်းကို […]ကြည့်ပြီး မခင်မေ ရင်တုန်လာသည်။ […]ခေါင်းထဲတွင် နောက်ကျိလာသည်။ စိတ် […]ကို၊ တည်ငြိမ်အောင် ထိန်း၍မရ။

"ဟေး - ဝက်အကောင်လိုက် - ငါ […]ဂထဲမှာ သွားရောင်းမယ်"

မားငထွန်းသည် ဖြတ်လုတဲတဲ […]ခေါင်းနှင့်ကလေး၏ အလောင်းကို ခြေ […]ထောက်မှ စုံကိုင်ကာ ဖောက်ထိုးဆွဲ၊ […]ပေါ်တင်ပြီး အိမ်ပေါ်မှ စုန်ဆင်းကာ […]ရှုရှု အော်ဟစ်ကာ အမှောင်ထဲသို့ […]သွားလေသည်။

မခင်မေသည် အိမ်ထဲတွင် မော […]ရင်တုန်စွာဖြင့် ထိုင်ချလိုက်သည်။ […]ထဲတွင် ဆို့နင့်ကာ ကြေကွဲစွာ ခံစားရ […]သည်။ အသက်ရှူမရ မွန်းကြပ်နေသည်။

သားလေးအတွက် ဖော်ပြလို့မရနိုင်လောက်အောင်ကိုသည်းအူပြတ်မျှတုန်လှုပ်မိသည်။ အတိုင်းအဆမရှိဝမ်းနည်းရသည်။

မခင်မေ သိလိုက်ပါသည်။ ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့၊ ရတနာသုံးပါးဆိုတာ မည်သည့်အရာမှန်းမသိ၊ အကုသိုလ်အလုပ်နှင့်သာ ပျော်မွေ့နေသော ငထွန်းအတွက် အကုသိုလ်က ထက်ကြပ်ကပ်၍လိုက်လာပြီ။

"ခင်မေ - ခင်မေရေ - ခင်မေ"

မည်မျှကြာသွားသည်မသိ၊ မီးလင်းတိုင်များဖြင့် ရွာထဲက လူတွေ၏အသံကို ကြားရသည်။

"ခင်မေ - ဟဲ့ - ခင်မေ ရှိလား"

အိမ်ပေါ်သို့တက်လာပြီး ခရိုင်ယဲ့ယဲ့ယိုင်နဲ့နဲ့တဲအိမ်လေးသည် တက်လာသော လူအုပ်ကြီးအား အံကြိတ်ကာ နေရသည်။

"ခင်မေ - ခင်မေ"

ငူငူငိုင်ငိုင်ကြီးထိုင်လျက် အသက်ရှူရန်ကိုပင် မေ့နေသော မခင်မေအား အော်ပြီး လှုပ်ကာ သတိရအောင် လုပ်ရသည်။

www.burmeseclassic.com

"ခင်မေ - ခင်မေ - သတိထားလေ သတိထားဟဲ့"

ဒေသွးကွက်၊ ဒေသွးရည်တို့က အိုင်ထွန်းနေသည်။ ထမင်းဟင်းဖတ်တွေလည်း ပြန့်ကျဲလျက်ရှိသည်။

"နင့်ယောက်ျား ငထွန်း - ငထွန်း သူ့အကြောင်းပြောမလို့"

"အမလေး - သူ့အကြောင်း မပြောပါနဲ့။ သူ - သူ - သားလေးကို လည်ပင်းလှီးသတ်တယ် - သတ်လိုက်တယ်။ ဟီး - ဟီး - ဟီး - သိပ်ရက်စက်တဲ့သူ၊ လူမဆန်တဲ့သူ"

"အေး - ဟုတ်တယ်၊ သူ ရွာထဲမှာ ကလေးအလောင်းထမ်းပြီး လျှောက်ပြေးနေတာ"

"မပြောကြပါနဲ့တော့ - မကြားပါရစေနဲ့"

"ပြောတာကိုတော့ နားထောင်ဦးမှပေါ့ - ခင်မေရယ်၊ တို့လည်း စိတ်မကောင်းပါဘူး။ သူ့ခွားနဲ့သူ့လည်ပင်းကို ထိုးမိသလားမသိဘူး။ ရွာထိပ်က ကုက္ကိုပင်ကြီးအောက်မှာ လည်ပင်းမှာ ဓားစိုက်ရာ တန်းလန်းကြီးနဲ့ သေနေပြီ"

အကဲသိလိကြီးမားလှသည့်လူရမ်းကား။ လူကြမ်းစိတ်ကြမ်းသမားသေသတာကို မခင်မေ ဝမ်းနည်းပူဆွေးခြင်း မရှိ။ သားလေးကိုသာ နမျောတသမိသည်။

"ကျွန်မ သိပါတယ်၊ သူ့အကုသိုလ်က သူ့ကို အပြစ်ပေးလိုက်ပြီ။ ကျွန်မ ဘုရားရှိခိုး ဆွမ်းတော်တင်ရင်း သူ့အတွက် လုပ်ရကိုင်ရတာ အဆင်မပြေဘူးဆိုပြီး အမြဲတမ်းဓားကြိမ်းကြိမ်းတာ။ အိပ်တော့မှပဲ သူမသိအောင် ဘုရားရှိခိုးရတာ"

အသုဘကိစ္စအတွက် ရွာကပင် စီစဉ်ပေးမည်ဟု ပြောသည်။ မခင်မေ တစ်ယောက်တည်းဖြစ်နေ၍နောက်နေ့ကစပြီးရွာထဲတွင်လာနေဖို့ရွာကလူကြီးတွေက ပြောသွားသည်၊ လက်ကျန်ရေဆီထည့်ထားသော မှန်အိမ်လေးကို မီးထွန်းလိုက်သည်။ မှိန်ပျပျအလင်းရောင်အောက်တွင် မခင်မေ၏ မျက်လုံးအစုံသည် စိတ်သွားရာကို လိုက်ပါနေသလို ငူငူငိုင်ငိုင်ဖြစ်နေသည်။ ညဉ့်က နက်လာသည်။ မခင်မေ အိပ်၍မပျော်မည့်အတူ တူရသမျှ ဘုရားစာကိုထိုင်ရွတ်နေသည်။

"ခင်မေ - ခင်မေရေ - ငါ့ကိုကယ်ပါဦး။ ဝက်ကြီးတွေ - ဝက်ကြီးတွေ သူတို့ အစွယ်တွေနဲ့ ငါ့ကို လိုက်ထိုးနေကြတယ်။ ငါ့ တစ်ကိုယ်လုံး သွေးတွေနဲ့ နာလိုက်တာ - ခင်မေရယ်"

နားထဲတွင် ပီပီသသ ကြားရပြီး မျက်စိထဲတွင်လည်း ထင်လာမြင်လာသလိုပင်။ ပတ်ပတ်လည်တွင် အဝတ်မဲ့ခန္ဓာကိုယ်၊ သွေးသံရဲရဲနှင့် ဓားငထွန်း ပြေးလွှားနေသည်၊ ခန္ဓာကိုယ်မည်းမည်း အစွယ်ဖွေးဖွေးရှိသော ဝက်ကြီးတွေသည် ဓားငထွန်း၏နောက်သို့ထက်ကြပ်မကွာ အပြေးလိုက်နေကြသည်။

>>→ မြမြလှိုင်

## ကုန်ရောင်းကုန်ဝယ် ဟန်ကျ/မကျ

အသက်ကို တည်၊ မိမိနံကိုရော၊ ရောင်းမည့် ကုန်နံကိုပေါင်း ၈ ဖြင့်စား၊ ကြွင်းရင်ဝယ်၊ မြတ်မယ်။
၄၅ - နှစ်၊ အင်္ဂါသား၊ ဆီဝယ်ချင်တယ်ဆိုပါစို့။
၃ = မွေးနံ
၃ = ကုန်နံ

၆
၈ | ၅၁
၄၈
၃ (၃)ကြွင်းမမြတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဝါရီလ ၏ညတစ်ည၊ အချိန်ကား ည (၉း၃၀)ခန့် ...။
ဆိတ်ငြိမ်ရပ်ကွက်တစ်ခုအတွင်းသို့ ကားလေးတစ်စီးက ငြိမ့်ငြောင်းစွာ မောင်းဝင်လာပြီး လမ်းသွယ်လေးတစ်ခု၏ထိပ်တွင် ရပ်လိုက်သည်။ ခေတ်ဆန်စွာ ဝတ်စားပြင်ဆင်ထားသော မိန်းကလေးတစ်ယောက် ကားပေါ်မှ ဆင်းလာသည်။

"Goodnight ဦး၊ See you tomorrow"

ကောင်မလေးရဲ့ချိုပျစ်ပျစ်နှုတ်ဆက်သံအဆုံးမှာ ကားလေးက ထိုနေရာမှ ပြန်လည်မောင်းထွက်သွားသည်။ ကောင်မလေးက စလင်းဘတ်အိတ်ကို ပခုံးတွင်လွယ်လိုက်ရင်းလမ်းသွယ်လေးထဲ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

လမ်းပေါ်တွင်လူတစ်ယောက်မှမရှိတော့သော်လည်း လမ်းဘေးမှ အိမ်များက မီးလင်းနေဆဲ၊ လှုပ်ရှားသွားလာနေကြဆဲမို့ သိပ်တော့ တိတ်ဆိတ်မနေပါ။ သို့သော် လမ်းထောင့်ချိုးမှ စာကြည့်တိုက်အဟောင်းကြီးနားတွင်တော့လမ်းမီးပျက်နေသဖြင့် အနည်းငယ် မှောင်မည်းကာ လူသူရှင်းပြတ်တိတ်ဆိတ်နေသည်။

သူမ၏အိမ်ကိုရောက်ရန် ထိုလမ်းထောင့်ချိုးမှ ကွေ့သွားရမည်ဖြစ်သည်။ သူမက သွားလာနေကျနေရာမို့ သိပ်ထူးခြားကြောက်လန့်ဟန်မတူဘဲထိုနေရာမှ ခပ်မှန်မှန်ပဲ ဖြတ်လျှောက်လာခဲ့သည်။ ထိုစဉ်မှာပင် ...

စာကြည့်တိုက်ဟောင်းကြီးနောက်မှ အရိပ်တစ်ခုက ရုတ်တရက်ထွက်လာကာ သူမကိုနောက်မှ သိုင်းဖက်ချုပ်ကိုင်လိုက်သည်။

"အား ..."

သူမက အံ့ဩတုန်လှုပ်စွာ အော်ဟစ်လိုက်သော်လည်း ပါးစပ်ကို ဖိအုပ်ထားသော ထိုသူ၏လက်တစ်ဖက်ကြောင့်ဘာသံမှထွက်မလာခဲ့၊ ထိုသူက သူမကို အတင်းဖမ်းချုပ်ကာ စာကြည့်တိုက်ဟောင်း၏ နောက်ဘက် အမှောင်ထုထဲသို့ ဆွဲခေါ်သည်။

"အု - ဝူး"

သူမက အတင်းကုတ်ဖဲ့ ရုန်းကန်သော်လည်း အလွန်သန်မာလှသောထိုသူလက်များထဲတွင်သူမ၏ခန္ဓာကိုယ်က အရုပ်ကလေးတစ်ရုပ်လို ပါသွားသည်။ စာကြည့်တိုက်နောက်ဘက်မှ အမှောင်ထုထဲသို့ရောက်တော့ ထိုသူက သူမဦးခေါင်းကို ချုပ်ကိုင်ကာ စာကြည့်တိုက်နံရံဖြင့် ပြင်းထန်စွာ ဆောင့်လိုက်သည်။

"အား ..."

ပြင်းထန်သောနာကျင်မှုကြောင့် သူမခေါင်းထဲ ပြာဝေမှုးမိုက်ကာ ခန္ဓာကိုယ်က ပျော့ခွေညွတ်ကျသွားသည်။ ထိုသူက စာကြည့်တိုက်နောက်မှ ချုံပုတ်တွေထဲသို့ သူမကို ဆွဲခေါ်သွားသည်ကို ခံစားသိရှိနေသော်လည်း လှုပ်ရှားရုန်းကန်နိုင်စွမ်း မရှိတော့ပါ။

မြေပြင်ပေါ် ပက်လက်လဲကျနေသော သူမပေါ်သို့အရိပ်မည်းကြီးက အုပ်မိုးလာသည်၊ သူမနှင့် တဖြည်းဖြည်း နီးကပ်လာသော စူးရဲတောက်ပသောမျက်လုံးအစုံကို ဝေဝါးပျက်စွာ မြင်လိုက်ရစဉ်မှာပင် သူမ၏လည်ပင်းဆီမှ စူးရှပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရလေသည်။

"အား ..."

⊛⊛⊛

"တီ - တီ - တီ - တီ - တီ - တီ"

မင်းမြတ်သည် ဒုရဲအုပ်ဆိုသော ရာထူးကိုစွန့်လွှတ်ကာအရင်းနှီးဆုံးမိတ်ဆွေဖြစ်သော ဒေါက်တာဖော်လတ်နှင့် အတူ မနက်စာစားနေစဉ်မှာပင် သူ့ဟန်းဖုန်းက မြည်လာသဖြင့် စိတ်ထဲ ထင့်ခနဲဖြစ်သွားရသည်၊ သူတို့လို ရဲတွေအတွက်ဖုန်းမြည်သံကရာဇဝတ်မှုတစ်ခု၏ သတင်းပဲဖြစ်နိုင်သည်မဟုတ်လား။

"ဟယ်လို"

"... ... ... ... ... ..."

"ဟုတ်ကဲ့ - ကျွန်တော် ချက်ချင်းသွားလိုက်ပါ့မယ်"

မင်းမြတ်က လိပ်စာကိုစိတ်ထဲတွင် သေချာမှတ်ပြီး ဖုန်းချလိုက်သည်။ ဒေါက်တာဖော်လတ်ကကော်ဖီသောက်ရင်းမှ သူ့ကို တစ်ချက်လှမ်းကြည့်ပြီး -

"ကံကောင်းထောက်မလို့ Homicide (လူသတ်မှု)တော့ မဟုတ်ပါဘူးနော်"

ဒေါက်တာဖော်လတ်စကားကြောင့် သူက စိတ်မသက်သာစွာ ပခုံးတွန့်လိုက်ရင်း -

"ကျွန်တော်တို့ ကံမကောင်းဘူးထင်တယ် - ဒေါက်တာရေ"

ဟု ပြောလိုက်သည်၊ အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရသည်ဟု စခန်းမှ အကြောင်းကြားလာသည် မဟုတ်လား။

ထို့နောက်မှာတော့ သူတို့နှစ်ယောက် ဒေါက်တာဖော်လတ်၏ကားလေးဖြင့် အခင်းဖြစ်နေရာသို့ ထွက်လာခဲ့ကြလေသည်၊ အခင်းဖြစ်နေရာဖြစ်သော ရပ်ကွက်အတွင်းသို့ ကားကို မောင်းဝင်လာရင်းမှ ဒေါက်တာဖော်လတ်က မျက်မှောင်ကြုတ်လိုက်ရင်း -

"ဒီရပ်ကွက်ကိုကျွန်တော်သိသလိုပဲ၊နေပါဦး - လွန်ခဲ့တဲ့တစ်လလောက်က မိန်းကလေးတစ်ယောက်အသတ်ခံရတဲ့ အမှုကလည်း ဒီရပ်ကွက်မှာ ဖြစ်ခဲ့တာ မဟုတ်လား"

"သေချာတာပေါ့ - ဒေါက်တာ၊ ကျွန်တော်ခန့်မှန်းကြည့်ရင်တော့အခု တွေ့တဲ့အလောင်းကလည်း အဲဒီမိန်းကလေးသေဆုံးခဲ့သလိုပုံစံပဲဖြစ်ချင်ဖြစ်နေမှာ"





www.burmeseclassic.com

www.burmeseclassic.com

သူက စိတ်ထဲမှ အလိုလိုခန့်မှန်းမိခြင်းဖြစ်သော်လည်း သူ့ခန့်မှန်းချက်များ မှန်ကန်နေသည်ကို အခင်းဖြစ်နေရာသို့ ရောက်တော့မှ သိရလေသည်။

အခင်းဖြစ်နေရာမှ လမ်းထောင့်ချိုး တစ်ခုတွင်တည်ရှိသော စာကြည့်တိုက် ဟောင်း၏ နောက်ဘက်တွင် ဖြစ်သည်။ အလောင်းမှာ စာကြည့်တိုက်နောက် ဘက်မှ ချုံပုတ်ထဲတွင် ပက်လက်အနေ အထားဖြင့် ရှိနေသည်။

မင်းမြတ်က အလောင်းအနီးသို့ တိုးကပ်လာကာ သေချာကြည့်မိသည်။ သေဆုံးသူမှာ အသက်(၂၀)ကျော်ခန့် မိန်းကလေးတစ်ယောက်ဖြစ်ပြီး အဝတ် အစားဝတ်ထားပုံက ခေတ်ဆန်ရဲတင်း လွန်းလှသည်။ လည်ပင်းတွင် အစွယ်ရာ လို့ အပေါက်နှစ်ပေါက် တွေ့ရပြီး ထိုဒဏ် ရာက သေဆုံးခြင်း၏ အဓိကအကြောင်း ရင်း ဖြစ်သည်။ ထိုဒဏ်ရာမှထွက်သော သွေးများက အလောင်း၏ ပတ်ဝန်းကျင် တွင် အိုင်ထွန်းနေကာ ယခုတော့ အချိန် ကြာမြင့်လာဟန်ဖြင့် သွေးများက ခဲ့ခဲ နေခဲ့ပြီ။

ညကတည်းက သေဆုံးခဲ့ဟန်ဖြင့် အလောင်းက အေးစက်တောင့်တင်းနေ သည်။ ခန္ဓာကိုယ်ထဲတွင် သွေးများ လုံးဝ မရှိတော့ဟန်ဖြင့် အသားအရေက ဖြူ ဖျော့ခြောက်ကပ်နေသည်။ သူက စိတ် မသက်မသာဖြင့် သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း အလောင်း၏ ဦးခေါင်းကို အနည်းငယ် စောင်းလှည့်ကာ ကြည့် လိုက်သည်။ သူ့ခန့်မှန်းသလိုပင် ဦးခေါင်း တွင် ပွန်းပဲ့သွေးစို့နေသော ဒဏ်ရာတစ်ချို့ ကို မသိမသာတွေ့ရလေသည်။

"ခင်ဗျားထင်တာ မှန်နေတာပဲ ကိုမင်းမြတ်"

ဒေါက်တာဇော်လတ်က သူ့ဘေး တွင် လာရပ်ရင်း ပြောသည်။ သူက အလောင်း၏လည်ပင်းမှ အပေါက်နှစ် ပေါက်ကို သေချာကြည့်ရင်း -

"နောက်တစ်ခုထပ်ပြီး ခန့်မှန်းရဦး မလား - ဒေါက်တာ။ ဒီအမှုနှစ်မှုလုံးက လူ့သတ်သမားတစ်ယောက်တည်းရဲ့ လက်ချက်လို့ ကျွန်တော်တော့ ထင် တယ်"

သူကပြောရင်းမှ တင်းကြပ်တောင့် တင်းစွာ ဆုပ်ကိုင်ထားသော အလောင်း ၏လက်တစ်ဖက်ကို ခက်ခက်ခဲခဲဖြေကာ လက်ဖဝါးထဲမှတစ်စုံတစ်ရာကို ယူလိုက် သည်။ အညိုရောင်ဖျော့ဖျော့ဆံပင်တချို့ ဖြစ်သည်။

"ဟာ - ဟုတ်သားပဲ။ ဟိုမိန်းကလေး သေတုန်းကလည်း သူ့ကိုယ်ပေါ်က ဒီလို အရောင်ဆံပင်မျိုး တွေ့ရတယ်နော်"

"DNA စစ်ကြည့်ရင်တော့ သေချာ သိလာမှာပေါ့ဗျာ"

ထိုစဉ်မှာပင် ရဲသားလေးတစ် ယောက်က သူ့ထံ ရောက်လာပြီး -

"စာကြည့်တိုက်နံရံနားက တွေ့တာ ပါ - ဆရာ။ သေဆုံးသူရဲ့အိတ်လို့ ထင်ပါ တယ်။ သူက ရဲသားလေးလှမ်းပေးသော အညိုရောင်သားရေလက်ကိုင်အိတ်ကို လှမ်းယူလိုက်သည်။ အိတ်ကိုဖွင့်ကာ စစ်ကြည့်လိုက်တော့ မိန်းကလေးများ၏ ထုံးစံအတိုင်း အလှအပ ပစ္စည်းများနှင့် ငွေအနည်းငယ်၊ မှတ်ပုံတင်၊ ဟန်းဖုန်း စသည်တို့ကို တွေ့ရသည်။ သူက မှတ်ပုံ တင်ကို ဖတ်ကြည့်တော့ သေဆုံးသူ၏ အမည်မှာ ဇင်မီကိုဖြစ်ပြီး အသက် (၂၀) နှစ်ဟု သိလိုက်ရသည်။

"သေဆုံးသူရဲ့ မိသားစုဝင်တွေ ဒီနားမှာရှိလား"

"သူ့အဒေါ်ဆိုတာတော့ ရှိတယ် ဆရာ။ ကောင်မလေးမှာ မိဘတွေ မရှိ တော့ဘဲ - အဲဒီအဒေါ်နဲ့ အတူတူနေတာ လို့ပြောတယ်"

သူက သေဆုံးသူ ဇင်မီကို၏အဒေါ် ဒေါ်ဝင်းရီကို ခေါ်တွေ့ကာ ဇင်မီကို အကြောင်း မေးရသည်။ ဒေါ်ဝင်းရီ၏ပုံစံ မှာ ဇင်မီကို သေဆုံးမှုကို အံ့ဩတုန်လှုပ် နေသည်မှလွဲ၍ သိပ်ပြီးဝမ်းနည်းကြေကွဲ ပုံ မရပါ။

ဇင်မီကိုက စတိုးဆိုင်တစ်ဆိုင်တွင် အရောင်းဝန်ထမ်းဖြစ်ပြီး ညဘက်မှာ တော့ စားသောက်ဆိုင်တစ်ဆိုင်တွင် သီချင်းဆိုသည်ဟု သိရသည်။ ဇင်မီကို က သူ့တို့ရပ်ကွက်ထဲမှာလည်း နာမည် ကောင်းရှိသူ မဟုတ်ပေ။ ဒေါ်ဝင်းရီက လည်း တူမဖြစ်သူကို သံယောဇဉ် သိပ် ရှိပုံ မရပါ။

"ဇင်မီကိုက ညကတည်းက သေ ဆုံးနေတဲ့ပုံစံ။ ဒေါ်ဝင်းရီနဲ့ ဇင်မီကိုက တစ်အိမ်တည်းနေတာမဟုတ်လား။ ညက သူ အိမ်ပြန်မလာတာ - ဒေါ်ဝင်းရီ မသိဘူးလား"

"ညကအိမ်ပြန်မအိပ်တာတော့ သိ ပါတယ် - ဆရာ။ ဒါပေမဲ့ - ဓါတိုင်းလည်း သူ့သူငယ်ချင်းအိမ် လိုက်အိပ်မယ်ဆိုပြီး တစ်ခါတလေ ပြန်မလာတတ်တော့ စိတ်မပူမိဘူး။ ဒီလိုဖြစ်မယ်လို့လည်း လုံးဝမထင်မိပါဘူး - ဆရာရယ်"

www.burmeseclassic.com

"သူသီချင်းဆိုတဲ့စားသောက်ဆိုင်ကဇယ်ရီနဲ့ လိုက်မပို့ဘူးလား"

"လိုက်ပို့ပါတယ်၊ ဒါပေမဲ့ - သူကဇယ်ရီနဲ့ ပြန်လာတာ ရှားတယ်၊ သူ့သူငယ်ချင်းဆိုတဲ့ လူတွေက ကားအကောင်းစားကြီးတွေနဲ့ လိုက်ပို့ကြတာလေ"

သူ သဘောပေါက်လိုက်ပါသည်၊ သူက ဇင်မီကိုနှင့်ပတ်သက်၍ လိုအပ်သောအချက်အလက်များကို မေးမြန်းပြီးသည်နှင့် စခန်းသို့ တန်းလာခဲ့သည်၊ အလောင်းကို ဆေးရုံ ပို့လိုက်ပြီး ဒေါက်တာဇော်လတ်ပါ ဆေးရုံသို့ လိုက်သွားလေသည်၊

စခန်းသို့ရောက်သည်နှင့် သူကတရားခံ မပေါ်သေးသော အမှုတွဲဖိုင်များထဲမှ မို့မို့ဇော်ဆိုသော မိန်းကလေး၏ဖိုင်တွဲကိုပြန်ရှာမိသည်၊ မို့မို့ဇော် ဆိုသည်မှာလွန်ခဲ့သော တစ်လခန့်က ထိုရပ်ကွက်မှာပင် သေဆုံးသွားသော မိန်းကလေးဖြစ်သည်၊ မို့မို့ဇော်ကိုသတ်သောတရားခံကိုတော့ ယခုထိ မဖမ်းမိနိုင်သေးပေ၊ ထူးခြားသည်ကမို့မို့ဇော်၏သေဆုံးသောပုံစံနှင့် ဇင်မီကို သေဆုံးသောပုံစံထပ်တူညီနေခြင်းဖြစ်သည်၊

မို့မို့ဇော်က ထိုရပ်ကွက်သူတော့မဟုတ်ပေ၊ တခြားရပ်ကွက်မှဖြစ်ပြီး ထိုရပ်ကွက်တွင်နေထိုင်သော သူငယ်ချင်းဖြစ်သူ၏မွေးနေ့ပွဲသို့လာခြင်းဖြစ်သည်၊ မွေးနေ့ပွဲမှအပြန် ထိုရပ်ကွက်ထဲမှာပင်အသတ်ခံရခြင်းဖြစ်သည်၊ ထိုနေ့ညက မို့မို့ဇော် ပျောက်ဆုံးနေ၍ လိုက်ရှာကြရာမှ လမ်းဘေးမှ သစ်ပင်ကြီးတစ်ပင်၏အောက်တွင်သူမ၏အလောင်းကိုတွေ့ခဲ့ကြသည်၊

သူ့ထံအကြောင်းကြား၍သူရောက်သွားတော့ ည(၂)နာရီခန့် ဖြစ်သည်၊ မို့မို့ဇော်၏လည်ပင်းတွင် ဇင်မီကိုလိုအပေါက်နှစ်ပေါက် တွေ့ရပြီး ထိုဒဏ်ရာကြောင့်သွေးထွက်လွန်ကာသေဆုံးခြင်းဖြစ်သည်၊ နောက်စေ့တွင် အရေပြားမပေါက်ပြဲသော်လည်း တစ်စုံတစ်ရာနှင့်ပြင်းထန်စွာ ရိုက်မိသောလက္ခဏာ တွေ့ရသည်၊ သစ်ပင်ပင်စည်တွင်လည်း သေဆုံးသူ၏ဆံပင်တချို့ တွေ့ရသဖြင့် အသတ်မခံရမီ သစ်ပင်နှင့်ခေါင်းကိုရိုက်ဆောင့်ခံခဲ့ရသည်ဟု ခန့်မှန်းရသည်၊

သေဆုံးချိန်မှာ ည(၁၀)နာရီခန့်ဖြစ်ပြီး မို့မို့ဇော်က မွေးနေ့ပွဲမှ ည(၈း၃၀)ခန့်တွင် ပြန်သွားသည်ဟု သိရသည်၊ မို့မို့ဇော်၏အလောင်းကို တွေ့ရသော

ထိုသတင်းကြောင့်လူသတ်မှုအကြောင်းကိုသိသူများအားလုံးထိတ်လန့်တုန်လှုပ်ခဲ့ရသည်၊ တချို့ကယုတ္တိမရှိဟုငြင်းခဲ့ကြသော်လည်း တချို့ကယုံကြည်ကာတုန်လှုပ်ချောက်ချားခဲ့ရသည်၊ လူများကိုသွေးမျက်တုန်လှုပ်သွားစေခဲ့သောထိုသတင်းမှာ ထိုလူသတ်မှု၏တရားခံမှာသွေးစုပ်ဖုတ်ကောင်ဖြစ်သည်တဲ့...။



သစ်ပင်ကြီးမှာ ညဘက်တွင် လူသူပြတ်လတ်ပြီး မှောင်ရိပ်ကျသောနေရာဖြစ်သည်၊ ထို့ကြောင့် ထိုအဖြစ်အပျက်ကိုမည်သူတစ်ဦးတစ်ယောက်မှ မသိမမြင်ခဲ့ကြပေ၊ သူတို့အတွက် သဲလွန်စ ဆို၍မို့မို့ဇော်၏ရင်ဘတ်အထက်နားဆီမှတွေ့ရသောဆံပင်များဖြစ်သည်၊ အညိုရောင်ခပ်တိုတိုဆံပင်စများကမို့မို့ဇော်၏ဆံပင် မဟုတ်ခဲ့ပေ၊

ဇင်မီကို၏လက်ထဲတွင်တွေ့ရသောဆံပင်နှင့် တူ၊ မတူ DNA စစ်ကြည့်ရဦးမည်ဖြစ်သည်၊ အနည်းငယ် ထူးခြားနေသည်က ဆံပင်သည် မတော်တဆ ဆွဲဆောင့်ခြင်းခံလိုက်ရ၍ တစ်ပင်နှစ်ပင်ကျွတ်ထွက်လာခြင်းမဟုတ်ဘဲ တော်တော်များများ ကျွတ်ကျန်နေခဲ့ခြင်း ဖြစ်သည်၊ အသတ်ခံရသောမိန်းကလေးများက အားကောင်းသန်မာလွန်း၍တော့ မဟုတ်နိုင်ပါ၊

ထိုစဉ်က သူတို့အမှုကို အသည်းအသန်လိုက်ခဲ့သော်လည်း တရားခံကို မဖမ်းနိုင်ခဲ့ပါ၊ မို့မို့ဇော်သည် သာမန်တက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ပြီး သူမကိုသတ်ချင်လောက်အောင်မုန်းတီးသူလည်း မရှိခဲ့၊ သူ သေချာစုံစမ်းခဲ့သော်လည်းမို့မို့ဇော်ကိုမည်သူက သတ်ချင်လောက်တဲ့အထိဖြစ်စရာအကြောင်းပြချက် ရှာမတွေ့ခဲ့ပါ၊ လက်ဝတ်လက်





www.burmeseclassic.com

www.burmeseclassic.com

စားနှင့် ငွေများ ယူဆောင်သွားခြင်းမရှိသလို အမွေကျင့်ကြံခံထားရသောလက္ခဏာလည်း မတွေ့ရသဖြင့် သူ့အတွက် စဉ်းစားရခက်နေခဲ့လေသည်။

မိုမိုဖော်၏ကိုယ်ပေါ်မှ တွေ့ရသော ဆံပင်များကို DNA စစ်ကြည့်ခဲ့သည်။ သို့သော် သူတို့ထံတွင် မှတ်တမ်းပြုသိမ်းဆည်းထားသော ရာဇဝတ်မှု ကျူးလွန်ခဲ့ဖူးသူများ၏ DNA များနှင့် တစ်ခုမှ မတူညီခဲ့ပါ။ ထိုစဉ်က ထိုအမှုနှင့်ပတ်သက်ပြီး ထူးခြားသော သတင်းတစ်ခုလည်း ဖြစ်ပေါ်ခဲ့သေးသည်။ ထိုသတင်းကြောင့် လူသတ်မှုအကြောင်းကို သိသူများအားလုံး ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။ တချို့က ယုတ္တိမရှိဟု ငြင်းခဲ့ကြသော်လည်း တချို့က ယုံကြည်ကာ တုန်လှုပ်ချောက်ချားခဲ့ရသည်။ လူများကို သွေးပျက်တုန်လှုပ်သွားစေခဲ့သော ထိုသတင်းမှာ ...

ထိုလူသတ်မှု၏တရားခံမှာ သွေးစုပ်ဖုတ်ကောင် ဖြစ်သည်တဲ့ ...။

❀❀❀

"သေချာပါတယ် - ဆရာရယ်။ ကျွန်မတို့ရပ်ကွက်ထဲမှာ သွေးစုပ်ဖုတ်ကောင် ရှိနေပါပြီ"

ထိတ်လန့်တုန်လှုပ်နေသော အမူအရာဖြင့် နိုင်မာစွာ ပြောဆိုနေသော ဒေါ်ဝင်းရီကိုကြည့်ရင်း သူ ဘယ်လိုမေးခွန်းထပ်ထုတ်ရမှန်းမသိဖြစ်နေမိသည်။ သူမသည် စခန်းသို့ရောက်ပြီး သူ့ရှေ့တွင် စ,ထိုင်ကတည်းက သူ့ဘာပဲမေးမေး ထိုအကြောင်းအရာဆီသို့သာ ပြန်လည်ရောက်ရှိသွားလေသည်။

"ကျွန်မ တူမလေးက သွေးစုပ်ဖုတ်ကောင်နဲ့ တွေ့သွားတာပါ။ အဲဒါကို အားလုံးသိကြပါတယ် - ဆရာရယ်။ လွန်ခဲ့တဲ့တစ်လလောက်ကလည်း ကောင်မလေးတစ်ယောက် အဲဒီလိုပဲ သေသွားတာ မဟုတ်လား။ ကျွန်မဖြင့် တွေးတွေးပြီး ကြောက်လာမိတယ် - ဆရာရယ်"

ဒေါ်ဝင်းရီက အမှန်တကယ်ပင် ကြောက်လန့်တုန်လှုပ်နေဟန်ဖြင့် ပြောသည်။ သူက သူမစကားကိုလက်ခံသလို ခေါင်းတစ်ချက်ညိတ်လိုက်ရင်း -

"အင်း - ဒေါ်လေးတို့အနေနဲ့တော့ အဲဒီလိုထင်စရာပေါ့လေ။ အခြေအနေတွေကလည်း အဲဒီလို ထင်ချင်စရာ ဖြစ်နေတယ် မဟုတ်လား။ ဒါပေမဲ့ - သေချာတာတစ်ခုကို ပြောရရင် သွေးစုပ်ဖုတ်ကောင်တို့ သမန်းဝံပုလွေတို့ အဲဒီလို သဘာဝလွန်ကိစ္စတွေဟာ တကယ်မရှိဘူး - ဒေါ်လေး။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာပဲ စိတ်ကူးယဉ်ပြီး ဖန်တီးထားတဲ့အရာတွေပါ"

"ဒါပေမဲ့ - ဆရာ - အခုကောင်မလေးတွေ သေတဲ့ပုံစံက အဲဒီရုပ်ရှင်တွေကအတိုင်းဖြစ်နေတယ်လေ။ လည်ပင်းကို ဖောက်ပြီး သွေးစုပ်စံရတာ မဟုတ်လား။ အဲဒီကိစ္စတွေကြောင့် တစ်ရပ်ကွက်လုံးလည်း အတော်လေး ထိတ်လန့်နေကြပြီ ဆရာ။ ညဖက်ဆို ဘယ်သူမှ မသွားရဲ မလာရဲတော့ဘူး"

ဒေါ်ဝင်းရီစကားတွေကို နားထောင်ရင်း သူ စိတ်တင်းကြပ်စွာ သက်ပြင်းချလိုက်မိသည်။ ဒေါ်ဝင်းရီကို နားလည်အောင် သူ ဘယ်လို ရှင်းပြရမှန်းမသိတော့။ ရှင်းပြစရာ ဘာအချက်အလက်မှလည်း သူ့မှာ ရှိမနေပါ။

"သွေးစုပ်ဖုတ်ကောင်တွေက ငွေတို့၊ ကြက်သွန်ဖြူတို့ကို ကြောက်တယ်ဆိုလို့ ကျွန်မတို့လမ်းထဲမှာတောင် အိမ်တိုင်းအိမ်တိုင်း အဲဒါတွေ ဆောင်ထားကြတယ် - ဆရာ။ ကျွန်မတို့လည်း အဲဒီသွေးစုပ်ဖုတ်ကောင်ဆိုတာကြီးကို ဘယ်နေရာမှာ သွားခနဲ တွေ့လိုက်ရမလဲလို့ တွေးပြီး ကြောက်လွန်းလို့ အိပ်တောင်မပျော်ဘူး - ဆရာရယ်"

ဒေါ်ဝင်းရီက ပြောရင်းမှ ပန်းကျဲ့ပြလိုက်သေးသည်။ သူက ဒေါ်ဝင်းရီကို ပြောမည့်စကားလုံးတို့ သေချာစဉ်းစားရွေးချယ်လိုက်ပြီးမှ -

"အခုဖြစ်နေတဲ့ အခြေအနေတွေအရ ဒေါ်လေးတို့ အဲဒီလိုထင်မယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်တို့ နားလည်ပါတယ်။ လောလောဆယ်မှာလည်း အဲဒါဟာ သွေးစုပ်ဖုတ်ကောင် မဟုတ်ပါဘူးလို့ ကျွန်တော်တို့ဘက်က လက်ဆုပ်လက်ကိုင် မပြောနိုင်သေးပါဘူး။ ဒါပေမဲ့ - ကျွန်တော် သေချာပြောနိုင်တာတစ်ခုကတော့ သွေးစုပ်ဖုတ်ကောင်ဆိုတာ တကယ်မရှိဘူး - ဒေါ်လေး"

"အဲဒါကို သက်သေပြနိုင်ဖို့ ကျွန်တော်ကြိုးစားနေပါတယ်။ တကယ်တော့ ဒါဟာ လူတွေကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ထားတဲ့ လူသတ်မှုတွေပဲ။ တရားခံကို အမြန်ဆုံးဖမ်းမိနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ဒေါ်လေးတို့လည်း ဒီအတောအတွင်း သတိဝီရိယနဲ့နေဖို့ ပြောချင်ပါတယ်။ လူပဲဖြစ်ဖြစ်၊ သွေးစုပ်ဖုတ်ကောင်ပဲဖြစ်ဖြစ် အန္တရာယ်ပေးနိုင်တာတော့ အတူတူပဲလေ"





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဝင်းရီက သူ့စကားကို စောဒက မတက်ရဲ၍သာ ငြိမ်နေရသော်လည်း သိပ်တော့လက်ခံယုံကြည်ပုံမရပါ။ သူမကို ဆက်မေးလျှင်လည်း အမှုနှင့်ပတ်သက်၍ ဘာမှထူးခြားလာမည်မဟုတ်မှန်းသိသဖြင့် သူကစစ်ဆေးမေးမြန်းခြင်းကို ရပ်တန့်ပြီး -

"ကဲ - ဒီလောက်ဆိုရပါပြီ။ ဒေါ်လေး ပြန်လို့ရပါပြီ"

ဟု ပြောလိုက်သည်။ ဒေါ်ဝင်းရီ အခန်းထဲမှ ပြန်ထွက်သွားစဉ်မှာပင် ဒေါက်တာဇော်လတ်က အခန်းထဲ ဝင်လာသည်။ သူ့ရှေ့တွင်ဝင်ထိုင်ကာ လက်ထဲမှ စာရွက်စာတမ်းများကို သူ့ထံ ကမ်းပေးပြီး -

"ဆေးစစ်ချက်တွေကတော့ တစ်ပုံစံတည်းပဲ - ကိုမင်းမြတ်"

သူက ဆေးစစ်ချက်စာရွက်များကို ယူကြည့်နေစဉ် ဒေါက်တာဇော်လတ်က ဆက်ပြီး -

"အရင်တစ်ယောက်လိုပဲ သွေးထွက်လွန်ပြီးသေဆုံးတာ။ ခေါင်းမှာ တစ်ခုခုနဲ့ ပြင်းပြင်းထန်ထန် ထိခိုက်မိထားတယ်၊ ခင်ဗျားထင်သလိုပဲစာကြည့်တိုက်နံရံနဲ့ ရိုက်ဆောင့်ခံထားပုံရတယ်။ ပြီးတော့ - အခမ္မပြုကျင့် ခံထားရတဲ့ လက္ခဏာမရှိဘူး။ အဲ - သေဆုံးချိန်ကတော့ ည(၁၁)နာရီဝန်းကျင်လို့ ခန့်မှန်းရတယ်။ အချက်အလက်တွေအားလုံးက တော့လွန်ခဲ့တဲ့တစ်လလောက်ကအမှုနဲ့ အတူတူပဲ - ကိုမင်းမြတ်"

ဒေါက်တာဇော်လတ်စကားကို သူက ခေါင်းတစ်ချက်ညိတ်ရင်း -

"ဟုတ်ပါတယ် - ဒေါက်တာ။ ကျွန်တော်အရင်အမှုတွဲကိုပြန်စစ်ကြည့်ပြီးပြီ။ မိုမိုဇော်နဲ့ ဖင်မီကိုသေဆုံးပုံက အတူတူပဲ။ လူသတ်သမားဟာ တစ်ယောက်တည်းဆိုတာသေချာတယ်။ ဒါနဲ့ - ဆံပင်ကို DNA စစ်ထားတဲ့အဖြေ ရပြီလား ဒေါက်တာ"

"ခင်ဗျား ခန့်မှန်းပြီးသားဖြစ်မှာပေါ့ဗျာ။ မိုမိုဇော်ရဲ့ရင်ဘတ်ပေါ်က တွေ့တဲ့ဆံပင်နဲ့ ဖင်မီကိုရဲ့လက်ထဲမှာ တွေ့တဲ့ဆံပင် DNA စစ်ကြည့်တော့ အတူတူပဲဗျ။ အဲ - သူတို့နှစ်ယောက်လုံးရဲ့ ဆံပင်မဟုတ်တာတော့ သေချာတယ်ဗျာ"

ဒေါက်တာဇော်လတ်က ဆက်ပြီး -

"ကျုပ်အထင်တော့လူသတ်သမားက ရှုန်ပူကောင်းကောင်း မသုံးတတ်ဘူးထင်ပါရဲ့ဗျာ။ ဆံပင်တွေ ဒီလောက်တောင် ကျွတ်ကျန်ခဲ့ရတယ်လို့"

ဒေါက်တာဇော်လတ်စကားကို သူက မချိုမချဉ်ကလေး ပြုံးလိုက်ရင်း -

"အဲဒီအတွက် ကျေးဇူးတောင်တင်ရဦးမှာဗျ။ ကျွန်တော်တို့မှာ အဲဒီဆံပင်ကလွဲပြီး ဘာသဲလွန်စမှ မရှိဘူးဖြစ်နေတယ်"

သူ့စကားကို ဒေါက်တာဇော်လတ်က စဉ်းစဉ်းစားစားဟန်ဖြင့် -

"ဟုတ်တယ်နော် - ကိုမင်းမြတ်။ ဒီအမှုနှစ်မှုနဲ့ ပတ်သက်ပြီး သဲလွန်စဆိုလို့ ဒီဆံပင်ပဲ ရှိတယ်။ ဒါပေမဲ့ - လူသတ်သမားရဲ့ DNA က ပြစ်မှုကျူးလွန်ခဲ့ဖူးသူတွေရဲ့မှတ်တမ်းထဲမှာမရှိဘူးဆိုတော့ အတော်စဉ်းစားရခက်တယ်။ ဘယ်လိုလူကများ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလိုအမှုမျိုး ကျူးလွန်တာလဲ မသိဘူး"

"ဟုတ်တယ် - ကျွန်တော်လည်း ဘယ်လိုမှ မစဉ်းစားတတ်ဘူးဖြစ်နေတယ်။ သေဆုံးသူနှစ်ယောက်လုံးရဲ့ အကြောင်းကိုသေချာစုံစမ်းကြည့်တော့လည်း အဲဒီလို တမင်လုပ်ကြံသတ်ချင်လောက်စရာ ဘာအကြောင်းမှမရှိဘူး။ ပြီးတော့ - သတ်ချင်တယ်ပဲ ထားဦး၊ တခြားရိုးရှင်းတဲ့နည်းတွေကိုမသုံးဘဲ ဘာကြောင့်ဒီလိုထူးထူးဆန်းဆန်းလုပ်ရတာလဲ"

"တကယ် သွေးစုပ်ဖုတ်ကောင် သတ်တာလို့ လူတွေယုံကြည်အောင် လုပ်ပြီး သူ့ကိုသံသယမဝင်အောင် လုပ်တာ မဖြစ်နိုင်ဘူးလား"

ဒေါက်တာဇော်လတ်စကားကို သူက တွေးတွေးဆဆဖြင့် -

"အစကတော့ ကျွန်တော်လည်း အဲဒီလိုထင်မိတယ်။ ဒါဟာတမင်လုပ်ကြံဖန်တီးမှုတွေလားပေါ့။ ဒါပေမဲ့ - သေချာစဉ်းစားကြည့်လိုက်တော့ အဲဒီလိုမဖြစ်နိုင်ဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အသတ်ခံရတဲ့လူနှစ်ယောက်ဟာ ဘယ်လိုမှ အဆက်အစပ်မရှိဘူးလေ။ ဖင်မီကိုက အဲဒီရပ်ကွက်က ဖြစ်ပေမယ့် မိုမိုဇော်က အဲဒီရပ်ကွက်နဲ့ အရမ်းဝေးတဲ့နေရာမှာနေတဲ့သူ၊ သူတို့နှစ်ယောက် သိလည်း မသိသလို ရင်းလည်း မရင်းနှီးဘူး။

ဘယ်လို ဆက်စပ်နိုင်စရာ အကြောင်းမရှိဘူး။ အဲဒီလို ဆက်စပ်မရတဲ့လူနှစ်ယောက်က ပုံစံတစ်မျိုးတည်းနဲ့ အသတ်ခံရတယ် ဆိုတာ နည်းနည်းတော့ထူးဆန်းတယ်။ လူသတ်သမားက သူတို့ကို ဘာကြောင့်သတ်ချင်တာလဲ။ အဲဒီ 'motive' ကို ရှာလို့မရဘူး ဖြစ်နေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

သူက စိတ်မောစွာ ပြောမိသည်။ ဒေါက်တာဖော်လတ်က တစ်စုံစုကိုသေချာစဉ်းစားနေရင်းမှ သူ့ကို တစ်ချက် အကဲခတ်လိုက်ရင်း -

"လူသတ်သမားက မိန်းကလေးငယ်တွေကိုသတ်တာဆိုပေမယ့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုလည်း မရှိဘူး။ ပစ္စည်းဥစ္စာလိုချင်လို့ သတ်တာလည်း မဟုတ်ဘူး။ ပြီးတော့ - ရန်ငြိုးရန်စတို့ သတ်ချင်လောက်တဲ့ အကြောင်းပြချက်တို့လည်း မရှိဘူးဆိုတော့ - ခင်ဗျား တခြားဖြစ်နိုင်ခြေကို ထည့်စဉ်းစားသင့်တယ်"

ထိုစကားကြောင့် ဒေါက်တာဖော်လတ်မျက်နှာကို သူက ထူးဆန်းသလို ကြည့်မိရင်း -

"ခင်ဗျားဘာကိုဆိုလိုတာလဲဒေါက်တာ၊ လူတွေပြောနေကြတဲ့သွေးစုပ်ဖုတ်ကောင်းဇာတ်လမ်းကို ပြောတာလား"

သူ့မေးခွန်းကိုဒေါက်တာဖော်လတ်က ဘာမှပြန်မဖြေဘဲ ပခုံးတွန့်ပြသည်။ သူကစိတ်မပါစွာဖြင့်ဟက်ခနဲရယ်လိုက်မိရင်း -

"ဒေါက်တာပါးစပ်ကဒီလိုပြောလိမ့်မယ်လို့တောင် ကျွန်တော် မထင်ဘူး။ ခင်ဗျားရဲ့ဆေးပညာဘွဲ့ကိုတော့ ပြန်စစ်ဆေးဖို့လိုပြီထင်တယ်၊ ခင်ဗျားလိုခေတ်ပညာတတ် ဆရာဝန်တစ်ယောက်က ဒီလိုကောလာဟလတွေကို ထည့်စဉ်းစားနေရသေးလား"

သူ့စကားကို ဒေါက်တာဖော်လတ်က စိတ်ဆိုးပုံမရဘဲ ပြုံးစေဖြင့် -

"ဘယ်လိုမှ အကြောင်းပြချက် ရှာမတွေ့တော့လည်း မဖြစ်နိုင်တာကိုပဲဖြစ်များဖြစ်နိုင်မလားဆိုပြီး စဉ်းစားကြည့်မိတာပေါ့ဗျာ၊ သွေးစုပ်ဖုတ်ကောင်ဆိုတာ တကယ်မရှိဘူးလို့တော့ ကျွန်တော်လည်း ဘူးမခံရဲဘူးဗျ။ ဒါနဲ့နေပါဦး၊ လူတွေ ဒီလောက်ပြောနေကြတဲ့ သွေးစုပ်ဖုတ်ကောင်ဆိုတာကို ခင်ဗျားရဲ့အမှုထဲမှာ နည်းနည်းမှ ထည့်မစဉ်းစားဘူးလား"

"ကျွန်တော့်အတွက်တော့ အဲဒါကို ထည့်စဉ်းစားဖို့မလိုအပ်ဘူးဒေါက်တာ၊ တခြားဘာကိုမှ လက်ဆုပ်လက်ကိုင် မပြနိုင်သေးပေမဲ့ဒီအချက်ကိုကျွန်တော် လက်မခံနိုင်တာတော့ သေချာတယ်၊ တကယ့်တရားခံအစစ်အမှန်ကို ကျွန်တော် ရအောင်ဖော်ထုတ်မှာပါ"

သူက လက်ထဲမှဖိုင်တွဲများကို ဒေါ စိုက်ကြည့်မိရင်း -

"နောက်ထပ်တစ်ယောက်အသတ် မခံရစေပေါ့ဗျာ"

ဟု ပြောလိုက်သည်။

❀❀❀

နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် အခင်းဖြစ်ပွားသော ရပ်ကွက်သို့ သူတစ်ယောက်တည်းရောက်လာခဲ့သည်။ ယူနီဖောင်းဝတ်မလာခဲ့သလို ဌာနမှပေးသော တာဝန်တွေ အမိန့်တွေလည်း သူ့မှာ ပါမလာခဲ့ပါ။ ရပ်ကွက်အခြေအနေ၊ ပတ်ဝန်းကျင်အနေအထားကို လေ့လာချင်ရုံ သက်သက် လာခဲ့ခြင်းဖြစ်သည်။

သူက အခင်းဖြစ်ပွားသောနေရာနှစ်ခုကို သေချာလေ့လာကြည့်တော့ တစ်နေရာနှင့် တစ်နေရာ သိပ်မဝေးသည်ကို တွေ့ရသည်။ တစ်လမ်းသာခြားပြီး လမ်းလျှောက် သွားလျှင် သိပ်ကြာကြာ မလျှောက်ရပါ။ နေရာနှစ်ခုလုံးကတော့ ညဘက်ဆိုလျှင် မှောင်ရိပ်ကျပြီး လူပြတ်တတ်သောနေရာများ ဖြစ်သည်။ ထို့ကြောင့်လည်း လူသတ်သမားက ထိုနေရာများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သူကကားကိုကျယ်ဝန်းသောလမ်းတစ်နေရာတွင် ရပ်ထားခဲ့ပြီး အခင်းဖြစ်ပွားရာအနီးတဝိုက်သို့လမ်းလျှောက်လာခဲ့သည်။ လူသတ်မှုနှစ်ခုစလုံးမှာ ဤရပ်ကွက်တွင်းမှာပဲ ဖြစ်ပွားခဲ့တာမို့ တရားခံသည် ဤရပ်ကွက်တွင်းမှာ နေထိုင်သူဖြစ်မည်ဟု သူ ထင်မိသည်။ ထိုသို့သော အတွေးကြောင့် သူသည် လမ်းမှာ တွေ့သောလူတိုင်းကို သံသယမျက်လုံးများဖြင့်ကြည့်နေမိခဲ့သည်မှာလူတစ်ယောက်က သူ့ကို ထူးဆန်းသလို စိုက်ကြည့်နေမှ ပင် ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့သည်။

ထိုရပ်ကွက်မှ လူတွေကတော့ သွေးစုပ်ဖုတ်ကောင်ဆိုသည်ကို မည်မျှ ကြောက်လန့်တုန်လှုပ်နေကြမှန်း မေးကြည့်စရာပင် မလိုပါ။ အိမ်တိုင်း၊ အိမ်တိုင်း၏ ခြံတံခါးရှေ့တွင် ပရိတ်ကြိုးများ ရစ်ပတ်တားဆီးထားသည်ကို တွေ့ရသလို ကြက်သွန်ဖြူများ ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။ အရှေ့တိုင်းနည်းတွေရော၊ အနောက်တိုင်းနည်းတွေပါ ရောထွေးကာ သွေးစုပ်ဖုတ်ကောင်၏ ရန်မှကင်းဝေးအောင် တတ်သလောက် ကာကွယ်ထားကြပုံရလေသည်။

သူက ခပ်မှန်မှန်ပဲ လမ်းလျှောက် လာရင်း ခြံတစ်ခြံရှေ့သို့အရောက်တွင်

www.burmeseclassic.com

အသိတစ်ယောက်ကိုမြင်လိုက်ရသဖြင့် ခြေလှမ်းများကို ရပ်တန့်လိုက်မိသည်။

ဟုတ်ပါသည်။ ထိုခြံထဲမှ လူတစ်ယောက်နှင့်အတူ စကားပြောရင်းထွက်လာသူမှာ သူ့မိတ်ဆွေ ဒေါက်တာမျိုးမင်း ဖြစ်သည်။ လက်ထဲတွင် ဆေးသေတ္တာ ကိုင်ထားသဖြင့် ထိုအိမ်ကို လူနာလာကြည့်ပုံရသည်။

"ကိုမျိုးမင်း - ဘယ်ကိုလာတာလဲဗျ"

သူကလှမ်းနှုတ်ဆက်လိုက်တော့မှ ထိုနှစ်ယောက်လုံး သူ့ကိုမြင်သွားပြီး -

"ဟာ - ကိုမင်းမြတ်၊ ဘယ်လဲဗျ၊ ကားလည်း မမြင်ပါလား"

ဒေါက်တာမျိုးမင်းက သူ့ကိုဝမ်းသာအားရနှုတ်ဆက်သည်။ သူကဒေါက်တာမျိုးမင်း၏ဘေးမှလူကို တစ်ချက်အကဲခတ်လိုက်ရင်း -

"ဒီလိုပါပဲဗျာ၊ အလုပ်ကိစ္စနဲ့ ပတ်သက်လို့ဆိုပါတော့၊ ကားက ဟိုဘက်နားမှာ ထားခဲ့တယ်လေ၊ ကိုမျိုးမင်းက လူနာလာကြည့်တာလား"

"ဟုတ်တယ်ဗျ - ဒီလူကိုကိုသူရိန်ရဲ့ ညီလေးပါ၊ ကျွန်တော်က သူတို့ ညီအစ်ကိုရဲ့ Family ဒေါက်တာဆိုပါတော့ဗျာ"

ဒေါက်တာမျိုးမင်းက ရယ်ရယ်မောမော ဖြင့်ပြောရင်း ကိုသူရိန်ဆို သူ့ကို လှည့်ကြည့်ပြီး -

"ကိုသူရိန် - ဒါကျွန်တော့်မိတ်ဆွေ ကိုမင်းမြတ်တဲ့၊ ဒုရဲအုပ်မင်းမြတ်လို့ခေါ်ရင် ပိုပြီးပြည့်စုံတာပေါ့ဗျာ၊ ကိုမင်းမြတ် ဒါ - ကိုသူရိန် (The Sun)ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာလေ၊ ကျွန်တော့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေဆိုပါတော့"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ဖြူဖြူသွယ်သွယ်၊ အရပ်မြင့်မြင့်နှင့်သူ့ထက်တော့ အသက်ကြီးပုံရသော ထိုလူသည် ရည်မွန်ယဉ်ကျေးပုံရသော်လည်း ဒုရဲအုပ်ဆိုသော စကားသံအဆုံးမှာ မျက်လုံးများထဲတွင် အရိပ်မည်းတစ်ခု ဖြတ်သန်းသွားသည်ကို သူ သတိထားမိလိုက်သည်။

"ကိုမင်းမြတ်က ရဲဆိုတော့ ကောန် ခုတစ်လော နာမည်ကြီးနေတဲ့ သွေးစုပ်ဖုတ်ကောင်အမှုနဲ့ ဒီကို လာတာထင်တယ်"

ကိုသူရိန်၏စကားကို သူက ခေါင်းညိတ်လိုက်ရင်း -

"ဟုတ်တယ် - ကိုသူရိန်၊ ဒီနေ့ကျွတ်တော့ မရှိပါဘူး၊ ဒီပတ်ဝန်းကျင်ကို လေ့လာကြည့်ရှင်ရုံသက်သက်ပဲ ဆိုပါတော့"

ကိုသူရိန်က သူ့ကိုအကဲခတ်သလိုကြည့်ရင်း -

"ဒါနဲ့ကိုမင်းမြတ်လိုရဲတစ်ယောက် အမြင်ကို ကျွန်တော် သိခွင့်ရှိမလား၊ သွေးစုပ်ဖုတ်ကောင်ဆိုတဲ့ ပြဿနာ အပေါ်မှာပေါ့၊ လူတွေပြောနေကြတဲ့သွေးစုပ်ဖုတ်ကောင်ဆိုတာကို ကိုမင်းမြတ် ယုံကြည်လား"

"ကျွန်တော့်ကို ယုံကြည်လားလို့ မေးရင်တော့၊ မယုံကြည်ဘူးလို့ပဲ ဖြေရမှာပါပဲ၊ ဒါပေမဲ့ - ဘာကြောင့်မယုံကြည်ရသလဲဆိုတဲ့ အကြောင်းပြချက်ကို မပြနိုင်သေးတော့ ခင်ဗျားမေးခွန်းက နည်းနည်းတော့ ဖြေရခက်တယ်ဗျာ"

သူ့စကားကြောင့် ကိုသူရိန်က ခပ်ပါးပါးပြုံးသည်။ ထို့နောက် လေသံအေးအေးဖြင့် -

"ကျွန်တော်ကတော့ ဒီသဘာဝလွန်ဖြစ်ရပ်တွေ ဒီလောကမှာ တကယ်ရှိဘူးလို့တော့ လုံးဝငြင်းလို့မရဘူးလို့ထင်တယ်၊ အနောက်နိုင်ငံတွေမှာဆို အအုပ်စာတမ်းတွေ မှတ်တမ်းမှတ်ရာတွေတောင်ရှိနေကြတာပဲ၊ ဥပမာရေသူမလို သတ္တဝါမျိုးပေါ့၊ ဘယ်သူမှကိုယ်တိုင်ကိုယ်ကျ မမြင်ဘူးကြပေမဲ့ ရှိတယ်လို့တော့ ယုံကြည်ကြတာပဲလေ"

"ဟုတ်ပါတယ် - ခင်ဗျားပြောတာကို ကျွန်တော် လက်ခံပါတယ်၊ ဒီလိုဖြစ်ရပ်တွေဆိုတာ ဘယ်သူမှ တကယ်ရှိတယ်၊ မရှိဘူးလို့ သေချာမပြောနိုင်ကြဘူးလေ၊ ကျွန်တော်လည်း လုံးဝကြီး မငြင်းဆန်ရဲပါဘူး၊ ဒါပေမဲ့ - ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုး ကျွန်တော်တို့ပတ်ဝန်းကျင်မှာတော့ ဒီအဖြစ်မျိုး လုံးဝဖြစ်မလာနိုင်ဘူးလို့ကျွန်တော်ထင်တယ်၊ အထူးသဖြင့်သွေးစုပ်ဖုတ်ကောင်ဆိုတာမျိုးပေါ့"

သူ့ရဲ့ နိုင်မာသောစကားကြောင့် ကိုသူရိန်က မသိမသာမျက်နှာပင့်လိုက်သည်ကို တွေ့လိုက်ရသည်။ ဒေါက်တာမျိုးမင်းကတော့ ဘာမှဝင်မပြောဘဲ သူတို့နှစ်ယောက်ပြောနေသည်ကိုသာ နားထောင်နေလေသည်။

"ကိုမင်းမြတ်ဆိုလိုတာက ဒီလူသတ်မှုတွေဟာ သွေးစုပ်ဖုတ်ကောင်နဲ့ လုံးဝမပတ်သက်ဘူးပေါ့ - ဟုတ်လား၊ ဘာကြောင့် ဒီလောက်တောင် သေချာနေရတာလဲဗျာ၊ အခုပုံစံအတိုင်းဆို

www.burmeseclassic.com

မိန်းကလေးတွေဟာသေွးစုပ်ခံရပြီးသေခဲ့ကြတာပဲ မဟုတ်လား"

ကိုသူရိန်၏စကားကို ပြန်လည်တုံ့ပြန်ရန်အတွက် စကားလုံးကို သူ သတိထား ရွေးချယ်လိုက်သည်။ လူဆိုးလူကောင်းကို ခွဲခြားမရနိုင်သေးသော အခုချိန်မှာ ဘယ်အရာကိုမှ အကြောင်းမဲ့ မပြောလိုက်သင့်ပေ။

"ကျွန်တော် ပြောပြီးပြီပဲဗျာ။ ကျွန်တော်မယုံကြည်ရတဲ့အကြောင်းရင်းကို လက်ဆုပ်လက်ကိုင် မပြနိုင်သေးဘူးဆိုတာ။ တစ်နေ့နေ့တော့ အဲဒီအကြောင်းရင်းကို ကျွန်တော် တွေ့လာမှာပါ။ အခု ကျွန်တော် ကြိုးစားနေပါတယ်"

သူ့စကားကိုကိုသူရိန်ကထောက်ခံခြင်းမပြုသလို ကန့်ကွက်ခြင်းလည်းမပြုဘဲ အသက်မပါသောအပြုံးကို မျက်နှာတွင် တပ်ဆင်ကာ တိတ်ဆိတ်နေလေသည်။ သူသည် ကိုသူရိန်ကို အကဲခတ်သလို ကြည့်နေရင်းမှ မထင်မှတ်သော အရာတစ်ခုကိုမြင်လိုက်ရသောကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

အညို၊ဖျော့ ရောင် ဆံ ပင် များ။ ကို သူရိန် ၏ သပ်ရပ်တောက်ပသော အနက်ရောင်ရှပ်အင်္ကျီပခုံးပေါ်မှာအညိုဖျော့ရောင်ဆံပင်မွေးများ။ ရုတ်တရက် သူ နားမလည်နိုင် ဖြစ်သွားရသည်။ ကိုသူရိန်ရဲ့ဆံပင်က အနက်ရောင်ပဲ၊ ဘာကြောင့် သူ့ပခုံးပေါ်မှာ အညို၊ဖျော့ရောင်ဆံပင်တွေ ကပ်ငြိနေရတာလဲ။

"ကဲ - ကျွန်တော်ကတော့ ဘာကို လက်ခံယုံကြည်ရမှန်း မသိတော့ဘူးဗျာ"

ဒေါက်တာမျိုးမင်း၏စကားသံကို ကြားလိုက်ရမှသူပြန်လည်သတိဝင်လာကာ ကိုသူရိန်ထံမှ သူ့အကြည့်ကို ရုတ်သိမ်းလိုက်ရသည်။ ဒေါက်တာမျိုးမင်းက ဆက်ပြီး -

"ဒါပေမဲ့ - ကျွန်တော်ကတော့ အဲ မှတ်တမ်းမှတ်ရာတွေထက် ကိုမင်းမြတ် ကိုပိုပြီးယုံကြည်တယ်ဗျာ။ ကိုမင်းမြတ်က သိပ်တော်တဲ့ ရဲတစ်ယောက်ဗျ။ ဒီအမှု ကို သူဖော်ထုတ်နိုင်လိမ့်မယ်လို့ ကျွန် တော်ယုံကြည်တယ်"

ဒေါက်တာမျိုးမင်း၏စကား အဆုံးမှာ ကိုသူရိန်၏ မျက်လုံးများ အရိပ်တစ်ခုဖြတ်သန်းသွားသည်ကို သတိထားမိလိုက်သည်၊ ထိုအရိပ် ဘာအဓိပ္ပာယ်လဲဆိုတာတော့ သူ မှန်းနိုင်စွမ်း မရှိပါ။

သူ့ ထို နေရာမှ ပြန် လာ တော့ သံသယအတွေးတစ်ခုက ခေါင်းထဲတွင် ကပ်ငြိပါလာသည်။ ကိုသူရိန်ရဲ့အင်္ကျီပေါ်မှာ ကပ်ငြိနေတဲ့ အညို၊ဖျော့ရောင်ဆံပင်တွေက သေဆုံးသူတွေမှာ တွေ့ရတဲ့ ဆံပင်နဲ့တူလိုက်တာ။ ကိုသူရိန်ကဆံပင် အနက်ရောင်ဆိုတာ သူမြင်ခဲ့ရတာပဲ။ ဘာကြောင့် ကိုသူရိန်အင်္ကျီပေါ်မှာ အဲဒီ အရောင်ဆံပင်တွေ ရှိနေတာလဲ၊ ဒါဟာ တိုက်ဆိုင်မှုလား ဒါမှမဟုတ်။

သူ့ရဲ့အတွေးများသည် ထို ဒါမှ မဟုတ်တွင် ရပ်တန့်နေကာ ဆက်စဉ်းစားလို့ မရနိုင်တော့ပေ။

❀ ❀ ❀

"တီ တီ တီ - တီ တီ တီ - တီ တီ တီ"

အဆက်မပြတ်မြည်နေသော ဖုန်းသံကြောင့် မင်းမြတ် အိပ်ပျော်နေရာမှ နိုးလာပြီး စားပွဲပေါ်မှ ဖုန်းကို လှမ်းယူလိုက်ရသည်။

"ဟယ်လို"

သူက အိပ်ချင်မူးတူးဖြင့် ဖုန်းနားထောင်မိစဉ် တစ်ဖက်မှ ကြားလိုက်ရသောစကားကြောင့် မျက်လုံးများပင် ကျယ်သွားမိသည်။

သူက အိပ်ရာမှ ကမန်းကတန်းထကာလိုအပ်သည့်ပစ္စည်းများပြင်ဆင်နေစဉ်တစ်ဖက်ခန်းမှဒေါက်တာဇော်လတ်ပါနိုးလာပြီး -

"ကိုမင်းမြတ် - ဘာဖြစ်တာလဲ၊ အရေးပေါ်ကေ့စ်လား"

ဟု လှမ်းမေးသည်။

"ဟုတ်တယ်ဗျို့ သွေးစုပ်ဖုတ်ကောင်ကိုပြန်ပေါ်လာပြန်ပြီ။ (...)လမ်းထဲက အိမ်တစ်အိမ်မှာ ကောင်မလေးတစ်ယောက် လည်ပင်းကို အကိုက်ခံရလို့တဲ့"

သူ့စကားအဆုံးမှာဒေါက်တာဇော် လတ်တအိပ်ရာထဲမှကမန်းကတန်းထလာသည်။ ထို့နောက် အခင်းဖြစ်ရာနေရာသို့ကားလေးဖြင့်ထွက်လာခဲ့ကြသည်။ နာရီကိုကြည့်လိုက်တော့မနက် (၂း၃၀) သာရှိသေးသည်ကို တွေ့ရလေသည်။

သူတို့ အခင်းဖြစ်အိမ်သို့ ရောက်တော့ ဆေးရုံမှ လူနာတင်ကားရောက်နှင့်နေပြီး လူတွေ စုစုရုံးရုံးဖြစ်နေသည်ကိုလည်း တွေ့ရသည်၊ သူတို့အိမ်ထဲဝင်သွားတော့ ဒဏ်ရာရသူ မိန်းကလေးကို ပင် နေရာရွှေ့ထားပြီးလေပြီ။

အကိုက်ခံရသူမှာ ထိုအိမ်မှ အိမ်ဖော်မိန်းကလေးဖြစ်ပြီး အိမ်နောက်ဖေး

www.burmeseclassic.com

မှပန်းချီအနီးတွင် အကိုက်ခံခဲ့ရခြင်းဖြစ်သည်။ လည်ပင်းရှိအပေါက်နှစ်ပေါက်မှ သွေးများ အလွန်ထွက်နေကာ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် သူက ဆေးရုံသို့ အမြန်ပို့ခိုင်းလိုက်ရသည်။ အိမ်ဖော်မိန်းကလေး၏အမည်မှာ နှင်းနုခင်ဟု သိရသည်။

သူက အခင်းဖြစ်ပွားသောပန်းချီထဲသို့ သွားကြည့်တော့ အိုင်ထွန်းနေသော သွေးများနှင့် မြေပြင်ပေါ်မှာတော့ ရှန်းရင်းဆန်ခတ်ဖြစ်ထားသောလက္ခဏာများကိုတွေ့ရသည်။ ပြီးတော့ နှင်းနုခင်၏ ဦးခေါင်းနှင့် မိတ်ဆက်ပြီးဟန်တူသော ခပ်ကြီးကြီးကျောက်တုံးတစ်တုံး။ မြေကြီးပေါ်အိုင်ထွန်းနေသော သွေးများက ယခင်အဖြစ်တွေတုန်းကလောက် မများသေးသဖြင့် ထိုဖြစ်ရပ်ကို အချိန်မီ သိရှိကာ ကယ်တင်နိုင်ခဲ့ပုံရသည်။

အိမ်သားအားလုံးကို စစ်ဆေးမေးမြန်းလိုက်တော့ ထိုအဖြစ်အပျက်ကို ကိုယ်တိုင်မြင်တွေ့လိုက်ရသူ တစ်ယောက်ထွက်ပေါ်လာသည်။ ထိုသူကား ထိုအိမ်မှကားအရိုင်ဘာ ဇော်မင်းဖြစ်လေသည်။

"ကဲ - ကိုဇော်မင်း ခင်ဗျား ဘာတွေ မြင်ခဲ့ရသလဲ၊ သေချာပြောပြပါဦး"

သူ့မေးခွန်းကို ဇော်မင်းဆိုသူက ယခုထိထိတ်လန့်တုန်လှုပ်မှုမပြယ်သေးဟန်ဖြင့် -

"ကျွန်တော် - ကျွန်တော်မြင်လိုက်တယ် - ဆရာ၊ သွေးစုပ်ဖုတ်ကောင်က နှင်းနုလည်ပင်းကို ကိုက်နေတာ ကျွန်တော်မြင်လိုက်တယ်"

ဇော်မင်းက တုန်တုန်ယင်ယင်ဖြင့် ပြောသည်။ ဇော်မင်းတင် မဟုတ် ... အိမ်သားများရော ထိုအိမ်တွင် ရောက်ရှိနေသော အိမ်နီးချင်းအချို့ပါ ထိတ်လန့်တုန်လှုပ်နေကြပုံရသည်။

"ဟုတ်ပါပြီ၊ စိတ်မလှုပ်ရှားပါနဲ့ ကိုဇော်မင်း။ စိတ်ကို အေးအေးထားပြီး ခင်ဗျားမြင်ခဲ့ရသမျှကို သေချာပြောပြပါ ဟုတ်ပြီလား"

သူက ထပ်ပြောလိုက်မှ ဇော်မင်း၏ အမူအရာက အနည်းငယ်တည်ငြိမ်လာပြီး -

"ဟုတ် - ဟုတ်ကဲ့၊ ကျွန်တော်သေချာပြောပြပါ့မယ်ဆရာ။ ဒီ - ဒီလိုပါ နှင်းနုနဲ့ ကျွန်တော်နဲ့က ဟိုအရင်ကတည်းက ကြိုက်နေကြတာပါ - ဆရာ၊ အဲဒါ ဒီည တွေ့မယ်ဆိုပြီး အိမ်နောက်ဖေးဘက်မှာ ချိန်းထားပါတယ်၊ (၂)နာရီကျော်တဲ့အထိ သူရောက်မလာလို့ သူမနိုးလို့လားဆိုပြီး သူ့ကိုနှိုးဖို့ ကျွန်တော် အိမ်နောက်ဘက်ကိုရောက်လာခဲ့ပါတယ်"

ဇော်မင်းက ပြောရင်းမှ ပို၍ကြောက်လာသလို တံတွေးတစ်ချက် မျိုချလိုက်ရင်း -

"အိမ်နောက်ဖေးက စံပယ်ချုံနား ရောက်တော့ စံပယ်ချုံထဲက ထူးထူးဆန်းဆန်း အသံကြားရတယ်၊ ဘာသံမှန်းတော့ ကျွန်တော်လည်း မသိဘူး။ အဲဒါနဲ့ လှမ်းကြည့်လိုက်တော့ အဲဒါကို တွေ့ရတာပဲ။ နှင်းနုက - နှင်းနုက မြေကြီးပေါ် လဲကျနေပြီး အဲဒီအကောင်ကြီးက နှင်းနုလည်ပင်းကို ငုံ့ပြီးကိုက်နေတယ်၊ အဲဒါနဲ့ ကျွန်တော်လည်းလန့်အော်ပြီးထွက်ပြေးလာခဲ့တာပါ"

ဇော်မင်း၏စကားအဆုံးမှာ သူနှင့် ဒေါက်တာဇော်လတ်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိသည်။ သွေးစုပ်ဖုတ်ကောင်ဆိုတာကြီးကို မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသူ ရှိလာပြီမဟုတ်လား။

"အဲဒီလူက ဘယ်လိုပုံစံလဲဆိုတာ သေချာပြောပြပါဦး - ကိုဇော်မင်း"

သူ့မေးခွန်းကို ဇော်မင်းက ခေတ္တစဉ်းစားလိုက်ပြီးမှ -

"သွေးစုပ်ဖုတ်ကောင်ဆိုပေမယ့် သာမန်လူတစ်ယောက်လို ပုံစံမျိုးပါ ဆရာ။ အမှောင်ထဲမှာဆိုတော့ သူ့ပုံစံကို သေချာတော့ မမြင်လိုက်မိဘူး။ ဒီအတိုင်း ငုံ့နေတာကိုပဲ မြင်လိုက်ရတာပါ"

"ခင်ဗျားအော်လိုက်တော့ သူထွက်ပြေးသွားတာပေါ့၊ သူ ဘယ်ဘက်ထွက်ပြေးသွားတယ်ဆိုတာ ခင်ဗျားမြင်လိုက်လား"

"ဟင့်အင်း - သူ့ကိုမြင်မြင်ချင်းကျွန်တော်လန့်အော်ပြီးထွက်ပြေးလာခဲ့တော့ သူ ဘယ်ကို ထွက်ပြေးသွားလဲဆိုတာ မမြင်လိုက်ဘူး - ဆရာ၊ ဒါပေမဲ့ - သူ နောက်ဖေးဘက်ကိုပဲ ထွက်ပြေးသွားတယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကိစ္စဖြစ်တော့ အိမ်ကလူတွေရော အိမ်နီးချင်းတွေပါ အားလုံးနိုးလာပြီးအိမ်ရှေ့ဘက်မှာအကုန်ရှိနေကြတာပါ။ သူအိမ်ရှေ့ဘက်ကိုထွက်ပြေးလာရင် ကျွန်တော်တို့မြင်ရမှာပဲ"

"အခု ဒီကိစ္စဖြစ်ပြီးတာ - ဘယ်လောက်ကြာပြီလဲ"

ထိုမေးခွန်းကိုတော့ အိမ်ရှင်အဘေးကြီးက ဝင်ဖြေသည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့လည်း သိသိချင်းရဲစခန်းကို တန်းပြီး အကြောင်းကြားတာပါပဲ ဆရာ။ ဒါပေမဲ့ - ဆရာတို့ လမ်းမှာကြာတာနဲ့ဆို နာရီဝက်လောက် ရှိသွားပြီထင်ပါတယ်"

တရားခံက အနီးတဝိုက်တွင် မရှိနိုင်တော့ဟု သူ တွေးလိုက်မိသည်။ သို့သော် တရားခံ ဘယ်နေရာက ထွက်ပြေးသွားသည်ဆိုတာတော့ သိဖို့ လိုအပ်ပါသေးသည်။ သို့မှသာ ဤခြံထဲကို သူ ဘယ်လို ဝင်လာသလဲဆိုတာ သိနိုင်မည်မဟုတ်လား။

သူက ရဲသားလေးများကို ခြံ၏ နောက်ဖေးဘက်ကို လှူခွဲ၍ လွှတ်လိုက်သည်။ ခြံစည်းရိုးတွင် လူတစ်ကိုယ်စာ ဝင်ပေါက်ရှိ မရှိကိုလည်း သေချာစစ်ခိုင်းသည်။ သူကိုယ်တိုင်လည်း ဒေါက်တာဖော်လတ်နှင့်အတူ တစ်ခြံလုံးအနှံ့ ပိုက်စိပ်တိုက်၍ ရှာရသည်။ တစ်ခြံလုံးသည် သူတို့လူစု၏ မီးရောင်များဖြင့် လင်းထိန်နေလေသည်။

သို့နှင့် မကြာမီမှာပင် တရားခံထွက်ပြေးသွားသည်ဟု ယူဆရသော ခြံစည်းရိုးအပေါက်တစ်ခုကို တွေ့ကြရတော့သည်။ သူတို့၏ခြံစည်းရိုးများသည် သံဆူးကြိုးများ ခပ်ကျဲကျဲကာထားပြီး ပုဏ္ဏရိက်ပင်များ စိုက်ပျိုးထားခြင်းသာဖြစ်၍ သံဆူးကြိုးကိုဖြဲ၍ အလွယ်တကူ ဝင်ရောက်နိုင်လေသည်။

သူက ထိုအပေါက်ကို သေချာစစ်ဆေးကြည့်လိုက်တော့ ပုဏ္ဏရိက်ရွက်များတွင် သွေးအနည်းငယ် စွန်းပေနေသည်ကို တွေ့လိုက်ရသည်။ လူသတ်သမားက ဒီအပေါက်မှ ထွက်သွားတာတော့ သေချာနေပြီ။ ဒီခြံစည်းရိုးအပေါက်မှထွက်လျှင် တစ်ဖက်ခြံထဲသို့ ရောက်သွားမည်ဖြစ်သည်။

တရားခံက ဘာကြောင့် လွတ်ရာကျွတ်ရာလမ်းဘက်ကို ထွက်မပြေးဘဲ တစ်ဖက်ခြံထဲကို ဝင်ပြေးရတာလဲ၊ တစ်ဖက်ခြံမှာ အခုလို အလွယ်တကူ ဖောက်ထွက်နိုင်တဲ့အခွင့်အရေး ရှိရဲ့လား။ ဒါမှမဟုတ် ရုတ်တရက်မို့ ဘာမှမစဉ်းစားနိုင်ဘဲ ထိုခြံထဲသို့ အလွယ်တကူဝင်ပြေးသွားခြင်းလား ...။

သူက အိမ်ရှင်ကိုခေါ်ပြီး ထိုခြံပိုင်ရှင်၏အမည်ကို မေးလိုက်သောအခါ ပို၍အံ့အားသင့်သွားရသည်။ ထိုခြံ၏ပိုင်ရှင်က (The Sun) ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ကိုသူရိန် ဖြစ်သည်တဲ့။ ကိုသူရိန်က မိဘတွေ မရှိကြတော့ဘဲ ကျန်းမာရေးသိပ်မကောင်းရှာသော ညီငယ်နှင့်အတူ နေထိုင်သည်ဟု သိရသည်။

သူ့အတွေးထဲတွင် လွန်ခဲ့သော နှစ်ပတ်ခန့်က တွေ့ခဲ့ရသော ကိုသူရိန်၏ ပန်းပေါ်မှ ဆံပင်စများကို ဖျတ်ခနဲ သတိရသွားမိသည်။ ပြီးတော့ သွေးစုပ်ဖုတ်ကောင် အကြောင်း ပြောနေစဉ်က ကိုသူရိန်၏မျက်ဝန်းထဲမှ ထူးခြားသော အရိပ်အယောင်များ။ ထိုစဉ်ကတည်းက သူ့စိတ်ထဲမှာ ထူးဆန်းသလို ခံစားနေမိရာမှ ယခုတစ်ဖန် ကိုသူရိန်နှင့်ပတ်သက်၍ ထူးခြားမှုတစ်ခုတွေ့လာပြန်ပြီ။ အခင်းဖြစ်ပွားသောအိမ်က ကိုသူရိန်နှင့် အိမ်ချင်းကပ်ရက်ဖြစ်ပြီး လူသတ်သမားက သူ့ခြံထဲဝင်ပြေးသွားသောလက္ခဏာမျိုး တွေ့နေရသည်မဟုတ်လား။

"ကျွန်တော်တို့ ကိုသူရိန်ရဲ့ခြံထဲကို ဝင်ရှာဖို့လိုတယ်။ ဒီရပ်ကွက်က ဥက္ကဋ္ဌနဲ့ ရပ်မိရပ်ဖတွေက ကျွန်တော်တို့ကို ကူညီပေးကြပါ"

သူက ရပ်ကွက်လူကြီးနှင့် တခြားတာဝန်ရှိသူများကို ခြံရှေ့မှ ဝင်ခိုင်းလိုက်ပြီ။ သူကတော့ လူသတ်သမားဝင်သောအပေါက်မှ ခြံထဲသို့ ဝင်လာခဲ့သည်။

ထို့နောက် ထိုပတ်ဝန်းကျင်တစ်ဝိုက်ကို သေချာလေ့လာကြည့်ရှုလိုက်သောအခါ မြက်ပင်များနှင့် မြေပြင်အချို့နေရာများတွင် သွေးစ အနည်းငယ်စွန်းပေနေသည်ကိုတွေ့လိုက်ရသည်။ တခြားလူများက ခြံရှေ့မှဝင်လာပြီး ကိုသူရိန်နှင့် စကားပြောနေကြချိန်မှာ သူနှင့် ဒေါက်တာဖော်လတ်ကတော့ ခြံနောက်ဘက်မှာ ကုန်းကုန်းကွကွနှင့် အလုပ်ရှုပ်နေကြလေသည်။

သူသည် ပျောက်လိုက် ပေါ်လိုက်ဖြစ်နေသော သွေးစများနောက်လိုက်နေရင်းမှ ကိုသူရိန်၏ အိမ်နောက်ဖေးတံခါးအနီးသို့ ရောက်သောအခါ သွေးစများ လုံးဝပျောက်ကွယ်သွားသည်။ သူက ထိုနောက်ဖေးတံခါးရှေ့တွင် ရပ်တန့်ရင်း မျက်မှောင်တစ်ချက် ကုတ်လိုက်မိသည်။ ဒါ ဘာသဘောလဲ။ လူသတ်သမားက ကိုသူရိန်ရဲ့ အိမ်ထဲဝင်သွားတယ်ဆိုတဲ့သဘောလား။

သူက ရဲသားလေးတစ်ယောက်ကို ခေါ်ကာ ထိုနောက်ဖေးတံခါးရှေ့တွင် စောင့်ခိုင်းလိုက်ပြီး သူနှင့် ဒေါက်တာဖော်လတ်တို့က အိမ်ရှေ့ဘက်သို့ လျှောက်လာခဲ့သည်။ အချိန်မတော်အိပ်ရာမှ နှိုးခြင်းခံရသော်လည်း လန်းဆန်းကြည်လင်နေသော ကိုသူရိန်၏မျက်နှာမှာ သူ့ကို တွေ့သော်လည်း သိပ်အံ့ဩ

www.burmeseclassic.com

သွားပုံ မရပါ။ သူ့ခြံထဲ ညကြီးအချိန်မတော် ဝင်ရောက်ရှာဖွေသည့်အတွက် တော့အနည်းငယ်စိတ်အနှောင့်အယှက် ဖြစ်နေပုံ ရလေသည်။

"ဆရာတို့ကျွန်တော့်ခြံထဲကိုဘယ်နေရာက ဝင်လာတာလဲ"

ကိုသူရိန်က သူတို့နှစ်ယောက်ကို မြင်တော့ အံ့သြဟန်ဖြင့် မေးသည်။

"တရားခံ ဝင်ပြေးလာတဲ့အပေါက်ကဆိုပါတော့၊ သူဝင်တဲ့အပေါက်ကဝင်ပြီး သူဘယ်မှာပုန်းနေနိုင်လဲဆိုတာလေ့လာကြည့်ရတယ်လေ"

သူ့စကားကြောင့် ကိုသူရိန်၏မျက်နှာက ဟန်ဆောင်ထိန်းချုပ်ထားသည့်ကြားမှ မသိမသာ ဖျက်ယွင်းသွားသည်။ သို့သော် ချက်ချင်းတည်ငြိမ်မှု ယူလိုက်ပြီး -

"ဆရာ - ဘာကို ဆို လို တာလဲ၊ တရားခံက ကျွန်တော်ခြံထဲဝင်ပြေးသွားတယ်ဆိုတဲ့သဘောလား။ အဲဒီလိုဖြစ်နိုင်လို့လား"

"ဖြစ်နိုင်တာ မဟုတ်ဘူး ကိုသူရိန်၊ အဲဒီလိုဖြစ်နေတာ ခင်ရျားတို့ခြံနှစ်ခြံကြားက ခြံစည်းရိုးမှာ လောလောလတ်လတ် ဖောက်ထားတဲ့ အပေါက်တစ်ခု တွေ့ရတယ်၊ ပြီးတော့ - တရားခံမှာ ပေ

သွားတဲ့သွေးစတွေ ပေနေတာလည်း တွေ့ရတယ်၊ အဲဒီသွေးစတွေဟာ ခင်ဗျား ရဲ့အိမ်တံခါးနားထိ ရောက်နေတယ်"

သူက ပြောရင်းမှ ကိုသူရိန်ကို အတဲ စေ်ကြည့်မိသည်၊ ကိုသူရိန်၏ပုံစံမှာ ယခုမှ အိပ်ရာထဲကထလာသူလို ညအိပ် ဝတ်စုံပေါ်မှာ ကုတ်အင်္ကျီရှည်ထပ်ဝတ် ထားလျက် ဘယ်လိုမှ သံသယဝင်နိုင် စရာပုံစံမျိုး မဟုတ်ပေ။

"ဟိုဘက်ခြံမှာ ဖြစ်တဲ့ပြဿနာကို တော့ ခင်ဗျားသိမယ်ထင်ပါတယ် ကိုသူရိန်၊ နှင်းနှင်းဆိုတဲ့ကောင်မလေး ရဲ့လည်ပင်းကို အကိုက်ခံရတယ်လေ၊ ခင်ဗျားတို့ပြောနေတဲ့ သွေးစုပ်ဖုတ် ကောင်ဆိုတာကပေါ့"

"အဲဒီကိစ္စကို ဒီက ဦးလေးတို့ပြော လို့ ကျွန်တော် ရပဲသိပြီးပါပြီ၊ အဲဒီ ပြဿနာက ကျွန်တော်နဲ့ ဘာများပတ် သက်နေလို့လဲ၊ ဆရာတို့ ပြောတဲ့ အကြောင်းအရာတွေကိုလည်း ကျွန် တော် ဘာမှမသိရပါလား"

ကိုသူရိန်က အမှန်တကယ်ပင် နား မလည်ဟန်ဖြင့်ပြောသည်၊ သူက -

"အဲဒီပြဿနာက ခင်ဗျားနဲ့ ဘယ် လိုပတ်သက်လဲဆိုတာ ခင်ဗျားပြောပြမှ

သိတော့မှာပေါ့ - ကိုသူရိန်၊ အခု ကျွန် တော်တို့ တွေ့ထားအချက်အလက်တွေ အရဆိုရင်တော့တရားခံက ခင်ဗျားခြံထဲ၊ ခင်ဗျားအိမ်ထဲ ဝင်သွားတာ သေချာနေ တယ်"

သူ့စကားကြောင့်ကိုသူရိန်က ရယ် ချင်ဟန်ဖြင့် ပခုံးတွန့်လိုက်ရင်း -

"ကျွန်တော့်ပုံစံကိုကြည့်ရတာ တကယ်ပဲ သွေးစုပ်ဖုတ်ကောင်နဲ့ တူနေ လို့လား"

ဟု ပြောသည်၊ ထိုလူပုံစံက သူ့ တာဝန်နှင့်အလုပ်ကို မလေးစားသလို ဖြစ်နေ၍ သူ့စိတ်ထဲ အနည်းငယ်ဒေါသ ဖြစ်သွားမိသော်လည်း စိတ်ကိုထိန်းချုပ် ထားရသည်၊ အိမ်ထဲဝင်ရှာဖို့အတွက် ဒီထက် အချိန်ဆွဲလို့ မကောင်းတော့ ပေ။

"ကျွန်တော်တို့ ခင်ဗျားအိမ်ထဲ ဝင် ရှာရလိမ့်မယ် - ကိုသူရိန်"

သူ့စကားကို ကိုသူရိန်က တုန်လှုပ် ဟန်မပြဘဲ -

"ဆရာတို့ တာဝန်ရှိသလို ဆောင် ရွက်နိုင်ပါတယ်"

ဟု ပြောသည်။

ထို့နောက်မှာတော့ အချိန်မဆိုင်း ဘဲ သူတို့တစ်အိမ်လုံး ဝင်ရောက်ရှာဖွေ

ကြသည်၊ ရေချိုးခန်း၊ အိမ်သာနှင့် မီးဖို ခန်းမှာမကျန် လှုစုဖွဲ၍ ရှာကြသည်၊ သို့ သော် ကိုသူရိန်မှလွဲ၍ လူတစ်ယောက် မှ မတွေ့ရသလို မသင်္ကာစရာ ဘာ အထောက်အထားမှလည်း မတွေ့ရပါ။ အိမ်အပြင်တံခါးအနီးတွင်သွေးစက်များ တွေ့ခဲ့ရသော အိမ်နောက်ဖေးတံခါးဝသို့ သွားရောက်ရှာဖွေသော်လည်း ဘာ မသင်္ကာစရာမှ မတွေ့ရ။

နာရီဝက်လောက်အချိန်အတွင်းမှာ အရာအားလုံးကို ဖျောက်ဖျက်ဖုံးကွယ် ပစ်လို့ ရနိုင်သည်ပဲဟု သူ မကျေမနပ် တွေးမိသည်၊ အထပ်နှစ်ထပ်ရှိသော အိမ်တွင် ယခုနောက်ဆုံးရှာစရာဆို၍ ကိုသူရိန်၏ကျန်းမာရေးမကောင်းသော ညီဆိုသူ၏အခန်းသာ ကျန်တော့သည်။

ထိုအခန်းရှေ့ရောက်တော့ . . . ကိုသူရိန်က သူတို့အားလုံးကိုကြမ်းကြမ်း တမ်းတမ်း မလှုပ်ရှားကြဖို့ သတိပေး သည်၊ ထိုသို့ သတိပေးပြီးမှ ကိုသူရိန်က အခန်းတံခါးကို ညင်သာစွာ ဖွင့်ပေးလေ သည်၊ အခန်းထဲမှာတော့ အိပ်ခန်းမီးပင် မရှိဘဲ မှောင်မည်းနေ၍ ဘာမှမမြင်ရပါ၊

"သူက အလင်းရောင်ကို မကြိုက် ဘူး၊ မီးလင်းနေရင် လုံးဝမအိပ်တတ်ဘူး





www.burmeseclassic.com

www.burmeseclassic.com


လေ၊ အဲဒါကြောင့် အခန်းမီးတောင် ပိတ်ပေးထားရတာ"

ကိုသူရိန်က လေသံတိုးတိုးဖြင့် ပြောရင်း နံရံမှ မီးခလုတ်ကို လှမ်းဖွင့်သည်။ ပြာလဲ့မှုန်ဝါးသောအလင်းရောင်အောက်တွင် တွေ့လိုက်ရသည်က ခုတင်ပေါ်တွင် အိပ်ပျော်နေသော လူငယ်လေးတစ်ယောက်၊ ပါးလျသေးသွယ်သော ခန္ဓာကိုယ်က အိပ်ရာနှင့်တစ်သားတည်းလိုဖြစ်နေပြီး အိပ်စက်နေပုံက အသက်ဝိညာဉ်ကင်းမဲ့နေသူလို၊ ဦးခေါင်းမှာတော့ အနက်ရောင်ခေါင်းစွပ်တစ်ခု စွပ်ထားသည်ကို သူ သတိထားမိသည်။

"သူ့ကျန်းမာရေးအခြေအနေက အခုလို အိပ်စက်ဖို့အချိန်တောင် သိပ်မကျန်တော့ပါဘူးဗျာ၊ အခု ခင်ဗျားတို့ သူ့ကို နိုးလိုက်ရင်လည်း ဒီကိစ္စနဲ့ပတ်သက်လို့သူဘာမှပြောနိုင်မှာမဟုတ်ဘူး။ အဲဒါကိုတော့ ယုံပေးပါ"

ကိုသူရိန်ကညီဖြစ်သူကိုငေးကြည့်ရင်း ခပ်တိုးတိုးပြောသည်၊ သူ့လေသံထဲတွင် ထိခိုက်နာကျင်မှုများ ထင်ဟပ်နေသည်ကို မင်းမြတ် ခံစားမိလိုက်သည်။

"အဲဒါတော့ ဟုတ်ပါတယ် - ဆရာ၊ ကိုသူရိန်ရဲ့ညီက ကျန်းမာရေး အတော်မကောင်းရှာတာ၊ ဆေးရုံမှာနေသင့်



ခင်ဗျားပြောတာလည်းမှန်ပါတယ်။ လူတစ်ယောက်ကိုအပေါ်ယံကြည့်ပြီး ပြောလို့တော့မရဘူးဗျ။ သူ့ရဲ့အတွင်းစိတ်ကိုသဘောလေးတွေရှုတဲ့ကျွန်တော်တို့က ဘယ်လိုလုပ်သိနိုင်မှာလဲ။ ဥပမာ–အပြင်ပန်းကြည့်ရင်တော့ သိပ်အပြစ်ကင်းပုံရတဲ့ လူတစ်ယောက်ဟာ ပြင်းထန်တဲ့ဆိုက်ကိုတစ်ခုခုဝင်ပြီး လူတွေ လိုက်သတ်နေတာမျိုးပေါ့။

တဲ့အခြေအနေဖြစ်နေပေမယ့်သော်တာ ...ယနေ့အရအိမ်မှာပဲထားပြီးကုသရတာ ...လို့ကိုသူရိန် ပြောဖူးပါတယ်"

လှုအုပ်ထဲမှ ဆယ်အိမ်မှူးတစ်ယောက်က ဝင်ပြောသည်၊ မင်းမြတ်က ...အားအင်ကင်းမဲ့စွာ အိပ်ပျော်နေသော ...ကောင်လေးကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"ကျွန်တော် သူ့ကိုနိုးပေးဖို့လိုသေးလား - ဆရာ"

ကိုသူရိန်က မေတ္တာရပ်ခံသော လေသံဖြင့် တိုးဖွဖွပြောသည်၊ သူက စိတ်မကျေနပ်စွာဖြင့် အခန်းထဲ ဝေ့ဝဲ ...ကဲခတ်ကြည့်မိရင်း -

"ဒီညတော့ ကျွန်တော်တို့ သူ့ကို ...အနှောင့်အယှက် မပေးတော့ပါဘူး ကိုသူရိန်၊ ဒါပေမဲ့ - နောက်နေ့ကျရင် ...တော့ ခင်ဗျားနဲ့ကျွန်တော် ထပ်တွေ့ဖို့ လိုလိမ့်မယ်"

"ဟုတ်ကဲ့ - ဆရာတို့ လိုအပ်ရင် ကျွန်တော်ကူညီဖို့ အသင့်ပါပဲ"

ကိုသူရိန်က လိုက်လိုက်လှဲလှဲပင် ပြောသည်၊ သူက ကိုသူရိန်ကို ခပ်ကြာကြာစိုက်ကြည့်ကာ တစ်ခုခုပြောမည်ပြု ပြီးမှ မပြောဖြစ်တော့ဘဲ ထိုနေရာမှ ...ကျာခိုင်းထွက်လာခဲ့သည်၊ သူ့အတွက်

ပြောစရာစကား ပျောက်ဆုံးနေသည် မဟုတ်လား။

အိမ်အပြန်လမ်းမှာတော့ သူ့အတွက်တွေးစရာများစွာပါလာခဲ့သည်၊ သူ့အတွေးနှင့်သူ နစ်မျောနေမိသည်မှာ ဘေးမှာပါလာသော ဒေါက်တာဇော်လတ်ကိုပင် မေ့နေမိလေသည်၊

"ခင်ဗျား ကိုသူရိန်ကို သံသယဝင်နေတာလား"

ဒေါက်တာဇော်လတ်က မေးခွန်းထုတ်လိုက်မှ သူ့စိတ်တွေက ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာသည်၊ သူက သက်ပြင်းတစ်ချက် ချလိုက်ရင်း -

"အခြေအနေတွေကအဲဒီလိုဖြစ်နေတာပဲလေ၊ ခင်ဗျားလည်း ကျွန်တော်တွေးသလိုတွေးမိတာမဟုတ်လား၊ အခု အဖြစ်အပျက်ပြီးသွားတော့ ..."

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တော့ ဘယ်လိုမှ ဆက်စပ်လို့ မရဘူးဗျာ၊ ကိုသူရိန်လို လူကြီးလူကောင်းတစ်ယောက်နဲ့ ဒီလိုရွံကြောင်ကြောင်ဆန်တဲ့လုပ်ရပ်မျိုးဆိုတာ လုံးဝမသက်ဆိုင်သလိုပဲ၊ သူ့လိုလူမျိုးက လူသတ်မယ်ဆိုရင်တောင် ဒီထက် သိမ်မွေ့နက်နဲပြီး ခက်ခဲတဲ့နည်းလမ်းမျိုးနဲ့ သတ်မယ့်သူဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားပြောတာလည်း မှန်ပါတယ်။ လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး ပြောလို့တော့ မရဘူးဗျ။ သူ့ရဲ့အတွင်းစိတ်ကို ခဏလေးတွေ့ရတဲ့ ကျွန်တော်တို့က ဘယ်လိုလုပ်သိနိုင်မှာလဲ။ ဥပမာ-အပြင်ပန်းကြည့်ရင်တော့ သိပ်အဖြစ်ကင်းပုံရတဲ့လူတစ်ယောက်ဟာ ပြင်းထန်တဲ့ဆိုက်ကို တစ်စုစုဝင်ပြီး လူတွေ လိုက်သတ်နေတာမျိုးပေါ့"

သူ့စကားကြောင့် ဒေါက်တာဇော်လတ်က ကားမောင်းနေရင်းမှ တအံ့တဩလှည့်ကြည့်ပြီး-

"ခင်ဗျားဆိုလိုတာက ကိုသူရိန်ဟာ စိတ်ရောဂါတစ်ခုခုကြောင့် ဒီလိုလုပ်ရပ်တွေလုပ်နေတာမျိုးပေါ့-ဟုတ်လား"

ဒေါက်တာဇော်လတ်၏ အထိတ်တလန့်စကားကြောင့် သူက ပြုံးလိုက်မိရင်း-

"ကျွန်တော်အဲဒီလိုမပြောရသေးပါလား။ ခုပြောနေတာက ကျွန်တော်ရဲ့စိတ်ကူးယဉ်မှုသက်သက်ပါဗျာ။ ကျွန်တော်တို့အတွက် အချက်အလက်တွေ အကြောင်းအရာတွေ အများကြီး လိုပါသေးတယ်"

သူက ပြောရင်းမှ ကိုသူရိန်ပုံစံကို စိတ်ထဲမှာ မြင်ယောင်ကြည့်မိသည်။ ရာဇဝတ်မှု ကျူးလွန်ထားတဲ့သူတစ်ယောက်ဟာ သူ့လိုရဲတစ်ယောက်ရဲ့ရှေ့မှာ ထိုသို့ တည်ငြိမ်ရဲရင့်စွာ နေနိုင်မည်မထင်ပါ။

"ဒါနဲ့ ဒီလူသတ်မှုတွေနဲ့ပတ်သက်ပြီး ခင်ဗျားက တရားခံဖမ်းဖို့ပဲ စဉ်းစားနေတယ်နော်။ ဘာကြောင့် သူများတွေထင်သလို သွေးစုပ်ဖုတ်ကောင်သတ်တာလို့ မထင်ရတာလဲ"

ဒေါက်တာဇော်လတ်စကား ကြောင့် သူက ခနဲ့ခနဲ့ရယ်မိရင်း-

"ထင်စရာလားဗျာ။ တခြားသူတွေ ဘယ်လိုထင်ကြမလဲ မသိပေမဲ့ ကျွန်တော်ကတော့ သွေးစုပ်ဖုတ်ကောင်ဆိုတာကို အစကတည်းက အယုံအကြည်မှ မရှိတာ။ ပြီးတော့-ယုတ္တိမရှိတဲ့ အချက်အလက်တွေကို တွေ့လာရတော့ ပိုပြီး မဖြစ်နိုင်တော့တာပေါ့"

"ယုတ္တိမရှိတဲ့အချက်အလက်တွေဆိုတာ-ဘာတွေလဲ"

"အင်း-ပြောရရင်တော့၊ ကဲ-ထား ပါဦး။ ကျွန်တော်တို့ သွေးစုပ်ဖုတ်ကောင် ရှိတယ်လို့ယုံကြည်တယ်ပဲထားပါတော့၊ သွေးစုပ်ဖုတ်ကောင်ဆိုတာလည်း ကျွန်တော်တို့လို သာမန်လူပုံစံပဲလေ၊ သူ သွေးစုပ်တဲ့အခါမှာ အစွယ်ရာက ကျွန်တော်တို့ သွားစွယ်နှစ်ခုရှိတဲ့နေရာမှာပဲ ရှိရမယ်လေ။ အစွယ်ရာတစ်ခုနဲ့တစ်ခု တစ်လက်မခွဲလောက် ကွာဝေးရမယ်။ အဲဒါ လူတိုင်းမှာရှိတဲ့ သွားပုံစံပဲ၊ ဒါပေမဲ့ သေဆုံးသူတိုင်းရဲ့လည်ပင်းက အစွယ်ရာကတော့ အဲဒီလိုမဟုတ်ဘဲ တစ်ခုနဲ့တစ်ခု သိပ်နီးနေတယ်။ တစ်လက်မလောက်ပဲ ကွာတယ်။ အဲဒီအချက်က အဲဒီအပေါက်နှစ်ပေါက်ဟာ လူသွားနဲ့ ကိုက်ထားတဲ့အရာ မဟုတ်ဘူးဆိုတာ သိသာစေတယ်"

"နောက်တစ်ချက်ကတော့သေဆုံးသူတိုင်းရဲ့ အနီးမှာ သွေးတွေ အတော်များများတွေ့ရတဲ့ အချက်ပဲ၊ တကယ်တမ်းသွေးစုပ်ဖုတ်ကောင်ကသွေးစုပ်လို့သေခဲ့တာဆိုရင်အဲဒီလောက်သွေးတွေ များများကျန်နေခဲ့စရာ အကြောင်းမရှိဘူး၊ တကယ်တမ်း သူတို့သေရတဲ့အကြောင်းရင်းကသွေးစုပ်ခံရလို့မဟုတ်ဘူး။ အဲဒီဒဏ်ရာက သွေးထွက်လွန်ပြီးသေတာပဲ၊ ခင်ဗျားလည်း တွေ့မှာပေါ့။ အလောင်းတွေနားမှာ သွေးတွေ အိုင်ထွန်းနေတာကို"

"ဟုတ်တော့ဟုတ်တယ်ဗျ၊ ကျွန်တော်လည်း စိတ်ထဲမှာ ထူးတော့ ထူးဆန်းနေတာ၊ ဟဲ-ဟဲ -ဒီသွေးစုပ်ဖုတ်ကောင်က သွေးအားလုံးမစုပ်ဘဲ ဘာကြောင့် အလဟဿ ဖြုန်းပစ်ရသလဲလို့ပေါ့။ တကယ်တော့ သေဆုံးသွားတဲ့ ကောင်မလေးတွေက လည်ပင်းကို အဖောက်ခံရပြီး ချက်ချင်းသေတာ မဟုတ်ဘူးဗျ။ သွေးထွက်လွန်ပြီး အချိန်အတော်ကြာမှသေတာ တကယ်လို့ အချိန်မီသာသိခဲ့ရင် သူတို့ကို ကယ်နိုင်မှာပဲ"

"အဲဒါကို တွေးမိလို့လည်း ကျွန်တော် ပိုပြီးခံပြင်းနေရတာပေါ့ဗျာ"

သူက သေဆုံးသွားခဲ့သောကောင်မလေးနှစ်ယောက်ကိုတွေးမိကာ ပြောလိုက်သည်။ လူသတ်မှုများတွင် အမုန်းရန်ငြိုးကြောင့်၊ ဒေါသကြောင့်၊ မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ရသူများမှာ အနည်းငယ် ဖြေသာပါသေးသည်။ စိတ်ကိုအာသာဖြေဖို့အတွက်လူတစ်ယောက်ရဲ့အသက်ကို ပုရွက်ဆိတ်လေးတစ်ကောင်လို သဘောထားကာ အကြောင်းမဲ့ သတ်ဖြတ်တတ်သော အရူးလို လူသတ်ကောင်မျိုးကိုတော့ သူ လုံးဝ ခွင့်မလွှတ်နိုင်ပါ။

"ဒါပေမဲ့ -အခုတစ်ယောက်ကိုတော့ ကျွန်တော်တို့ ကယ်လိုက်နိုင်တာပဲလေ။ ပြီးတော့-အမှုအတွက် အဲဒီသွားနှစ

www.burmeseclassic.com

အချို့လည်း တွေ့လာရပြီမဟုတ်လား။ ကံကောင်းရင် အစုဖြစ်တဲ့ကောင်မလေး ဆီကနေ အရေးပါတဲ့အချက်တွေ ထပ်သိနိုင်သေးတယ်လေ"

"ကျွန်တော်လည်း အဲဒီလိုမျှော်လင့်ပါတယ်ဗျာ"

သူက ကားမှန်ရှေ့တွင် မြင်နေရသော ညရှုခင်းကို ငေးကြည့်ရင်း ပြောလိုက်မိသည်။ နောက်ထပ် မိန်းကလေးတစ်ယောက် ဘေးစာခံမဖြစ်မီ ထိုအမှုကို ဖော်ထုတ်နိုင်ဖို့ သူ တကယ်ကို မျှော်လင့်မိပါသည်။

❀ ❀ ❀

နောက်တစ်နေ့မှာတော့ ချက်ချင်းပဲ ကိုသူရိန်၏အိမ်သို့ သူ ထပ်သွားခဲ့သည်။ သို့သော် မနေ့ညက တွေ့ခဲ့ရသော သဲလွန်စအချို့မှလွဲ၍ ဘာထူးခြားမှုမှ ရှာမတွေ့ခဲ့ပါ။ ကိုသူရိန်၏ညီဖြစ်သူ သော်တာဆိုသောကောင်လေးကိုတော့ သူ သေချာတွေ့ခွင့်ရခဲ့သည်၊ မနေ့ညတတွေ့ခဲ့ရသလိုပဲ၊ ခေါင်းတွင် အနက်ရောင်ခေါင်းစွပ်တစ်ခု စွပ်ထားကာ ဖြူဖျော့ပါးလျသောခန္ဓာကိုယ်နှင့်ထိုကောင်လေးမှာ အသက် (၂၀) ကျော်ခန့်သာ ရှိပါသေးသည်။

ကိုသူရိန်၏ပြောပြချက်အရ သူတို့မိဘတွေက သူတို့ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့ကြောင်း၊ ထိုအချိန်မှစ၍ သူထက် (၁၀) နှစ်ကျော်ငယ်သော ညီငယ်ကို သူကပဲ စောင့်ရှောက်မျိုးထောင်ပေးခဲ့ရကြောင်း။ လောကတွင် တစ်ဦးတည်းသော ဆွေမျိုးဖြစ်၍ သော်တာကို သူ သိပ်ချစ်ကြောင်း၊ သူ့ဘဝအားလုံးကို သော်တာအတွက် မြှုပ်နှံထားခဲ့ကြောင်း စသည်ဖြင့် သိခဲ့ရသည်၊ ကိုသူရိန်၏ပုံစံမှာ ညီဖြစ်သူအတွက်အတော်လေးစိတ်မချမ်းမမြေ့ဖြစ်နေပုံရသဖြင့် သူလည်း သူတို့ကိုကြည့်ကာ စိတ်မကောင်းဖြစ်မိပါသည်၊

ထိုနေ့ညနေတွင် နှင်းနှစ်ခင် သတိရလာပြီဟု ဆေးရုံမှ အကြောင်းကြားသဖြင့် သူအပြေးအလွှား သွားခဲ့ရသေးသည်။ သို့သော် သူ မျှော်လင့်ခဲ့သလို နှင်းနှစ်ခင်ထံမှ ဘာအချက်အလက်မှ မရခဲ့ပါ။ သူမ အိမ်ထဲမှ ထွက်လာပြီး စံပယ်ရုံနားရောက်တော့ လူတစ်ယောက်က နောက်မှ ဖမ်းချုပ်၍ ပါးစပ်ကို ပိတ်ကာ စံပယ်ရုံနောက်သို့ ဆွဲခေါ်သွားသည်၊ ထို့နောက် ဦးခေါင်းကို ကျောက်တုံးဖြင့် ထုခံရကာ သတိမေ့သွားသည်။ ထို့နောက် လည်ပင်းတွင် ပြင်းထန်သော နာကျင်မှုတစ်ခုကို ခံစားလိုက်ရသည်ကို သာနောက်ဆုံးသတိရလေသည်။ ထိုသူ၏ ပုံပန်းသဏ္ဌာန်၊ အဝတ်အစား သူမ ဘာမှမသိခဲ့ပါ။

ကိုသူရိန်က အဓိကအရေးစေနီမှုးနှင့် လာတွေ့ရသည်။ ထိုအချိန်တွင် သူလည်း အနားမှာ ရှိနေရသည်၊ သူတို့ အမြန်မြန် အလှန်လှန်မေးခွန်းများထုတ်ပြီး စစ်ဆေးမေးမြန်းကြသော်လည်း ကိုသူရိန်ထံမှ ထူးခြားသော ထွက်ဆိုချက် မရရှိခဲ့ပါ။ ကိုသူရိန်၏ခြံထဲမှ တွေ့ရှိခဲ့သောသဲလွန်စများက ကိုသူရိန်နှင့် လုံးဝမသက်ဆိုင်သလိုပင်ဖြစ်နေပြန်သည်။ အလွန်လူကြီးလူကောင်းဆန်ပြီး တည်ကြည်ရိုးသားပုံရသော ထိုလူကို သူ လုံးဝနားမလည်တော့ပါ။

မည်သို့ပင်ဖြစ်စေ၊ သူကတော့ ကိုသူရိန်နှင့်ပတ်သက်သော အချက်အလက်များကို အသေးစိတ် ရှာဖွေစုဆောင်းသည်။ ကိုသူရိန်၏ လှုပ်ရှားသွားလာမှုများကိုလည်း သေချာစောင့်ကြည့်သည်။ သူတွေ့ရှိထားသော သဲလွန်စများအရ သူ သံသယကို လွယ်လွယ်ကူကူတော့ ဖျောက်ဖျက်မပစ်နိုင်ပါ။

"ခင်ဗျားရဲ့ အချက်အလက်တွေအရတော့ ကိုသူရိန်က သံသယဖြစ်စရာအကောင်းဆုံးသူပဲ၊ ကျွန်တော်တို့မှာ တိကျခိုင်မာတဲ့ သက်သေတော့ မရှိဘူးပေါ့လေ"

စခန်းမှူးကလက်ထဲမှဖိုင်တွဲများကို စားပွဲပေါ် ပြန်ချရင်း ပြောသည်၊

"ဟုတ်ပါတယ် ဆရာ၊ အဲဒါကြောင့် ကျွန်တော်လည်း ဒီကေ့စ်ကိုရှေ့ဆက်လို့ မရဖြစ်နေတာပါ၊ ကိုသူရိန်လိုလူတစ်ယောက်က ဒီလိုအမှုမျိုး ကျူးလွန်လိမ့်မယ်လို့ လုံးဝထင်စရာမရှိဘူးလေ၊ သူ့နောက်ကြောင်းရာဇဝင်ကို စုံစမ်းတော့လည်း ဘာမှအရှုပ်အရှင်း မတွေ့ရဘူး။ ကျွန်တော်တို့ ထင်တာတွေ မှားများမှားနေပြီလားလို့တောင် တွေးမိတယ် ဆရာ"

"ဟုတ်တယ် - ကိုမင်းမြတ်၊ ဒီလူပုံစံက တကယ့်ကို လူကြီးလူကောင်းတစ်ယောက်ဗျ၊ သူပြောတဲ့စကားတွေမှာလည်း သံသယဖြစ်စရာလုံးဝမတွေ့ရဘူး။ ကျွန်တော်တို့တွေ့ထားတဲ့ အချက်အလက်တွေက သူနဲ့ ဘာမှမသက်ဆိုင်သလိုပဲ၊ အင်း - ဒါပေမဲ့ - တစ်ခုတော့ ရှိတာပေါ့လေ၊ လူတစ်ယောက်ကိုအပေါ်





www.burmeseclassic.com

www.burmeseclassic.com

ယ်ကြည့်ပြီး ပြောလို့တော့ မရဘူးပေါ့။ အထူးသဖြင့်ကျွန်တော်တို့ရဲ့တွေ့ဟာလူ တစ်ယောက်ကိုကြည့်ရင် အတွင်းစိတ် ထဲထိ နက်နက်ရှိုင်းရှိုင်း ကြည့်တတ်ရ မယ်ဗျ...''

"ဒါနဲ့ - ကိုသူရိန်ရဲ့ ညီက ကင်ဆာ ဖြစ်နေတယ်ဆို၊ ရောဂါအခြေအနေက နောက်ဆုံးဖြစ်နေပြီလို့ ပြောတယ်။ သူ့ ညီကို ဘာလို့ဆေးရုံမတင်တာလဲ"

စန်းမှူးတို့မေးခွန်းကြောင့် သူက သော်တာဆိုတာ ဖြူဖျော့ဖျော့ကောင် လေးကို မြင်ယောင်သွားမိရင်း -

"သူ့ညီကဆေးရုံမှာမနေချင်ဘူးတဲ့ ဆရာ၊ သူကလည်းသူ့ညီစိတ်ချမ်းသာ ရင်ပြီးရောလိုက်လျောထားတယ်၊ ဆရာ ဝန်တစ်ယောက်ကတော့ အမြဲကြပ်မတ် ကုသပေးရတယ်"

"ဪ - အဲဒီလိုလား၊ ဒါနဲ့ - အဲဒီ ကောင်လေးဟာ အရင် ဒီမှာမရှိဘူးဆို"

"ဟုတ်တယ် - ဆရာ၊ အမေရိကား မှာ ကျောင်းသွားတက်နေတာ၊ (၄)နှစ် လောက် ရှိပြီလို့ ပြောတယ်"

"လွန်ခဲ့တဲ့ (၄)လလောက်ကမှ သူ့ ကျန်းမာရေးကြောင့်ဒီကိုပြန်လာတာပါ၊ ကိုသူရိန်လည်း သူ့ညီအတွက် တော် တော်စိတ်ထိခိုက်နေပုံရတယ်၊ တာဝန် အရ သူနဲ့တွေ့ပြီး စစ်ဆေးမေးမြန်းနေရ ပေမယ့် ကျွန်တော်လည်း သိပ်စိတ် မကောင်းဘူး"

"ကျွန်တော်လည်း ဒီလိုပါပဲဗျာ၊ ဒါပေမဲ့ - တာဝန်နဲ့ ကိုယ်ရေးကိုယ်တာ ကိုရောထွေးလို့တော့ မရဘူးဗျ၊ ခင်ဗျား အနေနဲ့ သူ့ကို သံသယဝင်နေရင် အဲဒီ သံသယကို တိကျခိုင်မာအောင် အမြန် ဆုံးကြိုးစားရမယ်၊ အခု ကျွန်တော်တို့ လက်ထဲမှာရှိတာဆိုလို့ တရားခံရဲ့DNA အမျိုးအစားပဲရှိတာမဟုတ်လား"

စန်းမှူးက အလုပ်သဘောဆန် သောလေသံဖြင့် သတိပေးသလို ပြော သည်၊ စန်းမှူးစကားကြောင့် DNA ကိစ္စကို သူ စဉ်းစားမိသွားကာ တစ်ပြိုင် နက်တည်းမှာပင်တစ်စုံတစ်ရာကိုလည်း ဖျတ်ခနဲ သတိရသွားမိသည်၊

ဟုတ်သားပဲ ...၊ သူ့မိတ်ဆွေ ဒေါက် တာမျိုးမင်း ...၊ ဒေါက်တာမျိုးမင်းက ကိုသူရိန်တို့ညီအစ်ကိုရဲ့ မိသားစုဆရာ ဝန်ပဲ ...၊ ကိုသူရိန်ရဲ့DNA ကို ရယူစစ် ဆေးနိုင်ဖို့အတွက် ဒေါက်တာမျိုးမင်းကို အကူအညီတောင်းရင် ရနိုင်တာပဲ ...၊

အတွေးနှင့်တစ်ပြိုင်နက်တည်းမှာ ပင် သူ့ထိုင်ရာမှ ထရပ်လိုက်ပြီးဖြစ်သွား သည်၊ ထို့နောက်စန်းမှူးကိုခွင့်တောင်း ကာ ဒေါက်တာမျိုးမင်းရှိရာဆေးခန်းသို့ ထွက်လာခဲ့တော့သည်၊

ဆေးခန်းသို့ရောက်တော့ကိုမျိုးမင်း ကို အဆင်သင့်ပင် တွေ့ရသည်၊ သို့တိုင် အောင်ထိုDNA ကိစ္စကိုဘယ်ကစ၍ပြော ရမှန်းမသိ၊ ကိုမျိုးမင်းက ထိုအမှုနှင့်ပတ် သက်ပြီးဘာမှသိမထားသူမဟုတ်လား။ ထိုအကူအညီကို တောင်းရန်အတွက် အမှုဖြစ်စဉ်အားလုံးကို အစမှအဆုံး ပြန် လည်ရှင်းပြရပုံပေါ်သည်၊

"ကိုမင်းမြတ်ပါလား၊ ဘယ်က လှည့်လာတာလဲဗျ"

"ခင်ဗျားဆီ တမင်လာတာ၊ အကူ အညီတစ်ခု တောင်းစရာရှိလို့ ဆိုပါ တော့"

"ဪ - အဲဒီလိုလား၊ ခင်ဗျား အချိန်မီရောက်လာလို့ တော်သေးတာ ပေါ့၊ ကျွန်တော် ခုပဲ ကိုသူရိန်ရဲ့အိမ်ကို သွားတော့မလို့ဗျ"

သူဘာမှမပြောရသေးခင်ကိုမျိုးမင်း ထံမှ ထိုနာမည်ကို ကြားလိုက်ရသဖြင့် ယူ့အတွက် စကားစရသွားသည်၊

"ဟုတ်လား - ဘာဖြစ်လို့လဲ၊ သူ့ညီ အခြေအနေဆိုးလို့လား"

သူ့စကားကြောင့် ကိုမျိုးမင်းက ခေါက်ပြင်းတစ်ချက်ချရင်း -

"ဆိုးလာတာ မဟုတ်ဘူး - ကိုမင်း မြတ်ရ၊ မကောင်းတော့တာဗျ၊ ဒီကောင် လေးမှာ ဖြစ်နေတဲ့ သွေးကင်ဆာက နောက်ဆုံးအဆင့် ရောက်နေပြီ၊ ပြောရ ရင် ဘယ်အချိန် သေမလဲဆိုတာ စောင့် နေရတဲ့ကာလလေးပါဗျာ"

"သွေးကင်ဆာ - ဟုတ်လား"

သူက သာမန်ကင်ဆာဟု ထင်မှတ် နေရာမှ သွေးကင်ဆာဆို၍ အံ့ဩသွား မိသည်၊

"ဟုတ်တယ်၊ သူ့အခြေအနေက ဆေးရုံမှာထားပြီး မပြတ်စောင့်ကြည့်နေ ရမှာဗျ၊ ဒါပေမဲ့ - သော်တာက ဆေးရုံ မတက်ချင်ဘူးပဲ ငြင်းနေတာ၊ ကိုသူရိန် ကလည်း သူ့ညီရဲ့နောက်ဆုံးအချိန်မှာ စိတ်ချမ်းသာစေချင်တယ်လေ၊ ပြောရ ရင်ကိုသူရိန်ကသူ့ညီကိုတော်တော်ချစ် တာ၊ ခုလိုဖြစ်သွားတော့ စိတ်မကောင်း စရာပဲဗျာ"

"ဟုတ်တယ်နော်၊ ကိုသူရိန် အတော်လေးစိတ်ထိခိုက်ရှာမှာပဲ၊ ဒါနဲ့ ခင်ဗျား သူတို့ညီအစ်ကိုနဲ့ သိတာကြာပြီ လား"

"ကြာပြီဗျ၊ သော်တာ(၁၀)တန်းနှစ် ကတည်းကရင်းနှီးခဲ့ကြတာဆိုတော့(၅) နှစ်လောက်ရှိပြီ၊ ဒါပေမဲ့ - သော်တာက

www.burmeseclassic.com

ဆယ်တန်းအောင်ပြီးကတည်းက ဟိုမှာကျောင်းသွားတက်နေတာဆိုတော့ကျွန်တော်နဲ့ သိပ်မရင်းနှီးဘူးဗျ။ အခုလိုရောဂါဖြစ်လာမှသာ သူ ဟိုက ပြန်လာခဲ့တာလေ"

"ဒါနဲ့ - ခင်ဗျား ကျွန်တော့်ကို အကူအညီတောင်းမယ်ဆိုတာ ဘာလဲ ကိုမင်းမြတ်"

ကိုမျိုးမင်းက မေးလာတော့ သူ ဘယ်ကစပြောရမှန်းမသိဖြစ်သွားသည်။ ကိုသူရိန်လိုလူမျိုးကို လူသတ်မှုများနှင့် ပတ်သက်ပြီး သံသယဝင်နေသည်ဆိုတာ ကိုမျိုးမင်း လက်ခံအောင် အတော်ရှင်းပြရမည်ထင်သည်။

"ကိုသူရိန်အကြောင်း မေးချင်တာလေးတွေရှိလို့ပါ။ အမှုတစ်ခုနဲ့ပတ်သက်လို့ ဆိုပါတော့၊ ခင်ဗျားက သူနဲ့ သိပ်ရင်းနှီးတဲ့တော့ သူ့အကြောင်းသေချာသိမှာပေါ့"

သူ့စကားကြောင့် ကိုမျိုးမင်းက အံ့သြသွားဟန်ဖြင့် မျက်ခုံးပင့်လိုက်ရင်း -

"အမှုတစ်ခု - ဟုတ်လား။ ကိုသူရိန်က ဘာအမှုနဲ့များ ပတ်သက်နေလို့လဲ"

"အဲဒါကို နောက်မှ အေးအေးဆေးဆေးရှင်းပြလို့ရနိုင်မလားဗျာ၊ ပြောရရင် သိပ်ရှည်မယ့်အကြောင်းမို့ပါ၊ ခင်ဗျား စိတ်အေးအတွက်တော့ ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော်တို့က ဘယ်သူ့ကိုမဆို အမှန်အတိုင်းဖြစ်စေရမှာပါ၊ အခုလောလောဆယ် ကိုသူရိန်နဲ့ ပတ်သက်ပြီး ကျွန်တော်သိချင်တာလေးတွေ မေးလို့ရမလား"

သူက ထိုသို့ပြောလိုက်တော့ ကိုမျိုးမင်းက သူ့ကို ဝေခွဲမရသလို စိုက်ကြည့်နေသည်၊ အတန်ကြာမှ သူ့စကားကို အကြွင်းမဲ့ယုံကြည်သွားသလို ခေါင်းတစ်ချက်ညိတ်ပြီး -

"အေးလေ - ခင်ဗျားလိုအဝ်တယ်ဆိုရင် ကျွန်တော်သိသလောက် ဖြေပေးရမှာပေါ့၊ ကျွန်တော် ခင်ဗျားကို ယုံပါတယ်၊ ခင်ဗျား သိချင်တာ မေးပါ"

"ကျေးဇူးပါပဲ - ကိုမျိုးမင်း။ ကျွန်တော်သိချင်တာကလည်း အထွေအထူးတော့ မဟုတ်ပါဘူး။ ကိုသူရိန်ရဲ့စိတ်ဓာတ်၊ အကျင့်စရိုက် ဘယ်လိုရှိတယ်ဆိုတာ သိချင်တာပါ၊ ပြောရရင် ကိုသူရိန်ဟာ ဘယ်လိုလူမျိုးလည်းဆိုတာကိုပေါ့"

သူ့စကားကြောင့် ကိုမျိုးမင်းက ပြုံးပါသည်။

"အဲဒီအကြောင်းဆိုရင်တော့ ခင်ဗျားကျွန်တော့်ကိုမေးနေစရာတောင် မလိုပါဘူးဗျာ၊ ကိုသူရိန်ဟာ ဘယ်လိုလူမျိုးလဲလို့မေးရင် ခင်ဗျားလိုလူမျိုးပဲလို့ ကျွန်တော်ဖြေရမှာပါ၊ သူက စီးပွားရေးနှင့်ပတ်သက်ရင် ထက်မြက်ပြတ်သားတတ်ပေမယ့် အင်မတန် စိတ်သဘောထားကောင်းတာ၊ နူးညံ့သိမ်မွေ့ပြီးလူကြီးလူကောင်းဆန်တဲ့လူတစ်ယောက်ပေါ့။ Just like you ကိုမင်းမြတ်"

ကိုမျိုးမင်းစကားကြောင့် သူ ပြုံးမိသွားကာ ကိုသူရိန်က သူနှင့်တူသည်ဆိုသည့်အတွက် ကိုသူရိန်နေရာက သူဝင်ရောက်စားကြည့်မိသည်။

ဘဝတွင် တစ်ဦးတည်းသော ဆွေမျိုးဖြစ်သူ ညီငယ်က မကြာခင် သူ့ကိုစွန့်ခွာသွားတော့မည့်အချိန်တွင် မည်သည့်ရည်ရွယ်ချက်ဖြင့် ဤရူးကြောင်ကြောင်လူသတ်မှုများကို သူ ကျူးလွန်ရမည်နည်း၊ သူရူးနေ၍သာ ဖြစ်ပါလိမ့်မည်။

"ဒါနဲ့ - ကိုသူရိန်မှာစိတ်နဲ့ပတ်သက်တဲ့ ရောဂါတွေ၊ ဘာတွေများ ရှိခဲ့ဖူးသလား။ သိပ်ပြီးမသိမသာ မထင်ရှားတဲ့ စိတ်ရောဂါမျိုးပေါ့"

သူ့မေးခွန်းကြောင့် ကိုမျိုးမင်းက သူ့ကို တအံ့တသြကြည့်ပြီး -

"စိတ်ရောဂါ - ဟုတ်လား။ ရှာရှာဖွေဖွေဗျာ။ ကိုသူရိန်မှာ ဘယ်နှယ့် စိတ်ရောဂါရှိရမှာလည်း အဲဒါကိုတော့ ကျွန်တော် သေချာသိပါတယ်။ ဒါနဲ့ - ဘာဖြစ်လို့ဒီလိုမေးတာလဲ"

"လိုအပ်လို့ပါ။ ဒါဆို - သူ့စိတ်နဲ့ပတ်သက်တဲ့ ဘာရောဂါမှ မဖြစ်ခဲ့ဖူးဘူးပေါ့။ လတ်တစ်လောမှာလည်း အဲဒီလိုလက္ခဏာမျိုး မရှိဘူးပေါ့ - ဟုတ်လား"

"လုံးဝမရှိပါဘူးဗျာ၊ ကိုသူရိန်က လုံးဝပုံမှန်ပါ။ အဲ - တစ်ခုတော့ရှိတာပေါ့လေ၊ တစ်ခါတုန်းက ကျွန်တော်သော်တာကို သွားကြည့်တုန်းကပေါ့၊ သော်တာရဲ့ဆေးပုလင်းတွေထဲမှာ စိတ်ငြိမ်ဆေးပုလင်းတစ်လုံးတွေ့ရတယ်ဗျ။ ကျွန်တော်ကြည့်တာမြင်တော့ သူက ချက်ချင်းယူသိမ်းသွားတယ်၊ ကျွန်တော် မေးကြည့်တော့ ခုတစ်လောရှားနေလို့ သူနည်းနည်းသောက်တာပါတဲ့ ..."

"တကယ်တော့ သူသောက်တာ မဖြစ်နိုင်ဘူးဗျ။ သော်တာက ရောဂါဝေဒနာကြောင့်တစ်ခါတလေကယောင်ချောက်ချားဖြစ်တတ်တော့သော်တာကိုတိုက်တာ ဖြစ်ရမယ်၊ သော်တာရဲ့ဆေးထဲမှာလည်း သွေးကင်ဆာအပြင် အဲဒီ

www.burmeseclassic.com

စိတ်ငြိမ်ဆေးတွေရဲ့အာနိသင်တွေတွေ့ရတယ်လေ"

ကိုမျိုးမင်း၏စကားများကြောင့် သူ့အတွေးတွေ မှားသွားရသည်။ သွေးကင်ဆာရောဂါဖြင့် သေလုဆဲဆဲလူတစ်ယောက်ဟာ စိတ်ငြိမ်ဆေး သုံးစွဲရတဲ့အထိ စိတ်ကယောင်ချောက်ချားဖြစ်တတ်သလား…။

"အဲဒီကောင်လေးကစိတ်ငြိမ်ဆေးသောက်ရလောက်တဲ့အထိ ကယောင်ချောက်ချားဖြစ်တတ်တယ်လား။ အဲဒါမျိုးက သူ့လိုရောဂါသည်တိုင်းဖြစ်တတ်တာလား - ဒေါက်တာ"

"ဟင့်အင်း - မဖြစ်တတ်ပါဘူး။ ကယောင်ကတမ်းတွေ ပြောတတ်တာ၊ ကြောက်လန့်အော်ဟစ်တတ်တာ၊ အဲဒါမျိုး လက္ခဏာမျိုးတွေကတော့ ရောဂါပြင်းထန်ပြီး သေလုဆဲဆဲလူနာတွေတိုင်းမှာတွေ့ရတတ်ပါတယ်။ ကျွန်တော်တို့အတွက်တော့ အဲဒါမထူးဆန်းပါဘူး။ ဒါပေမဲ့ - သော်တာကတော့ နည်းနည်းထူးခြားတယ်ဗျ"

ကိုမျိုးမင်းစကားကို သူစိတ်ဝင်စားသွားရသည်။ သွေးကင်ဆာနောက်ဆုံးအဆင့်ရောက်နေသောလူတစ်ယောက်က စိတ်ဝေဒနာနှင့်သက်ဆိုင်သောဆေးကို ထပ်မံသောက်သုံးနေရသည်ဆိုသည်မှာ စိတ်ဝင်စားစရာအခြေအနေမဟုတ်လား…။

"ဘယ်လိုထူးခြားတာလဲ - ဒေါက်တာ"

သူက မေးလိုက်တော့ကိုမျိုးမင်းက သူ့ကို မျက်စုံးပင့်ကြည့်ပြီး -

"ကျွန်တော်တို့ဆရာဝန်တွေက ကိုယ့်လူနာရဲ့Historyကို လျှို့ဝှက်ပေးရမဲ့တာဝန် ရှိတယ်ဗျ။ ခင်ဗျားက ဘာကြောင့် သော်တာအကြောင်း သိချင်နေရတာလဲ၊ ခင်ဗျားသိချင်တာ ကိုသူရိန်ရဲ့အကြောင်းဆို"

"ဟုတ်ပါတယ်။ အမှန်အတိုင်းပြောရရင် သူတို့နှစ်ယောက်လုံးရဲ့အကြောင်း သေသေချာချာ သိချင်တာပါ။ ဆရာဝန်တစ်ယောက်အနေနဲ့ ကိုယ့်လူနာရဲ့အကြောင်းကို တခြားသူကို ပြောမပြချင်ဘူးဆိုတာ၊ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ - တာဝန်သိပြည်သူတစ်ယောက်အနေနဲ့တော့ ဒေါက်တာဘက်က ကူညီနိုင်မယ် ထင်ပါတယ်။ ကျွန်တော်တို့အတွက် တကယ်လို အပ်နေလို့ပါ ဒေါက်တာ"



သူက ထိုသို့ပြောတော့ ကိုမျိုးမင်းကယခုသူလိုက်နေသောအမှုဖြစ်စဉ်ကို သေချာသိလို့ရမလားဟု မေးသည်။ သူကလောလောဆယ်တိကျသေချာသော အချက်အလက် မရရှိသေး၍ ပြောပြ၍မဖြစ်နိုင်သေးကြောင်း၊ သူ့ရဲ့အလုပ်တာဝန်ကိုနားလည်ပေးစေချင်ကြောင်း ရှင်းပြလိုက်သည်။

"ကောင်းပြီလေ။ ခင်ဗျားကို ကျွန်တော် ကူညီပါ့မယ်။ ခင်ဗျားသိချင်တာ မေးပါ"

"ကျွန်တော်သိချင်တာက သော်တာရဲ့ရောဂါနဲ့ပတ်သက်လို့ပါ။ စောစောက ဒေါက်တာပြောတဲ့ ထူးခြားမှုဆိုတာကိုပေါ့"

သူ့စကားကြောင့်ဒေါက်တာမျိုးမင်းက ခေတ္တစဉ်းစားလိုက်ပြီးမှ -

"အင်း - ထူးခြားမှုလို့လည်းပြောလို့ရချင်မှရမှာပါ။ နည်းနည်းထူးဆန်းတာတော့ အမှန်ပဲ။ သော်တာက ရောဂါဖောက်လာတဲ့အချိန် ရောဂါဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရတဲ့အချိန်ဆိုပါ။စပ်က ကယောင်ကတမ်းတွေ ပြောတတ်တယ်ဗျ။ သူယောင်တဲ့စကားတွေကလည်း ထူးဆန်းတယ်။ လက်ရှိ ပတ်ဝန်းကျင်အခြေအနေနဲ့ ဘာမှမသက်ဆိုင်တာမျိုး"

"သူ အမြဲယောင်ပြောတတ်တဲ့စကားတွေကတော့ "ကျွန်တော်မလုပ်ချင်ဘူး။ ကျွန်တော် မကောင်းဆိုးဝါးမဖြစ်ချင်ဘူး" တဲ့ အဲဒီစကားတွေကို ထပ်တလဲလဲပြောတတ်တယ်။ ပြီးတော့ "ကျွန်တော့်ကိုသတ်လိုက်ပါ။ ကျွန်တော့်လို မကောင်းဆိုးဝါးကို ကယ်မနေပါနဲ့" အဲဒီလိုလည်း တစ်ခါတလေ ပြောတတ်တယ်။ ကိုသူရိန်ကတော့ သော်တာအဲဒီလိုတွေ ပြောနေရှိန်ဆို မျက်နှာပျက်နေတတ်သလိုပဲ။ ထူးခြားမှုတစ်စုံတစ်ရာကို ခံစားလိုက်ရတယ်"

ကိုမျိုးမင်း၏စကားများကြောင့် သူ့စိတ်ထဲမှာ ထူးခြားမှု တစ်စုံတစ်ရာကို ခံစားလိုက်ရသည်။ သူတို့ ရေလိုက်လွှဲနေပြီလား။ အရင်အမှုတွေတုန်းကလို တရားခံညွှန်ပြပေးသော လမ်းများပေါ် လျှောက်မိနေတာလား။

"ဒါနဲ့ စောစောကမေးခွန်းကိုပဲ ကျွန်တော်မေးဦးမယ်။ ကိုသူရိန်မှာမဟုတ်ဘဲ သော်တာမှာရော စိတ်နဲ့ပတ်သက်တဲ့ရောဂါမျိုးရှိလား။ သွေးကင်ဆာကြောင့် ကယောင်ကတမ်းဖြစ်တာမဟုတ်ဘဲ တခြားစိတ်ဝေဒနာမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့် အင်း - ကျွန်တော် သိသလောက်တော့ သော်တာမှာ စိတ်ရောဂါမရှိပါဘူး။ သူ့ရောဂါကြောင့် စိတ်ကျတဲ့လက္ခဏာမျိုးတော့ရှိတယ်။ဒါပေမဲ့ တစ်ယောက်တည်း သီးသန့်ဆန်ဆန်နဲ့ အေးတိအေးစက်နေတတ်တာကလွဲရင် ဘာပြဿနာမှ မရှိပါဘူး"

"ဒါနဲ့ သူ့အဲဒီလိုကယောင်ကတမ်းတွေပြောတာ၊ အဲ - ရောဂါဖောက်တဲ့ အချိန်တွေက ဘယ်လောက်ကြာရင် တစ်ခါဖြစ်တတ်သလဲ၊ ဒေါက်တာ မှတ်မိသလောက်ပေါ့"

"အင်း - မှတ်မိသလောက် မဟုတ်ဘူးဗျ။ ကျွန်တော်က သူ့အခြေအနေကို အမြဲတမ်း (Contacts) လုပ်ထားရတာ။ နေဦး - ကျွန်တော် သူ့ဆေးမှတ်တမ်းစာအုပ် ရှာပေးမယ်"

ကိုမျိုးမြင့်က ဗီရိုထဲမှာ ဖိုင်တွဲများကို လှန်လှောရှာပြီးနောက် သော်တာဟု အမည်တပ်ထားသော ဖိုင်တစ်ခုကိုယူကာ စာမျက်နှာတစ်ခုကို လှန်ပြသည်။

"ဒါက သူ ဒီကိုပြန်ရောက်လို့ ကျွန်တော်သူ့ကိုစပြီးကုရတည်းက ရေးသွင်းထားတဲ့မှတ်တမ်းပဲ။ သူ့ရောဂါဖောက်တဲ့ အချိန်ဆို သွေးသွင်းပေးရတယ်လေ။ ဒါက အဲဒီလို သွေးသွင်းရတဲ့အကြိမ်ရေကို မှတ်ထားတာပေါ့"

ကိုမျိုးမြင့်ပြသော စာမျက်နှာကို ဖတ်ကြည့်လိုက်သောအချိန်မှာတော့ အံ့ဩမှု၊ တုန်လှုပ်မှု၊ မယုံကြည်နိုင်မှု စသည့်ခံစားချက်မျိုးစုံက သူ့ရင်ထဲသို့ ဝုန်းခနဲ ဝင်ဆောင့်သည်။

ရက်စွဲတွေ ....။ သော်တာ ရောဂါဖောက်တတ်သော ရက်စွဲတွေသည် လူသတ်မှု ဖြစ်ပွားခဲ့သော ရက်စွဲများနှင့် တစ်ထပ်တည်းတူညီနေသည်။ မိုမိုဇော်၊ ဇင်မီကို၊ နှင်းနှင်း သူတို့သုံးယောက်လုံး အသတ်ခံရသောနေ့စွဲများက သော်တာ၏ ရောဂါဝေဒနာ ပြင်းထန်၍ သွေးသွင်းရသော နေ့များနှင့်တူညီနေလေသည်။ တစ်ဆက်တည်းမှာပင် အရင်က သတိမထားမိခဲ့သောအချက်အလက်များကို သူ သတိရလာသည်။

သော်တာသည်ပြည်ပတွင်ကျောင်းတက်နေရင်းမှ ကျန်းမာရေးအခြေအနေဆိုးရွားလာ၍ ဒီကိုပြန်လာခဲ့သည်မှာ (၄)လခန့်သာရှိသေးသည်ဟုသိရသည်။ ယခုမှ သူ သတိထားမိသည်မှာ လူသတ်မှုတွေ ဖြစ်ပွားခဲ့သည်မှာ လည်း ဤ(၄)လအတွင်းမှာဖြစ်သည်။ပြီးတော့နှင်းနှင်း အတိုက်ခိုက်ခံရသောညက သူတို့ခြံထဲသို့ဝင်သွားသော လက္ခဏာများနှင့် အိမ်တံခါးနားထိ တွေ့ရသော သွေးစများ ....။

သူသည် တဖြည်းဖြည်း ဆက်စပ်တွေးရင်း ရင်တွေ တဒိတ်ဒိတ်ခုန်လာမိသည်။ သူထင်သလို တကယ်ပဲဖြစ်နေပြီလား။ သူတို့ သံသယဝင်သင့်တာကိုသူရိန်မဟုတ်ဘဲ သော်တာ ဖြစ်နေပြီလား ....။

"ဒါနဲ့ ဒေါက်တာ - သွေးကင်ဆာ ဆေးတွေက ဆံပင်တွေ ကျွတ်တတ်တယ်လို့ ကြားဖူးတယ်။ သော်တာရော အဲဒီလိုပဲလား"

သူက ဆံပင်ကိစ္စကို သတိရသွားကာ မေးလိုက်မိသည်။

"ကျွတ်ပြီပေါ့ဗျာ။ ဆေးတွေကပြင်းတော့ ဆံပင်တွေ အရမ်းကျွတ်တတ်တယ်လေ။ သော်တာဆို ဆံပင်တွေ တဖြည်းဖြည်းပါးလာလို့ သူ့ခေါင်းကိုလူမမြင်အောင် ဖုံးထားရတယ်ဗျ - ဘာဖြစ်လို့လဲ"

ဒေါက်တာမျိုးမြင့်မေးခွန်းကို သူ မဖြေနိုင်သေးဘဲမေးခွန်းသာ ဆက်ထုတ်မိသည်။

"သော်တာရဲ့ဆံပင်က အညိုရောင် ဖျော့ဖျော့ မဟုတ်လား"

"အင်း - ဟုတ်တယ်။ အညိုဖျော့ဖျော့အရောင် ထင်တယ်"

ဒေါက်တာမျိုးမြင့်၏ စကားအဆုံးမှာသူ့အရာအားလုံးကိုနားလည်သဘောပေါက်သွားသည်။သို့တိုင်အောင်သူ့စိတ်ထဲမှာ မဖြေရသေးသော အထုံးတစ်ခု တော့ရှိနေပါသေးသည်။ ထိုအထုံးလေးကို ဖြေနိုင်ဖို့အတွက်တော့ ....။

"ဒါနဲ့ ဒေါက်တာဆီမှာ သော်တာရဲ့ DNA စစ်ဆေးချက်များရှိလား"

"ရှိတာပေါ့။ သူ့ကို ရိုးတွင်းခြင်ဆီ အစားထိုးကုသနည်းနဲ့ ကုသဖို့ ကြိုးစားခဲ့ဖူးတယ်။ အဲဒီတုန်းက သူတို့ညီအစ်ကို နှစ်ယောက်လုံးရဲ့ DNA ကို စစ်ဆေးရတယ်လေ"

"အဲဒါဆိုရင် ဒေါက်တာ ကျွန်တော့်ကိုကူညီပါဦးဗျာ။ သူတို့နှစ်ယောက်လုံးရဲ့ DNA စစ်ဆေးချက် မှတ်တမ်းလေး ကျွန်တော့်ကို ခဏပေးလိုက်နိုင်မလား"

သူ့တောင်းဆိုချက်ကြောင့် ဒေါက်တာမျိုးမြင့်က အံ့ဩတွေဝေသွားဟန်ဖြင့် -



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား အဲဒါတွေကို တကယ်လို အပ်လို့လား - ကိုမင်းမြတ်။ လူတစ်ယောက် ချင်းစီရဲ့ ဗီဇဆိုတာ ဘယ်လောက်အရေးကြီးလဲခင်ဗျားသိပါတယ်နော်"

"ကျွန်တော် သိပါတယ် - ဒေါက်တာ။ ကျွန်တော့်အတွက်လည်းအဲဒါတွေကအသက်တမျှအရေးကြီးနေတဲ့အခြေအနေမို့ပါ။ ကျေးဇူးပြုပြီးကူညီပါ - ဒေါက်တာ"

ဒေါက်တာမျိုးမင်းက သူ့ကို စပ်ကြာကြာ စိုက်ကြည့်နေပြီးမှ ဟက်ခနဲ ရယ်လိုက်ရင်း -

"ခင်ဗျားကို ဘာမဆိုကူညီချင်တာ အဲဒါကြောင့်ပဲ - ကိုမင်းမြတ်။ တခြားလူတွေလို အမိန့်အာဏာကို အသုံးချပြီး လုပ်နိုင်းရင် ကျွန်တော်က ကူညီချင်မှ ကူညီမှာဗျ"

"ကျေးဇူးပါပဲ - ဒေါက်တာရယ်။ ဒီအမှုကို ဖြေရှင်းပြီးသွားတဲ့အချိန်ကျရင် ခင်ဗျားကိုအစအဆုံးရှင်းပြပါ့မယ်လို့ ကတိပေးပါတယ်ဗျာ"

သူက လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ ထို့နောက်မှာတော့ DNA စစ်ဆေးချက်များကိုယူကာ သူ့မိတ်ဆွေ ဒေါက်တာဇော်လတ်ဆီသို့ အမြန်ထွက်လာခဲ့တော့သည်။

⊛⊛⊛

"ခင်ဗျားထင်သလို ပါပဲ ကိုမင်းမြတ်"

ဒေါက်တာဇော်လတ်က လက်ထဲမှ စာရွက်စာတမ်းများကိုတဖုံတဖြကြည့်ရင်း ပြောသည်။

"ကျွန်တော်တို့ဆီမှာရှိတဲ့ ဆံပင်နဲ့ သော်တာရဲ့ DNA က အတူတူပဲဗျ။ နေပါဦး - ဒါဆိုရင်သော်တာက လူသတ်တရားခံပေါ့ - ဟုတ်လား"

ဒေါက်တာဇော်လတ်က မယုံနိုင်ဟန်ဖြင့် မေးသည်။

"သေချာသလောက်ပါပဲ။ အခုကျွန်တော်တို့လုပ်ရမှာက သော်တာကို သွားဖမ်းဖို့ပဲ ရှိတော့တယ်လေ"

"အေးဗျာ - အံ့ဩစရာကောင်းလိုက်ပုံများ၊ ကိုသူရိန်ကို သံသယဝင်နေရာကနေ မထင်မှတ်ဘဲ တရားခံက သူ့ညီ ရောဂါသည်လေး ဖြစ်နေတယ်။ မကြာခင် သေရတော့မယ့် လူတစ်ယောက်ကို လူသတ်မှုနဲ့ ဖမ်းရမှာတော့ စိတ်မကောင်းဘူးဗျာ..."

"ဒါနဲ့ ခင်ဗျားကို ကျွန်တော် မေးပါရစေဦး။ ကျွန်တော်တို့ တွေ့ရသလောက်တော့ သော်တာက သွေးကင်ဆာကြောင့် အားနည်းဖြူဖျော့နေတဲ့ပုံစံလေးပါ။ သူ့မှာ အသက်ရှင်ဖို့အချိန် သိပ်မကျန်တော့ဘူးဆိုတာလည်း ကျွန်တော်တို့အသိပဲ။ အဲဒီလိုလူမျိုးက လူတစ်ယောက်ကို သတ်နိုင်တဲ့အထိ အင်အားရှိနိုင်ပါ့မလားများ။ စဉ်းစားကြည့်ရင် ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲ"

ဒေါက်တာဇော်လတ်စကားကို သူက ခေါင်းညိတ်လိုက်ရင်း -

"ဟုတ်ပါတယ်။ ခင်ဗျားထင်တာလည်း မှန်ပါတယ်။ သာမန်အားဖြင့် တွေးကြည့်ရင်တော့ ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ။ ဒါပေမဲ့ - လုံးဝမဖြစ်နိုင်ဘူးလို့ထင်ရတဲ့ကိစ္စတွေကို ဖြစ်လာစေနိုင်တဲ့အကြောင်းတစ်ခုတော့ရှိတယ်ဗျ။ အဲဒါကတော့ စိတ်ပဲ"

"စိတ်သာရှင်စေ ဘုရားဟောလို့ ဆိုထားတယ်မဟုတ်လား။ လောကမှာ ဘယ်လောက်ပဲ ခက်ခဲတဲ့ကိစ္စရပ်ဖြစ်ပါစေ၊ ပြင်းပြတဲ့စိတ်ဆန္ဒရှိရင်ဖြစ်လာတာပဲ။ တချို့ကိစ္စတွေ ခင်ဗျားကြားဖူးမှာပေါ့။ ရောဂါဝေဒနာကြောင့် သေရမယ့်အချိန်ကိုသိနေပေမယ့် ငါမသေရဘူး။ ငါမသေချင်ဘူးဆိုတဲ့ ပြင်းပြတဲ့စိတ်ကြောင့် သတ်မှတ်ချိန်ထက် ပိုပြီးအသက်ရှည်လာတဲ့ဖြစ်ရပ်မျိုးလေး။ အခုလည်း ဒီလိုအလားတူပဲပေါ့ဗျာ"

"သော်တာမှာ စိတ်ရောဂါတစ်မျိုးရှိနေတယ်လို့၊ ကျွန်တော်ထင်တယ်။ စိတ်ဝေဒနာရှင်တွေအကြောင်း ခင်ဗျားလည်း သိမှာပေါ့။ သူတို့ စိတ်အားထက်သန်တဲ့အရာဆိုရင် ဖြစ်အောင်လုပ်နိုင်စွမ်း ရှိကြတယ်ဗျ။ အဲဒီအချိန်မှာ အားအင်တွေလည်း အလိုလိုရှိလာပြီး သူတို့ လုပ်နိုင်မယ်လို့ ဘယ်သူမှထင်မထားတဲ့ လုပ်ရပ်မျိုးတွေ လုပ်နိုင်ကြတယ်လေ"

"ဒါဆို သော်တာမှာ စိတ်ရောဂါရှိနေတာပေါ့ - ဟုတ်လား။ အဲဒါသေချာလို့လား။ ဒေါက်တာမျိုးမင်းတောင် အဲဒါကို မသိဘူး မဟုတ်လား"

ဒေါက်တာဇော်လတ်က [illegible] ဖြင့် မေးသည်။





www.burmeseclassic.com

www.burmeseclassic.com

"သေရာဖို့အတွက်တော့ ကျွန်တော်တို့ ကိုသူရိန်ကို သွားမေးကြည့်ရမှာပေါ့ဗျာ ..."

သူက ပြောရင်း သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။ တကယ်တော့ ကိုသူရိန်ကိုယာခုလိုအနေအထားမျိုးဖြင့် သူမျက်နှာချင်းမဆိုင်ချင်ပါ။ သို့သော် ...

ထို့နောက်မှာတော့ သူနှင့် ဒေါက်တာဇော်လတ်တို့ ကိုသူရိန်၏အိမ်သို့ ထွက်လာခဲ့ကြသည်။ ကားပေါ်မှာတော့ သူတို့နှစ်ယောက်လုံးဘာစကားမှမပြောမိကြဘဲ အတွေးကိုယ်စီဖြင့် တိတ်ဆိတ်နေမိကြသည်။ ထိုအမှုကို ဖော်ထုတ်ဖို့ သူတို့ အသည်းအသန်ကြိုးစားခဲ့ကြသော်လည်း တကယ်တမ်း ပေါ်ပေါက်လာသောအခါမှာတော့ ဘယ်သူမှ မပျော်ရွှင်နိုင်ကြပါ။

သေမည့်နေ့ကို စောင့်မျှော်နေရသော ထိုကောင်လေးအတွက် ယခုဖြစ်ရပ်က မည်မျှ ဖြင်းထန်လိမ့်မည်လဲဟု မင်းမြတ် တွေးနေမိသည်။ ကိုသူရိန်ရင်ဆိုင်ခံစားရမည့်အရာများအတွက်လည်းတွေးမိကာရင်ထဲမှာလေးလံတင်းကြပ်နေမိလေသည်။

သို့သော်လည်း ...

ကိုသူရိန်၏အိမ်သို့ သူတို့ရောက်သောအခါ ထို့ထက်ပို၍ ရင်မောစရာအဖြစ်တစ်ခုက သူတို့ကို စောင့်ကြိုနေလေသည်။

ကိုသူရိန်၏ အိမ်ထဲသို့ သူတို့ ဝင်ရောက်လာတော့ သူတို့ထက် အရင်ရောက်နေသော ဒေါက်တာမျိုးမင်းကသော်တာ၏အခန်းထဲမှထွက်လာသည်ကို တွေ့ရသည်။ ဒေါက်တာမျိုးမင်း၏ မျက်နှာအမူအရာမှာ ကြောက်စရာကောင်းလောက်အောင် ဖျက်ယွင်းနေသဖြင့် သူတို့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

သူတို့ကိုမြင်တော့ ဒေါက်တာမျိုးမင်းက ဘာမှမပြောဘဲ အခန်းထဲသို့သာ အသံတိတ်ညွှန်ပြသည်။ သူတို့နှစ်ယောက် အခန်းထဲသို့ ဝင်လာတော့ သော်တာ၏ အသက်ကင်းမဲ့သွားပြီဖြစ်သော ခန္ဓာကိုယ်လေးကို တင်းကြပ်စွာပွေ့ဖက်ရင်း မျက်ရည်များစီးကျနေသော ကိုသူရိန်ကို တွေ့ရလေသည်။

ကိုသူရိန်ဝမ်းနည်းကြေကွဲနေသည့်ပုံစံမှာ ကြည့်ရက်စရာပင်မရှိပေ။ အံကိုတင်းတင်းကြိတ်ပြီး မျက်ရည်များ တွေတွေစီးကျနေသည်မှာရင်နင့်ဖွယ်ရာပင်ဖြစ်သည်။ သူတို့ဝင်လာတော့ ကိုသူရိန်ကလှည့်ကြည့်ပြီးတုန်ယင်ဆို့နင့်စွာဖြင့် စကားတစ်ခွန်း ပြောသည်။

"သူ့ကိုယ်သူ ထင်နေသလို သူ တကယ်ပဲ သွေးစုပ်ဖုတ်ကောင်ဖြစ်ရင် ကောင်းမယ်ဗျာ"

နီဝုံး ... ကိုသူရိန်၏ ဖြောင့်ချက်။

"ကျွန်တော် သူ့ကို သိပ်ချစ်တယ်။ သူဟာ ကျွန်တော့်ရဲ့တစ်ဦးတည်းသောသွေးမျိုးလေး၊ ကျွန်တော့်ဘဝတစ်ခုလုံးသူ့အတွက်ပဲ ရင်းနှီးမြှုပ်နှံထားခဲ့တာပါ။ သူ့ကို ချစ်လွန်းလို့လည်း အရာရာ သူ့စိတ်တိုင်းကျဖြစ်စေခဲ့တယ်။ သူဘာလုပ်လုပ် အပြစ်မမြင်ရက်ခဲ့ဘူး။ သူအမှားတွေလုပ်ခဲ့ရင်တောင်ကျွန်တော် မျက်စိစုံမှိတ်ပြီးသူ့ဘက်ကကာကွယ်ပေးခဲ့တာပါ။

သူ သေရတော့မယ်ဆိုတာ သိလိုက်ရတော့ကျွန်တော်အရမ်းတုန်လှုပ်သွားတယ်။ သူ့ကို ဆုံးရှုံးရမယ်ဆိုတာ ကျွန်တော် အကြောက်ဆုံးအရာပဲ၊ ဒါပေမဲ့ - ကျွန်တော် ဘာမှမတတ်နိုင်ခဲ့ပါဘူး၊ ကျွန်တော် ပိုင်ဆိုင်တဲ့ငွေကြေးပစ္စည်းဥစ္စာတွေက သူ့ကို မကယ်တင်နိုင်ခဲ့ပါဘူး။ နောက်ဆုံး သူမသေခင်မှာ အတတ်နိုင်ဆုံးကတော့သူစိတ်ချမ်းသာအောင် ထားပေးဖို့ပါပဲ"

"သူ့မှာ သွေးကင်ဆာအပြင် စိတ်ရောဂါ စွဲကပ်နေခဲ့တယ်ဆိုတာ ကျွန်တော် မသိခဲ့ပါဘူး၊ သူက ပုံမှန်အချိန်မှာတော့ တကယ့်ကို လူကောင်းတစ်ယောက်ပါပဲ၊ မိုးမိုးဇော်ဆိုတဲ့ကောင်မလေး သေဆုံးသွားတာဟာ သူနဲ့ပတ်သက်နေလိမ့်မယ်လို့ လုံးဝမထင်ခဲ့မိပါဘူး"

"ဒါပေမဲ့ - တစ်နေ့မှာတော့ ကျွန်တော် ရိပ်မိလိုက်တယ်၊ အဲဒီညက ကျွန်တော်အခန်းထဲမှာ အိပ်ပျော်နေတုန်း အိမ်ထဲမှာ အသံတစ်ခု ကြားလိုက်ရတယ်၊ ကျွန်တော် သွားကြည့်တော့ သူ့ကို ကြမ်းပြင်ပေါ်မှာ လဲကျနေတာ တွေ့လိုက်ရတာပဲ၊ သူ့မျက်နှာနဲ့ ရင်ဘတ်တွေ၊ လက်တွေမှာသွေးတွေရှိနေတယ်၊ လက်ထဲမှာလည်းအလယ်ကနှစ်ချောင်းကိုဟရိုးထားတဲ့ ခက်ရင်းတစ်ခုကို ဆုပ်ကိုင်ထားတယ်။ ပြီးတော့ - သူက ယောင်

www.burmeseclassic.com

ကတမ်းနဲ့ ပြောနေသေးတယ်။ ကျွန်တော်ကျတော့ ဘာကြောင့်အဖွယ်မရှိရတာလဲတဲ့"

"အဲဒီအချိန်တုန်းကတော့ အံ့ဩတာကလွဲပြီး သူ ဘာလုပ်ခဲ့တယ်ဆိုတာ လုံးဝမသိခဲ့ပါဘူး၊ သူ့ကိုလည်း ဘာမှမေးလို့မရခဲ့ဘူး။ သူ့ကိုယ်က သွေးတွေကိုသန့်ရှင်းပေး၊ ဆေးတိုက်ပြီး အိပ်နိုင်းလိုက်ရတယ်။ သူ့လက်ထဲက စက်ရင်းကိုတော့ အန္တရာယ်များတယ်ထင်လို့ ကျွန်တော်ယူသိမ်းထားလိုက်တယ်၊ စက်ရင်းရဲ့အလယ်က နစ်ချောင်းကိုဖြတ်ထားပြီး ကျန်တဲ့နစ်ချောင်းက သွေးချာသွေးထား သလို ရွှန်းမြနေတယ်လေ"

"နောက်နေ့မနက်မှာပဲ ဇင်မီကိုဆိုတဲ့ကောင်မလေး သေဆုံးကြောင်းကြားလိုက်ရတာပါပဲ၊ အဲဒီကောင်မလေးသေဆုံးတဲ့ပုံစံကိုသိလိုက်ရတော့ ကျွန်တော် အရမ်းတုန်လှုပ်သွားမိခဲ့တယ်။ အဖြစ်အပျက်ကိုလည်း ရိပ်မိလိုက်တယ်။ ကျွန်တော် သူ့ကိုမေးကြည့်တော့ သူက ဘာမှပြန်မပြောဘဲ ကျွန်တော့်ကို ပြန်မေးတယ်။ "တကယ်လို့သူသာမကောင်းဆိုးဝါးတစ်ကောင် ဖြစ်နေခဲ့ရင် သူ့ကို ချစ်နိုင်ဦးမှာလား" တဲ့၊ "သူသာ လူတွေရဲ့အသက်ကိုစတေးပြီးအသက်ဆက်ရတဲ့ မကောင်းဆိုးဝါးဖြစ်နေခဲ့ရင် လူတွေရဲ့အသက်နဲ့လဲပြီး သူ့ကိုချစ်နေဦးမှာလား" တဲ့၊ အဲဒီအချိန်ကတည်းက သူ့မှာ စိတ်ဝေဒနာ စွဲကပ်နေခဲ့ပြီဆိုတာ ကျွန်တော် ရင်နာစွာပဲသိလိုက်ရပါတယ်"

"ဒါပေမဲ့ - ကျွန်တော် အတ္တကြီးခဲ့မိပါတယ်၊ သူ့ရဲ့နောက်ဆုံးအချိန်တွေမှာ ဘာဆိုဘာမှ မျှော်လင့်စရာမရှိတဲ့ ဆေးရုံလိုနေရာမျိုးမှာနေပြီး ကုန်ဆုံးမသွားစေချင်ဘူး။ သူမျှော်လင့်အောင် ဘာမှလုပ်မပေးလိုက်ရဘဲ သူ့ကိုအဆုံးရှုံးမခံလိုက်ချင်ဘူး။ သူ့ကို ကျွန်တော့်အနားမှာပဲ ထားချင်တယ်၊ သူ့ကို ဆုံးရှုံးရမှာကြောက်တယ်၊ အဲဒီအတ္တကြောင့် သူ့စိတ်ရောဂါဖြစ်နေခဲ့တာကို ဖုံးကွယ်ပြီး သူ့ကို ကာကွယ်ပေးခဲ့တာပါ"

"ဒါပေမဲ့ - ကျွန်တော် သူ့ကို လူသတ်သမားတစ်ယောက်၊ ကြောက်စရာကောင်းတဲ့လူသတ်ကောင်တစ်ယောက် မဖြစ်စေချင်ခဲ့ပါဘူး။ သူ နောက်ထပ်စက်ရင်းတစ်ချောင်းကိုအလယ်ကဖြတ်ပြီး သွေးနေတာကိုမြင်လိုက်ရကတည်းက ကျွန်တော် သူ့ကိုစောင့်ကြည့်နေခဲ့ပါတယ်။ သူ နောက်ထပ်အမှားတစ်ခုကျူးလွန်မိမှာ စိုးလို့ပါ။ ဒါပေမဲ့ - ကျွန်တော် အလစ်မှာထွက်သွားတဲ့သူ့ကိုကျွန်တော် အချိန်မီ မတားလိုက်နိုင်ပါဘူး"

"သူ့သွေးတွေ ပေကျံပြီး အိမ်ထဲကို ပြေးဝင်လာမှ သူထပ်လုပ်ခဲ့ပြန်ပြီဆိုတာ သိလိုက်ရတယ်၊ အဲဒီနေ့က သူ့ကို ဆေးကြောသန့်စင်ပေးပြီး အိပ်ရာထဲ လိုက်ပို့တော့ သူ ကျွန်တော့်ကို ဖက်ပြီး ငိုရှာတယ်။ သူ့လိုမကောင်းဆိုးဝါးကို ဘာလို့ ကူသကယ်တင်နေတာလဲတဲ့၊ သူ့ကို သတ်လိုက်ပါတဲ့၊ ဘယ်လောက် သနားစရာကောင်းတဲ့ ကလေးလဲဗျာ၊ သူ့ကိုယ်သူ တကယ်ပဲသွေးစုပ်ဖုတ်ကောင်လို့ထင်နေပုံရတယ်၊ သူသေဆုံးသွားတဲ့အထိ အဲဒီလိုပဲ ထင်သွားခဲ့တာပါ"

"ကျွန်တော်လည်း အဲဒီလိုပဲ တကယ်ဖြစ်စေချင်တယ်ဗျာ၊ ကျွန်တော့်ကို အတ္တကြီးတယ်၊ အရူးမှားနေတယ်လို့ ပြောချင်ပြောပါတော့၊ ဒီကမ္ဘာမှာ သွေးစုပ်ဖုတ်ကောင်ဆိုတာသာတကယ်ရှိရင် သူ့ကို အဲဒီလိုဖြစ်စေချင်တယ်၊ သူသာ တကယ်သွေးစုပ်ဖုတ်ကောင်သာ ဖြစ်ခဲ့ရင် သူ ဘယ်တော့မှ မသေတော့ဘူးလေ၊ ကျွန်တော့်ကို အပြစ်မတင်ကြပါနဲ့ဗျာ၊ ခင်ဗျားတို့မှာ သိပ်ချစ်ရတဲ့ညီလေးတစ်ယောက်ရှိပြီးဒီလိုအဖြစ်ဆိုးမျိုး ကြုံလာရရင် ခင်ဗျားတို့လည်း ကျွန်တော့်လိုပဲ တွေးမိမှာပါ"

"သူ့ကိုယ်သူ ထင်နေခဲ့သလို သူ တကယ်ပဲ သွေးစုပ်ဖုတ်ကောင်ဖြစ်နေရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ"

မေ

www.burmeseclassic.com

# ရဲဘော်မိုက်ခဲ နှင့် ကွေးမြစ်အနီး ဗေကရာဇ်



နိုင်ငံတော်ကာကွယ်ရေး ပြည်သူ့ရဲဘော်တစ်ယောက်၏ ဘဝ၊ နေ့စဉ်လှုပ်ရှားမှု၊ တာဝန် စသည်တို့ကို ရယ်စရာဟာသကလေးများ စွက်၍ ရေးသားထားသည့် ဝတ္ထုတစ်ပုဒ် ...

**သူ့**နာမည်မှန်က MICHAEL ဖြစ်ပါသည်။

သို့စေကာမူ ကျွန်တော်တို့အားလုံးက သူ့ကို မိုက်ခဲဟူ၍သာ ခေါ်ကြသည်။ မိုက်ခဲက ရန်ကုန်မွေး။ ရန်ကုန်ကြီးပြင်းလာသူ။ ငယ်စဉ်က အင်္ဂလိပ်သာသနာပြုကျောင်းနေခဲ့ရသူဖြစ်၍ အင်္ဂလိပ်နာမည် တပ်ခဲ့ရသည်။ မွေးစာရင်း၊ ကျောင်းထွက်လက်မှတ်၊ အမျိုးသားမှတ်ပုံတင်တို့ ပါရှိသည့်အတိုင်း ဆိုပါက မိုက်ကယ်လ်ဖော်မြင့် ဖြစ်သည်။ တပ်တဲဝင်စဉ်က လည်း ထိုအတိုင်း ဖြစ်ပါသည်။

စစ်တပ်ထဲ ရောက်လာသည်နှင့် မည်သူကမှ သူ့နာမည်အတိုင်း မခေါ်ကြတော့။ တိုတိုပြတ်ပြတ်ခေါ်ရလွယ်အောင် မိုက်ခဲဟု လွယ်လွယ်ခေါ်ခဲ့ရာမှ တပ်ခွဲမှူး တပ်ရင်းမှူးတို့ကပါ မိုက်ခဲ ဖြစ်သွားကြတော့သည်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုရမည်ထင်သည်။ ရဲဘော်သစ်ဘဝကတည်းက သည်ကောင်ဗီဇလေးကို သိခဲ့ရသည်။ သူတစ်ပါးအပေါ် ညှာတာတတ်သည်။ သူ မစားရလျှင်နေ၊ တစ်ဖက်လူကို ကျွေးတတ်သည်။ သူ ကျွေးလျှင်လည်း စားမှယူမှ ကျေနပ်သည်။ အဝတ်အစားပစ္စည်းဆိုလည်း ပေးရမှာမတွန့်တို။ ပေးသည်။ သူပေး၍ တစ်ဖက်လူထံမှပြန်မတောင်းတတ်။ သူ ပေးဖူးကြောင်း၊ ကျွေးဖူးကြောင်း မည်သည့်အခါမှ ဂုဏ်ဖော် မပြော။

သူတစ်ပါးမလုပ်နိုင်သော မလုပ်ချင်သော အလုပ်ကိုလုပ်သည်။ ရဲဘော်ချင်း ညှာတာစိတ်ရှိသည်။ ငွေကြေးကအစ ကိုယ်ရေးကိုယ်တာ အခက်အခဲရှိလျှင် အနစ်နာခံပြီး ကူညီပေးလေ့ရှိသည်။ သူတစ်ပါးအတွက် ကူညီပေးမှုကြောင့်ကွာတား (အချုပ်) ကျခံရပေါင်း မနည်းလှပါ။ သည်အတွက်ကြောင့်ပင် အတူတူရဲဘော်တွေက တပ်ကြပ်ဖြစ်ကုန်ကြသည်။ မိုက်ခဲကတော့ ရော်ဘဲ ရဲဘော်ဘဝကမတက်ပါ။ သို့သော် သူက ဝမ်းမနည်းပါ။ ခပ်ပြုံးပြုံးပင်ရှိနေပါသည်။ သူငယ်ချင်းတွေအတွက်ဆိုလျှင် ဘာမှ ဂရုမစိုက် စဉ်းစားမနေပါ။ လုပ်ပေးနိုင်ပေးနေဆဲ ရှိသည်။ သည်သို့သော စိတ်



www.burmeseclassic.com

www.burmeseclassic.com

ထားကြောင့် တပ်ခွဲမှူးကိုယ်တိုင် အဖြေပေးရန် စိတ်ညစ်ခဲ့ရသည်။

မိုက်ခဲက သူကိုယ်တိုင် စစ်စည်းကမ်းဥပဒေကို လေးစားလိုက်နာသူဖြစ်မှန်း အရာရှိအားလုံးက သိထားကြသည်ဆိုတော့ အဖြေပေးရခက်နေခြင်းဖြစ်ပါသည်။ "မင်းကွာ - ကိုယ့်အတွက်လည်း မဟုတ်ဘဲ သူတစ်ပါးအတွက်ကြောင့် ဖြစ်နေရတယ်။ တစ်ခါလည်း မဟုတ်၊ သုံးလေးခါရှိနေပြီး ခုထိမမှတ်ဘူး" တပ်ခွဲမှူးက ဆူသည်၊ ဆဲသည်၊ သတိပေးသည်။ ပြောတုန်း "ဟုတ်ကဲ့" ပြီးတော့ နောက်တစ်ခါဖြစ်ပြန်သည်။ ဝင်သွားရပြန်ပြီ အချုပ်ခန်းထဲ။ သို့ပါလျက် သူ့မျက်နှာက စပ်ဖြဲဖြဲပင်၊ အမှတ်မရှိသည့်ဒရယ်မျိုး။

မိုက်ခဲတွင် သူများတွေနှင့်မတူသော စွမ်းရည်တစ်မျိုးရှိသည်။ ယင်းစွမ်းရည်က အကြပ်အတည်းဖြစ်လာလျှင် ဖောက်ထွက်တတ်သော ဉာဏ်စွမ်းရှိခြင်းဖြစ်သည်။ စစ်တပ်ဆိုသည်က တင်းကြပ်သော အမိန့်နှင့်အုပ်ချုပ်ရသောအဖွဲ့အစည်း ဖြစ်သည်။ အချိန်ကာလ အခြေအနေအရ အမိန့်နှင့် ထိန်းချုပ်ကွပ်ကဲရသည်။ ထိုအခါမျိုးတွင် မိုက်ခဲ၏စွမ်းရည်က အသုံးဝင်လာတော့သည်။ ရဲဘော်အားလုံး အကြပ်အတည်းဖြစ်နေကြပြီး ဒုက္ခကြုံကြရပြီဆိုလျှင် မိုက်ခဲကိုအားကိုးကြရတော့သည်။ ထိုအခါတွင် ဉာဏ်ကြီးရှင် မိုက်ခဲအစွမ်းနှင့် အခက်အခဲအားလုံး ပြေလည်သွားသည်ချည်းပင်၊ သည်အရည်အချင်းကြောင့် ရဲဘော်တွေသာမက အကြပ်ဆရာများကပင် အားကိုးအားထားပြုကြရသည်။

မော်ဘီတွင်နေခဲ့ကြစဉ်က အဖြစ်အပျက်တစ်ခုကို အမှတ်ရမိသည်။ ကျွန်တော်တို့တပ်က ရန်ကုန် - ပြည် ကားလမ်းဘေး၊ မော်ဘီလေတပ်စခန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ မော်ဘီတပ်နယ်မှာ ရန်ကုန်မှလာလျှင် သနွှေပင်ရွာမှစ၍ ရန်ကုန် - ပြည်မီးရထားလမ်းအနီး တပ်ကြီးကုန်းရွာအထိ ဖြစ်ပါသည်။ သနွှေပင်ရွာထိပ် ကားလမ်းဘေးတွင် တပ်လုံခြုံရေး ကင်းစခန်းတစ်ခု၊ တပ်ကြီးကုန်းရွာထိပ် ကားလမ်းဘေးတွင် တစ်ခုရှိကြပါသည်။ နေ့ဘက်ဆိုပါက လုံခြုံရေးရဲဘော်သာမက တပ်နယ်တပ်ထိန်း (G.M.P) ပါရှိကြသည်။ ထိုစဉ်ကာလ ၁၉၆၀ - ခုနှစ်မှာ သနွှေပင် ကိုးလုံးကွင်း တပ်ကြီး ကုန်းနေရာတွေက လူနေအိမ်ခြေ နည်းပါးသေးပါသည်။

တပ်နယ်တစ်ခုလုံးသာမက အနီးဝန်းကျင်ရှိ ရွာများမှ လူတွေကပါ မော်ဘီမြို့ရှိ ဈေးကြီးကိုသာ အဓိက သွားရောက်ဝယ်ယူကြရသည်။ ရုပ်ရှင်ရုံနှင့် စားသောက်ဆိုင် လေးငါးဆိုင်ရှိသည်။ အစိုးရအရက်မြို့ဆိုင်ကြောင့်လည်း ပိုပြီးစည်ကားသည်ဟု၍ ပြောရပါမည်။

ကျွန်တော်တို့ရဲဘော်တွေကလည်း အားရက်များတွင် နိုင်နစ်ဆယ်ကျော်ဝေးကွာသည့် ရန်ကုန်မြို့သို့ မသွားကြတော့၊ တစ်မိုင်ခွဲသာသာရှိသည့် မော်ဘီမြို့သို့သာ သွားလေ့ရှိကြသည်။ ညနေလူစစ်တန်းစီပြီးလျှင် ည (၁၀) နာရီထိ အပြင်ထွက်ခွင့်ရှိသောကြောင့် အဆင်ပြေနေပါသည်။

သည်လို အဆင်ပြေနေရာမှ တစ်နေ့ ညနေ လူစစ်တန်းစီချိန်တွင် တပ်ခွဲမှူးက အမိန့်ထုတ်ပြန်ချက်ကို ဖတ်ပြပါသည်။

ဤတပ်ရင်းရှိအရာရှိအရာခံအကြပ် တပ်သားအားလုံး တာဝန်ကျသူမှလွဲ၍ မော်ဘီမြို့သို့ မီးရထားလမ်းအား ကျော်ဖြတ်မသွားရန် တားမြစ်လိုက်သည်။ ဤအမိန့်အား ဖောက်ဖျက်ကျူးလွန်သူအား ပြင်းထန်စွာအရေးယူမည်။ ဤအမိန့်သည် နောက်ထပ် အမိန့်ထပ်မံ မကြေညာမချင်း အတည်ဖြစ်သည်။

ပုံ/တပ်ရင်းမှူး

ကျွန်တော်တို့အားလုံး ဟာခနဲဖြစ်သွားကြသည်။ ဘာတွေ ဘယ်လိုဖြစ်၍ သည်နယ် အမိန့်ထုတ်သည် မသိကြ။ အားလုံး စိတ်ညစ်ကုန်ကြသည်။ ကျွန်တော်တို့ ရဲဘော်တွေ၏ တစ်ခုတည်းသောအပန်းဖြေစရာနေရာလေးပျောက်ဆုံးသွားခဲ့ရပါလေပြီ။ အပြင်းထန်ဆုံး ထိမိုက်သွားကြသူတွေကတော့ ရဲဘော်သန်းအောင်တို့လူစု ဖြစ်ပါသည်။

သန်းအောင်၊ ကျင်ငွေ၊ မင်းလွင်၊ စိန်အောင်၊စိန်လှိုင်တို့ကပါစကမင်းသားတွေ၊ အသူရာမျိုးနွယ်တွေဆိုတော့ ဘယ်ဝိုက်ရောညာဖြောင့်ရောအတွယ်

www.burmeseclassic.com

ခံလိုက်ရသလို ဖြစ်သွားပါတော့သည်၊ ညနေချိန် နေညိုတော့ လေပြိုလာကြသည်၊ မိုးမြူကို တမ်းတကြလွမ်းလာကြသည်၊ တဒေါ့ဒေါ့ တအဲအဲဖြစ်နေကြတော့သည်၊ တစ်ယောက်နှင့်တစ်ယောက် မကြည်နူးသောမျက်နှာနှင့် ဝေဒနာကို ကြေညာနေကြသည်၊

"တောက် - ခုနေ စိတ်စိတ်လောက် ကိုင်လိုက်ရရင် ဟင် -"

"အေးကွာ - မင်း ပြောမှ ပိုပြီး သောက်ချင်လာတယ်"

သည်ကောင်တွေအုပ်စု တစ်ရက်က နှစ်ရက်၊ နှစ်ရက်ကသုံးရက်ကျော်လာသည့်အခါသာ ခွေယိုင်တွေ ဖြစ်လာကြသည်၊ တာဝန်ချိန်တွင်သာ ရှပ်မျက်စေရန် အားတင်းလုပ်ကိုင်ခဲ့ကြသော်လည်း ဘားတိုက်ပြန်ရောက်သည့်အခါ နွမ်းလျညှိုးငယ်သောအသွင်နှင့် အိပ်ရာထဲ ခွေကုန်ကြသည်၊ ခြောက်ရက်အထိရှိလာသောအခါတွင်တော့ ပါစကအုပ်စု တိုင်ပင်စည်းဝေးကြတော့သည်၊

"တို့ တစ်ယောက်ယောက်တော့ မှော်ဘီကို သွားမှ ဖြစ်တော့မယ်၊ အဲဒါ ဘယ်သူသွားမလဲ"

"ဟ - မင်းက စိန်ယာလေ၊ မင်းသွားပေါ့ကွ"

"ဟုတ်တယ် - ဟုတ်တယ် - မင်းက ငါတို့ရဲ့ ခေါင်းဆောင်လေကွာ၊ ခေါင်းဆောင်ဆိုတာ အားလုံးအကျိုးကို ဆောင်ရမှာပါ၊ ဒါမှ ခေါင်းဆောင်ပီသမှာပေါ့"

စိန်အောင်နှင့် စိန်လှိုင်က သူတို့ မသွားရဲသဖြင့် ကျင်ငွေကို အတင်းတွန်းပို့နေကြလေသည်၊

"ဟာကွာ - တစ်ရင်းမှူးကမြင်းထိန်းမှာ အရေးယူမယ်လို့ ကြေညာထားတာကွ၊ အနည်းဆုံး ကွာတားထဲ နှစ်ဆယ့်ရှစ်ရက်ရောက်မှာ"

သည်ကောင်တွေ ပြောသံဆိုသံတွေကို ကြားရသော ရဲဘော်တွေမှာ ပြုံးစေ့စေ့ဖြစ်ကုန်ကြသည်၊ သည်ကောင်တွေက ယောက်ျားလိုချင်ပြီး ကလေးမွေးရမှာကြောက်သည်ဆိုသော အပျိုကြီးလို အဖြစ်မျိုးပင်၊

"ဟင်း - ခေါင်းဆောင်ဆိုပြီး အရေးအကြောင်းပေါ်လာတော့ ဘာမှ အားမကိုးရဘူး၊ ဖွတ်ကျားကောင်"



အားလုံးက ဝိုင်းပြီးရှုတ်ချနေ၍ ကျင်ငွေ အသံမထွက်တော့၊ ထိုစဉ်ဘားတိုက်ထဲဝင်လာသော မိုက်ခဲကို မြင်လိုက်သောအခါ သူတို့အားလုံး ဝမ်းသာအားတက်သွားကြသည်၊ သူတို့အတွက် မိုက်ခဲသည်သာ အားကိုးရာ၊ ကယ်တင်နိုင်သူ မဟုတ်လား၊ မင်းလွင်က ရှုံ့မဲ့မဲ့နှင့် ပြောလိုက်သည်၊

"ပေ့ာကောင် - ငါတို့ဒုက္ခကို ကြည့်လုပ်ပေးပါဦးကွာ"

"အေး - အရင်ထဲက ငါပြောခဲ့သားပဲ၊ ဘူးသီးနုနုမရှူးနဲ့ဆိုတာ အခုတော့ ပြဿနာတက်လာပြီပေါ့၊ ဟုတ်လား"

မိုက်ခဲက သူတို့ဒုက္ခကို သိပါသည်၊ သို့သော် အကွက်ပေါ်မိုက် တမင်သက်သက် ပြောလိုက်ခြင်း ဖြစ်သည်၊

"ဟာကွာ - အဲဒီကိစ္စက ပြီးသွားပြီး အခုဖြစ်နေတာက ငါတို့ အားလုံးကိစ္စကွ"

"ဘာလဲ - စိကြိုကြီးအိမ်ကကြောင်မည်းကြီးကို တွယ်လိုက်ပြန်ပြီလား၊ အဲဒီကြောင်ကို မလုပ်နဲ့ဆိုတာ"

"အဲဒါလည်း မဟုတ်ပါဘူးကွ၊ ခုကိစ္စက ရိုက္ခာပြတ်နေလို့"

"ရိက္ခာ ဘယ်မှာပြတ်လို့လဲ၊ ထောက်ပို့တပ်မှာ နေ့တိုင်းသွားထုတ်နေတာ မမြင်ဘူးလား"

မိုက်ခဲက အရက်သမားအုပ်စုကို တမင်ရိနေခြင်းဖြစ်သည်၊

"ပေ့ာကောင် - မိုက်ခဲ၊ မင်းကသိရဲ့နဲ့ သက်သက်စေ့မနေနဲ့၊ ငါတို့ကို ရဲဘော်ချင်း မကူညီချင်ဘူးလား"

မိုက်ခဲမှာ သည်ထက်ပိုပြီး နှိပ်စက်မနေချင်တော့ပါ၊ သေဖော်ရှင်ဖက် ချစ်ရဲဘော်တွေကိုး၊

"ကဲ - ပြော - ငါ ဘာလုပ်ပေးရမလဲ"

"တို့ - မသောက်ရတာ တစ်ပတ်ကျော်သွားပြီကွာ၊ အဲဒါ ဝယ်ပေးဖို့ မင်းကို အားကိုးနေကြတာ"

"အော် - မင်းတို့ကိုယ်စား ကွာတာထဲဝင်ပေးဖို့ဆိုပါတော့"

"ဒီကိစ္စလောက်ကို မင်းဘာမှမဖြစ်ဘဲ လုပ်နိုင်မှန်း ငါတို့ သိပါတယ်၊ မင်းဦးနှောက်က မဟာဦးနှောက်လေ"

"သိပ်လည်း ပင့်မနေနဲ့၊ ပုံမှန်အတိုင်း ဆက်ဆံ၊ ငါစဉ်းစားဦးမယ်"

"ဖြစ်အောင်လုပ်ပေးကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် - ခုကိစ္စက အချုပ်ခန်းနဲ့ ရင်းရမယ့်ကိစ္စတွေ။ သေချာစဉ်းစား လုပ်ရမှာ၊ လောလို့မဖြစ်ဘူး"

မိုက်ခဲက သူတို့ကိစ္စအတွက် စောစောကတည်းကပင် ကြိုတင်စဉ်းစား ထားပြီးဖြစ်သည်။ သို့သော် လွယ်လွယ် ကူကူ ခေါင်းညိတ်လိုက်ပါက တန်ဖိုး လျော့သွားမည်၊ အထင်သေးသွားမည် စိုး၍ တမင်အိုက်တင်ခံနေခြင်းပင်။ နေ့ လယ်ပိုင်းတွင် ရောက်လာကြပြန်သည်။

"မိုက်ခဲ - ဘယ်လိုလဲ၊ ဘယ်တော့ သွားမလဲကွ"

"အေး - ငါဝယ်ပေးမယ်။ စရိတ်က တော့ တစ်ဘူးငါးကျပ်"

"ဟာကွာ - မင်းကလည်း များတာ ပေါ့"

"အေးလေ - အရက်သုံးကျပ်ပြား နှစ်ဆယ်ထဲ စရိတ်က ငါးကျပ်ဆိုတော့ လွန်တာပေါ့ကွ"

"လွန်တယ်ဆိုရင် ဖြောက်ကားစီး ပေါ့"

မိုက်ခဲက အေးအေးပင် တပ်ခွဲစာ ကြည့်ဆောင်သို့ ထွက်သွားလေတော့ သည်။ စာကြည့်ဆောင်က တပ်ခွဲရုံးခန်း နှင့်တစ်ဆက်တည်း။ ဟိုဘက်သည်ဘက် ခွဲခြားကာရံထားခြင်းဖြစ်သည်။ ကျင်ဝေ့ နှင့် မင်းလွင်လိုက်လာသည်။

"သူငယ်ချင်း - လေးကျပ်ယူကွာ"

ငတိတွေက ဈေးဆစ်နေသေး သည်။ မိုက်ခဲက ခပ်တင်းတင်းပင်။

"မင်းတို့ဒီမှာ တပ်ရင်းမှူးအမိန့်တပ် ထားတာ လာကြည့်၊ များတယ်ထင်ရင် မင်းတို့ကိုယ်တိုင်သွားလေ"

"အေးပေါ့ကွာ - မင်းတောင်းတဲ့ ဈေးပေါ့"

☺☺☺

မိုက်ခဲက ကျောပိုးအိတ်ကြီးကို လွယ်ကာတိုက်ကြီး - ရန်ကုန် လိုင်းကား ပေါ်မှ ဆင်းလာခဲ့သည်။ ဈေးကြီးဘက် တစ်ချက်လှမ်းကြည့်ပြီးမှ အစိုးရအရက် ဖြူဆိုင်ထဲသို့ ဝင်ခဲ့သည်။ စစ်ရေဘူး ဆယ့်ငါးဘူး အရက်အပြည့်ထည့်ထား သဖြင့် အလေးချိန်က မနည်းလှပါ။

ဈေးဘက်တွင် တပ်နယ်တပ်ထိန်း နှင့် တပ်ရင်းတပ်ရဲတွေက မျက်နှာသိမှ ရဲဘော်ဟု သံသယရှိသူများကို စစ်ဆေး



သူ့မျက်နှာသွင်ပြင်က ခပ်တည်တည်ပင်။ စိုးရိမ်ပူပန်မှုတွေမရှိ၊ ကြောက်လန့် တုန်လှုပ်ပုံမရ။ ခပ်အေးအေး အေးအမူအရာတွေသာ မြင်နေရ၍ ဆရာညွှန့်ရွှေမှာ သူ့ကိုကြည့်ပြီး စိတ်ထဲဝေဝေဝါးဖြစ်နေရသည်။ သည်ကောင်တစ်တ ခိုးထွက်လာပြီး အရက်လာဝယ်သည်ကို သက်သေခံမှုနည်းနှင့် လက်ပူးလက်ကြပ် မိနေပါလျက် ပုံစံမပျက် အေးအေးဆေးဆေး ရှိနေသည်မှာ ဘာကြောင့်လဲ။



နေကြသည်။ မိုက်ခဲက ဆိုင်ပေါက်ဝမှ အခြေအနေကြည့်ပြီး စောင့်ဆိုင်းနေ သည်။ တော်တော်လေး ကြာတော့မှ စစ်ဆေးရေးအဖွဲ့သားတွေ ကားပေါ် တက်ကြသည်။ ထိုအခါမှ မိုက်ခဲက ကျောပိုးအိတ်ကြီးကို လွယ်ပိုးကာ လမ်းမပေါ် ထွက်လာသည်။ တပ်ထိန်း ကားနီးလာလျှင် မိုက်ခဲက တစ်ချက် ကြည့်ပြီး ရွာထဲသို့ ခပ်သွက်သွက် လျှောက်ခဲ့သည်။ သူ ကြိုတင်မျှော်လင့် ထားသည့်အတိုင်း ကားထိုးရပ်သံ၊ ကားပေါ်မှ ဆင်းသံ၊ ပြေးလိုက်လာသံ တွေကြားရသည်။

"ဟေ့လူ - ဟေ့ရဲဘော် - ခဏနေ ဦး"

မိုက်ခဲက မကြားဟန်နှင့် ခပ်မြန်မြန် လျှောက်လိုက်လျှင် နောက်မှ အပြေး လိုက်လာသူတစ်ယောက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com

မောင်းကို ဖမ်းဆုပ်လာသည်။ တပ်နယ် တပ်ထိန်းတစ်ယောက် ဖြစ်သည်။

"ဟေ့လူ - ခင်ဗျား ဘယ်ကလဲ၊ အိတ်ထဲက ဘာတွေလဲ"

မိုက်ခဲက မူလအစ လိမ်ပြောမည့် ဟန်စိတ်ကူးလိုက်သော်လည်း မပြော ဖြစ်တော့။ ဘာကြောင့်လည်းဆိုနောက် မှလိုက်လာသူတွေထဲမှ သူတို့တပ်မှ တပ်ရဲကြပ် ဆရာညွန့်ကို မြင်လိုက်ရ၍ ဖြစ်ပါသည်။

တပ်ရဲတပ်ကြပ်ညွန့်ရွှေက နာမည် ရင်းဖြစ်ပေမယ့် အကြောင်းအရာတစ်ခု ကို ပြောသည်ဆိုလျှင် လိုရင်းမရောက် တော့၊ အချီးတွေ နိဒါန်းတွေကို ညွန်း လွန်းသဖြင့် ရဲဘော်တွေက ဆရာညွန့်း ရှေ ဟူ၍ ခေါ်ကြရာမှ သူကိုယ်တိုင်က လည်း သဘောကျကျေနပ်နေသူဖြစ်ပါ သည်။ ဆရာညွန့်းက မိုက်ခဲကိုမြင်လိုက် လျှင် ခပ်ပြုံးပြုံးလုပ်သည်။

"အော် - ဘယ်သူများမှတ်တယ်၊ ညာက်ကြီးရှင် မိုက်ခဲကိုး။ ဘာမှမပြောနဲ့ တော့။ လာ - ကားပေါ်တက်မင်းကျောပိုး အိတ်ထဲက ဘာတွေလဲကွ။ ဟာ - နေ တော့ ငါ အတပ်ပြောလိုက်မယ်။ မင်းတို့ ရိက္ခာစိုအရက်တွေမဟုတ်လား"

အကြောင်းသိဆရာညွန့်းက ပြော လိုက်သည်။ တပ်ထိန်းတွေရော တပ်ရဲ တွေပါ သူတို့နှစ်ယောက်ကိုကြည့်ပြီး အံ့ သြနေကြသည်။ မိုက်ခဲကတော့ ဘာမှ ပြန်မပြောပါ။ သူ့မျက်နှာသွင်ပြင်က ခပ်တည်တည်ပင်။ စိုးရိမ်ပူပန်မှုတွေမရှိ ကြောက်လန့်တုန်လှုပ်ပုံမရ။ ခပ်အေး အေးအမူအရာတွေ သာ မြင်နေရ၍ ဆရာညွန့်ရွှေမှာ သူ့ကိုကြည့်ပြီး စိတ်ထဲ ဖဝေဖဝါ ဖြစ်နေရသည်။ သည်ကောင် တပ်က ခိုးထွက်လာပြီး အရက်လာဝယ် သည်ကို သက်သေခံပစ္စည်းနှင့် လက်ပူး လက်ကြပ်မိနေပါလျက် ပုံစံမပျက် အေး အေးဆေးဆေး ရှိနေသည်မှာ ဘာ ကြောင့်လဲ။ တစ်ခုခုတော့ တစ်ခုခု ရှိနေ ပေလိမ့်မည်။

သူတို့ တပ်ခွဲမှူးက တာဝန်ပေးနိုင်း လိုက်သည်ကို သည်ကောင် ရှေးသွား ဟန်လွှဲအရက်ဝယ်သည်လား။ သည်လို နှစ်ယောက်တစ်ပေါက် မလိမ့်တစ်ပတ် လုပ်တတ်သူဆိုတော့ တော်ကြာ မိမိကို ပြန်ပြီး ပြဿနာလုပ်လျှင် အခက်။ စော စောကတည်းက မေးထားရမည်။

"ဟေ့ကောင် - မင်းအပြင်ထွက်ခွင့် (Out Pass) လက်မှတ်ပြစမ်း"

"အဟဲ - မရှိဘူး ဆရာ"

"အေး - မင်းကတော့ ကွာတားထဲ လကုန်ထိနေပေါ့ကွာ"

သူ ထင်သလိုပင် မိုက်ခဲ တပ်ပြင် ခိုးထွက်သည်မှာ သေချာနေပြီ။ သည် အတိုင်းဆိုလျှင် သူ့ဘက်က တာဝန်ကျေ ပြီ။ ကျန်သည့်ကိစ္စက သူနှင့်မဆိုင်တော့ပေ၊ ဆရာညွန့်းက တပ်သို့ရောက်သည် နှင့် တပ်ခွဲမှူးထံသို့ မိုက်ခဲကို အပ်ပြီး လမ်းသွားတော့သည်။

"ကဲ - ကမ္ဘာကျော် - မင်းကို သက် သေခံပစ္စည်းတွေနဲ့ အပ်သွားပြီ။ မင်းဘာ ပြောချင်သေးသလဲ၊ သေချာ တန်ပေနဲ့ ထုတ်ထားတဲ့ အမိန့်ကိုတောင် ဖောက် ဖျက်တဲ့ကောင်"

တပ်ခွဲမှူးက သူ့ရှေ့ရပ်နေသော မိုက်ခဲကိုကြည့်ပြီး ပြောလိုက်ရာ သတိ ဖွဲ့ရပ်နေသော မိုက်ခဲက...

"ကျွန်တော် - အမိန့်ကို မဖောက် ဖျက်ပါဘူး - ဗိုလ်ကြီး"

"ဘာကွ - အမိန့်ကိုဖောက်ဖျက်လို့ တပ်ရဲက မင်းကို ဖမ်းခဲ့တာ မဟုတ်ဘူး လား"

တပ်ခွဲမှူးက စိတ်ဆိုးသွားသဖြင့် တအားအော်လိုက်သည်။ တပ်ခွဲမှူး အော်သံကြောင့်တကြည့်ဆောင်ဘက်မှ လာရောက်ချောင်းကြည့်နားထောင်နေ ကြသူများပင် လန့်ဖျပ်ကုန်ကြသည်။

"ကျွန်တော် ပြောတာက တပ်ရင်း မှူးအမိန့်ကို ကျွန်တော် ဖောက်ဖျက်ခဲ့ တာ မဟုတ်ဘူးလို့ပြောတာပါ"

"လာပြန်ပြီ - မင်းအမိန့်ကို နား ထောင်တယ်ဆိုရင် မော်ဘီမြို့ထဲကို မင်း ရောက်နေမလားကွ"

"ဗိုလ်ကြီး - တပ်ရင်းမှူးအမိန့်ကို သေချာပြန်ဖတ်ကြည့်ပါဦး ဗိုလ်ကြီးရဲ့"

"တောက် - ဒီကောင်တော့နာချင်ပြီ ထင်တယ်။ ကဲ - ဒီမှာကြည့်"

"ဟောဒီမှာလေ - ဗိုလ်ကြီးမော်ဘီ မြို့သို့ မီးရထားလမ်းအား ကျော်ဖြတ် မသွားရန် တားမြစ်လိုက်သည်တဲ့"





www.burmeseclassic.com

www.burmeseclassic.com

"အေး-ဟုတ်တယ်လေ"

"ကျွန်တော်မှ မီးရထားလမ်းကို ကျော်ဖြတ်မသွားခဲ့တာ"

"ဟာ-ပြောပြန်ပြီ၊ မင်းတော့ ခက်နေပြီ၊ မော်ဘီမြို့ထဲမှာ တွေ့လို့ ဖမ်းခဲ့တာကွ၊ ရထားလမ်းကို ကျော်သွားမှ ရောက်မှာပေါ့၊ ကားနဲ့သွားလည်းကျော်သွားမှ ရတာကို"

"ကျွန်တော် ရထားလမ်းကို ကျော်မသွားဘူး"

တပ်ခွဲမှူးနှင့် မိုက်ခဲတို့အပြန်အလှန်ပြောနေကြသည်ကို နားထောင်ရင်းကျွန်တော်အပါအဝင်ရဲဘော်တွေပါ မျက်စိလည်နေကြသည်။

"မင်းက ရထားလမ်းကို ကျော်မသွားရင် ရထားလမ်းအောက်ကနေ မြေလျှိုးပြီး သွားတာလား"

"ဟုတ်ပါတယ်-ဗိုလ်ကြီး။ ကျွန်တော် ရထားလမ်းအောက်က သွားတာပါ"

"ဟေ့ကောင်-မိုက်ခဲ၊ မင်း တော်တော်ပေါက်ကရပြောတဲ့ကောင်၊အပြစ်လုပ်တုန်းကလုပ်ပြီး ခုမှ တောပြောတောင်ပြောနဲ့ မဖြစ်နိုင်တာတွေ"

"ကျွန်တော် တကယ်ပြောတာ ဗိုလ်ကြီး ကျွန်တော် ပြောတာတွေကို သက်သေခိုင်ခိုင်မာမာပြနိုင်ရင် ကျွန်တော့်ကိုဘာမှအရေးမယူဘဲကျွန်တော့်ကို တစ်လခ ပေးမလား"

မိုက်ခဲက သူ့ဘက်ပိုင်ပြီဆိုသောသဘောနှင့် ခပ်ပြုံးပြုံးလုပ်ရင်း ပြောလိုက်လေသည်။ မဖြစ်နိုင်သော သူ့စကားကြောင့် တပ်ခွဲမှူးက အတွေထိုင်နေသူ တပ်ခွဲအရာရှိ ဗိုလ်ဝင်းနိုင်ကို လှည့်ကြည့်လိုက်သည်။ မိုက်ခဲကို သည်တစ်ကြိမ် မှတ်သားအောင်လုပ်ရန် စိတ်ကူးမိသည်။

"အေး-ကောင်းပြီ၊ မင်းပြောသလို မဟုတ်လို့ကတော့ အချုပ်နှစ်ဆယ့်ရှစ်ရက်နဲ့ နေထိုင်၊ အုတ်ခဲလေးလုံးထမ်းပြီး တစ်နာရီပြေးရမယ်၊ ဘယ့်နှယ့်လဲ-ဟေ့ကောင်"

"ဟုတ်ကဲ့-သဘောတူပါတယ် ဗိုလ်ကြီး"

"ကဲ-ဒီလိုဆို-မင်းသက်သေစ်ကို ပြတော့"

သည်နောက် တပ်ခွဲမှူးနှင့် ဗိုလ်ဝင်းနိုင်တို့က မိုက်ခဲကို ဂျစ်ကားနှင့်တင်ပြီးထွက်သွားကြတော့သည်။ကျွန်တော်တို့အားလုံးမှာတော့ မိုက်ခဲဘက်မှ ရှုံ့လော့တောင်းပေးရုံမှလွဲ၍ ဘာမှမတတ်နိုင်ကြပါ။ တစ်ခုခုတော့သူ့မှာ ပိုင်ကွက်ရှိပေမည်၊ ဒါကြောင့် အာမခံရဲနေခြင်း ဖြစ်မည်၊ ကျွန်တော်တို့အားလုံး ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေကြသည်။

☺☺☺

မိုက်ခဲကို တင်ဆောင်လာသော ဂျစ်ကားလေးက ရန်ကုန်-ပြည်ကားလမ်းအတိုင်း သွားနေရာမှ လေထီးသင်တန်းကျောင်းသို့ အဝင်လမ်းကျော်လာသည်၊ မော်ဘီဘူတာရုံဘက် ကွေ့ကာနီးရောက်သည့်အခါ မိုက်ခဲက ကားကို ရပ်ခိုင်းလိုက်သည်။ သူတို့ရှေ့တွင် ရန်ကုန်-ပြည် မီးရထားလမ်းမကြီးရှိနေသည်။

"ကဲ-လာ-ဗိုလ်ကြီး-ကျွန်တော်ပြမယ်"

မိုက်ခဲက မီးရထားလမ်းဘေးလယ်ကွက်များကို ဖြတ်၍ခေါ်သွားခဲ့သည်။ တပ်ခွဲမှူးနှင့် ဗိုလ်ဝင်းနိုင်တို့က စိတ်ရှုပ်သော အမူအရာတွေနှင့် နောက်မှလိုက်ခဲ့ကြသည်။ ကိုက်တစ်ရာခန့် လျှောက်လာခဲ့ရာ ဆယ်ပေကျော်ခန့်အကျယ်ရှိ ရေခမ်းခြောက်နေသော ချောင်းငယ်လေး တစ်ခုကို တွေ့ရသည်။ အပေါ်ဘက်တွင်တော့ မီးရထားလမ်းက ရှိနေပါလေသည်။

"ကျွန်တော် အဲဒီမီးရထားလမ်းအောက်က ဖြတ်သွားခဲ့တာပါဗိုလ်ကြီး"

မိုက်ခဲဘက်က သက်သေခံက အခိုင်အမာကြီးဖြစ်နေသည်မို့ တပ်ခွဲမှူး ဘာပြောရမည်မသိပါ။ သို့သော်-

"အေး-ဒါပေမဲ့-မော်ဘီမြို့ထဲ မသွားရဆိုတာကိုမှ သွားခဲ့တဲ့အပြစ်ကတော့ ရှိတာပဲ"

"ဟာ-အဲဒါလည်း ဗိုလ်ကြီးမှားနေပြီလေ၊ အမိန့်ကိုက မော်ဘီမြို့သို့ မီးရထားလမ်းကို ကျော်ဖြတ်မသွားရလို့သာ ပြောတာလေ၊ အောက်ကငုံလျှိုးမသွားရလို့မှ မပါတာ၊ အဲဒါဆိုရင် ကျော်ဖြတ်မသွားပေမဲ့ အောက်က သွားလို့သွားနိုင်တဲ့အခါမှာယ် မဟုတ်ဘူးလား"

www.burmeseclassic.com

[illegible] (၅၆/-)ကို ထုတ်ပေးလိုက်ရ [illegible]

မပြေနိုင်ပါတော့။ [illegible] သည်။ [illegible]

တပ်ခွဲမှူး ရုံးခန်းမှ [illegible] အခါ မိုက်ခဲ [illegible] ကျောပိုးအိတ်ကို ကောက်လွယ်လိုက် [illegible] သည်။ [illegible] နာကျင် [illegible] ကြွေကျတ်လတ်နေသည်။ မခံချင်စရာ တမင်လုပ်နေခြင်းမို့တပ်ခွဲမှူး ဒေါသဖြစ်လာသည်။ အမြင်လည်း ကပ်လာလေသည်။

“ဟေ့ကောင် - မိုက်ခဲ”

“ဗျာ - ဗိုလ်ကြီး”

“မင်းသိအောင် ငါပြောမယ်။ ရေစီးတစ်ခါရေသာတစ်လှည့်တဲ့။ တို့စစ်တပ်မှာကတော့ ထင်းခွေမကြုံ ရေခပ်ကြုံတတ်တယ်ဆိုတာ မမေ့နဲ့”

“ဟုတ်ကဲ့ - ကျွန်တော် မှတ်ထားပါ့မယ်။ အခု - ကျွန်တော့်ကို ရေဖိုးလခတစ်လစာ ပေးပါခင်ဗျာ”

မိုက်ခဲက သူ့အနိုင်ရငွေတစ်လစာကို တောင်းခံလိုက်ခြင်း ဖြစ်ပါသည်။ တပ်ခွဲမှူးမှာ ကတိအတိုင်း တစ်လစာငွေ

[illegible] ဒီနေ့တော့ရှုံးသွားပါပြီ - ဗိုလ်ကြီး [illegible]

မိုက်ခဲ့ [illegible] လိုက်ပြီးမှ ငွေကို လက်ခံယူလိုက်ခြင်းဖြစ်သည်။ အမှန်စင်စစ် မိုက်ခဲ မီးရထားလမ်းအောက်မှ သွားခြင်းမပြုခဲ့ကြောင်း တပ်ခွဲမှူးသေချာပေါက်သိနေသည်။ သို့စေကာမူ သွားလာရင်းကြည့်ရှုမှတ်သားသည်။ အကြောင်းကိစ္စရှိသည့်အခါ အံဝင်ခွင်ကျ အသုံးချတတ်သော ဦးနှောက်ဉာဏ်ရှိသူမှန်း သိနေသည်။ ယခုလည်း တပ်ရင်းမှူး၏ အမိန့်စာတွင် လစ်ကွက် ဟာကွက်လေးအပေါ်တွင် အခွင့်ကောင်းယူသွားခြင်းဖြစ်သည်။

“ဘာမှ ကျေးဇူးတင်မနေနဲ့။ ငါ့ရှေ့ကမြန်မြန်ထွက်သွား။ မင်းသောက်ခွက်ကြည့်နေရတာ မီးများ နေများ ကြည့်နေရသလိုပဲ။ မင်းနဲ့ဝေးလေ အသက်ရှည်လေပဲကွ”



“ဗိုလ်ကြီး [illegible] ကြီးကို [illegible]

“တယ် - ဒီကောင်မသေး”

တပ်ခွဲမှူးက စိတ်တိုတိုနှင့် စားပွဲပေါ်ရှိ ဆေးလိပ်ပြာခွက်ကို ကောက်ယူလိုက်တော့မှ မိုက်ခဲမှာ ထွက်ပြေးသွားလေတော့သည်။ သူတို့ဆရာတပည့်နှောင့်ကြည့်ပြီး ဗိုလ်ဝင်းနိုင်က ပြုံးနေသည်။

“ဗိုလ်ကြီးတို့ဆရာတပည့်က ဟုတ်နေတာပဲဗျာ”

“ပြောသာပြောရတယ် ဒီကောင်က တော်တော်အားကိုးရတာဗျ

“ရှေ့တန်းမှာဆိုရင် တော့်ရဲ့အခက်အခဲဆိုရင် ဒီကောင် ဖြေရှင်းပေးတတ်တာ”

တပ်ခွဲမှူးက မိုက်ခဲအကြောင်းကို ဗိုလ်ဝင်းနိုင်အား ပြောပြလိုက်သည်။

သည်အချိန်ဘားတိုက်ဆီသို့ ကျောပိုးအိတ်လွယ်ပိုးသွားနေသော ရဲဘော်မိုက်ခဲ၏ စိတ်အတွေးများက ငွေစာရင်းများ တွက်နေသည်။ သူ လိုချင်နေသော မောင်ကိုနှင့်ညီများ နာရီကုမ္ပဏီကြော်ငြာမှ နာရီတစ်လုံးဝယ်လျှင် ကင်မရာတစ်လုံး [illegible] ဝယ်လျှင် [illegible] မည်ဟုဆိုသော ကြော်ငြာမှ နာရီဝယ်ချင်ပင်။ နာရီမှာ [illegible] ပြေးသွားနေခြင်း ဖြစ်သည်။ တစ်လုံး (၆၅) ကျပ်၊ စာတိုက်စရိတ် [illegible] ဖြစ်သည်။ သူလိုချင်သည်မှာ ကြာလှပြီ။ သူ့ရဲဘော်လခ (၅၆/-)သာရ၍ မဝယ်နိုင်ခဲ့ပါ။ (ထိုခေတ်ကာလ ကြည်းတပ်ရဲဘော်တစ်ယောက်လစာငွေမှာ ၅၆/- သာ ဖြစ်ပါသည်။)

ယခုအရက်ဝယ်ပေးရ ၇၅/- ။ တပ် [illegible] ၅၆/- ။ [illegible] ၁၃၁/- ဆိုတော့ နာရီဝယ်နိုင်ပါပြီ။ မိမိလို ရဲဘော်တစ်ယောက်အဖို့ သည်နာရီပတ်နိုင်ပင်လျှင် တော်လှပါပြီ။ အစိုးရရုံးများတွင် ရုံးစာရေးရာထူးရှိ၍ ၈၂/- တောင် ရပါ [illegible] နိုင်ငံတော်ကိုချစ်၍ မိမိလူမျိုးကို အကာကွယ်ပေးချင်ရောက်မှ သေလမ်းနီးသော ၅၆/- သာရသော စစ်သားအလုပ်ကို ဝင်လုပ်နေသူ မဟုတ်လား။

ယခုလည်း သူလိုတိုင်းချစ်ပြည်ချစ် အမျိုးကို ချစ်သော သေဖော်ရှင်ဖက် ရဲဘော်တွေလိုအပ်ချက်ကို ဖြည့်စွမ်း



www.burmeseclassic.com

www.burmeseclassic.com

ပေးနိုင်ခဲ့လေပြီ။ သူချစ်ရဲဘော်တွေက သူ၏မဟာစွန့်စားခန်းကို ပိုင်း၍မေးလာကြဦးမည်ကသေချာနေသည်၊ ဟင်းစားကိုသာ ပေးမည်၊ ကွန်ရက်ကိုပြ၍တော့ မဖြစ်သေးပါ။ တွေးရင်းက မိုက်ခဲ မျက်စိ အစုံက ဘားတိုက်အဝင်ပေါက်မှ သူ့ကို စောင့်ကြိုနေကြသော သူငယ်ချင်း ရဲဘော်တွေကို မြင်လိုက်ရသည်၊ သူက စစ်ချီတေးတစ်ပုဒ်ကို လေချွန်ရင်း ဝင်လာခဲ့လေသည်၊

"နိုင်ငံတော်ကို ချစ်တဲ့သားကောင်း စစ်သည်တော်...နိုင်ငံတော်အတွက်ကို အသက်နဲ့လဲလို့ပျော်"

(ခ.လ.ရ-၁၉၊ ခ.လ.ရ-၂၅၊ ခ.လ.ရ-၂၉၊ ခ.မရ-၁၀၆ မှ စစ်သည် သူငယ်ချင်းများသို့ အမှတ်တရရည်ညွှန်းပါသည်၊)

➳ စောရောင်

ဇာတာကြီး (၄)ခု

မူလသင္ဂဟရစ်ကိုတည်(၁၂)ရာအကြောင်းကိုစုနစ်ရာ...။

၁-ကြွင်း ဂဠုန်မင်းဇာတာ

၃-ကြွင်း ခြသေ့်မင်းဇာတာ

၅-သိကြားမင်းဇာတာ

၇-နဂါးမင်းဇာတာ

အဲဒီဇာတာကြီးလေးခုထဲက တစ်ခုခုရမယ်ဆိုရင် ကျော်စော်ထင်ရှားမယ်၊ စည်းစိမ်ဥစ္စာပြည့်စုံမယ်လို့ ဆိုလိုသည်၊



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးအတွေ့အကြုံရှ တိရစ္ဆာန်ကို ပစ်ခတ်ရာတွင်
ချက်ကောင်းကို ထိဖို့လိုအပ်ကြောင်း
သင်ခန်းစာနှင့်အတူ ..

## မနက်ခင်း

ကပင် အပေါင်းအသင်း၊ ရောင်းရင်းများဖြစ်ကြသော အငြိမ်းစား သစ်တောမင်းကြီး ဦးစိန်ထွန်းနှင့် တရားရုံးချုပ်ရှေ့နေကြီး ဦးကျော်စိုးဗိုလ်(မုဆိုးစာရေးဆရာကြီး)တို့အပြင် ဆည်တော်မှ မုဆိုးကြီးဦးအောင်သန်းနှင့် အဖွဲ့သားများက ကံတွင်းရွှေဒန့်ဒင် စခန်းတွင် ကျွန်တော်နှင့်ခင်မောင်စိန်၊ လှရွှေတို့(၃)ဦးသားကို ထားခဲ့ပြီး သစ်တောမော်တော်နှင့် ပြန်သွားကြခြင်းဖြစ် သည်။

သူတို့ရှိစဉ်က ပစ်ခတ်ရရှိခဲ့သော ယုန်၊ ကြောင်၊ ချေ၊ ဝက်တွေကို စားသင့်တာစား၊ အခြောက်လှန်းသင့်တာ လှမ်းပြီးအကုန်ယူသွားစေလိုက်သည်၊ သူတို့ကတော့ ကျန်ရစ်သူ ကျွန်တော်တို့အတွက် ရိက္ခာအဖြစ် တချို့တစ်ဝက်ထားခဲ့ကြမည်ဟု ဆိုပါသည်၊ သို့သော် ကျွန်တော်တို့က လက်သင့်မခံပါ။

"ဦးဘမင်းတို့က နေခဲ့ကြဦးမှာဆိုတော့ ရိက္ခာအတွက် အခြောက်အခြမ်းထဲက တစ်ဝက်ခွဲယူထားလိုက်ကြဦးလေ"

"နေပါစေဗျာ၊ ခင်ဗျားတို့က ပြန်မယ့်သူတွေဆိုတော့ သကြံန်တွင်းအတွက် ယူသွားကြပါ၊ ကျုပ်တို့က ဒီညဆက်လည်ဦး၊ ပစ်ဦးမှာဆိုတော့ ရိက္ခာအတွက်ပူစရာမလိုပါဘူး၊ အတော်ကြာဒီည ကံကောင်းလို့ ဆတ်ရနေရင် ရိက္ခာက လိုတာထက်တောင် ပိုနေဦးမှာပါ"

"ဒါဆိုရင်လည်း မထားခဲ့တော့ဘူး၊ ကျေးဇူးတင်ပါတယ်ပေါ့ဗျာ၊ ခင်ဗျားတို့အဖွဲ့ ဆတ်ပစ်ရပါစေလို့ ဆုတောင်းပေးခဲ့ပါ့မယ်"

"ဆုမတောင်းလည်း ဒီညကတော့ သေချာပေါက် ဆတ်ပစ်ရမှာပါ၊ ဆတ်သား မစားထိုက်တဲ့သူတွေ မြန်မြန်ပြန်ကြပါဗျာ"

ခင်မောင်စိန်က မပြန်စေချင်တဲ့ စိတ်သဘောနဲ့ အောက်ကလိအာပြောလိုက်သည်။

"အမှန်အတိုင်းပြောရရင် ကျုပ်လည်း မုဆိုးပဲ - မပြန်ချင်သေးပါဘူး၊ ကိုခင်မောင်စိန်ရာ၊ ဆတ်တော့ ပစ်ချင်သေးတာအမှန်ပဲ၊ ဒါပေမဲ့ - သကြံန်တွင်းနဲ့ ဝါတွင်းဥပုသ်တွေမှာ ကျုပ်က ဥပုသ်သီလ ဆောက်တည်ပါမယ်လို့ တိုင်တည်၊ ကတိကဝတ်ပြုထားခဲ့တာမို့ပါဗျာ"

"ရှိပါစေတော့လေ - ကတိသစ္စာပြုထားတာဆိုတော့လည်း နားလည်ခွင့်လွှတ်ကြရတော့မှာပါ"

ဤသို့ဖြင့် ကျော်စိုးဗိုလ်တို့တစ်ဖွဲ့လုံး ကိုအောင်သန်း၊ ရွှေဒန့်ဒင်စခန်းက ထွက်ခွာသွားကြသည်၊ သူတို့ပြန်သွားပြီးနောက် ကျန်ရစ်ခဲ့သူ ကျွန်တော်တို့ ဒီညအတွက် အသားကုန်ကြိုးစား၍ နှံ့နှံ့စပ်စပ် လည်နိုင်၊ ပတ်နိုင်ရန် အားမွေးသည့်သဘော၊ တစ်နေ့လုံးဘာမှမလုပ်၊ စားပြီး အိပ်စက်အနားယူနေလိုက်ကြသည်၊ ညနေပိုင်းရောက်မှ ရေချိုး၊ စားသောက်ပြီးသည်နှင့် ညတောလည်ရန် အတွက် သေနတ်၊ ယမ်းတောင့်များကိုပြင်ဆင်၊ အရံသင့်လုပ်ထားလိုက်ကြသည်၊

လည်ဖို့အစီအစဉ်ဆွဲကြသောအခါ ခင်မောင်စိန်က (၂၂)ဗိုင်ငှားတူးမွှနမ်နှင့် ဟန်ဝင်းအောင်ကို ခေါ်မည်ဟု ပြောသည်၊ ကျွန်တော်နှင့်တွဲ၍လည်ဖို့တော ကျွမ်းသူမှာတင်မောင်ဝင်းနှင့်ကျော်ထွေးဦးသာရှိသဖြင့် တင်မောင်ဝင်းကို ရွေးလိုက်သည်၊ သို့သော် တင်မောင်ဝင်းကသူ့ သေနတ်ပစ်ချင်ပါသည်ဟုဆိုကာ ဒီည ကျွန်တော့်ကို အနားယူဖို့ တောင်းပန်တိုးလျှိုးလာသည်၊

"လေးလေးမင်း - ဒီည အနားယူလိုက်ပါဗျာ၊ အသက်ကြီးတော့ ဆက်တိုက်လည်ရင်ပင်ပန်းပါတယ်၊ ပြီးတော့ ဆရာရွှေကလည်း တစ်ယောက်တည်း စခန်းကျန်ရစ်မှာဆိုတော့ အဖော်လည်းရအောင် ဒီည နားလိုက်ပါနော်၊ ကျွန်တော် - လေးလေးမင်းသေနတ်ကိုင်ပြီး ဒီညလည်လိုက်ပါ့မယ်"

"ဟ - ဖြစ်ပါ့မလား - တင်မောင်ဝင်းရာ၊ အတော်ကြာ - သားကောင်တွေ့ပစ်ရတဲ့အခါကျ အိုးနင်းခွက်နင်းဖြစ်နေပါဦးမယ်"

"ဖြစ်ပါတယ် - လေးလေးမင်းရဲ့၊ အခု - တင်မောင်ဝင်းကအရင်လေးလေးသိထားတဲ့ တင်မောင်ဝင်း မဟုတ်တော့ပါဘူး၊ တူမီးနဲ့ ဆတ်တွေ၊ ဝက်တွေ ပစ်နေတဲ့သူ ဖြစ်နေပါပြီ၊ ပစ်ရလို့ အကောင်မရရင်ကြိုက်သလိုပြောတော့ ..."





www.burmeseclassic.com

www.burmeseclassic.com

"ဒုအားရလာ - ငမင်းကျိုယ် မင်း ဒီရှေ့လာကော် အာလပ်ပြောနေမှရတော့ မှန်ပြီး ရတော့မှာပေါ့။ ဒါပေမဲ့ - တစ်ယောက် ယောက်တော့ အဖော်ခေါ်သွားဦး မှာလို့လား"

"ခေါ်ရမှာပေါ့ - ညီတော့် ကျော်ဆွေဝင်းကို အဖော်ခေါ်သွားလိုက်ပါမယ်"

"အေး - အေး - ဒါဖြင့်ရသည်း - ရော့ ရော့ - သေနတ်နဲ့ယမ်းတောင့်၊ ဆုတ်ဝတ်ဆိုရင် ဒီယမ်းတောင့်နဲ့ပစ်၊ ချေ ကြောင်နဲ့ အဓိသာ တောင့်တွေ ဆိုရင် ပျော့တာနဲ့ပစ် - ဟုတ်ပြီလား"

ကျွန်တော်က နှစ်လုံးပြူးသေနတ်နှင့် ယမ်းတောင့်များကို ခွဲ၍ပေးလိုက်သည်။

သေနတ်ပစ်ချင်သူ တင်မောင်ဝင်း တစ်ယောက် သေနတ်ကိုင်ပစ်ရဖို့ အခွင့် ရသွားပြီဆိုတော့ မျော်မဆုံး၊ မော်မဆုံး တပြုံးပြုံးနဲ့ တက်ကြွရှုဆော်လာတော်နေပါ တော့သည်။

နှစ်ဖွဲ့စလုံး စခန်းထဲက ထွက်သွား ကြတော့ အတူတူပင်။ ချောင်းတူရှည် ရောင်းဖျားရောက်မှ တင်မောင်ဝင်းတို့ အဖွဲ့ "ကြိမ်ချောင်း" တောင်နဘိုးဆိုသို့ဦးတည်၍ ခွဲထွက်ခဲ့ကြသည်။ ခင်မောင်စိန်နှင့် ဟန်ဝင်းအောင်တို့အဖွဲ့ကတော့ ချောင်း ထဲမှ ရှည်ကောင်းရိုးတန်းတစ်လျှောက် ပြင်လာ လည်ပြီးမှ ကြိမ်ချောင်းတောင်ကို ဆင်းမှ ထိပ်ရှေ့လမ်းက ဖြတ်တက်ကြမည်ဖြစ် သည်။

အချိန်းအချက်မှာ သားကောင်ပစ်ပစ် ရကာ တောင်ပေါ်ထိပ် ထင်းရှူးစခန်းမြေနေရာ တွင် ဆုံကြရန်ဖြစ်ပြီး သားကောင်ပစ်ပြီး ရပါက ရေဘူးများဆီ လာပေါင်းကြရန်ဖြစ် သည်။

ခင်မောင်စိန်နှင့် ဟန်ဝင်းအောင်တို့ အဖွဲ့မှာ တာဝန်ကျရာ ချောင်းရိုးအတိုင်း ကမ်းနားတစ်လျှောက်လည်ကြရာ ထောင် ခြေရာ၊ ဝက်ခြေရာများကို တွေ့ရသော် လည်း အကောင်ကတော့ မတွေ့ရ၊ ကမ်း စပ်ညောင် နှုပေါက်အကွက်များတွင် လည်း ကိုက်ဖြတ်စားထားကြသည်မှာ ငှက်တို့ ညီညာနေသည်က ဝမ်းပါးရော ပင်။

"ဝေါင်း - ဝေါင်း - ဝုတ် - ဝုတ်"

မလှမ်းမကမ်း၊ မြက်ခင်းချုံ အတွင်းမှ သူတို့ကိုမြင်သွားပြီးလေ၏ ဟောက်နေသော ရေတစ်ကောင်ကို လိုက်ရှာပင်ကြသော်လည်း မမြင်ရ။ ကမ်းရိုးတစ်လျှောက် ဆီးဝါးဆိုနံ့ ထိုး လိုက်သော ချိုမီးထဲတွင် ပျော်လုံးခဲ့ချိ အကောင်က မသိမကွဲ၊ ဖြူမွဲမွဲ၊ အစက် အပြောက်လိုလို တွေ့ရသဖြင့် ကျားသစ် ရသောက်ဆင်းတော့ပဲတူ ထမ်းဆာပြီး ပ်သွက်သွက် လှမ်းသွားကြသည်။

သေနတ်တစ်ကမ်း ကိုက် (၄၀) လောက်ရောက်သွားမှ "ဒီး - ဒီး - ဒီး" ဟု အသံပြုရင်း ထပျံသွားသော ဒီးဒုတ်ငှက် ကြီးကို တွေ့လိုက်ရသဖြင့် မောသွားကြ သည်။

"ခွေးမသား - ဒီးဒုတ်ကွာ၊ မီးထဲမှာ သိမကွဲ၊ ပြောက်ပြောက်ကျားကျား တွေ့လိုက်ရတော့ ကျားသစ်များလားလို့ မ်းသာပြီး မက်လုံးနဲ့ လိုက်ခဲ့ရတာ ခွေး ကောင် ရှုံသွားတာပဲ"

"အေးကွာ - ငါလည်းပစ်ရတော့မှာ လို့ သေနတ်မောင်းတောင် အရံသင့် ထားတာ၊ အခုတော့ - ဟင်း"

"ကိုင်းပါ - အခုမပစ်ရလည်း စိတ် လျှော့ပါနဲ့ တောင်ပေါ်ရောက်ရင်တော့ အနည်းဆုံး ပစ်ရမှာပါ၊ ကျည်သာ ကောင်းဖို့ပဲ၊ ဓားသရေတော့ ထည့်ထား၊ ကောနားပြီး ရွှေးလေးဆီက် ကြီးဖြစ်ရှိ ကောင် ပေါ်ရောက်ကြရအောင်"

"တင်မောင်ဝင်းနဲ့ ကျော်ဆွေဝင်း ညီအစ်ကိုအဖွဲ့မှာလည်း ခင်မောင်စိန် တို့အဖွဲ့နဲ့ခွဲပြီး ကြိမ်ချောင်းတောင်ခြေ ဆီသို့ ထွက်ခဲ့ကြသည်။ တင်မောင်ဝင်း ကနှစ်လုံးပြူးသေနတ်တွင် (SG) ကျည်ဆုံး ခဲနှစ်တောင့်ကိုထည့်လျက် နဖူးစီးမီးကို ဖွင့်ကာ ရှေ့က သားကောင်မီးရှာရင်း ခပ် သွက်သွက်သွားနေသည်။ နောက်က လိုက်သူ ကျော်ဆွေဝင်းက မီးအောင် အတော်လိုက်နေရသည်။

"ဖြည်းဖြည်းသွားပါ - အစ်ကိုလေး ရ။ နင့်ဟာက တောလည်တာနဲ့ မတူဘူး။ နွားရိုင်းလိုက်နေတာနဲ့ တူနေပြီ"

"ဟ - ခပ်သွက်သွက်သွားမှ မြန်မြန် ရောက်၊ မြန်မြန်တွေ့၊ မြန်မြန်ပစ်ရပြီး စောစောပြန်ရမှာပေါ့ကွ - ငါ့ညီရ"

"စိတ်ကူးတိုင်းဖြစ်ရင်တော့ ကောင်းတာပေါ့။ သားကောင်ကလည်း

www.burmeseclassic.com

အသက်နဲ့အသံနဲ့ဆိုတော့နင့်ပုံစံမျိုးနဲ့က ခံပါလိမ့်မယ် - စိတ်ချ"

ပြောရင်းဆိုရင်းနှင့်ပင် မှဆိုးညီအစ်ကို(၂)ယောက် တောင်ခြေတောင်တက်လမ်းအစ ရောက်ခဲ့ကြသည်။

"ကိုင်း - တောင်ပေါ်တက်မှာလား။ တောင်ခြေပတ်ပြီး လျှိုထဲ ဝင်မှာလား" ကျော်ဇွေဝင်းက သူ့အစ်ကို တင်မောင်ဝင်းကို မေးလိုက်သည်။

"ဟိုအဖွဲ့က တောင်ပေါ်တက်မှာဆိုတော့ တို့က လျှိုကြားထဲအရင်ဝင်မွှေကြမယ်ကွာ"

"အေး - ကောင်းတယ်။ ဖြည်းဖြည်းသွားရင်း မီးကို နှံ့အောင်ရှာပါ။ ငါ ရှာပေးရမလား"

"ရတယ် - ရတယ် - ငှါ်မီးနဲ့ငါပဲ စေ့စေ့စပ်စပ် ရှာပါ့မယ်။ မင်းနောက်ကသာ ခြေသံမကြားရအောင် ကပ်လိုက်ခဲ့"

သူတို့အဖွဲ့တောင်ပေါ်တက်လမ်းမှ ဖယ်ခွာလျက် တောင်ခြေလျှိုကြားသွားလမ်းအတိုင်း ဆက်လိုက်ခဲ့ကြသည်။

"တောက်တဲ့ - တောက်တဲ့"

မိုးလေဝသ စေဒင်ဆရာကြီးက သစ်ပင်ထက်ဆီမှ လေးလေးမှန်မှန် ဟောစတမ်းထုတ်နေသည်။ ရွှေခပ်လှမ်းလှမ်းမြေပြင်ထက်ဆီမှလည်း တတွတ်တွတ်နှင့် မြေဝပ်ငှက်တစ်ကောင် အော်မြည်သံက စီးချက်ကျကျ ကြားနေရသည်။

လျှိုမြောင်အတွေ့ကလေးတစ်ခု ကျော်လိုက်သည်နှင့် ချေတစ်ကောင် ဟောက်သံက မလှမ်းမကမ်းရှေ့ဆီမှ ကြားလိုက်ရသည်။ တင်မောင်ဝင်းက နဖူးစီးမီးကို အသံကြားရာဆီသို့ ခင်း၍ ရှာလိုက်သည်။ တွေ့ရသည်က ချေမျက်လုံးမဟုတ်။ ပြူးပြူးကျယ်ကျယ်၊ ဝင်းသောဖွယ်ရာ ဆတ်မျက်လုံး(၃)စုံ (၆)လုံးဖြစ်နေသည်။

တင်မောင်ဝင်းက မထင်မှတ်ပဲ တွေ့လိုက်ရသော မျက်လုံးများကြောင့် ဖျံ့ဖြူဝမ်းသာ၊ အသံရောလှုပ် တုန်တုန်ယင်ယင် ဖြစ်သွားသည်။

"ဆတ် - ဆတ်တွေကွ။ သုံးကောင်ကြီးတောင်ပဲ။ ဘယ်အကောင်ပစ်၊ ပစ်ရပါမလဲ" တုန်တုန်ယင်ယင်ဖြစ်နေသည့် ကြားက နောက်မှပါလာသောညီကို တိုးတိုးပြောလိုက်သည်။

"စိတ်ကို ငြိမ်ငြိမ်ထားပြီး မျက်လုံးအကျယ်ဆုံးအကောင်ပစ်ကွာ"

စကားရောလှုပ်တုန်တုန်ယင်ယင် ဖြစ်နေသော တင်မောင်ဝင်းကို ညီဖြစ်သူကပြန်လည်သတိပေး၊ ပစ်ဖို့အကောင်ပါ ရွေးပေးလိုက်သည်။ ဆတ်များမှာ သားအမိ၊ သားအဖ(၃)ကောင်ဖြစ်ဟန်ရှိသည်။ ကိုက်(၄၀)မျှဝေးသောနေရာမှ အကောင်က မျက်လုံးအကျယ်ကိုကြည့်ပြီး အထီးဖြစ်မည်၊ (၃၅)ကိုက်လောက်မှ အကောင်(၂)ကောင်မှာ အမနဲ့ကလေးဖြစ်ဟန် ရှိသည်။

ဆတ်(၃)ကောင်စလုံးမှာ တောင်ပေါ်တွင် မီးလောင်ထားသဖြင့် အစားအသောက်ရှား၍ အောက်ခြေလျှိုကြားသို့ အစာရှာဆင်းစားကြခြင်း ဖြစ်ဟန်တူသည်။

တင်မောင်ဝင်းက နဖူးစီးမီးကိုအနီးဆုံးဆတ်ကလေးနှင့်အမကိုကျော်လျက် ဆတ်ဖာကြီးရှိရာသို့ မီးကစားပြီး စိုက်ထိုးထားလိုက်သည်။ ဆတ်ဖာကြီးမျက်လုံးများက ဝင်းပြောင်၍ မီးကို စူးစိုက်ကြည့်လျက်ရှိသည်။ လက်ထဲမှ နှစ်လုံးပြူးသေနတ်ကို သားကောင်ရှိရာသို့ အမြန်ပြောင်းတန်းထိုးချိန်လိုက်သည်။ ပစ်နေကျမဟုတ်သဖြင့် ဘယ်လောက်ပေါ် ချိန်ပစ်ရမည်ကို တွေးဆနေသဖြင့် ကြာနေသည်။ ဒါကို အားမလို၊ အားမရရှိသော ညီဖြစ်သူက တိုးတိုးနှင့် လောလောလေး သတိပေး ပြောကြားလိုက်သည်။

"ပစ်တော့ဟ - အကောင်တွေက ပြေးကုန်တော့မှာပဲ။ ဘာလုပ်နေတာလဲ။ သေနတ်ကြီးချိန်ထားပြီးမပစ်ဘဲ ငူငူငိုင်ငိုင်ကြီးလုပ်နေတာက ..."

"ဘယ်နေရာ၊ ဘယ်လောက်ချိန်ပစ်ရမှာလဲလို့ စဉ်းစားတွေးနေတာ ညီလေးရ"

"တူးမီးချိန်ပစ်သလို မျက်လုံးဝင်းဝင်းကြီးနှစ်လုံးကြားသာ ချိန်ပစ်လိုက်လေ။ ဟာ - ဘာထူးတာမှတ်လို့"

ဒီတော့မှ တင်မောင်ဝင်းလည်း မျက်လုံးပြူးပြူး၊ ဝင်းပြောင်ပြောင်ကြီးကြားချိန်လျက် မောင်းလေ့တ်ကို အမြန်ဖြုတ်ချလိုက်တော့သည်။

"ဒိုင်း - ဟိုင်း - ဟိုင်း - ဟိုင်း"

အောင်မြင်လှသောသေနတ်သံက လျှိုကြောတစ်လျှောက် ပဲ့တင်ထပ်သွား

www.burmeseclassic.com

သည်၊ အပစ်ခံရသော ဆတ်အကြီးနှင့် ဆတ်မမှာမြင်ကွင်းကပြေးထွက်ပျောက်ကွယ်သွားသော်လည်း ဆတ်ကလေးမှာ သူ့ခေါင်းပေါ်မှဖြတ်သွားသောကျည်ဆန်အသံကြောင့်လား မပြောတတ်၊ ကြောင်တောင် နှင့် ဟိုပြေးရမလို၊ ဒီပြေးရမလို ရှာလည်၊ ရှာလည်ဖြစ်နေတော့သည်။

"ဟ - အစ်ကိုရ - ကျန်တဲ့အကောင်နောက်တစ်ကောင်နဲ့ ဆက်ပစ်ပါတော့လား။ ဘာကြောင့်ကြည့်နေရပြန်တာလဲ"

ဒီတော့မှ တင်မောင်ဝင်းတစ်ယောက် ပြူးတူးကြောင်တောင် ယောင်ရှာရှာဖြစ်နေသော ဆတ်သူငယ်၏ လက်နောက်ဆီသို့ သေနတ်ကို ထိုးချိန်လျက် မောင်းခလုတ်ကို အမြန်ဖြုတ်ချလိုက်ပြန်တော့သည်။

ဒီတစ်ခါတော့ သေနတ်သံ "ဒိုင်း" ခနဲ မြည်ဟည်းသွားသံက တိုပြီးပြတ်သွားသည်။ သားကောင်ဆတ်ကလေးမှာ နေရာတွင် တုံးခနဲလဲ၍ဆန့်ငင်၊ ဆန့်

သေနတ်သမားမနေသလုသားက ဒီတစ်ခါတော့ အသိ၊ သတိဝင်သွားကာ ဦးခေါင်းကို မချိန်တော့ပဲ သူ့ဘော်ဒါ ကျွန်တော့်လက်သုံးချက်ငွေးလက်က 'ဆင်ဦးနောက်၊ ကျားလက်နောက်၊ ကျန်တဲ့အကောင်၊ လည်တိုင်ရင်း၊ မှသိုးပစ်ကွင်း' ဆိုသည်ကို လိုက်နာပြီး သေနတ်ချိန်သီးများကို ဆတ်မလည်တိုင်ရင်းဆီသို့ ပြောင်းချိန်လိုက်ကာ မောင်းခလုတ်ကို အညင်သာဆုံး ဖိညှစ်လိုက်ပါတော့သည်။





ဝင် ဖြစ်နေတော့သည်၊ နောက်မှကပ်လိုက်နေသော တောင်ကျော်ရွှေဝင်းက ကများကသောပြေးလျက် ခြေနှစ်ဖက် ဒူးခေါက်ကြောတွေကို ဓားနှင့် ခုတ်ဖြတ်လိုက်သည်။

"တော်သေးတာပေါ့ - အစ်ကိုရာ။ မပြေးတတ်တဲ့အကောင်မို့၊ နို့မို့ - နှင်လုပ်နေပုံနဲ့ ဟင်းစားတောင် ရလိုက်မှာမဟုတ်ဘူး။ နှင့်လုပ်နေပုံက ..."

နှစ်ယောက်သား ဆတ်သေနားထိုင်၍ဆေးလိပ်သောက်၊ အမောဖြေရင်း စကားဖောင်ဖွဲ့နေကြတော့သည်။

"အေး - တို့အဖွဲ့ တို့တာဝန်တော့ ကျေပြီးဟိုနှစ်ယောက်အခြေအနေတော့ ဘယ်လိုရှိနေမလဲ မပြောတတ်ဘူး"

ဿဿဿ

"ဟော - ဦးခင်မောင်စိန် - ကြားလား။ အောက်ဘက်လျှိုဆီက သေနတ်ပစ်သံ၊ ဒါ - ကိုတင်မောင်ဝင်းတို့ဆီက ပစ်သံဗျ"

"အေး - ကြားပါတယ် - ဘာပစ်တာလဲပဲ"

"ဆတ်ဖြစ်ဖို့များတယ်၊ ဒီတောင်ပေါ်မှာ မီးလောင်ထားတော့ စားစရာမရှိလို့ခြေရာတောင် ကောင်းကောင်းလတ်လတ် မတွေ့ဘူး။ အောက်လျှိုကြားမှာ တွေ့ဖို့များတယ်"

"အေး - ဟုတ်မယ်ကွ၊ ဒီတောင်ပေါ်ကမီးလောင်ပြီးစမို့ခြောက်ခန်းတော့ အောက်လျှိုထဲ ဆင်းကုန်တာနေမှာ ..."

"ဒိုင်း"

"ဟော - နောက်တစ်ချက်ပစ်သံပဲ၊ နှစ်ချက်ပစ်တာဆိုရင်တော့ ဆင့်တာလား၊ နောက်ပြီး - ဆတ်ဆိုရင် တစ်ကောင်တည်းဟုတ်ချင်မှဟုတ်မှာ၊ တစ်ကောင်တည်းမဟုတ်ရင် ကျန်တဲ့အကောင်က အောက်ကပစ်ရင်တောင်ပေါ်ပြန်ပြေးတက်လာမှာ သေချာတယ်ဗျ၊ လာ - လာ - မြန်မြန်လာ"

ဟန့်ဝင်းအောင်က ပြောပြောပြေးပြေး ရှေ့ကပြေးသဖြင့် ခင်မောင်စိန်မှာ နောက်က မီအောင် ပြေးလိုက်နေရသည်၊ တစ်ခုသော ခင်ကြောလမ်းထိပ်ရောက်မှ ရပ်လိုက်ပြီး ငြိမ်၍နားစွင့်နေလိုက်သည်။

"တုတ် - တုတ် - တုတ် - တုတ်"

မြေဝပ်ငှက်တစ်ကောင်၏ တုတ်တုတ် အော်မြည်သံက တောတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com

လှမ်းမိုးနေသော်လည်း "ချောက်ချောက်" "ဂလောက်-ဂေါက်"ဟူသော သစ်ရွက်ခြောက်နင်းသံ၊ ကျောက်ခဲပေါ်နင်းသံ၊ တိုက်မိသံတို့က ထပ်ဆင့်ကြားလိုက်ရသဖြင့် ဟန်ဝင်းအောင်က ခင်မောင်စိန်၏လက်ကို ဆွဲကာ အသံကြားရာကြောလမ်းဆီသို့ လက်ညှိုးထိုးပြ အချက်ပေးလိုက်တော့သည်။

ခင်မောင်စိန်ကလည်းအထာသိပြီး မှဆိုးတစ်ယောက်ပီပီ လက်ထဲမှ (၂၂) မဂ္ဂနမ်သေနတ်ကို မောင်းအပြည့်ထင်ကာ ဟန်ဝင်းအောင် လက်ညှိုးထိုး ညွှန်ပြရာသို့ သေနတ်ကို ပြောင်းတန်းထားလိုက်ပါတော့သည်။

ရှာမီးကို ကောင်းကင်ထက်မှ တဖြည်းဖြည်း နှိမ့်ချပေးလိုက်သည်နှင့် ဆတ်(၂)ကောင်၏မျက်လုံး (၄)လုံးက ကိုက်(၅၀)လောက်က အထင်းသားပေါ်လာတော့သည်၊ ဖြောင့်တန်းမှုယူထားသော ခင်မောင်စိန်က မျက်လုံးများ ပေါ်လာလာချင်းကပျာကယာရှေ့ဆုံးမှမျက်လုံးကျယ်သော ဆတ်ကြီး၏ထိပ် တည့်တည့်ကို ချိန်လျက် မောင်းခလုတ်ကို အမြန်ဆုံးဖြုတ်ချလိုက်ပါသည်။

"ဖန်း"ခနဲ ကျည်ပေါက်ကွဲသံနှင့် အတူ ရှီးခနဲ ကျည်လေတိုးသွားသံပါ ကြားလိုက်ကြရသဖြင့် ပစ်ချက်သားကောင်ကိုမထိကြောင်းသိလိုက်ရသည်။ ဒါကြောင့် -ပစ်ပြီးကျည်ခွံကို အမြန်ထုတ်လိုက်ပြီး နောက်တစ်တောင့်ပစ်ရိုကြိုးစားသော်လည်း အချိန်မမီတော့၊ ဆတ်နှစ်ကောင်မျက်လုံးများက ဘေးခင်ကျောဆီသို့ ဦးတည်ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။

မီးသမား ဟန်ဝင်းအောင်က ခင်မောင်စိန်ကို ဖွတ်အတင်းဆွဲလျက် ဆတ်များပြေးသွားသော ခင်ကြောဆုံရာဆီသို့ ပြေးကြိုပြန်တော့သည်။ ကြောဆုံရာရောက်သောအခါဟန်ဝင်းအောင် ရော၊ခင်မောင်စိန်ပါမောပမ်းလွန်းသဖြင့် အသက်ပင် ကောင်းကောင်းမရှူနိုင်၊ ဒါကြောင့် -မြန်မြန်အမောပြေစေရန် မြေကြီးပေါ် မှောက်၍ ရင်ဘတ်နှင့် ကပ်ထားလိုက်မှအမြန်သက်သာသွားသည်။

မြေကြီးနဲ့ ရင်ဘတ်ကပ်၍ အမောဖြေနေစဉ်မှာပင် ခင်ကြောတစ်လျှောက် မှန်မှန်တက်လာသော ခြေသံများကို ကြားကြရသဖြင့် အမြန်ပြန်ထကာ မီးနှင့် သေနတ်ကို အရံသင့်ပြင်ပြီး စောင့်စားနေလိုက်ကြသည်။ အသံများက နီးသထက် နီးလာတော့မှ မီးဖွင့်ချလိုက်သည်။

မီးထဲတွင် ဆတ်နှစ်ကောင်မှာ ရင်ပေါင်တန်း မကျ၊ တကျ ရှေ့နောက် မြင်နေရသည်။ ရှေ့ကျသော ချိုကားကားနှင့် ဆတ်ဖားကြီး၏ဦးခေါင်းကို ခင်မောင်စိန်က ချိန်လျက် အပိုင်ပစ်ချလိုက်သည်၊ သို့သော် သတ္တဝါက ကောင်းလှသည်။ ခင်မောင်စိန် မောင်းခလုတ်ဖြုတ်လိုက်ချိန်မှာပင် ဆတ်ကြီး က ချိုင့်ခွက်အနိမ့်ပိုင်း အဆင်းလိုက်နှင့်ကြုံသွားရာ ကျည်ဖူးမှာဦးခေါင်းထက မှလေချွန်သွားပြန်ပါတော့သည်၊

ဆတ်ဖားကြီးမှာ အခွေ့အကြုံရင့်ကျက် လာပြီဖြစ်သဖြင့် သေနတ်သံ ကျည်ဆန်အသံ ကြားလိုက်ရသည်နှင့် သေဘေးမှ လွတ်ကင်းရန် အမြန်ဆုံး ဘေးရောက်ထဲသို့ ခုန်ဆင်းသွားတော့သည်၊ ဆတ်မမှာ ကြောင်အမ်းအမ်းနှင့် နောက်ကြောင်း လာလမ်းပြန်ပြေးရမလား၊ ဆတ်ဖားကြီး၊ ခုန်နင်းပြေးရာ ရောက်ထဲပဲ လိုက်ဆင်းရမလား ဝေခွဲမရ၊ စိတ်ဗြိုဟဖြစ်နေပုံရသည်။

ဤသည်ကသူ့ဘဝအတွက်ကံဆိုးသွားခြင်းပင်၊ သေနတ်သမား မနုဿလူ့သားက ဒီတစ်ခါတော့ အသိ၊ သတိဝင်သွားကာ ဦးခေါင်းကို မချိန်တော့ပဲ သူ့ဘော်ဒါကျွန်တော့်လက်သုံးချက်ရွေးလက်ာ "ဆင်ဦးနောက်၊ ကျားလက်နောက်၊ ကျွန်တဲ့အကောင်၊ လည်တိုင်ရင်း၊ မုဆိုးပစ်ကွင်း" ဆိုသည်ကို လိုက်နာပြီး သေနတ်ချိန်သီးများကို ဆတ်မလည်တိုင်ရင်းဆီသို့ ပြောင်းချိန်လိုက်ကာ မောင်းခလုတ်ကို အညင်သာဆုံး ဖိညှစ်လိုက်ပါတော့သည်။

"ဖန်း"

"ဘုတ်"

ကျည်ပေါက်ကွဲသံနှင့် သားကောင်ကို ထိမှန်သံတို့က အထင်းသား ဆက်တိုက်ကြားလိုက်ကြရပြီး အပစ်ခံသတ္တဝါ ဆတ်မမှာ ဘေးရောက်ထဲသို့ အရှပ်ကြီး ပြုတ်၊ အလိမ့်ခေါက်ကွေးကျသွားပါတော့သည်။

"ကိုင်းကွာ -ကောင်းလိုက်တဲ့ပစ်ချက်၊ စောစောက ဆတ်ဖားကြီးတုန်းက အဲဒီလိုပစ်ရမှာ -ကိုခင်မောင်စိန်ရ၊ အေ့တော့..."





www.burmeseclassic.com

www.burmeseclassic.com

"အခုတော့တွေ့ဘာတွေလုပ်မနေနဲ့။ ဒီအကောင်ပဲတားထိုက်လို့ဒီအကောင်ပဲ ရလိုက်တာလို့သာ မှတ်လိုက်တော့ ဟန်ဝင်းအောင်ရေ့"

သူတို့နှစ်ယောက်ဝမ်းသာကြည်နူးစွာနဲ့ ဆတ်မရှိရာသို့ ဆင်းသွားပြီး မှန်ချက်ကို ကြည့်ရှုလေ့လာနေစဉ်မှာပင် အောက်မှ "ဝူး" ထိုးအချက်ပေး တက်လာသူများမှာ တင်မောင်ဝင်းနှင့် ကျော်ဆွေဝင်းတို့ညီအစ်ကိုများ ဖြစ်သည်။

"ဟာ - ဒီမှာလည်း တစ်ကောင်ရထားတယ် ကွ။ ကျော်ဆွေဝင်းရ ဒီအကောင်က အမကြီး။ ငါတို့ရထားတာက အငယ်ကောင်၊ သူ့ကလေးနေမှာကွ"

"မင်းတို့ရော - တစ်ကောင်ရထားသေးလား။ ဒီညတစ်ဖွဲ့တစ်ကောင်ဆတ် (၂)ကောင်ရတာဆိုတော့ - မွပြီပဲ"

"အေးကွာ - ဟိုအကောင် ရိုကား၊ ဆတ်ဖားကြီးသာ ရလိုက်လို့ကတော့ ပွဲပြတ်ပဲ"

"ဟာ - ရိုကားအထီးကြီး - မင်းတို့ရော ပစ်လိုက်ရသေးတာလား"

"ပစ်ရပြီလားကွာ၊ နှစ်ချက်တောင် အပိုင်ကြီးတွေ ပစ်ရတာ။ တို့ဆရာကြီး ဘယ်လိုဖြစ်သွားတယ်မသိပါဘူး။ လောဘကြီးပြီး မမှန်တာနေမှာပါ"

"လောဘကြီးလို့မဟုတ်ပါဘူး ဟန်ဝင်းအောင်ရာ၊ အကောင်ကကြီး။ ရိုကားကြီးဆိုတော့ခေါင်းမှန်မှာသေရာမှာဆိုပြီး မျက်လုံး(၂)လုံးကြား ခေါင်းအပိုင်ပစ်လိုက်တာပဲကွာ။ ပထမချက်ကနီးတော့ ရှန်သွားတာ၊ နောက်တစ်ချက်ကလည်း မသေထိုက်တဲ့အကောင်ဆိုတော့ပစ်လိုက်တဲ့အချိန်မှ အကောင်က အနိမ့်ပိုင်းအဆင်းလိုက်နဲ့ကြုံသွားတော့ လွဲပြန်တာပေါ့။ တကယ်တော့ - ငါ လောဘကြီးလို့မဟုတ်ရပါဘူးကွာ။ အကောင်ကိုက သေကံမပါသေးတဲ့ အကောင်ဆိုတော့ကြံဖန်လွတ်တာပါ"

"ဦးခင်မောင်စိန်ပြောတာ မှန်လောက်တယ်။ ကျုပ်တို့လည်းအထီးကြီးကို ပထမပစ်ရတာ ဘယ်လိုလွတ်သွားတယ်မသိဘူး။ အခုနပြောသလို မသေထိုက်သေးတဲ့အကောင်ဆိုတော့မသေတာပဲဖြစ်မှာ။ နောက်အကောင်ကျသေထိုက်တဲ့အကောင်မို့ "ဒိုင်း"၊ "ဖုန်း" တစ်ချက်ထဲပဲဗျ"

"အေး - ဘာပဲပြောပြော - ငါတို့ကံကောင်းပါတယ်။ ဟိုအဖွဲ့ ပြန်သွားမှ တစ်ညတည်း ဆတ်(၂)ကောင်ရတာ ဆိုတော့ ဝမ်းသာစရာပေါ့"

"ကိုင်း - တို့တင် ဝမ်းသာလို့မဖြစ်ဘူး၊ စခန်းမှာကျန်ခဲ့တဲ့တို့ဆရာမင်းတို့၊ ဆရာရွှေတို့လည်း ဝမ်းသာရအောင် သွားကြမယ်၊ သက်သေခံ ဆတ်ပြီးနဲ့ ဆတ်နားရွက် ဖြတ်ခဲ့ကြဦးဟေ့"

"ဟုတ်ကဲ့ - ကံမဆုံသူတွေသွားမှ ကံဆုံသူတွေ စားဖို့ရလာတဲ့ ဆတ်ပြီးနဲ့ ဆတ်နားရွက် ဖြတ်လိုက်ဦးမယ်ဗျို့"

➳ မန္တလာသား

## အကြံအစည် အောင်/မအောင်

အသက်တည်ထောက်၊ သုံးခုမြောက်လျှား၊ ဆယ့်နှစ်တားမှ ကြွင်းပြားခွဲယ၊ ဖျည်းသောရတု၊ ကြံသမျှအောင်၊ ဆောင်သမျှပြီး အကျိုးကြီးမည်။

ရောက်သက်ကိုတည်၊ (၃)နှင့်မြှောက်၊ (၁၂)ခုစား၊

(၂-၅-၆)တစ်ခုခုကြွင်းရင် ထိုနှစ် အကြံအစည်အောင်မည်။



www.burmeseclassic.com

www.burmeseclassic.com



# ဖြေသေ့ဖြေသေးဖော့ဒ

## လူရှိန်အောင်

လူသတ်တရားခံကို လိုက်လံဖမ်းဆီးရာတွင် မမျှော်လင့်ဘဲ ဖမ်းမိသွားပုံကို ဟာသဆန်ဆန် ရေးဖွဲ့ထားပုံ ...

## စုံထောက်

မင်းကြီး မစ္စတာ စတီဗင်ကား(လ်)၏ ရုံးခန်းတွင် ဖြစ်လတ်ချေ၏တကား။ စုံထောက်ကျော်ကြီးများ ဈတ်လတ်ကြကုန်သော လက်မောင်းကိုကိုကြီး၊ ကျော်စံကေးစိန်ရေ၊ ဒန်သွားစံပွား၊ ဘိလပ်မျှော်ဆရာပွတို့သည် စုံထောက်မင်းကြီး မစ္စတာစတီဗင်ကား(လ်)၏ရှေ့မှောက်တွင် လင်သေဖဲ့ရှုံးသည့်မုဆိုးမအိုကြီး၏ မျက်နှာပေးကြီးနှင့်တန်းစီလျှက် ရှိကာ ဒေါသတို့ဖြင့်အထောမကျဖြစ်နေလတ်ရှာသော စုံထောက်မင်းကြီး မစ္စတာ စတီဗင်ကား(လ်) သည်-

"မောင်မင်းကြီးသားလူကလေးတို့ ကျွန်ုပ်ကို ကျေးဇူးပြု၍ ပြောကြည့်လိုက်ကြပါဦး၊ လူကလေးတို့ အမျိုးတွေ ဘာကြောင့် ဒေါသတွေ ခွတ်စက်ကြီးနေကြတာလဲ၊ ထစ်ခနဲဆိုလက်ကာဖြစ်ခနဲပါချင်ကြတာလဲ၊ ကျွန်ုပ်နားမလည်နိုင်တော့ဘူး၊ လူကလေးတို့ကို ပဇ္ဈရောင်လှည့်ဖို့ တာဝန်ပေးထားတယ်၊ ဘယ်ခြင်တောင်ထဲဝင်ခွေနေကြတာလဲ နိုး-တောက်(စ်)"

စုံထောက်မင်းကြီး၏ ကြိမ်းလုံး၊ ဖိန့်လုံး၊ ပေါက်စားလုံးများအောက်တွင် စုံထောက်ကျော်တစ်သိုက်သည် ပြားပြားမှောက်နေလေတော့၏တကား။

လက်မောင်းကိုကိုကြီးက -

"လှည့်ပါတယ်နော၊ ညကတောင် မှောင်ရိပ်ခိုနေတဲ့ မပွတူးတို့ဆီက ကွမ်းယာတောင်းစားခဲ့သေးတယ်၊ ဟော့လူ ပြောပြလိုက်လေ"

ဟု ဆိုကာ ခါးတို့လျှင် ယောင်တတ်သော ဒန်သွားစံပွား၏ ခါးကိုတို့ကာ အမူတွဲခေါ်လေ၏၊ ဒန်သွားစံပွားကလည်း ယောင်တောင်ပေါင်တောင် ကယောင်ထတ်ကာ -

"ဟုတ်တယ် - ဟုတ်တယ် - မယုံရင်ကြည့်-ဗြဲ"

ကွမ်းညှိတက်ကာ ရဲပတောင်းစွတ်နေသော သွားများကို ဖြဲပြ၏၊ အကြောင်းပါဘိတောင်း၊

www.burmeseclassic.com

စုံထောက်မင်းကြီး၏ ဒေါသတို့သည် ဖြေသိမ့်ရာမဲ့လေပြီ။ ထိတ်လန့်ပူးသံကြီးဖြင့် -

"ရှပ်အပ် - ဒမ်ဘာလယ်ဒီဗူး(လ်) မောင်မင်းကြီးသား လူကလေးတို့ရဲ့ အပေါက်တွေကို ကြံ့ရာနဲ့ ကောက်ဆို့ထားလိုက် - တောက်(စ်) - ဦး(စ်)"

စုံထောက်ကျော် တစ်သိုက်သည် ၎င်းတို့၏ ပါးစပ်ပေါက်များကို ကြံ့သလိုပိတ်ထားလိုက်ကြ၏။

စုံထောက်မင်းကြီးသည် ဒေါသတို့ကို အတတ်နိုင်ဆုံး ဖြေသိမ့်ကာ -

"မနေ့ညက မဂိုလမ်းမှာ စိန်ဘာဘူ တစ်ယောက်အသတ်ခံရတယ်၊ စိန်တွေပါသွားတယ်တဲ့၊ အဲဒီသတင်းကို မောင်မင်းကြီးသား လူကလေးတို့ သိပြီးပြီလား"

ဘီလပ်မျှော်ဆရာပွကာ -

"လူသတ်တာလေးလောက်တော့ ကြိုကျက်ပြောသင့်ပါတယ်ကွာ"

လက်မောင်းကိုကိုကြီးကလည်း ငြီးငြင်သံကြီးဖြင့် -

"နေပါစေ - နေပါစေ - မပြောလည်းနေပေါ့၊ ဟတ်ထိစရာ အကန့်မရှိပါဘူးနော့၊ အေးပေးကောင် - မိလို့ကတော့ ဂတ်ထဲမှာ ကြိုးတုပ်ပြီး မိုးလင်းမိုးချုပ် ဆော်ပြမယ် - ဟင့်"

တစ်ယောက်ဆိုတစ်ယောက်၊ မှတ်လောက်စရာပါပဲ၊ လူသတ်တာ ကြိုမပြောလို့တဲ့၊ ငြီးငြင်နေကြတာ၊ ကြိုးတုပ်ဆော်ဦးမှာဆိုပဲ၊ စုံထောက်မင်းကြီးများ သူ့စားအိုးတွဲများကို ငေးရယ်ကာ မြန်မာပြည်တွင် ပုလိပ်လုပ်ပြီး သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ရှာဖွေစားသောက်နေရရှာသည့် သူ့ဘဝ သူ့အကြောင်းကို တွေးပြီးသကာလ မျက်ရည်စို့လာရ၏။

စုံထောက်မင်းကြီးသည် အသက်မှန်မှန်ရှူကာ -

"ကျုပ်တို့စီအိုင်ဒီရဲ့ဟီးရိုး - ဘုရားသခင်ကပေးတဲ့လက်ဆောင်ဆရာကြီး လူရှိန်အောင် ဘယ်ရောက်နေလဲကွဲ့"

ဆရာကြီးလူရှိန်အောင်အားအဲတားမနာလို တိုရည်ဖြစ်နေကြသော စုံထောက်ကျော်တစ်သိုက်၏ မျက်ခွက်များသည် လက်လက်ထသွားလေတော့၏တကား။

ဒန်သွားစံပွားက -

"အလကားရတဲ့ ဘီယာကို အမုန်းကစ် - မာဆတ်မှာ အလကားအနင်းခံနေတာနေမှာပေါ့"

လက်မောင်းကိုကိုကြီးက -

"ခွတ်စက်ကစ်ပြီး အမှုပကျစ်လေးတွေရဲ့ တရားခံကို သွားလုတ်တိုက်မိနေတာပါ၊ အရည်အချင်းကတော့ နီးပါ"

ကျော်စံတေးစိန်ရကာ -

"အဲဒီဘီးကျိုးကြီးက ဂျူတီကိုလေးစားတာမဟုတ်၊ စုလောက်ဆိုမတင်းရွှေတိုတဲ့မှာ ပွေ့နေလောက်ပြီ"

ဟု အရောက်ပို့ကြလေတော့၏။ ပုလိပ်ပါး ဝါးနေပြီဖြစ်သော စုံထောက်မင်းကြီးသည် စားပွဲကို အုန်းခနဲထုကာ -

"ရှပ်အပ် - မောင်မင်းကြီးသား လူကလေးတို့ ကျွန်ုပ်ကို ဝိုင်းကျပ်မှိုပဲ တတ်တယ်၊ ဆရာကြီး လူရှိန်အောင်ဟာ တောခေါ်လီလို နေတတ်ပေမယ့် တရားခံမှန် သမျှဟာ သူ့ရှေ့မှောက်မှာ ဒူးထောက်ရတာလေ၊ မောင်မင်းကြီးသား လူကလေးတို့"

"ရှိတ်" သံပြိုင်အော်ကြလေ၏။

"လူသတ်မှုဖြစ်တဲ့နေရာကို ချက်ချင်းသွားကြ"

မှန့်စားကျောင်းလွှတ်သည့် ကလေးများနှယ်၊ စုံထောက်ကျော်တစ်သိုက်သည် ဟေးခနဲ အော်ကာ ပြေးထွက်လာကြလေတော့၏တကား။

"ဟေး"

☺☺☺

စုံထောက်ကျော်တစ်သိုက်သည် အော်စတင်ကားနက်ကလေးပေါ်သို့ သူ့ထက်ငါ အလုအယက် တက်ထိုင်ကြလေ၏။ ရပ်ကွက်ထဲမှ ဂျလေဘီအာဝါဒါများ ရေပက်ခံထွက်သည့်အလား ရှုည်ရှာအော်ဟစ်နေကြလေ၏။ အော်စတင်ကားနက်ကလေးသည် လူသတ်မှု ဖြစ်ပွားရာသို့ ထွက်လာခဲ့ရေ၏တကား။

မဂိုလမ်းတွင် နေထိုင်သော စိန်ဘာဘူသည် မနေ့ညက အသတ်ခံရခြင်းဖြစ်လေ၏။ ထမင်းချက် မုတူးဆာမိက တွေ့သဖြင့် နီးစပ်ရာဂါတ်သို့ အကြောင်းကြားလိုက်ခြင်း ဖြစ်လေ၏။

"ဝူး - ကျွိ"

အော်စတင်ကားနက်ကလေးသည် မဂိုလမ်းထိပ်တွင် ထိုးရပ်လေ၏။ နွားမဒန်းမလေးနောက်သို့ နွားသိုးသစ်





www.burmeseclassic.com

www.burmeseclassic.com

သိုက် လိုက်သည့်အလား၊ စုံထောက်ကျော်တစ်သိုက်သည် -

"စီအိုင်ဒီ"

"စီအိုင်ဒီ"

ဟု အော်ဟစ်ကာ ပြေးဝင်လာကြလေ၏။ အရင်ရောက်နှင့်နေကြသော ရပ်မိရပ်ဖများနှင့်ရွှေပန်းပေါက်တောက်ကလေးတစ်သိုက်သည် စုံထောက်ကျော်ကြီးများအား မျှော်ပွဲအလား ဝိုင်းဝန်းကြည့်ရှုကြလေတော့၏။

လက်မောင်းကိုကိုကြီးသည် ရင်ဝတွင် ဓားတန်းလန်းစိုက်ကာ ရှောနေပြီဖြစ်သော မသာကောင်ကြီးအား ကျွတ်ကျဲသည့်အထာဖြင့်ကြည့်၏။ ပြီးနောက် လူထုထုဘက်သို့လှည့်ကာ -

"လူသတ်သမားက ရင်ဝကို ဓားနဲ့ ရက်ရက်စက်စက် ထိုးသတ်သွားတာဗျ"

ဟု ရဲဝံ့ပြတ်သားစွာ မှတ်ချက်ချလေ၏။

"ဟယ် - တော်လိုက်တာဟယ်၊ ရင်ဝကို ဓားတန်းလန်းစိုက်နေတဲ့မသာကြီးကို မြင်သားနဲ့၊ ပြောထွက်တဲ့ပါးစပ်ကြီး - မှတ်တောင်ထားရဦးမယ် - ဟွင်း"

ကြာဝင်းပြောင်၏ရိုက်တိတ်တိတ်စကားပင်တည်း။ လက်မောင်းကိုကိုကြီးတွန့်ခနဲ ဖြစ်သွားလေ၏။ ဘီလပ်မျှော်ဆရာပွသည် ပေကြိုးဘူးဖြင့် ဟိုတိုင်းဒီတိုင်းလုပ်နေပြန်၏။ ကျော်စံကေးစိန်ရသည်မှန်ဘီလူးတစ်လက်ဖြင့်အလုပ်ရှုပ်နေပြန်၏။ မှန်ဘီလူးတွင် ဘွားခနဲ တွေ့ရသော ပုရွက်ဆိတ်ကို ဝေါ်ဇီလာထင်ကာ -

"အောင်မငီး"

ကြောက်လန့်တကြား ထခုန်လေ၏။ လက်မောင်းကိုကိုကြီးသည် မသာကြီးကို ကျော်ကာ ခွကာဖြင့် စုံထောက်ကြီးစတိုင်ဖမ်းကာ အကြံထုတ်နေပြန်၏။

စုံထောက်ကျော်ကြီးတို့၏ လုပ်ကွက်ကို နှာခေါင်းနေပြီဖြစ်သော ကြာဝင်းပြောင်က အမြင်ကတ်လာဟန်ဖြင့် -

"တုတ်ပြ ခဲပြနဲ့ကွာ - ကျက်သရေတုံးပဲ"

လက်မောင်းကိုကိုကြီးက ကြာဝင်းပြောင်အား ဘေကြည့်ကြည့်ကာ -

"ကြည့်နေကြည့်စားနော်၊ လက်မောင်းကိုကိုကြီးကွ - ဟွင်း - ပေါက်တယ်နော်"

ကြာဝင်းပြောင်က မခန့်တဲ့အထာဖြင့် -



"ဝါးတံတားမပုက ပြောတော့ ပဲမြစ်လေးတဲ့"

"ဟယ် - ဟာ - ဟော့ရောင်"

ရှက်ဖွယ်လီလီ ဖြစ်နေရရှာသော လက်မောင်းကိုကိုကြီး၏ ဖြစ်အင်ကို ကြည့်ကာ ရပ်မိရပ်ဖများနှင့်ကလေးများသည် ဝါးခနဲ ထရယ်ကြကုန်လေ၏။

"မျိုးမကောင်းလေးနော် - အတွင်းရေးတွေ မပြောကြေး"

"ဟုတ်ရင် စံ၊ မှန်ရင် ပြန်ပြော"

"အွန်"

လက်မောင်းကိုကိုကြီး နင်သွား၏။ အနှာပေါ်တုတ်ကျကိုး။

"ငါ - ပါးဖြတ်ရိုက်လိုက်ရကွာ၊ နင့်သွားတွေ အိမ်သာကျင်းထဲပြုတ်ကျကုန်မှာ - ဟွင်း"

လက်မောင်းကိုကိုကြီးက သို့ကလိုကြိမ်း၏။ ကြာဝင်းပြောင်ကလည်း ခေသူမဟုတ်တာ၊ ဖနဲ့ ကော၊ အုတ်ခဲကျိုးကိုကိုင်ကာ -

"ငနီတာ ကျွေးလိုက်ရင် ခေါင်းကွမ်းစားသွားမှာ သိလား"

မရှိမဆန့် ရှောပေးထားရှာတဲ့ မသာကြီးကိုမှ အားမနာ၊ ကတ်ကတ်လန်နေကြတာပါ။ လူသတ်တရားခံဖမ်းဖို့ဆိုတာက အဝေးကြီး။

သို့စဉ်ကြိုက်ဝယ် -

"ကျွန်ုပ် ဆရာကြီး လှရှိန်အောင်သည် ဝေဒနာကို ရင်ဝယ်ပိုက်ကာ နောက်ဖေးအပေါက်မှတက်လာပြီးရှော နေသော မသာကြီးအား သနားကြည့်ကြည့်ကာ -

"မလွယ်ဘူး - တပည့်ကြီးရေး တော်တော့ကို မလွယ်တာဟ"

ဝမ်းကိုက်နေသဖြင့် အိမ်သာသို့ ခဏခဏ သွားနေရသည့် ကျွန်ုပ်၏ဒုက္ခကို ဆိုလိုခြင်း ဖြစ်ပါ၏။ အဲ့သဟာကို လက်မောင်းကိုကိုကြီးက -

"မှတ်တောင် ထားရဦးမယ်၊ လူသတ်မှုဗျ၊ ခြင်ထောင်ကြိုးပြတ်ကျတဲ့အမှုလောက် လွယ်ပါ့မလား"

ဟု ဗျာလောင်လောင်ဖြင့် ကျွန်ုပ်အားနှိမ်ကောကောလေတော့၏။ ကျွန်ုပ်က -

"တော်တော်စံစားရတာနော် - သိလား"

ဘီလပ်မျှော်ဆရာပွက အသံပြာတာတာလေးဖြင့် -

"ပြောရက် ပြောထွက်တဲ့ပါးစပ်ကြီး၊ ရင်ဝကို ဓားနဲ့ အထိုးခံရတာလေ၊ ဘယ်မသာက ဗီး(လ်)ရှိုလိုက်တာလဲ လို့ ပြောဖူးလဲ - ဟွင်း"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဘလိုင်းကြီး ဝင်တွယ်ပြန်လေ၏။ ကျွန်ုပ် ဆရာကြီး လူရှိန်အောင်သည် စုံထောက်ကျော်တစ်သိုက်ကို ဝေ့ဝိုက်ကြည့်ကာ -

"ဘာတွေပြောနေကြတာလဲကွယ်တို့"

လက်မောင်း ကိုကိုကြီးက -

"ကြောင်တောင်တောင်နဲ့ကွာ။ လူသတ်မှုဖြစ်နေတာလေ။ လူသတ်တရားခံကို ဖော်ထုတ်ဖို့ ပြောနေကြတာပေါ့"

ဟု ဒေါ်နှင့် မောနှင့် ဆိုပြန်လေ၏။ ကျွန်ုပ်က -

"လူသတ်တရားခံ - ဟတ်လား။ အားပေးတယ် - အားပေးတယ်။ ကျွန်ုပ်ကတော့ ဗိုက်မကောင်းလို့ ခွင့်ပြုပါဦး ကွယ် - ကျွတ်(စ်) - ကျွတ်(စ်)"

ဟုဆိုကာ ကျွန်ုပ်သည် နောက်ဖေးပေါက်သို့ ပြေးထွက်ခဲ့ရပြန်လေ၏တကား။ ဒန်သွား စံပွားက -

"ပေါက်သွားပြီထင်တယ်ကွ"

ကြာဝင်းပြောင်က -

"မပေါက်လို့ ဒီကိုရောက်နေတာပေါ့။ ပေါက်ရင်ခင်ဗျားတူမလေးနဲ့ တူတူပုန်းတမ်းကစားနေမှာပေါ့ - ဟွင်း"

☺☺☺

မိုလမ်းလူသတ်မှုသည်ရက်လည်ခဲ့လေပြီတကား။ သို့သော် လူသတ်တရားခံကား မမိသေး။ စုံထောက်မင်းကြီး မစ္စတာစတီဗင် ကား(လ်)၏ သောကတို့သည် တောကြီးတစ်မျှ ထူထပ်လာခဲ့ရေပြီတကား။

အထက်က ကြိမ်းလုပြီမဟုတ်တုံလော။ သူ၏စုံထောက်ကျော်ကြီးများ၏ ကကျိုးကကြောင်လုပ်ကွက်များကို ကြည့်ကာ စိတ်အပျက်ကြီး ပျက်နေရေ၏။

စုံထောက်ကျော်ကြီးများ၏ လုပ်ကွက်တွေကို တစ်ချက်လောက် ဖိုင်းတက်ရှုံးလိုက်ကြပါဦး။

လက်မောင်း ကိုကိုကြီးက -

"သေမယ်ဆို ခေါက်ခနဲ ရှောလို့ရတယ်နော် - သခင်ကြီး - ဟီး"

ဒန်သွား စံပွားက -

"ကျွန်တော်မျိုးကြီး ခင်းထားတဲ့ဖယားက လန်းတယ်နော်"

ကျော်စံကေး စိန်ရက -

"HAPPY NEW YEAR ရောက်ရင် ရာထူးတိုးပေးဖို့ မမြို့ဖြင့်ရဘူးနော် သခင်ကြီး - ဟီး"

စုံထောက်ကျော်တစ်သိုက်သည် သူတို့၏ လုပ်ခဲပေါက်၊ လုပ်ကွက်များအတွက် ဂုဏ်မောက်နေကြလေ၏။ စုံထောက်မင်းကြီး မစ္စတာစတီဗင်ကား(လ်)သည် မကြာမီ လူ့ဝလာကကြီးကို လက်ပြနှုတ်ဆက်တော့မည့် ဆေးရုံလက်မစံ လူမမာမျက်နှာကျကြီးဖြင့် -

"မောင်မင်းကြီးသား လူကလေးတို့"

တော်ကီပင် မဆုံးသေး။ လက်မောင်း ကိုကိုကြီးက -

"ကားဂိတ် - ရထားဂိတ် - သင်္ဘောဆိပ်မှာ မသက်တာနဲ့ ဆွဲစေ့လာတာလေ။ ပိုင်တယ်နော်"

ကျော်စံကေး စိန်ရက -

"မြင်းလှည်းသမား - ဘူဂျာလီတွေ သောက်ညင်ကတ်တာနဲ့၊ လူသတ်သမားတစ်ယောက်လောက် ပါကောင်းပါရဲ့"

ဘီလပ်ချော် ဆရာပွကလည်း မနေ။

"အတိုအစတီတွေလေး ကြည့်မရတာနဲ့ - အဟီး"

လူသတ်မှုနဲ့ပတ်သက်ပြီး မသင်္ကာလို့ ဆွဲစေ့လာကြတာဆိုပဲ။ အချုပ်ခန်းတောင် လျှံမောက်နေပြီ။ သခင်ကြီး စိတ်ကြိုက်ရွေးဆိုပဲ။ စုံထောက်မင်းကြီး မစ္စတာစတီဗင်ကား(လ်) ဘာကိုဘာမှ မပြောလိုတော့ပါ။

ဆဲလည်း ငဆဲ၊ ကြိမ်းလည်း ကြိမ်းပဲ ရှိတော့မည်။ သူ့သာလျှင် သေွးတိုးပြီး အသက်တိုမည်။ သို့ကြောင့် စုံထောက်မင်းကြီး မစ္စတာစတီဗင်ကား(လ်)သည် စုံထောက်ကျော်တစ်သိုက်အား ဘေးမဲ့ပေးထားသော မျက်ဝန်းလုံးပြာပြာကြီးများဖြင့် ငေးကြည့်၏။

ရွှေမန်းလေသံဖြင့် -

"မင်းတို့က - တယ် - နောက်တာကို"

☺☺☺

ရှိန်ကိုက်မှာပင် ...

ကျွန်ုပ်ဆရာကြီး လူရှိန်အောင်နှင့် တပည့်ကျော် ကြာဝင်းပြောင်တို့သည် စီအိုင်ဒီရုံးခန်းရှိရာသို့ ရောက်လာကြလေ၏။ မနေ့ညက "ကာနေဒီကျွန်း" တွင် ကပြအသုံးတော်ခံသွားသော နင်းဆီတစ်ထောင်အဖြိုမ့်မှ အဖြိုမ့်မင်းသမီးလေး မြနှင်းဆီ၏အကအလှသဘာဝကို ပြောဆိုလာကြခြင်းပင်ဖြစ်၏။

"အာစရိ"

"ပြောကြည့်လကွာ"





www.burmeseclassic.com

www.burmeseclassic.com

"မြနှင်းဆီလေးကတော်တော်လေးကိုလန်းတာနော်၊ လန်းထွက်နေတာ"

"တကာ့အကြည့်နဲ့ မကြည့်ပါနဲ့လားကွယ်"

ကြာဝင်းပြောင်သည် ကျွန်ုပ်အား မလှမပမျက်စောင်းကြီးဖြင့်ထိုးကာ -

"ဒါနဲ့အာစရိ - သူတို့အဖြိမ့်ကဘယ်မှာကဦးမှာလဲဗျ"

"အိမ် - မယ်လမုဘုရားပွဲဘက်ဆက်ကူးမယ်ဆိုပဲ"

စီအိုင်ဒီရုံးခန်းရှေ့အရောက် ကြာဝင်းပြောင်က -

"ဘယ်တော့လဲ - အာစရိ"

ကျွန်ုပ်သည် တံခါးကို တွန်းဖွင့်ကာ ....။

☺☺☺

"မောင်မင်းကြီးသားလူကလေးတို့ရဲ့လုပ်ပေါက်တွေကိုတုတ်ကောက်ကြီးနဲ့ဆော်လိုက်ချင်တော့တယ်။ မဆိုင်တဲ့လူတွေကို လျှောက်ဖမ်းလာကြတယ်၊ အဓိကတရားခံက မမိသေးဘူး"

စုံထောက်ကျော်တစ်သိုက်မှာမျက်လုံးကြီးတွေ ပေကြောင် ပေကြောင်နဲ့ သဘတ်ကို မတ်မတ်ရွဲထားကြ၏၊

"တရားခံမမိသေးလို့ ကျွန်ုပ်ကိုအထက်ကထုရှေ့လွှာတင်ခိုင်းနေပြီ။ ကဲ ပြော - တရားခံကိုဘယ်တော့ဖမ်းပေးမှာလဲ"

ကျွန်ုပ်သည် ရုံးခန်းတံခါးကို ဘတ်ခနဲ တွန်းဖွင့်ကာ -

"ရှေ့အပတ်ထဲမှာပေါ့ - ဟင်"

ကျွန်ုပ်၏စကားပင် မဆုံးလိုက်ရချေ။ စုံထောက်မင်းကြီး စတီဗင်ကား(လ်)သည် စားပွဲစုံကိုလွှားခနဲ ခုန်ကျော်ကာ -

"ကွန်ဂရက်ကျူးလေးရှင်း - ဆရာကြီး လှူရှိန်အောင်"

ဟုဆိုကာ ကျွန်ုပ်၏လက်ကို ဆွဲ စက်ကာနှုတ်ဆက်ဝှက်ပြုစကား ဆိုရှေ၏တကား။ ကျွန်ုပ်မှာကြောင်တက်တက် နှင့် -

"ဟင် - ဟုတ်ဖူးလေ - ကျွန်ုပ်က ဟိုသင်း"

စုံထောက်မင်းကြီးသည် ကျွန်ုပ်၏ ပခုံးကို အားရပါးရဖက်ကာ စုံထောက်ကျော်တစ်သိုက်အား -

"ကြားလား - ကြားလား"

စုံထောက်ကျော်တစ်သိုက်က -

"ကြားတယ် - ကြားတယ်"



ကျွန်ုပ်တို့ဆရာတပည့်၏နံနက်စာသည် အိမ်သာထဲကတက်လာသော ကြက်နှင့် ငှေးပဲ့စဝ်ထဲကငါးကြော်ပင်တည်း။ စားသောက်ပြီးချိန်တွင် သယ်နံးကျွန်းဂါတ်မှ တာသင်ကြီး အောင်မောင်းရောက်လာချေ၏။ ကျွန်ုပ်တို့ရောက်နေမှန်း မည်သို့ သိသွားသည်မသိ။ ဝုလိပ်သားလေးတစ်ယောက်လည်းပါလာချေ၏။



ဟု သံပြိုင်အော်ကြလေ၏၊ စုံထောက်မင်းကြီးက -

"ဘာကြားတာလဲ"

"တစ်ပတ်အတွင်းတရားခံဖမ်းပေးမယ်တဲ့"

"ဟင်"

ကျွန်ုပ်၏ရင်ထဲကတုန်ကယင်ကြီးဖြစ်သွားရလေပြီတကား။

"ဟိုနင်း - မ - မဟုတ် - ကျွန်ုပ်က"

စုံထောက်မင်းကြီး စတီဗင်ကား(လ်)က ပြီတီတီပြုံးပြက်ရင်း -

"မောင်မင်းကြီးသား လူကလေးခမ်ဘလယ်ဒီဖူး(လ်) - ငရဲမှာ သွားနားလိုက်ကြ"

ဟုဆိုကာ ကျွန်ုပ်အား အားကိုးသံကြီးဖြင့် -

"တစ်ပတ်အတွင်း တရားခံကို ဖမ်းပေးမယ်လို့ပြောလိုက်တယ်နော်"

"ဟို - ဟိုနင်း - မစ္စတာဗင်ကား(လ်)"

"အိုး - ဟိုး - ဟိုး - နဲ့တားမိုင်းပါဆရာကြီး။ လိုအပ်ရင် ဟောဒီက မောင်မင်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးသားလူကလေးတို့ကို နိုင်းစားလို့ရတယ်နော်။ တရားခံမိဖို့ အဓိကပဲ"

ဟုဆိုကာ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ရုံးခန်းထဲမှ ထွက်သွားလေတော့၏။ ကျွန်ုပ်၏ဘဝကား စမုံတုံးလေပြီတကား။

☺☺☺

ကျွန်ုပ် အမှတ်တမဲ့ ပြောထွက်ခဲ့သောစကားသည်မလွယ်ကူသောကတိစကား ဖြစ်ခဲ့ရလေပြီတကား။ တစ်ပတ်အတွင်း တရားခံကို နားရွက်ဆွဲပြီး ခေါ်လာမယ်ဆိုပဲ၊ ရှင်းပြလို့ကို မရတော့တာ၊

သို့ကမို့ကြောင့် ကျွန်ုပ်သည် စိန်ဘာဘူကို သတ်သွားသည့် လူသတ်သမား၏သတင်းကို နင်းဖြစ်စုံစမ်းရလေတော့၏၊ သတင်းအနံ့ အရစ်ဆိုလျှင် ပစ္စည်းယူ၊ လူသတ် စသည့်အမှုများကို ကျူးလွန်တတ်သည့်ရာဇဝင်လူဆိုးများသည်၊ လက်ရှိမှာ ထောင်အတွင်းမှာ ထောင်ထမင်း၊ ထောင်ထမင်းစားနေကြ၏၊

လက်ရှိအပြင်လောကမှာ ရှိနေသူကား မြက်ရှောဘဒင် ပင်တည်း။ ဘဒင်သွားတတ်လာတတ်သောနေရာများသို့ လိုက်လံစုံစမ်းခဲ့၏၊ မြက်ရှောဘဒင်သည် ကျွန်ုပ်၏ဖကို ကျွတ်စဥ်ဖြစ်ကာ ဝေးရာသို့ သုတ်ရှာလေပြီတကား။

☺☺☺

ငါးခေါင့်ကန်ဆိုသော ရွာကလေးသည်ရန်ကုန် - မန္တလေးအဝေးပြေးလမ်းမကြီး၏နံဘေးတွင် တည်ရှိ၏၊ တရားခံကို ဖော်ထုတ်ပေးဖို့ (၃)ရက်သာ လိုတော့၏၊ မိဖိုလည်း လမ်းမမြင်၊

ကျွန်ုပ် မျက်နှာပူလှ ရေ၏၊ သို့ကြောင့်ကျွန်ုပ်နှင့်တပည့်ကျော်ကြာဝင်းပြောင်တို့သည် အနီ ငါးခေါင့်ကန်ရွာကလေးသို့ ထွက်လာခဲ့ကြလေ၏၊

နဲ့မှတ်အလွန်တော်သော ဦးဘအိုသည် ငါးခေါင့်ကန်ရွာ၏ သူကြီးမင်းဖြစ်လေ၏၊ ကျွန်ုပ်နှင့် အလွန်ရင်းနှီးသောမိတ်ဆွေလည်းဖြစ်ရ၏၊ တောသောစိကြီးလည်းဖြစ်ရ၏၊

သူကြီးကတော် ဒေါ်စိန်သုံ့သည် ကျွန်ုပ်တို့ဆရာတပည့်အားဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကာ ကျွေးမွေးဧည့်ခံလေ၏၊



"စားရက်ကြွှလို့ပေါ့တော်၊ စားကြစားကြ - ဒီကြက်သားက"

ကျွန်ုပ်သည်ကြက်သားကိုဖဲ့ရွှဲကာ ပါးစပ်ထဲ ထည့်၏၊ သူကြီးကတော် ဒေါ်စိန်သုံ့က -

"သေချင်ရှာတဲ့ကြက်ပါတော်၊ ခွေးလိုက်ဆွဲတာလေ၊ ပြေးစရာ ရှားလို့၊ အိမ်သာကျင်းထဲ ပြုတ်ကျပြီး ရှောလေးသေရှာတာပါတော်၊ စားကြ - စားကြ - အားမနာကြနဲ့"

အိမ်သာကျင်းထဲမှာ ရှော့သွားတဲ့ကြက်၊ ကျွန်ုပ်တို့ပါးစပ်ထဲ ရောက်နေပြီတကား၊ သူကြီးသား ချက်ဖောင်းကလည်းစေခိုမဟုတ်၊ ဒါနအရာမှာအရမ်းလက်ဖွာသူဖြစ်ရ၏၊ ကြာဝင်းပြောင်စွတ်ကယ် စွတ်ကယ် စားနေသော ငါးခြောက်ဖုတ်ကိုကြည့်ကာ -

"အဲဒီခွေးက ဖွဲတော့ ကောင်းချက်ပျ၊ ကြက်မရတော့ လှန်းထားတဲ့ ငါးခြောက်ကို ..."

ကြာဝင်းပြောင်က ငါးခြောက်ဖုတ်ကို ငဲ့ပြီး

"ရှိပြေးတာပျ၊ ခွေးပါးစပ်ထဲက ခြေကန်ဆွဲထားတဲ့ငါးခြောက် - စားနော့"

ကျွန်ုပ်တို့ဆရာတပည့်၏နံနက်စာသည် အိမ်သာထဲက တက်လာသောကြက်နှင့် ခွေးပါးစပ်ထဲက ငါးခြောက်ပင်တည်း။ စားသောက်ပြီးချိန်တွင် သယ်န်းကျွန်းဂါတ်မှ တာသင်ကြီး အောင်မောင်းရောက်လာရေ၏၊ ကျွန်ုပ်တို့ ရောက်နေမှန်း မည်သို့ သိသွားသည် မသိ၊ ပုလိပ်သားလေးတစ်ယောက်လည်းပါလာရေ၏၊

"အိုင်ဒေး - ကို အောင်မောင်း ဘာတွေဖြစ်လာတာလဲဗျ၊ ဖဲဝိုင်းမှာ လူသတ်မှုဖြစ်လို့လား၊ ကိုယ့်ကိစ္စကိုယ်ရှင်းနော်၊ ကျွန်ုပ်ကို လာမနှယ်နဲ့၊ ဟိုမှာ ညစ်လို့ ဒီရွာကို လစ်လာတာ"

တာသင်ကြီး အောင်မောင်းသည် ကျွန်ုပ်အား ပုလိပ်ပြုံး ပြုံးပြကာ -

"အကူ အညီ တောင်းချင်လို့ ပါ ဆရာကြီးရယ်"

"တရားခံဖမ်းနိုင်းတာကလွဲရင် ကြိုက်တာပြောကွယ်"

တာသင်ကြီး အောင်မောင်းက လွယ်အိတ်ကို ပုတ်ကာ -

"ကျွန်တော့်တူ ပုလိပ်ကလေး မောင်သူတော်ပါ"

"ကျွန်ုပ်ကူညီရမယ့်ကိစ္စကို ပြောကြည့်ပေါ့ကွယ်"

တာသင်ကြီးအောင်မောင်းက -

"မိန်းမတောင်းနိုင်းမလို့"



www.burmeseclassic.com

www.burmeseclassic.com

"ဖော"

"ကောင်မလေးက ကွမ်းတောင်ကိုင်၊ မိဘတွေက ဘောစိတွေလေ၊ ပုလိပ်ကိုအထင်မကြီးဘူး၊ ကျွန်တော့်တူကလည်း သာမန်ပုလိပ်ကလေး၊ လုံးဝ သဘောတူမှာ မဟုတ်ဘူးဗျ"

"အဲ့သဟာဆို - ကျွန်ုပ်ကလည်း ဘာများတတ်နိုင်မှာတဲ့လဲ"

တသင်ကြီး အောင်မောင်းသည် ကျွန်ုပ်အား လွန်စွာမှ လေးစားအထင်ကြီးသောမျက်လုံးကြီးများဖြင့် ကြည့်ကာ -

"ဆရာကြီးက အာပလာကောင်အာဖေတူးကြီးမဟုတ်ဘူးလေ၊ နိုင်ငံကျော်ကြီးဟာ၊ ဆရာကြီးမျက်နှာကိုမြင်တာနဲ့ပွဲက သွက်သွက်ခါအောင် လှသွားမှာ"

မှန်တာတွေ ပြောလာတော့လည်း ကျွန်ုပ်မှာ မနေတတ်တော့၊ ရင်ထဲမှာ ဖိုးသိုးဖတ်သတ်ကြီး။

"အဲ့လိုကြီးလား"

"အဟုတ်ပါဆို"

"ဒါဆို ကူညီရတာပေါ့ကွယ်"

☺☺☺

ငါးကြော်၊ ကောက်ညှင်းပေါင်း၊ အခါးရည်တို့ဖြင့် သူကြီးကတော်က ဧည့်ခံလေ၏၊ နံနက်အဆာပြေပင်တည်း၊ သို့စဉ်ကြိုက် -

"ကျို"

အော်စတင် ကားနက်ကလေးသည် မြို့ရှေ့တွင် တုံ့ခနဲ ထိုးရပ်လာ၏၊ ကားပေါ်မှ ဆင်းလာသူများကား လက်မောင်းကိုကိုကြီး ဦးဆောင်သော စီအိုင်ဒီမှ စုံထောက်ကျော်များပင်တည်း၊ အားလုံး၏မျက်နှာမှာက်များသည်မသာမယာရှိကြကုန်လေ၏။

ရွာသူရွာသားအပေါင်းတို့သည် စုံထောက်ကျော်ကြီးများအား မျောက်ပွဲအလားဝိုင်းဝန်းကြည့်ရှုကြကုန်လေ၏၊ စုံထောက်ကျော်ကြီးများ၏ဝတ်စားဆင်ယင်မှုများက တောက်ကြွားနေတာကိုး၊ အောက်ကတွဲ့ပါဗိနှစ်၊ ခေါင်းပေါင်း၊ လည်စခါင်းတုံး၊ တိုက်ပုံ၊ ဘန်ကောက်ဖိနပ်ပုဆိုးတွေနဲ့ဝတိုင်ထွားနေကြတာကိုး၊ ဘိသိက်ဆရာတွေလိုလို။

စုံထောက်ကျော်တစ်သိုက်သည် မြို့ထဲသို့ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့်ဝင်လာကြကုန်၏၊ လက်မောင်းကိုကိုကြီးက -

"ဘာအထာလဲဗျ"

"ကျွန်ုပ် ဘာမှကိုမသိတာ"

ဒန်သွားစုံပွားက -

"ဒီလိုဝတ်ပြီးသွားကြတဲ့ ခင်ဗျား ကြီး ကျဉ်လိုက်တာမို့လား"

"ကျွန်ုပ်မသိပါဘူးဆိုနေ၊ တကယ်"

ဘိလပ်မျှော် ဆရာပွက -

"ခင်ဗျား မကျုပ်ပဲနဲ့ သံကြိုးစာက စီအိုင်ဒီကို ရောက်စရာ အကြောင်းကိုမရှိတာ - ဟွင်း"

တျော်စံကေး စိန်ရက အံကိုကြိတ်ကာ ဖားမုံညင်းသံကြီးဖြင့် -

"ဖတ်ကရမှာလား၊ ဘိသိက်ဆရာလုပ်ရမှာလား၊ ပုလိပ်လုပ်စားမိတာ ငါ့အမှား - ဟင့်"

တစ်ခုခုတော့ မှားနေပြီဟု ကျွန်ုပ်သဘောပေါက်မိ၏၊ ဘာမှားမှန်းတော့ ကျွန်ုပ်လည်းမသိ၊ ထိုစဉ် သယ်နီးကျွန်းဂါတ်မှ တသင်ကြီး အောင်မောင်းနှင့် သတို့သားမောင်သူတော်တို့ရောက်လာကြပြန်လေ၏၊ အော်စတင်ကားနက်လေးနှင့်။

တသင်ကြီး အောင်မောင်းက စုံထောက်ကျော်ကြီးများအားလုံးပြုံးစစ ကြည့်ကာ -

"လယ်ဒီလား"

ဘိလပ်မျှော် ဆရာပွက ငိုသံကြီးဖြင့် -

"ဘာကို လယ်ဒီရမှာလား"

"မိန်းသွားတောင်းရမှာ"

လက်မောင်းကိုကိုကြီးက ငါးစိမ်းသည် ရန်တွေ့ဟန်ဖြင့် လက်ဝါးချင်း တဖျတ်ဖျတ်ရိုက်ကာ -

"ဘာရယ် - ဘာရယ် - မိန်းမ တောင်း - ဟတ်လား၊ နိုးပဲ - လိုက်ဘူး"

တသင်ကြီး အောင်မောင်းသည် ကျွန်ုပ်အား မျက်နှာသေလေးဖြင့် ကြည့်ကာ -

"ကြည့်ကျက်ပြောပါဦး၊ ဆရာကြီး"

ကျွန်ုပ် မနေသာတော့ပေ၊

"စဉ်းစားကြပေါ့ကွယ်၊ ငယ်တော့တဲ့အရွယ်တွေလည်း မဟုတ်တော့ဘူး၊ အမိန့်မနာခံမှု၊ တာဝန်မကျေမှု၊ အဲဒီပုဒ်မတွေနဲ့ ကြေးနန်းက စီအိုင်ဒီရောက်သွားရင် ကျွန်ုပ်နဲ့ ဘာမှမပတ်သက်ဘူးနော်"

ဟုဆိုကာ စုံထောက်ကျော်ကြီးများအား ဖိန့်လိုက်၏၊ ပြီးနောက် ကျွန်ုပ်နှင့်ကြာဝင်းပြောင်တို့သည် တသင်ကြီး အောင်မောင်း၏ကားပေါ်သို့ တက်လိုက်ကြလေ၏။

www.burmeseclassic.com

"မောင်းလကွယ်"

"ဝူး-ဝူး"

နောက်ကြည့်မှန်မှ ကြည့်လိုက်တော့ စုံထောက်ကျော်ကြီးများ၏ ကားကလေးသည် အိပွဲအိပွဲနှင့် ကပ်ပါလာရေ၏တကား။

☺☺☺

ကွမ်း (၅)ယာညက်ခန့် ကြာလတ်သောအခါ...

ရှေ့မှာ လမ်းမရှိတော့၊ ကားဆက်မောင်းလို့ မရတော့ပါ။ ပုလိပ်သားလေး မောင်သူတော်သည် ကျွန်ုပ်အားမျက်နှာငယ်လေးနှင့် ကပ်ခွဲ၏၊ ကျွန်ုပ်က ဝမ်းခေါင်းသံကြီးဖြင့် -

"လမ်းလျှောက်ရမယ်တဲ့ဟေ့"

စုံထောက်ကျော်ကြီးများသည် အသံမျိုးစုံဖြင့်မြည်တွန်တောက်တီးကာ ကားပေါ်မှဆင်းကြ၏၊ လမ်းလျှောက်ကြရလေ၏၊ ကွမ်းတစ်ရာညက်ခန့် ကြာပြန်သောအခါ -

"ဟင်"

အရှေ့မှာ ရေစပ်စပ်လယ်ကွင်းစိမ်းစိမ်းတွေ၊ လမ်းမရှိတော့၊ မောင်သူတော်သည်ကျွန်ုပ်အားတိုးတိုးလေးကပ်ခွဲပြန်လေ၏၊ ကျွန်ုပ်က -

"ဖိနပ်ချွတ်ရမယ်တဲ့ဟေ့"

ဖိနပ်တွေကို ချွတ်ကာ လက်ကကိုင်သူကိုင်၊ ခါးကြား ထိုးသူ ထိုး၊ လယ်ကန်သင်းရိုးမှာလျှောက်လာကြ၏၊ မျက်နှာဆိုးကြီးတွေနဲ့ပေါ့၊ မကြာခဏ ချော်လဲကုန်ကြ၏၊ ဗိုင်းဗိုင်း ဗိုင်းဗိုင်းနဲ့၊ ဆဲသံငါသံတွေ ပွက်ပွက်ညံလို့၊

လယ်ကန်သင်းရိုးအဆုံး၊ တောစပ်ကို လွန်တော့ -

"ဟင်"

"ဟာ"

"ဟယ်"

ကျွန်ုပ်အပါအဝင်အားလုံးစိတ်လေကုန်တော့၏၊ ရေပတ်လည်ဝိုင်းနေသော ကွင်းပြင်ထဲမှာ ရွာကလေးကိုတွေ့လိုက်ရတာကိုး၊ လှေလည်း မတွေ့ရ၊ ရှုံ့ခွက်အလိမ်းလိမ်းနဲ့ စုံထောက်ကျော်ကြီးများမှာအံကြိတ်လို့၊ ကျွန်ုပ်ကိုယ်တိုင် မောင်သူတော်ကို မသက်သာတော့ပေ၊

"နင့်ဟာမလေးက လူနော်၊ ဥစ္စာစောင့်တော့ မဟုတ်လောက်ပါဘူး"

ဟု အငေါ်တူးလိုက်၏၊ မောင်သူတော်က -

"လူစစ်စစ်ပါဗျ"

"ဒါဆို - ငါတို့က အဲဒီကို ဘယ်လိုသွားမှာလဲ"

"မိုးတွင်းဆိုတော့ ဒါလောက်တော့ ရှိမှာပေါ့၊ ရေက တိမ်တိမ်လေးရယ်"

ကျွန်ုပ်သည်အသံအက်တက်တက်ကြီးဖြင့် -

"လမ်း - အဲ - ခါးတောင်းကျိုက်လိုက်ကြစို့ဟေ့"

မျက်နှာခွက်ကြီးတွေက မသာမယာ၊ ခွေးရူးရေကြောက်တဲ့အလား၊ တက်ခေါက်သူခေါက်၊ ဖနောင့်ပေါက်သူပေါက်နဲ့၊ ခါးတောင်းကျိုက်လိုက်ကြ၏၊ ဖောင်ကြီးတွေပြင်လို့၊ ဖောင်တပြင်ပြင်ပေါ့၊

ခေါင်းပေါင်းစ တလူလူ၊ ဖိနပ်တွေကိုင်လို့၊ ရေပြင်ကျယ်ကြီးထဲမှာ ကျွန်ုပ်တို့ မိန်းမသွားတောင်းနေကြတာပါ၊ လက်မောင်းကိုကိုကြီး၏ ဖောင်ပြင်ပြင်၊ ဖွေးဖွေးကြီးမှာ ကျွဲမျှော့ကြီး ကပ်လို့၊ အဲ့တာကို ကြာဝင်းပြောင်က မြင်ကာ -

"ဟာ - မျှော့ - မျှော့"

ဟု ဆိုကာ ဖိနပ်ဖြင့် -

"ဖြောင်း"

ပြေးရိုက်သည်၊ ရိုက်ချက်က ပြင်းသဖြင့် လက်မောင်း ကိုကိုကြီးမှာ ရေထဲသို့ -

"အောင့်မျက်လေး"

ခေါင်းစိုက်ကာ မြုပ်သွား၏၊

"ဖလူး - ဖလူး" နှင့် ပြန်ပေါ်လာကာ ကြာဝင်းပြောင်က -

"အဒေပးလေး"

ဟုဆိုကာ လိုက်ရိုက်၏၊ ကြာဝင်းပြောင်က -

"ကြောက်ပါပြီဗျ"

ဟုဆိုကာ ထွက်ပြေး၏၊ ပြောင်းကိုသတ်လို့၊ အနီးမှုန်၊ အဝေးဘလိုင်းဘီလပ်မျှော် ဆရာပွသည် ဘာကိုမြင်သည်မသိ၊

"ဟာ - မြွေ - မြွေ"

ကျွန်ုပ်သည် မြွေဆိုလျှင် သေမလောက် ကြောက်၏၊

"ဟင်"

သို့ကြောင့် နီးစပ်ရာလယ်စောင့်တဲပေါ်သို့ -

"ဟိုင်းယား"

ပြေးခုန်တက်လိုက်၏၊

"ဟင်"

"ဟာ"

တဲပေါ်တွင် စောင်ခြုံကွေးနေသော လူနှင့် ကျွန်ုပ် ပက်ပင်းတိုးမိလေပြီ၊ ထိုသူကား အခြားမဟုတ်၊

"နင် - နင် - မြက် - မြက်ရှော့"





www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

စိန်ဘာဘူကို သတ်သွားသော လူသတ်တရားခံ စံမြက်ရှော ဘဒင်ပင်တည်း။ ဘဒင်သည် ကျွန်ုပ်ကိုမြင်သည်နှင့် တဲပေါ်မှ ခုန်ချရန် ပြင်၏။ သို့သော် ရေထဲတွင် ပွက်လောရိုက်နေသောလူအုပ်ကို မြင်သွား၏။ ကျွန်ုပ်ကို မျက်နှာငယ်လေးဖြင့် ငေးကြည့်လို့၊

ကျွန်ုပ်က မိန့်မိန့်ကြီးပြုံးကာ -

"ဒုစရိုက်ဝတီတွေအတွက်လောကကြီးက သေးသေးလေး။ ကြောင်ကြောင်ကြာ ရေမငုပ်နိုင်ပါဘူးကွာ"

ဘဒင်သည် ကျွန်ုပ်ထံသို့ လျှောက်လာ၏။ ဒန်သွားစံပွားသည် တဲပေါ်သို့တက်လာ၏။ မြင်ကွင်းကိုကြည့်ကာ အံ့အားသင့်လို့၊

"ကျွန်တော် အဖမ်းခံပါတယ်ဗျား။ စိန်ဘာဘူကိုသတ်တာ ကျွန်တော်ပါဟင့်"

ဒန်သွားစံပွားက မြက်ရှောဘဒင်အား "ရောက်"ခနဲလက်ထိတ်ခတ်လိုက်၏တကား။

➽ လူရှိန်အောင်

## ဘေးရန် ရှိ/မရှိ

၃၆ - ကိုတည်ကိန်းထား။ မိမိအသက်နှင့်နော။

၅ - စား ...။

၁ - ကြွင်း အရှေ့အရပ်မှာ ရန်ရှိတယ်၊ သွားလာမှုဆင်ခြင်။

၂ - ကြွင်း တောင်အရပ်မှာ ရန်ရှိမယ်၊

၃ - ကြွင်း အနောက်အရပ်မှာ ရန်ရှိမယ်၊

၀ - ကြွင်း အိမ်တွင်းမှာ အတွင်းရန်ရှိမယ်၊


# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ မိဋ္ဌပျောက်ကင်းစေရမည်။)

# ခရသင်း(သမင်ဖြူ)

LEUCODERMA

ခရုထင်း(ထမင်ဖြူ)၊ ဖြူ နီ၊ နထ်ထွတ်များ၊ အနာကြီးရောဂါ၊ ထားနာ၊ ခွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ထုထဝေးထည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)

အမှတ်(၃)၊ ပီတောက်ရိပ်မြိုင်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့

ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉၊

ဌာနခွဲ

အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မှုရပ်၊ မန္တလေးမြို့

ဖုန်း - ၀၂ ၂၂၅၁၅


www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲတွင်ပင်
နိုင်ရာစား၊ ဖျံကျမှုတွေလည်း
-ရှိသေးပေရာ နောက်ဆုံးတွင်
ဖျံတကာ့ဖျံကြီး အငိုက်မိ
ခံလိုက်ရပုံကို တစိမ့်စိမ့်
ဖတ်ရှုရမည့် ..

**ခက်**တော့လည်း ခက်သားကလားဗျာ။
"ထောင်" ဆိုတာနဲ့ ပတ်သက်ရာရာ ဟိုနယ်ဒီနယ် အရေးကိစ္စ ဗရုတ်သုတ်ခတွေအကြောင်း လာလာပြီး စပ်စုတတ်ကြတဲ့ ပုဂ္ဂိုလ်အထီးအမ ပုပ္ပုရှုရှုတို့တစ်တွေဟာ ဇာတ်တိုက်မထားဘဲနဲ့ကို တစ်ပြိုင်နက်တည်း မေးတတ်ကြတာဟာဖြင့် တစ်လေသံတည်း။ ထောင်ထဲမှာ အချင်းချင်း ရိုက်ကြ၊ နက်ကြ၊ ဗိုလ်ကျကြ၊ အနိုင်ကျင့်ကြ၊ ကြံကြဖန်ကြ ဆိုတာတွေဟာ တကယ်ကြီးလား။ ယောကျ်ားအထီးအချင်းချင်း သံဝါသပြုတတ်ကြတဲ့၊ ဟို ... ဘာတဲ့ "အိုး စား" ဆိုလား ဘာဆိုလား၊ အဲဒါကြီးကရော ထောင်တွေထဲမှာ တကယ်ဖြစ်ပျက်နေကြတာလားတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ခက်ပကောဗျာတို့။

မေးမှ မေးတတ်ပလေ၊ မေးမှ မေး ၊လေ၊ မေးမှ မေးရက်ပလေ၊ တယ် ဂ်သကိုးဗျ။

ထောင်အရာရှိအဖြစ်နဲ့ နှစ်ပေါင်း ႏ စိတ်၊ သုံးဆယ် ထောင်မှူးကြီးလုပ် ႇ ၁ခဲ့တဲ့ ကျုပ်လိုငနဲမျိုးကိုမှ ဘယ့်နှယ် ႈ ဘြာင့် "ရာဇဝတ်အိုး တုတ်နဲ့ထိုး" လာ ႈ ပ်နေကြတာတုန်း။

ကျုပ်ကရော ဘယ်လိုဖြေရမှာတဲ့ ႏ န်း။ အင်း - အတျိုးနည်းခက်ချက်ကာ ၂ုံးလိုက်ပ - လူရာ၊

သို့သော်လည်း...တဲ့၊ "ဆိုရေးရှိက ႏ ၊အပ်စွရှင့်၊ ဆိုစများလျား၊ ထားပရေမိ ႏ ဝန်ရှိခဲ့" ဆို မဟုတ်လား၊ ဟုတ်တိုင်း ႏ န်ရာတွေကိုတော့ဖြင့် အရှိအတိုင်း ႏ ပြာရဦးမှာပ၊ နော့။

ကိုင်း - ဒီလိုဗျာ။

အလိုလေး - မြတ်စွာဘုရား - ကျား သားမိုးကြိုး - မထိတ်သာ မလန့်သာ ၂ုလိုက်ပ ခင်ဗျာ၊

ကြည့်ကြစမ်း ဗျာတို့။

"ပလောင် (၁) ထွန်းနေ" ဆိုတဲ့ ခဟာဒီ မန္တလေး ဗဟိုထောင်ကြီးရဲ့တစ် ဦးတည်း၊ တစ်ယောက်တည်းသော တန်းစီးချုပ်အကောင်ကြီးကြီးအမြဲရှည် ရှည် ငတိက သူ့ဆရာ ထောင်ပိုင်ကြီးရဲ့ စားပွဲရှေ့မှာ ငုတ်တုတ်မကျ ဖင်ချထိုင် တာလည်း မဟုတ်၊ ဘုတ်ထိုင်ကြီး ထိုင် ပြီး တအစ်အစ် တဟီးဟီးနဲ့ ချုံးမည်းချ ငိုကြွေးတော်မူနေသဗျ။ ဖြစ်ရပုံနယ်။

ကျွဲပေါက်ကြီးလောက်ရှိတဲ့ ခန္ဓာ ကိုယ် အထွားသော၊ ကြွက်သားမြောင်း အဖုဖုအထစ်အထစ်တွေနဲ့အသားတော် ညိုညစ်ညစ် ရုပ်ခပ်ကြမ်းကြမ်း ခေါင်း တည်မောင်းတည် အာဂလူမိုက်ပဂေး ကြီးက ဝိဘိ ကလေးလေးတစ်ယောက် လို မျက်ရည်တစ်ဝက်၊ နပ်တစ်ဝက် တအီအီငိုနေလိုက်ပုံကဖြင့်လှတ်ကြည့် ရဆိုးကိုး။

ထောင်ပိုင်ကြီးမျောလည်း ဒီတစ် ထောင်လုံးမှာ သူ့ အားအကိုးရဆုံး သူ့ လက်ရုံးတန်းစီးချုပ်ကြီးဆိုတဲ့ မောင်က မျက်ရည်တွေ ရျောင်းစီးအောင် ပိုးပိုး

"ကျွန်တော့်ကို တိုက်ထဲမှာပဲ ထားပါ ပးပါတော့ - ဆရာကြီး၊ အဲဒီလိုမလုပ်ပ် င်ကျွန်တော့်ဘာသာကျွန်တော် သတ်ဗ် ုးသေသမိပါလိမ့်မယ်။ အစ် - အစ် - အီး ီး - ဟီး - ဟီး"

ပေါက်ပေါက်ကျကြကြွပါအောင်မိန်းမ ငို ငိုနေပုံကြီးကို ဘုမသိ ဘမသိ စိတ် ပျက်လက်ပျက်နဲ့ မှိုင်တွေရကြည့်လို့ဗျ တော်တော်ကလေးခေါင်းစားနေပုံရရဲ့။

ဟုတ်မှာပလေ၊ ခင်ဗျားပဲ စဉ်းစား ကြည့်။

အကျဉ်းသား၊ အချုပ်သား လူလွှန် မသား (above the avarage) ကိုး ထောင်၊ တစ်သောင်း အမြဲတမ်း ထားရ ရှိနေတတ်တဲ့ မဟာဒီထောင်ကြီး မဟာ ထဲမှာ "ဟိတ်" ဆိုရင် ညောင်ပင်ပေါ်က တကလေးတွေတောင် အသံမထွက်ရဲ၊ အတောင်မခြန့်ရဲတာ "ပလောင်" ကလွဲ ရင် ဘယ်ကောင်ရှိသေးလို့တုံး။ အနည်း ဆုံး ထောင်မှူးအဆင့် (Jailor) အရာရှိ လောက်မှထောင်ထဲဝင်ပဟော့ဆိုရင်သူ့ လုံခြုံရေးအတွက် တာရာ၊ တန်းစီးတွေက "ပုံစံ ..." အရှည်ကြီးပေးပြီး ရောက်ရာ နေရာမှာ ငုတ်တုတ်ပုံစံထိုင်၊ ငြိမ်ငြိမ် ကလေးနေပေးရတာတဲ့ဥစ္စာ။ ဒီထောင် မှာဖြင့် "ပလောင်" ထောင်ထဲ ဝင်တိုင်း၊ အကျ၊ အချုပ် အိပ်ဆောင်တွေဆီ သင်း ခြေစကြာဖြန့်တိုင်း "ပုံစံ" ပေးကြရသတဲ့ ဗျ။ ဘယ်ထောင်မှာမှ မရှိဘူး။ ဘယ်တုံး ကမှ ထုံးစံလည်း မရှိဘူး။ "ပလောင်" က သူ့ဘာသာသူ မိုက်ဂုဏ်ပြ ဟိတ်ထုတ်

နေတာလား၊ သူ့ဆရာ ထောင်ပိုင်ကြီးက ဝဲတမင် သူ့လက်ရုံးတပည့်ကို ပစားပေး ပြီး မသိယောင်၊ မကြားယောင်ဆောင် မျက်နှာလွှဲပြီး နေ လေသလား၊ ကျုပ်တို့ မန္တလေးဗဟို ထောင်ကြီးမှာဖြင့် "ပလောင်" ကအဲသလောက်တန်ခိုးထွား နေတဲ့ဟာ အရပ်ရပ်နေပြည် ကြားလို့မှ မတော်ဗျာ။

"ကိုယ့်အဆောင်၊ ကိုယ့်တိုက်ခန်း။ ကိုယ့်ဘုတ်မှာကိုယ်ဘုရင်ဲဆိုတဲ့ တန်း စီး၊ ဘုတ်ကိုင်၊ တာရာ၊ စည်းကမ်းထိန်း တွေ ဆို ရင်လည်း ကိုယ်တော်မြတ် "ပလောင်" က လက်ယပ်ကမ်း မခေါ်ဘဲ အနားမလာရဲ၊ မသီရဲ မကပ်ရဲဘူးဗျ။ ခေါင်းတုံးလို့ခေါ်တဲ့ ရိုးရိုးတန်း အကျဉ်း သား ရာတာပါတော၊ သာမင်ညောင်ည တွေဆိုတာကဖြင့် "ပလောင်" ကိုယောင် လို့တောင် မော်မကြည့်ရဲရှာကြဘူး။ ပလောင့်ရှေ့ရောက်ရင် ကျားနဲ့ရတဲ့ခွေး များ ဖင်သိပြီး ဒူးတုပ်ထိုင်နေတတ်သလို မျိုး အိုးတိုးအတ ယောင်နနနဲ့ ကြောက် ဒူး တုန်လို့တဲ့ဗျာရေ။ ပလောင်ဆိုတာ ထောင်ထဲမှာအဲသလိုတစ်မိုလ်တစ်မင်း နဲ့ အာဂ "နတ်ကြီး" တဲ့ မောင်ပါဆို။

ကိုင်း - အခု အဲသလို အကောင်က မျက်ရည်ပေါက်ကြီးငယ်တွေ အိုင်တွင်း





www.burmeseclassic.com

www.burmeseclassic.com

ဒေအာင်ကျပြီး သူ့ကို တခြားအကျဉ်းသားလူတွေသူတွေနဲ့ကင်းရာဝေးရာဖြစ်အောင် တိုက် (Punishment cell) ထဲမှာချုပ်နှောင်ထားပြီး ဒေအးရာဒေအးကြောင်း ထားပါတော့လို့ ငိုကြီးချက်မနဲ့ တပူဆာဆာ ရှိခိုးဦးတင်လုပ်လို့နေပါရောလား။ ဖျာရေပွဲကတော့ ကြည့်လို့ကောင်းပြီ။

ဘာတွေဖြစ်ကုန်ပလဲ။

လောကကြီးပဲဖောက်ထိုးကျွမ်းပြန်ပက်လက်လန်သွားလေသလား။ ဒါမှမဟုတ် လူတွေကိုယ်၌ကပဲ ဒေသွးလေဖောက်ပြန်ပြီး ကယောင်ကယင်တွေဖြစ်ကုန်ကြလေပလား။ ဘယ်လိုဝဥ်းစားကြည့်ကြည့် တွေးလို့ကို အဖြေမရဘူး။

ဓက်တာက "ပလောင်" လို့ကောင်ရဲ့မိုက်ဂုဏ်နဲ့ "ဖ" က ခေတဲ့သူမှ မဟုတ်ဘဲ။ ဒီထောင်မှာ ပလောင်ကို ယှဉ်ပြီး တုပြီး မိုက်ရဲတဲ့သူ၊ ဖိုက်ရဲတဲ့သူ ရှိမှ မရှိဘဲဥစ္စာ။ ဟုတ်တယ်ဟုတ်။

"ဟေ့ - ပလောင် ဆို လို့ များ ပလောင်လူမျိုးမို့လို့ ခေါ်တာပဲလို့ မထင်လိုက်လေနဲ့နော။ ရှိုးရှိုးတန်း အကျဉ်းသား ခေါင်းတုံးတွေအပေါ်မှာပဲ "ဂျင်ပေါ်ကထုံး" လုပ်ပြီးဗိုလ်ကျခဲ့ကြတဲ့မင်းတို့ကို "အကောင်" တွေရဲ့အဖေ "ပလောင်" လို့ သာမှတ်ထားလိုက်ကြ၊ ထွန်းနေဆိုတာ ပါရိုပါရဲ့တေလေကျပိုးလူမိုက်မျိုး မဟုတ်ဘူး။ "အကောင်" တွေရဲ့ဆရာ၊ "အကောင်" တွေရဲ့ငယ်ထိပ်ပေါ်က ဦးစွန်းဖုတ်ကွ။ "အကောင်" တွေကိုဗိုလ်လုပ်မယ့် "ပလောင်" တဲ့ကွ"

ထွန်းနေက သူ့ဘာသာသူ "ပလောင်" လို့ ကင်ပွန်းတပ်ပြီး အနှီ "ပလောင်" ဆိုတာရဲ့အနက်အဓိပ္ပာယ်ကိုလည်း သို့ကလို တခမ်းတနား ဖွင့်ပြခဲ့သေးတာကိုး ဗျ။

မှတ်မှတ်ရရ၊ အဲသည်နေ့က သင်းကို သင်းရဲ့ဆရာ ထောင်ပိုင်ကြီးက တစ်ထောင်လုံးရှိရှိသမျှအကျဉ်းသား၊ အချုပ်သားထောင်ကြီးစံအပေါင်းတို့ရဲ့ကောရာစ်ဖြစ်တဲ့ "တန်းစီးချုပ်" အဖြစ် ခန့်အပ်အရာထားလိုက်တဲ့နေ့။

ဘာသားရော မားပြ၊ လူသတ်၊ တစ်သက်တစ်ကျွန်းသမား ထွန်းနေကအော်တိုမစ်တစ် ဝုန်းခနဲ "ပလောင်" ဖြစ်။

ဗွတ်မိရောင်းဖြစ်တော့ မြစ်မရျမ်းသာ ဆိုတာကိုးဗျ။ ထောင်တစ်ထောင်လုံးလည်း သင်းလက်ခုပ်ထဲက အီးလိုရှူလိုရှူ နမ်းလို့နမ်းဖြစ်ကရော။

မခက်လိုက်ပေဘူးလားဗျာ - ဗွီး။

၀၀၀



ဒီလိုဗျ။

မှန်တဲ့အတိုင်း ပြောကြစေ့ဆိုရင် ဘယ်ထောင်ဥပဒေထဲမှာမှ "တန်းစီးချုပ်" ဆိုတဲ့ ရာထူးဌာနဋ္ဌရမျိုးဆိုတာ မရှိခဲ့ပေါင်ဗျာ။ တကယ် တကယ်။ ကျုပ် ပြောရင် ယုံလိုက်တော့။

အဲ - ဟိုးရှေးရှေးတုန်းက ရှိခဲ့ဖူးတဲ့၊ တန်းစီး။ သံဓေတ (သခွေ့)၊ ဇာရာ၊ မိလ္လာ ဆိုတဲ့ ထောင်အခေါ်အဝေါ်၊ ထောင်သုံးဝေါဟာရတွေကိုတောင်မှပဲ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အစိုးရတက်ကတည်းက ခေတ်နဲ့မညီတော့ဘူးဆိုပြီး ပြောင်းလဲသတ်မှတ်ထားခဲ့ပြီးသား။ တန်းစီးကို အိပ်ဆောင်လူကြီး (အခန်းလူကြီး)၊ ဇာရာကိုညကင်းစောင့်၊ သံဓေတ (ဘုတ်တိုင်) ကို ညဉ်းကာမ်းထိန်း၊ မိလ္လာကို သန့်ရှင်းရေး ... တဲ့ဗျ။ ကျွန်ခေတ်နံ့တဲ့ ရှေးခေတ်သုံး ထောင်အခေါ်အဝေါ်တွေကိုပြင်ထားခဲ့တာများကြာလေလှ ရှိပေါ့ဗျာ။

ဒါပေသိ၊ ကျုပ်တို့ ဗမာလူမျိုးရဲ့ ဓွေဆိုးညာဥ်ဆိုးက သိတဲ့အတိုင်းရယ်၊ ဖျောက်နိုင်ခဲသားကိုး။ အထလေးတာ၊ အထနေးတာ၊ အပြောင်းအလဲကို ချက်ချင်း လက်ခံလိုက်ဖို့ ဂျီဂျိပတ်တနဲ ဝန်လေးတတ်တာ၊ အသစ်ဘယ်လိုကောင်းကောင်းအဟောင်းကိုပဲ တလည်လည်နဲ့ သေရာပါအောင် အစွဲအလမ်းသန်တတ်တာ၊ နေ့ - မဟုတ်ဘူးလား။

ကျုပ်တို့ ထောင်တွေမှာလည်း ဒီအတိုင်းတိုင်းပဲဗျ။

ဒီကနေ့အထိ တန်းစီး၊ ဇာရာ၊ မိလ္လာ ပဲ တွင်နေတုန်း။ နှုတ်ကျိုးနေတဲ့အတိုင်း ခေါ်ရိုးခေါ်စဥ် ခေါ်နေကြတုန်း။ မပြောင်းကြသေးဘူး။ မပြောင်းနိုင်ကြသေးဘူး။ ထားပါတော့၊ ကျုပ်ပြောချင်တာက ဟိုးအင်္ဂလိပ်လက်ထပ် မြန်မာနိုင်ငံမှာ ထောင်စနစ်ကြီး ပေါ်ပေါက်ပြီဆိုတာတည်းက ဒီ "တန်းစီးချုပ်" ဆိုတာကြီးက မရှိခဲ့ဖူးသေးဘူး ဆိုတာပဲ၊ ခုမှပဲ မိုးပေါ်ကျ မြို့နန်းစနဲ့ ထပြီးပေါ်လာတာလေ၊ အဲဒီ ရာကြီးထူးကြီးကို ကျုပ်တို့ ထောင်ပိုင်ကြီးကပဲ တီထွင်လိုက်သလား၊ မောင်မင်းကြီးသား ပလောင်ကပဲ ကုလားဖန်ထိုးပြီး သူ့ဇွဲသူရှိုး အာဖန်တီး လုပ်လိုက်လေသလား၊ အဲဒါလည်း သိပ်မရှင်းလှဘူး။

အင်း - ခေါင်ခေါင်ခါးခါး ပြောရရင်တော့ ဟိုးရှေးရှေး ၁၉၅၀ တစ်ဝိုက်လောက်တုန်းကအထိတော့ အဲဒီ "တန်းစီးချုပ်" ဆိုတာနဲ့ ခပ်ဆင်ဆင် "ပြောင်ထောင်ပိုင်" ဆိုတဲ့အကျဉ်းထောင်ရာထူး

www.burmeseclassic.com

မျိုး ရှိခဲ့ဖူးသေးတယ်လို့ ရှေ့မီနောက်မီ ထောင်ဝန်ထမ်းအိုကြီးတွေပြောတာများ ကြားခဲ့ဖူးပါရဲ့၊ စပ်စပ်စုစုနဲ့ သိချင်လွန်းအားကြီးလို့လည်း စာတွေ ပေတွေထဲ၊ မှတ်တမ်းမှတ်ရာတွေထဲ ရှာရှာဖွေဖွေ လုပ်ခဲ့မိပါသေးရဲ့၊ တွေ့ပါသကောဗျာ။ စာရေးဆရာ၊ သတင်းစာဆရာကြီး လူထုဦးလှရေးတဲ့ ထောင်စာအုပ်တစ်အုပ်မှာ အမှတ်ထင်ထင် တွေ့လိုက်ရတာလေ၊ အဲ-အဲ-အဲဒီ "ခြောက်ထောင်ပိုင်" ဆိုတဲ့ ငနဲမျိုးက တစ်ထောင်မှာ တစ်ယောက်ပဲရှိပြီး သင်းကို ကျန်တဲ့အကျဉ်းသား၊ အချုပ်သားတွေက အကျဉ်းသားအချင်းချင်း "သခင်" လို့ခေါ်ရပြီး "ဘုရား" ထူးခဲ့ရတာတဲ့ဗျား၊ ကိုင်း-မှတ်ကရော၊ ကြုံရပုံများ၊ အစုလည်း ရှေ့ကိုယ်တော် "ပလောင်" က အဲဒါမျိုးကို သိုးသိုးသန့်သန့် နားစွန်နားဖျားကြားပြီး "တန်းစီးချုပ်" ဆိုတဲ့ရာထူးကို ခါတော်မီထွင်လိုက်လေသလားမှ မသိ၊ ပြောတတ်ဖူးလေဗျာ၊ အဲဒါကတော့ သင်းနဲ့ သင်းဆရာ ထောင်ပိုင်ကြီးတို့မှပဲ ပပ်ပပ်နပ်နပ် သိကြမှာပဲ၊ သူတို့ကနှစ်ကိုယ့်တစ်စိတ်တွေကိုးဗျ၊ ဟုတ်စ၊

ထားပါလေ၊ ကျုပ်ပြောချင်တာက အဲဒါအဓိကမဟုတ်ပါဘူး၊ အဲဒီ "တန်းစီးချုပ်" ဆိုတာကြီးနဲ့ နတ်ရွှေးဘုံခြောက်လုပ်လိုက်ပြီးကတည်းက "ပလောင်" တစ်ကောင် ကျုပ်တို့ထောင်ကြီးထဲမှာ တဟုန်းဟုန်း တန်ခိုးထွားလာခဲ့တာကို ပြောချင်တာ။

ဒီလိုဗျာ ...။

၀၀၀

ထုံးစံအတိုင်းကတော့ ထောင်တစ်ထောင်မှာ ထောင်ပိုင်ကြီး (ထောင်တာဝန်ခံ အရာရှိ)ပြီးရင် အာဏာပါဝါအကြီးဆုံးက ကျုပ်လို ထောင်မှူးကြီးပဲဗျ၊ တစ်ထောင်လုံးကို အထဲဝင် အပြင်ထွက် သွန်လိုသွန် မှောက်လိုမှောက် တံခါးမရှိ၊ ဓားမရှိ သွားခွင့်လာခွင့် လုပ်ခွင့်ကိုင်ခွင့်ဆိုတာက ထောင်ပိုင်ကြီးနဲ့ ထောင်မှူးကြီးနှစ်ယောက်ဆီမှာပဲ ရှိတာကိုး-နော့။

ထောင်မှူး (Jailor)ဆိုတဲ့ ငွေကြယ်ပွင့်တပ်အရာရှိတွေလည်း ဆယ်ဂဏန်းလောက်တော့ဖြင့် ရှိကြပါရဲ့၊ ဒါပေသိ သူတို့ဆိုတာက အဆောင်မှူး (Warden) တွေအဖြစ်နဲ့ သူတို့တာဝန်ကျတဲ့ထောင်ကျ၊ အချုပ်အိပ်ဆောင်တွေလောက်ကိုပဲ အပိုင်စားရကြတာကိုးဗျ၊ အကျ(၁)ဆိုဒ် အဆောင်မှူးက (၂)ဆိုဒ်ဘက်ကို မျက်စောင်းမထိုးလေနဲ့၊ အကျဆောင်က အရာရှိက အချုပ်ဆောင်ဘက်က ကိစ္စကိုစိတ်မဝင်စားနဲ့၊ ဒီလိုကိုး၊ သူ့နယ်-ကိုယ့်နယ် သူ့စည်းကိုယ့်စည်း အတိအကျ ခွဲထားပြီးသား၊ (အဲ-အရေးပေါ် ထောင်လုံခြုံရေးကိစ္စတို့ ဘာတို့ဆိုရင်တော့ တစ်မျိုးပေါ့လေ၊ ရန်ဖြစ်တာ၊ ထောင်ဆူတာ၊ ထွက်ပြေးတာတို့ဆိုရင်တော့ ကြုံသလို ဝိုင်းကြရတာပါပဲ၊) အဲဒီတော့ရင် ပြောလိုရင်းက ထောင်တစ်ထောင်မှာ တစ်ထောင်လုံးအနှံ့ တုတ်ထိုးအိုးပေါက် သွားချင်ရာရာ စိတ်သွားတိုင်း ကိုယ်ပါနိုင်တာဟာ ထောင်ပိုင်ကြီးနဲ့ ထောင်မှူးကြီးနှစ်ယောက်ပဲရှိတာ၊ အဲဒါကို ပြောချင်တာ။

ဒါပေမဲ့ဗျာ—အခုတော့ဖြင့် အဲသလို မဟုတ်ပြန်ဘူး၊ ထောင်မှူးအဆင့်ရှိတွေတောင်မှ မရနိုင်တဲ့ အဲဒီအခွင့်အာဏာကို လက်ဆုပ်မြဲမြဲ ရလိုက်တဲ့ တတိယပုဂ္ဂိုလ်အကျော်အမော်က ပေါ်လာသဗျ၊ အင်း-ဟုတ်ပဗျာ၊ မလွဲပါဘူး၊ အရှင်မွေးတော့ နေ့ချင်းကြီးဆိုသလို ကျုပ်တို့ ထောင်ပိုင်ကြီးရဲ့ အပင်က သီးတဲ့ "ပလောင်" က လွဲရင် ဘယ်သူရှိရဦးမတုံး၊ သင်းပဲ ရှိတော့တာပေါ့၊ ကိုင်း ထောင်ရာဇဝင်မှာဖြင့် မှတ်တမ်းကို တင်ရော ဆိုပါတော့ဗျာ၊

အဲဒါလောက်တင်ပဲလား ... တဲ့၊ ကာ့နိုင်ပါရိုးလား ခင်ဗျာ၊ သင်းက ကျုပ်တို့ရပ်ကွက်ထဲက ဈေးရွေးတွေလို၊ ဒေါမဲ့လွှတ်ထားတဲ့ နွားအိုးကြီးတွေလို ထောင်တစ်ထောင်လုံး ထင်သလို မွှေနှောက်သွားခွင့် ရထားတဲ့ "အကောင်" ဆိုတော့ရင် အဆောင်မှူးဖြစ်တဲ့ ထောင်မှူးကလေးတွေကတောင် သင်းနဲ့ ပလူးပလဲလုပ်နေကြရတာပါကော၊ သင်းမျက်နှာ အညိုမခံရဲဘူး၊ သင်းအခွက်ကြီး အအိုမခံရဲဘူး၊ သူ ကြိုက်တတ်ရာရာ ကလေးတွေနဲ့ ရေလိုက်သင့် ငါးလိုက်သင့် ဆို့ဟဲ့ ပိတ်ဟဲ့ လုပ်နေကြတာများ ယောကျ်ားမအိမ်တက်ရတဲ့ သမက်ကလေးတွေလိုပါပဲဗျာ၊ တကတဲ ... မှ၊

"ပလောင်-ရေ"

"ခင်ဗျာ-ဆရာသမား"

"မင်း-ဟိုးတစ်နေ့က တို့အဆောင်တောင်ယာထဲမှာ ခဲဝိုင်းမိသွားတယ်ဆိုကွ၊ ဟုတ်ရဲ့လား-တပည့်"

"ဟုတ်ကဲ့-ဆရာသမား၊ လက်ဖွားသန်းဖေတို့၊ ကုလားရွှေးတို့၊ ထွေးမောင်တို့၊ အောင်လှတို့အုပ်စုပဲလေ-ဆရာသမားရဲ့ "ဇော်" တွေရှုည်းပေါ့လေ၊ လာဒ်၊




www.burmeseclassic.com

www.burmeseclassic.com

ကြေးကလည်းမနည်းဘူးနော်၊ အောက်ထစ်ကြေးတစ်သောင်းခင်း လောက်ရှိလိမ့်မယ်မှန်းတာပဲ၊ ရေတော့ရေမကြည့်ရသေးဘူး၊ အောက်စံ ပုဆိုးပိုင်းရယ်၊ ဖဲထုပ်ရယ်နဲ့ သဗ္ဗန်ပေါင်းပြီး စုထုပ်ထားလိုက်တာ၊ အခုထိ ဖြေမကြည့်ရသေးပါဘူး - ဆရာသမားရယ်"

"မင်းဘိုးတော်ကြီးကို ပြောလိုက်ပြီလားကွ - ဟင်"

"အခုတလော - ထောင်ပိုင်ကြီး စိတ်လက်သိပ်ကြည်ပုံမရလို့ မတင်ပြဖြစ်သေးဘူးရယ်၊ တော်နေကြာ မိုးမီးလောင်ကုန်မှာ - ဆရာသမားရဲ့"

"ဘယ်လိုလုပ်မယ်စိတ်ကူးထားလဲကွ - ပလောင်"

"မီးစင်ကြည့်ကရမှာပဲ - ဆရာသမား၊ ထောင်တွင်းဖြစ်မှု ဖြစ်နေလေတော့ ကျွန်တော်လည်း ဒီအတိုင်းတိုင်း "ကျော်"သွားလို့ မဖြစ်ဘူးလေ၊ ထောင်ပိုင်ကြီး သိသွားရင် ကျွန်တော်က သေပြီ - ဆရာဖြစ်မှာ"

"ကိုင်းပါ - ငါ့ကောင်ရာ၊ ဒီတစ်ခါတော့ဖြင့် ကျုပ် ကျက်လိုလိုက်စမ်းပါ၊ မောင်မင်းကြီးသား၊ ကျေးဇူးကို မမေ့ပါဘူး"

"အဓိကပြဿနာက လောင်းကြေးငွေ - ဆရာသမားရဲ့၊ နည်းတဲ့ငွေတွေ မဟုတ်ဘူးရယ်"

"ဟေ့ကောင်ရယ် - "ပလောင်"ဆိုတာ ဘယ်လိုကောင်လဲ လူတိုင်းအသိသားပဲဥစ္စာကွာ၊ ဆင်သွားရင် လမ်းဖြစ်ပါတယ်ကွ၊ မင်းပဲ "အု"လိုက်စမ်းပါကွာ၊ ပြဿနာမတက်အောင်တော့ကြည့်လုပ်ပေး"

"ဖြစ်ပါ့မလား - ဆရာသမား"

"မင်းလုပ်ရင် ဖြစ်ပါတယ်ကွ၊ ပလောင်ရ"

"လုပ်လိုက်လေ - ကြာသလားလို့"

ပလောင်ဆိုတာ အဲဒီလိုကောင်ပါ၊

ပိုပြီးရုပ်ဆိုးတာက ကျုပ်တို့ထောင်တွေ၊ ထောင်တွေရဲ့တနင်္လာနေ့တိုင်းမှာ မပျက်မကွက် ပြုလုပ်ရမြဲထုံးစံ "ထောင်ပိုင်တန်းစီး (Monday inspection Parade)"ကိုတောင်မှပဲ ကိုယ်တော်ချော ပလောင်က ဝင်ဝင်ပြီး နှောင့်တတ်သေးတာဗျ၊ နတ်နေကိုင်း ရန်တတ်တဲ့ ငတိ မဟုတ်ဘူးရယ်၊ ဒီလိုဗျာ၊

အကျဉ်းထောင် တာဝန်ခံအရာရှိဖြစ်တဲ့ထောင်ပိုင်ကြီးက ထောင်အရာရှိထောင်ဝန်ထမ်း၊ အကျဉ်းသား၊ အချုပ်သားတွေ တစ်ဦးချင်း၊ အဖွဲ့လိုက်၊ အိပ်ဆောင်လိုက် တန်းစီစစ်ဆေးပြီး ထောင်ကြီးရောရဲ့ သန့်ရှင်းရေး၊ ကျန်းမာရေး၊ သာယာလှပရေးစတဲ့အခြေအနေအလုံး"စုံကို မျက်မြင်စစ်ဆေးရလေ့ရှိသဗျ၊ ကျုပ်တို့ ရှင်ဘုရင်များ တိုက်ခန်းလှည့်လည်သလိုပ ခင်ဗျာ၊ အိပ်ဆောင်တိုင်း၊ တိုက်ခန်းတိုင်းက အကျဉ်းသား၊ အချုပ်သားမောင်မောင် မမ ဥသေးဥမ္မားမကျန်အားလုံးနဲ့ တွေ့ဆုံပြီး သူတို့ရဲ့တင်ပြချက်တွေကို အချိန်ပေး နားထောင်၊ သင့်ရာသင့်ရာ စီမံပေး၊ ဖြေရှင်းပေး၊ လွတ်ရက်နီးတဲ့ သူများကို လည်း လျှော့ရက် (remission) ပေးတန် ပေးပေါ့၊ ဒီလိုကိုး၊ အဲဒါကို ထောင်ပိုင်ကြီးတိုင်း တနင်္လာနေ့မှာ မပျက်မကွက် လုပ်ကြရတယ်၊ လူစားထိုး တာဝန်လွှဲလို့ မရဘူး၊ မလုပ်မနေရပဲ၊ ထောင်ဥပဒေစာအုပ်ကြီး Jail Manual က အဲ့သလိုဆိုတယ်၊

ဒါပေမယ့်ဗျာ၊

ကျုပ်တို့ ဗဟိုထောင်ကြီးကျခါမှ ဘယ့်နှယ်ဖြစ်တယ်ရယ် မသိ၊ တန်းစီးချုပ် "ပလောင်" အိပ်ဆောင်တွေ သန့်ရှင်းရေးလုပ်ထားတာကို မကြိုက်လို့၊ အိပ်ဆောင်သာယာလှပရေး ပြင်ဆင်မွမ်းမံ ခင်းကျင်းထားတာတွေကို မကျေနပ်လို့ စသဖြင့်ပေါ့လေ၊ အကြောင်းအမျိုးမျိုးနဲ့ မီးစိမ်းမပြခဲ့ရင် သူ့ဆရာထောင်ပိုင်ကြီးက ထောင်ဥပဒေစာအုပ်ကြီးထဲမှာ ဘယ်လိုပဲပါပါ ဘာတွေရေးထားထား ထောင်ကြီးဘက်ကို မျက်စောင်းတောင် ထိုးမကြည့်တော့ဘူး၊ ကိုယ်တော်ချော "ပလောင်"စိတ်တိုင်းကျ လှဲကျင်းသန့်ရှင်း ပြုပြင်မွမ်းမံစေတဲ့ခင်ဗျ၊ အဲ - ပလောင်က ဓွတ်ပြီဆိုခါမှပဲ စနေ၊ အင်္ဂါ အခါမရွေးဘဲ "inspection parade"ကိုဝင်နှိပ်တော့တာကိုး၊

အဲဒီမှာ ပုံလာပန်းလာ ဟုတ်ဟုတ်ငြားငြား အလုပ်လုပ်မထားမိတဲ့ အဆောင်မှူးအရာရှိတွေခမျာ ထုချေလွှာတင်ပေရောပဲ၊ တန်းစီးဗလရာတွေကတော့ ပြုတ်ပေါ့၊ တိုက်ထဲ ညောင်းပေါ့၊ အဲသည်တော့ - သောကြာ၊ စနေ၊ တနင်္ဂနွေနေ့က ပလောင်ရဲ့တစ်ထောင်လုံးကို မွှေတဲ့နောက်တဲ့ inspection paradeအလိုလိုဖြစ်သွားကရောကိုင်း တောင်းကြွသေးရဲ့လား၊ အကျဉ်းသားတန်းစီးချုပ်ဆိုတဲ့မောင်က တစ်ထောင်လုံး ရှိရှိသမျှ ထောင်မှူးအရာရှိတွေရဲ့ ဝေယျာဝစ္စဆိုတဲ့မောင် လုပ်ငန်းဆောင်တာတွေကို လက်ညှိုးငေါက်ငေါက်ထိုးပြီးလိုက်စစ်ဆေးတော်မူသတဲ့လေဗျာ၊

www.burmeseclassic.com

"ဘုရားကား၊ အောက်၊ မျောက်ကား အထက်" ဖြစ်မနေပေဘူးလား။

ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ပဲ ကိုယ့်ဆရာ။

ကျုပ်တို့ မန္တလေးထောင်ကြီးမှာတော့ အဲသလိုကြီးကို အဟုတ်တကယ် ဖြစ်ခဲ့တာ။

မောင်မင်းကြီးသား "ပလောင်"က အဟုတ် တန်ခိုးထွားခဲ့တာ၊ ဘုန်းကြီးကံကြီး မင်းမူခဲ့တာ။

ကျုပ်လို ထောင်မှူးကြီးတောင် အိမ်ရှေ့စည့်ခန်းထဲ အလှရိုက်တဲ့ ရုပ်သေးရုပ် ဖြစ်မှန်းမသိဖြစ်လို့ ဆိုပါတော့။

"ပလောင်-ပလောင်" ပလောင်ဆိုတာ အဲသလိုကောင်ပါဆို။

○○○

ကိုင်း-အဲသလို အကောင်မျိုး "ပလောင်"က ရင်ဘတ်စည်တီး ငိုချင်းတွေချပြီး သူ့ကို တိုက်ထဲ ပို့ပါတော့ရှည်းတပူဆာဆာ လုပ်နေပါရောလား။

ဥပမိကလည်း ဘူးသီးပိန်၊ နွားနင်း၊ ပိန်လိမ်ရှုံ့တွလို့ချ။ ဘာကြောင့်လဲ၊ ဘာတွေဖြစ်ကြလို့ပဲ။

ကျုပ်ဆရာ ထောင်ပိုင်ကြီး "အကြောင်းရှာရင်း ခေါင်းမှာ ရှာရှာ



"၅၆ ၂၇ စီ၊ တရားဟုတ်ကြီး၊ မှူးတန်းမကျိုး၊ သောက်ရေအိုးဂန်ဖလားတကွဲ၊ အထဲမှာ အားလုံးကောင်း၊ ရှိသမျှ လူပေါင်း (၁၂၅) ယောက်၊ ထိပ်ပေါက်ခေါင်းကွဲ ××××××မရှိ၊ အားလုံးကောင်းများ" တဲ့။

လည်" ဖြစ်နေပြီနဲ့တူရဲ့၊ ဖခေဖေါ် အုတ်အုလည်ဖြစ်နေတဲ့ပုံစံကြီးကို မကြည့်ဘဲ မြင်နေရတယ်။

မဖြစ်ဘဲ ခံနိုင်ပါ့မလား။

ဘာမှ ရေရေရာရာ မသိသေးပေမယ့် ဒီကိစ္စ ဒီအရေးက ပလောင်တစ်ကောင်တည်းရဲ့အမှုဆိုတော်သေး။ တစ်နယ်ဝင် တစ်စင်ပါကစွတ်ကင်းလျှောက်ပြီး ထောင်ပိုင်ကြီးနဲ့ နှယ်လာတဲ့အရေးဆိုရင် ဘယ့်နှယ်လုပ်ပ၊ ထောင်အုပ်ချုပ်ရေး၊ အဲ-ပြီးတော့-ထောင်ပိုင်ကြီးရဲ့ ဩဇာအာဏာ၊ အဲ-အဲဒါတွေကို ထိပါးလာခဲ့ရင်တော ဘယ်လိုလုပ်မတုန်း။ တွေးရပြီ-မှုရပြီ။

"မိချောင်းမျက်ရည်ကျားမျက်ရည်" ပဲပြောပြော၊ "တန်းစီးချုပ်" ရယ်လို့ သူ့အာဏာကုန် လွှဲထားတဲ့ "ပလောင်"လိုကောင်မျက်ရည်ကျတာ သိပ်မနိပ်လှဘူးရယ်။ ပြိတ္တာတို့ မျက်ရည်များ မြေဝယ်မကျကောင်းဘူးတဲ့၊ ခုနစ်နှစ်၊ ခုနစ်လ ခုနစ်ရက်ဆိုတာကိုး ခေါင်ရေရှားတတ်ဆိုတာကိုး။ အခုလည်း ပလောင်လို ပြိတ္တာကောင် မျက်ရည်ပိုးပိုးပေါက်ပေါက် ကျနေတာဟာ ဖြင့် တယ်မကောင်းလှဘူးလေ။

"ဘယ်လိုဖြစ်တာတုံး-ထောင်မှူးကြီး၊ ဒီအကောင်ဘာတွေဖြစ်နေတာတုံး၊ ပဒိုင်းသီးများ မှားပြီး စားမိထားလို့လား။ ပြောစမ်းပါ-မြန်မြန်ကလေး။ ကျုပ် သိပ်စိတ်မရှည်ချင်တော့ဘူး"

ဟုတ်တော့လည်း ဟုတ်တယ်။

ကျုပ်တို့ဆရာ ထောင်ပိုင်ကြီးဟာ စိတ်ဆိုးခဲ၊ ဒေါသဖြစ်ခဲတဲ့လူ။ ဟောဒီ ထောင်ကြီးရောမှာ ကျုပ်တို့နဲ့ တွဲခဲ့ဖူးတဲ့ သုံးနှစ်သုံးမိုးအတွင်း ကျုပ်ဆရာ မျက်နှာထားတင်းတင်းနဲ့ ရှုပ်ဟဲ့ပေါက်ပဲ့များ မတွေ့ခဲ့ရဘူးပေါင်။ တစ်ခါကလေး လောက်မှ မတစ်ခါဖူးခဲ့ဘူး။ ဘယ်တော့ ကြည့်ကြည့် ပြုံးပြုံးပြုံးပြုံးနဲ့၊ အဲ-အလွန်မတန် သူ့စိတ်ထဲ သဘောမတွေ့လွန်းဘူးဆိုတော့မှ သာစကားနည်းသွားမယ်။ နားရွက်ဖျား၊ နားသီးဖျားကလေးတွေ ရဲလာမယ်။ သံတိုသံပြတ်နဲ့ ပြောမယ်။ မျက်လုံးက တလက်လက် အရောင်ထွက်နေမယ်။ ဒါလောက်ပဲ၊ ရှစ်ဖျက်ဆင်းပျက် ဒေါသထွက်ခဲတယ်၊ တွေ့ကို မတွေ့ဖူးသေးဘူး။

ကိုင်း-အခုဖြင့် ကိုယ့်ဆရာ ဒေါမနဿပွားနေပုံကို ကြုံရပြီ၊ ကိုယ့်ဆရာကြီး လေသံတွေ မာနေပြီ၊ မျက်နှာကြီး ရဲတွတ်နေပြီ။

ဘယ်ကနေ ဘယ်လိုစပြောရင် ကောင်းမလဲ၊ အောင်မယ်လေ၊ ကား





www.burmeseclassic.com

www.burmeseclassic.com

လုံးကလည်းရှားလိုက်ပချာ။ ဒီအကောင် "ပလောင်"ဖြိုဟ်မှုတဲ့ မသတီစရာ ဖာတ်ရှပ်ကိုအထုပ်ဖြေပြစရာ သင့်တော်လောက်တဲ့ ဖြေဆင်းစကားကို တော်တော်နဲ့ ရှာမတွေ့ဘူး။

ကဲပါလေ - ပေါက်တဲ့နဖူး၊ မထူးတော့ပါဘူး။

နွားနဲ့မနွား၊ ဖဝါးနဲ့သာ နာပေရော့။

ဝဝဝ

"ဘယ်လို - ထောင်မှူးကြီး - ဘယ်လို"

ထောင်ပိုင်ကြီးရဲ့မျက်စိနှစ်လုံးဟာ ပုစွန်လုံးကို ခဲနဲ့ ဖိထားသလို ပြူးခနဲ ဖြစ်သွားတယ်ထင်ပါရဲ့ဗျာ၊ သူ့နားလည်းသူ ယုံပုံမရ၊ မပြောမဖြီး မတီးမမြည် ဗျစ်ညှစ်ပြောလိုက်ရတဲ့ သူ့ထောင်မှူးကြီး ကျုပ်မျက်နှာကိုပဲ ငေးငေးကြီးကြည့်လို့။

"ဟုတ်ပါတယ် - ထောင်ပိုင်ကြီး။ ဆိုဒိုမီကေ့စ် (Sodomy Case) ပါပဲ။ ဆေးရုံထောင် လက်ပါးတိုက်မှာ လက်ပူးလက်ကြပ်မိခဲ့တာပါ။ ဝိုင်းပြီးဖမ်းလိုက်တဲ့ဝန်ထမ်းနဲ့ မျက်မြင်သက်သေ ကောင်ကလေးတွေကိုလည်း ကျွန်တော်ကိုယ်တိုင် အကြမ်းဖျင်း စစ်ဆေးပြီးပါပြီ။ ခံလိုက်ရတဲ့ Bottom person ကိုလည်း ဆေးရုံထရာဝန် ဦးအေးမျိုးနဲ့ စစ်ဆေးပြီး ဆေးစာယူထားပြီးပါပြီ"

ခက်ပါကောဗျာ။

ထောင်အရာထမ်း၊ အမှုထမ်းဆိုတာမျိုးဟာ "မကြားရာ၊ မမြင်ရာ" မရှိ သလောက် လူ့လောကရဲ့ အယုတ္တအနတ္တတွေကိုမဆန့်မပြဲ နိစ္စဓူဝ တွေ့နေရကြုံနေရစမြဲ မဟုတ်လား။ အခုလည်း ကြည့်ဦး။ ပါးစပ် မသတီစရာ မဖွယ်မရာတွေကို နှုတ်ဖျားက ပြောနေရပါပကော။ ဒွိ - ပါးစပ်သနလှသချာ။ တကတဲမှ။

ဆိုဒိုမီကေ့စ် ... တဲ့ဗျ။

အဲသလိုပြောလို့ သိပ်သဘောပေါက်မှာ မဟုတ်ဘူး။ နားဝေးလွန်းနေဦးမယ်။ ကျုပ်တို့ ထောင်ထဲမှာတော့ "အိုးစားဆွယ်" သတဲ့ဗျာ။ နားစံသာအောင် လိမ်လိမ်မာမာ သုံးတတ်ကြတယ်။ ဟုတ်ကဲ့ "အိုးစား" တဲ့ဗျ။ အိုးစား။

ဦးထွန်းမြင့်၊ အဘိဓာန် (English Myanmar Dictionary) မှာတော့ဖြင့် "Sodomy" ရဲ့ အနက်အဓိပ္ပာယ်ကို "ယောကျာ်းအချင်းချင်း မေထုံဆက်ဆံခြင်း၊ တိရစ္ဆာန်နှင့် သံဝါသပြုခြင်း" လို့ဖွင့်ဆိုထားသဗျ။ ရှင်းရဲ့မဟုတ်လား။

ထောင်တဲတိုင်းမြင့်မြင့်ကြီးတွေ၊ လေးဖက်လေးတန် သစ်သားတန်းက အိပ်ဆောင်တွေ၊ တိုက်ခန်းကျဉ်းကျဉ်း ကျုတ်ကျုတ် ချင်ဂလယ်ကလေးတွေ ထဲမှာ လကျော်နှစ်ကူး ကြာရှည်ကြာမျှော် ပိတ်လှောင်ခံထားရတဲ့ ဘဝအခြေမှာ လူ့ခန္ဓာကိုယ်ကောင် အဗျူဒေသာကြီးကိုသာ ချုပ်နှောင်ထားလို့ရမယ်။ လူ့စိတ်ရဲ့ ဟိုးအတွင်းပိုင်းမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ် စွဲဝင်နေတဲ့ လိင်စိတ် (ဝါ)၊ လိင်ဆန္ဒ (ဝါ) ရမ္မက်ဇော (Sexual intercourse) ကိုဖြင့် ဖိနှိပ်ထားလို့ မရ ရေးချမရဗျ။ နီးရာလွယ်ရာမှာ ကြုံသလို အာသာဖြေပစ်လိုက်တတ်ကြတာက လူ့သဘာဝ လူ့ဓမ္မတာကိုး။ ဟုတ်ဘူးလား။

ထောင်ကျတဲ့ အကျဉ်းသားလည်း လူပဲဗျာ။ ဟောဒီလိင်စိတ် ဘယ်ကင်း လိမ့်မလဲဗျ။ အာသာဝေါကုန်တဲ့ အရိယာဖြစ်သွားတာမှ မဟုတ်တာ။ ကျားဖြစ်ဖြစ် မဖြစ်ဖြစ်၊ အထီးအဖြစ်ဖြစ် အမဖြစ်ဖြစ် အဲဒီရမ္မက်ဇောဆိုတာကြီးက ရင်ထဲမှာ ခွေခနေတဲ့ မြွေပွေးဆိုးကောင်လို ပြာဖုံးနေတဲ့ မီးခဲလို ရဲရဲတောက် ရှိနေတာပဗျာ။ ဒါကြောင့်ပဲ မိန်းမထောင်မှာလည်း အပြား၊ အပြားချင်း ဟိုသင်းပြုလို ပြုကြ ယောကျာ်းထောင်ဘက်မှာလည်း အလုံးအလုံးချင်း အဇ္ဈာ ဖြစ်လို့ဖြစ်။

ရယ်စရာဇာတ်ကောင်းသလိုလို ရှိပေမယ့် ရှေးခေတ်က ကျုပ်တို့ထောင်တွေမှာ တကယ်ရှိခဲ့ဖူးတဲ့ တချိုးကလေးကို ဖွင့်ပြောလိုက်ဦးမယ်။ ညညအခါ အိပ်ထောင် (Ward) တွေကို ညကင်းစောင့်ကြရတဲ့ ဇာရာ (Night Watcher) တွေ အိပ်ဖန်စောင့်ကင်းစောင့်ရင်း (၁၅) မိနစ်တစ်ခါ သတင်းပို့ကြရတဲ့ သတင်းပို့ပုံကလေးပါ။ ကိုင်း - နားဆင်ကြည့်လိုက်ဦးဗျ။

"၅၆၂၇ စီ၊ ဇာရာတုတ်ကြီး၊ မျဉ်းတန်းမကျိုး၊ သောက်ရေအိုး ဂန်ဖလားမကွဲ၊ အထဲမှာ အားလုံးကောင်း၊ ရှိသမျှလူပေါင်း (၁၂၅) ယောက်၊ ထိပ်ပေါက်ခေါင်းကွဲ × × × × × × မရှိ၊ အားလုံးကောင်းများ" တဲ့။

"× × × × × × မရှိ" ဆိုတာ ဟိုသင်း ဟိုဟာပြုတာ မရှိတာကိုသုံးတဲ့စကားလုံးပဲ ထားလိုက်ပါစို့ဗျာ၊ အကြားရိုင်းလွန်းလို့ အတိအကျ မပြောပါရစေနဲ့တော့။

ဆိုတော့ရင်ထောင်တိုင်း ထောင်တိုင်း ဒီကိစ္စမကင်းကြဘူးဗျ။ နည်းနည်း ဖြစ်ကြတာနဲ့ များများဖြစ်ကြတာ မှမြင်





www.burmeseclassic.com

www.burmeseclassic.com

သူမြင်အများမမြင်မတင့်တယ်လောက်အောင် ရိုးကြွနေကြတာနဲ့၊ ရွက်ပုန်းသီး၊ ရွက်အုပ်သီးလို ခွက်ပုန်းရတ်နေကြတာပဲ ကွာလိမ့်မယ်၊ ဒီကမ္ဘာမမှာ ဘယ်ထောင်မှာမှ မကောင်းဘူးလို့ အဲလိုပဲ အပြတ်ပြောလိုက်တော့မယ်၊ ဘယ်ဗျာ လူတွေကြောင့် မဟုတ်ဘူးဗျ။ ထောင်ကြောင့် ထောင်စနစ်ကြောင့်၊ ဟုတ်စ။

အဲဒီအဖြစ်ဆိုးတွေနည်းအောင်၊ ဖြစ်နိုင်ရင် ပပျောက်သွားအောင် ကြိုးစားပြီး ဖြေရှင်းခဲ့ကြတာတွေလည်း ရှိခဲ့ပါရဲ့၊ အင်္ဂလိပ်အစိုးရလက်ထက်ထောင်တွေမှာ အကျဉ်းသား၊ အချုပ်သားတွေ သောက်ဖို့ သုံးဖို့ ရေကို ခဲပိုက် (Lead pipe) တွေနဲ့ သွယ်ပေးခဲ့သဗျ။ ခဲဆိပ်သင့်ပြီး ကျားမာန်ကျားစိတ်၊ ကာမဆန္ဒတွေ နည်းပါးပြီး (မရှိသေ့စကားဗျာ၊ နားနဲ့မနာ ဖဝါးနဲ့ နာတော်မူပါ) ပန်းသေပန်းညှိုးသွားအောင်တဲ့ဗျာ၊ ကြံကြံဖန်ဖန်ရာပါပဲ၊ အဲ - အတန်အသင့် မှန်းတဲ့အတိုင်း ပေါက်ခဲ့ပေမယ့် လုံးလုံးကြီး ပျောက်သွားတာတော့ မရှိခဲ့ဘူးဗျ၊ ထောင်အာဏာပိုင်တွေရဲ့လက်ကသုံးတောင်ဝှေးခြောက်ထောင်ပိုင်၊ တန်းစီး၊ ဘာရာဆိုတဲ့ "အကောင်"တွေကဖြင့် လက်သင့်သလို စားတော်ခေါ်နေတုန်းပဲ၊ ကိုလိုနီခေတ်ထောင်တွေမှာ "အိုးစားကိစ္စ"ဟာ ထောင်အာဏာပိုင်တွေရဲ့ လက်သပ်မွေး လူယုံတော်၊ ထောင်လူမိုက်တွေရဲ့စပယ်ရှယ် အခွင့်အရေးတစ်ရပ်လို ဖြစ်ခဲ့တာကိုး။

နောက်လွတ်လပ်ရေးခေတ်၊ တော်လှန်ရေးကောင်စီအစိုးရခေတ်၊ ဆိုရှယ်လစ်ခေတ်၊ နဝတ၊ နအဖခေတ်ကာလ အသီးသီးမှာရဲဘက်စခန်းတွေ၊ ပြည်သူ့အကျိုးပြု တစ်ဖွဲ့စခန်းတွေဖွင့်၊ ကိုကိုမောင်မောင်တွေကို အိမ်သူဇနီးသည်တွေနဲ့ညအိပ်ညှိနေ ထောင်ဝင်စာတွေ့ခွင့်တွေပေး၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်မိသားစုတွေဆီ ခေတ္တသွားယီပြန်နေနိုင်ဖို့ (၁၅)ရက်အထိ ခွင့်တွေပေး၊ နည်းလမ်းအမျိုးမျိုး စမ်းသုံးကြည့်ခဲ့ကြသေးတာပါပဲ၊ အဲသည်တော့ ဘာတွေဖြစ်တုံး၊ ရွှေကိုယ်တော်များက ခွင့်ရက်စေ့ပေမယ့်ပြန်မလာကြပဲ ပြေးတော်မူကြသဗျ၊ ရဲဘက်ပြေးမှု (Escape Case) တွေပဲ တင်းကျမ်းဖြစ်လာလေတော့ အဲဒီခွင့်ပေးတဲ့ နည်းလမ်းကြီးလည်း အလိုလိုရုပ်ဆိုင်းသွားရော၊

အဲ - အခု - ဒီကနေ့ခေတ် ထောင်တွေထဲမှာရော အဲဒီ"အိုးစား"ကိစ္စမျိုးတွေ ရှိနေသေးသလား ဆိုတော့ရင် ရှိတုန်း ရှိဆဲပါပဲဗျာ၊ ပပျောက်သွားဖို့ဖြင့် အခက်သားလား။ လူ့သဘာဝ လူ့ကိစ္စပေကိုး။ အကျင့်စာဂ ဆိုးသွမ်း ယုတ်မာတဲ့ သတ္တဝါများဟာ ဒီလောက် ဥပဒေလက်တံအရှည်ကြီး၊ ရဲတပ်ဖွဲ့ကွန်ယက်အကျယ်ကြီးဖြန့်ထားတဲ့အထဲကတောင်မှပဲ မုဒိမ်းမှုတွေ တောထနေတာ မဟုတ်လား။ အဲဒါ အဖြေပလေဗျာ၊

နို့ပေတဲ့ အဲဒီလိုမျိုး "အိုးစား" လေ့ကိုအကျဉ်းသား၊ အချုပ်သား၊ အများစုက လက်မခံ၊ ဝိုင်းဝန်းဆန့်ကျင် နာခေါင်းရှုံ့ကြသဗျ၊ ထောင်ထဲမှာ မျက်နှာအငယ်ရဆုံး၊ အောက်တန်းအကျဆုံးလူဟာ "မုဒိမ်းမှု"နဲ့တွေဖြစ်သလိုထောင်ထဲက အဲဒီ"အိုးစား"ကိစ္စမျိုးကို ဘူးပေါ်သလို မပေါ်လိုက်လေနဲ့တစ်ယောက်တစ်ချက် ဝိုင်းဘောလိုက်ကြပုံများ အသက် ဘယ်က ထွက်ရပါ့ ဖြစ်သွားမယ်ဗျာ၊ နိုးစား ဝှက်စား ရွက်ပုန်းသီးဝေါ်ကြီးကျရတာနဲ့ မကာမိအောင် မာလကီသွားမယ်၊ ဘာမှတ်လို့လဲ၊

"နေပါဦး - ဘယ်သူနဲ့တဲ့လဲ၊ ဘယ်အဆောင် ဘယ်အခန်းမှာ ဘယ်လိုဖြစ်ကြတာတဲ့တုန်း - ထောင်မှူးကြီးရဲ့"

"ကောင်လေးကပဲသု...တဲ့ထောင်ပိုင်ကြီးရဲ့၊ ရဲမသက်ာမှု သာတီးဒီနဲ့ ထောင်တစ်လကျလာတဲ့ ကောင်လေးပါ။ဖြစ်ကြတာကဆေးရုံထောင်လက်ပါးတိုက်မှာပါ"

အလိုလေးလေး၊ ဘုရားမြတ်စွာ၊ ထောင်တွင်းဆေးရုံဝင်းအတွင်းကအနာကြီးရောဂါသည် အကျဉ်းသားတွေ (Leprocies) ထားတဲ့ လက်ပါးတိုက် (Lepper Cell) မှာ အိုးစားကိစ္စတွေ အနံ့ထွက်နေတဲ့အကြောင်း ထောင်တွင်း စီ - အိုင် - ဒီ "မိုးကျရေအကိုယ်အောင်ထီ" က မနေ့ညနေပိုင်းကလေးကမှ ထောင်ပိုင်ကြီးကို သတင်းပေးထားခဲ့သေးသတဲ့ဗျ၊ ကိုင်း - ဒီကနေ့ပြဿနာတက်ပြီ။

"အင်း - အင်း - ဆိုပါဦး"

"ပြီးတော့ - ဟိုလေ - ထောင်ပိုင်ကြီး - ဟိုခင်း"

"အင်းပါ - ဘာဖြစ်ကြတုံး၊ ပြောမှာသာ ပြောစမ်းပါဗျာ၊ ခင်ဗျားဟာက ဖင်တင့်ငုံနဲ့"

"ဟိုလေ - ခံလိုက်ရတဲ့ကောင်က ကောင်လေးမဟုတ်ဘူးတဲ့ - ထောင်ပိုင်ကြီးရဲ့"

"ဟေ - ဘယ်လို"

"ဒီကိစ္စမှာ တကယ်ခံလိုက်ရတဲ့ကောင်က ထောင်ပိုင်ကြီးရဲ့သပြည်

www.burmeseclassic.com

ပလောင်တဲ့ခင်ဗျ။ ဒါကြောင့်ဒီအကောင်က ရှက်စိတ်တွေမွှန်ပြီး သူ့ကိုယ်သူ သတ်သေမလို့တောင် လုပ်ခဲ့သေးတာတဲ့။ ဝန်ထမ်းတွေက အသိဦးသွားလို့သာ တိုက်ထဲမှာပဲ နေပါရစေ၊ ထောင်ပိုင်ကြီးနဲ့ တွေ့ပါရစေဖြစ်သွားတာ ... တဲ့"

"ဟင် - ဒီအကောင်ကလေ - ဟုတ်စ။ နေပါဦး - ဒီကောင်ပလောင်ကဂန့်အူ လည်းမဟုတ်၊ အခြောက်လည်းမဟုတ်။ ခေါင်းတည်မောင်းတည် လူမိုက်ပဂေးကြီးပဲဟာ။ ဘယ့်နှယ်ဖြစ်ပြီး ..."

"ကြံတုန်းကတော့ သင်းက အရင်ကြံခဲ့တာတဲ့ ခင်ဗျ။ ဒါပေမဲ့ - ဒင်းက ကောင်ကလေးကို လျှော့တွက်ခဲ့မိတာလေ။ ကောင်ကလေးက သာတီးဒီနဲ့ ထောင်ကိုဝင်လိုက်ထွက်လိုက်လုပ်နေတဲ့လူလည်ပတ်ကားလေးဆိုတာကို ဒင်း မေ့သွားတာ။ တကျာငမ်းငမ်းပြီး သတိလက်လွတ်ဖြစ်သွားတာတဲ့ ထောင်ပိုင်ကြီးရဲ့ အစားမတော်တစ်လုတ်၊ အသွားမတော် တစ်လှမ်းဆိုတာကိုး။ ပလောင်ကတော့ အခင်းမတော်လိုက်တာများ ကျားကနေ နွားဖြစ်သွားရတော့တဲ့အထိပဲ"

"ဘယ်လို - ထောင်မှူးကြီး - ဘာတဲ့"

"ချောင်းတုန်းကတော့ဖြင့် ကျားချောင်းချောင်းခဲ့တာပဲ။ တကယ့်ကျားစိတ် ကျားမာန်နဲ့ ပရိယာယ်တွေဆင်ပြီး ပိပိရိရိ ကြံခဲ့တာပဲ။ ဒါပေမဲ့ - ရမ္မက်ဇောတွေက ပြင်းလွန်းသွားလို့ နွားလုံးလုံးချည်း ဖြစ်သွားခဲ့ရတာ"

"အင်း - အင်း"

"ဟောဒီမှာ ထောင်ပိုင်ကြီး - တိုက်တန်းစီး သေကြာရဲ့ အစစ်ခံ ထွက်ဆိုချက်။ ပလောင်ဆိုတဲ့အကောင် ကျားရဲကြီးကနေ နွားသိုး ဘယ်လိုပြောင်းခဲ့ရသလဲဆိုတာ ကိုယ်တိုင်ပဲ ဖတ်ကြည့်လိုက်ပါတော့"

၀၀၀

ကျွန်တော်က ထောင်နံပါတ် ၄၆၅၃/စီ သောကြာ (ဘ) ဦးဒီးဒုတ်ပါ ဆရာ။ ဓားပြမှုနဲ့ တန့်ဆည်တရားရုံးက ထောင် (၁၀) နှစ် ကျခဲ့တာပါ။ ဟုတ်ပါတယ်၊ ဆရာ။ ဆေးရုံလက်ပါးတိုက်ရဲ့ တိုက်တန်းစီးပါ။ ဟုတ်ကဲ့၊ တိုက်တန်းစီးဖြစ်တာ တစ်နှစ်ကျော်ကျော် ရှိပါပြီ။ အရင် (၄) တိုက် (ကြိုးတိုက်) ဒု - တန်းစီးကနေ ဒီကို ရောက်လာတာပါ။

အဲ - ပလောင်နဲ့ သိခဲ့ကြတာတော့ ကြာပါပြီ။ သိပ်အရင်းအနှီးကြီးတော့လည်း မဟုတ်ပါဘူး။ မေးထူးခေါ်ပြော မျက်မှန်းတန်းမိကြရုံပါပဲ။ အဲဒါက ကျွန်တော်က ကိုပလောင်နဲ့ပတ်သက်ပြီး စပ်ရှိန်ရှိန် ဖြစ်နေခဲ့တာ ခင်ဗျ။ ဟုတ်တယ်၊ ဟုတ်တယ်။ ဆရာသိတဲ့ အတိုင်းပဲ။ ပလောင်ဆိုတာဟာ ဒီထောင်ကြီးထဲမှာ နည်းတဲ့အကောင်ကြီးလား။ အကျော်ဇေယျ ပုဂ္ဂိုလ်ကြီး မဟုတ်လား။ ဆင်ပြီးရင် သူ့ပဲ ရှိတော့တာလေ၊ မှတ်ဘူးလား။

ကျွန်တော်တို့လက်ပါးတိုက်ဆိုတာကလည်း ခေါင်ခေါင်ခါးခါးနေရာပါ ဆရာရယ်။ ဘယ်သူမှ သိပ်ဆေးဖော်ကြောဖက် လုပ်ချင်ကြတဲ့နေရာမျိုး မဟုတ်ပါဘူး။ နဂိုကမှ ဆေးရုံဆောင်ကို ကူးရဖို့ သန်းရဖို့ ရောက်ရဖို့များဟာ ခက်သားကလား။ သီတာစုနစ်တန်ကို ဓားထမ်းပြီးဖြတ်ရလိုမျိုးပဲဟာ။ အဲဒီလိုအထဲကမှ မသတီချင့်စရာ လက်ပါးတွေချည်း စုထားတဲ့နေရာ ဖြစ်နေပြန်လေတော့ တကယ့်ပစ္စန္တရာဇ်ပါပဲ။ တန်ရုံလူတွေ မျက်စောင်းမထိုးတတ်ကြ၊ ခေါ်ဂလီဆန်တတ်ကြတဲ့နေရာပါ။

အင်း - အင်း - ဟုတ်တယ် ဆရာရေ။ ဟုတ်တယ်။ လူကောင်းသူကောင်းတွေကသာ ဝေရာမဂ်ကြတာရယ်။ မဟုတ်တာလုပ်ဖို့ အမြဲတာစူနေ ချောင်းနေတတ်ကြတဲ့ ကူလီကူမာကောင်တွေ ညာက်နီ ညာက်ဝါ ညာက်ပြာ ပြောက်တိပြောက်ကျားအကောင်တွေကဖြင့်လွှတ်မျက်စိကျတတ်ကြသပေါ့။ ကျွန်တော်တို့တိုက်က ခေါင်တာကိုး - ဆရာရဲ့။ ပြီးတော့ ဘယ်ဝန်ထမ်း၊ ဘယ်အရာရှိကမှလည်း အကြောင်းမရှိ၊ အလုပ်မရှိဘဲ မဝင်ဖြစ်ကြတဲ့နေရာလေ။ မတတ်သာလို့ ပတ်ပတ်သက်သက် ရှိလာခဲ့ရင်တောင်မှ ကျွန်တော့်လက်ကို သော့အပ်ပြီး ဆရာသမားတွေက တိုက်ခန်းအပြင်ဘက်မှာ မျက်နှာလွှဲလို့ နေတတ်ကြတာရယ်။ မဟုတ်တာလုပ်မယ့် မသူတော်တွေရဲ့ အကြိုက်ပေါ့။ ဓာတ်စာပေါ့ ဆရာရဲ့။

ကြည့်လေ။ အိပ်ထောင်တွေမှာ အာဂတန် ပါဂတန်အကြံအဖန် ဟင်းချက်ရောင်းမယ့် ငတိတွေဆို လက်ပါးတိုက်မှာချည်း ချောင်းပေါက်တော့မလောက် ဓာတ်ကျနေတတ်ကြတာ။ ဆေးရုံဆောင်နဲ့ အချုပ်ဆောင်တွေမှာ အထူးတလာကြီး စီတော့မယ်ဆိုရင် (အိပ်ထောင်များ၌ တားမြစ်ပိတ်ပင်ထားသော တရားမဝင်ပစ္စည်းများ (prohi-

www.burmeseclassic.com

bted articles) အား အထူးရှာဖွေရေး ပြုလုပ်ခြင်း (Surprise searching)ကို ဆိုလိုပါသည်။) ရောက်လာပါပြီ ခင်ဗျား။ ကျွန်တော်တို့ လက်ပါးတိုက်ကို ရှား တောင့်ရှားပါးတိုရေရှားရေဆိုတဲ့ အစား အစာ၊ ဆေးလိပ်နဲ့ ဖိမ်ခံပစ္စည်းအမျိုးမျိုး တွေ၊ ပေါတစ်ထုပ်၊ ပေါတစ်ထုပ်နဲ့ လက်ပါးတိုက်က အခန်း(၁၀)ခန်းလုံး ပြည့် လု ခမန်း ပဲ။ ဟဲ - ဟဲ - ဟဲ ၊ လူ့သဘာဝများအဆန်းသားကိုး - ဆရာ ရဲ့ လက်ပါးတိုက်က လက်ပရိုဇီရောဂါ သည် အကျဉ်းသားတွေကိုများ စေ့စေ့ ကြည့်မိရင်ပဲ မတ်တတ်သားက ဗုန်းခနဲ ချက်ချင်းလဲပြီး အသက်ထွက်တော့ မလောက်ထင်တတ်ကြ၊ ရှောင်တတ်ကြ ပေမယ့် အဲဒီလူတွေ စုနေ နေတဲ့ကြတဲ့ လက်ပါးတိုက်ထဲမှာ ပုန်းလျှိုး ကွယ်လျှိုး လာလာဝှက်ထားတတ်ကြတဲ့ သူတို့ ပစ္စည်းတွေကိုများဖြင့် မရှုမရှာ ပါးဖြဲနား ဖြဲနဲ့ စားတတ်ကြသဗျ။ တကယ့်မောင် တွေ။

ဟုတ်ကဲ့ - ဆရာ၊ ပြောပါမယ်၊ ပြော ပါမယ်၊ အဲဒီပလောင်တို့ ဓာတ်လမ်းကို။ အဲ - စုနင်ကကျွန်တော်ပြောခဲ့ပါပကော။ ကျွန်တော်တို့လက်ပါးတိုက်က ခေါင်တဲ့ အကြောင်း၊ လူဝင်လူထွက်ကျဲတဲ့ အကြောင်း၊ ဘယ်သူကမှ တခုတ်တရ အရေးမလုပ်တတ်ကြတဲ့အကြောင်း။ ဓာတ်လမ်းက အဲဒီကစတာ - ဆရာရေ့ အဲဒီက အကြောင်းခံပြီးပြည်တည်လာခဲ့ တာ၊ ဒီလိုခင်ဗျ - ဒီလို၊ ဒီလို။

တစ်နေ့သားမှာ ကံရေးက ကျွန် တော့်ကို ပြောတယ်။

ဗျာ - ကံရေးဆိုတာ ကျွန်တော့် လက်ထောက်တန်းစီးလေ၊ သူလည်း ရွှေဘို - ကျောက်မြောင်းဘက်ကပဲ။ ဓားပြလုသတ်မှုနဲ့ ကျွန်းချထားတာ။ လက်ရဲ ဇက်ရဲရှိပေတဲ့ လူမြောင့်စိတ်တို ကြီးပါ - ဆရာရယ်။ ကျွန်တော့်ကို လွှတ် ကြောက်တဲ့ကောင်။

အဲ - အဲဒီ ကံရေးက ပြောလာ တယ်။

တန်းစီး ... တဲ့၊ ကိုပလောင်က ပြော နေတယ် ... တဲ့၊ ကျုပ်တို့ လက်ပါးတိုက် ရဲ့စတိုခန်းကိုသူတစ်လလောက် သုံးချင် တယ် ... တဲ့၊ နေ့လယ်နေ့ခင်းကျမှ တစ် ခေါင့်တစ်မြှုတ်ပဲ သုံးမှာပါတဲ့။

ဟုတ်တယ် - ဆရာရဲ့ ကျွန်တော် တို့လက်ပါးတိုက်မှာ တန်းစီး၊ ဗာရာတွေ နေတဲ့ အခန်း(၁၀)နဲ့ တိုလီမိုလီ တွေရာ လေးပါးတွေကိုစုသိမ်းဖို့ စတိုခန်းအဖြစ် သုံးတဲ့ (၉)ခန်းက သန့်တယ်၊ လက်ပါး တွေ မထားဘူး။ ပြီးတော့ - တိုက်ခန်းဆို တာ သိတဲ့အတိုင်း ခြားရိုးအုတ်တံတိုင်း ကြီးတွေက (၁၀)ပေ၊ (၁၂)ပေအထိမြင့် တာ၊ သီးသီးသန့်သန့် လုံလုံခြုံခြုံပါပဲ။ နားအေးပါးအေးလည်း ရှိတယ်၊ ဒါကြောင့် ဆရာတပည့် ကျွန်တော်က ဒီမှာပဲ တန်းစီးလုပ်ပြီး ကျောက်ချနေဖြစ် တာပေါ့။

အဲ - အဲဒီစတိုခန်းကို ပလောင်က သုံးချင်တယ်ဆိုတော့ ကျားသားမိုးကြိုး ပေါ့။ ဒီတစ်ထောင်လုံးမှာ လက်ညှိုးညွှန် ရာ ရေဖြစ်နေတဲ့ သူ့လိုပုဂ္ဂိုလ်ကြီးက ဘယ့်နှယ် ရာရာစစ လက်ပါးတိုက်လို နေရာမျိုးကိုများ စိတ်ကျရ သုံးချင်ရသလဲ။ "အမြင်မတော် ဆင်တော်နဲ့ လောက်" ဆိုတာလို ကျနေပြီ၊ နားရှိလို့သာ ကြား လိုက်ရတာ၊ ဘယ်လိုမှ မယုံနိုင်သေး ဘူး။

"ဟဲ့ကောင် - ကံရေးရဲ့ မင့်ဟာ ဟုတ်များတော့ ဟုတ်ရဲ့လား - ကောင် ရာ၊ မဆီလေးရယ်မှ အိုမဆိုင် ရှိလိုက် ပလေသော - လာရွေး"

"အဟုတ်တကယ် မွှေစစ် ပြောနေ တာ - တန်းစီးရေ၊ ကိုပလောင်ကသူ့ဆီကို တန်းစီးကိုယ်တိုင် လာတွေ့လှည့်ဦး ... တဲ့၊ နေ့ခင်း တန်းဖွင့်ချိန်ကျရင် ဦးဖဲသော ဘုရားကုန်းမှာ သူစောင့်နေမတဲ့၊ ပေါ ဒီမှာ တန်းစီးကို ဒါတွေ ပေးလိုက်သေး တယ်"

အလဲ့ကွယ်၊ သောကြာတို့ ကံထ လာပြီထင်ရဲ့ ကြောက်ထောင်ပိုင်လူ့ပဓား ကြီးက လက်ဆောင်ပဏ္ဏာတွေ ဆက်ပြီ ရွှေလမ်း ငွေလမ်းတွေများ ဖောက်လို့၊ ဟီး - ဟီး - ကိုယ့် အဖြစ် ကို ကိုယ် သဘောတောင် ကျလိုက်မိပါသေးရဲ့။

အဲဒါနဲ့ သူချိန်းတဲ့အတိုင်း ပလောင် နဲ့ သွားတွေ့ဖြစ်ခဲ့ရော - ဆရာရေ့ အဲဒီ မှာ သူနဲ့အစု ပြုသနာတက်ကြတဲ့ ကောင်ကလေးကို စပြီးတွေ့ရှုခဲ့တာပဲ။ ဟုတ်တယ် - ဆရာ၊ ပံသုဆိုတဲ့ ကောင် ကလေး။ ဖြူဖြူစင်စင် နုဖူးရေရှုံးရေ သန့် သန့်နဲ့ ရုပ်ခပ်ချောချော ချာတိတ်ကလေး တစ်ကောင်ပါ - ဆရာရယ်။ သနားကမား လေးပါ။ အသက်ကလေး ဘာရှိဦးမှာ တုန်း။ ၁၉၊ ၂၀ ပေါ့။ သာတင်းဒီနဲ့ ထောင် တစ်လ ကျလာတာတဲ့၊ သူနှယ်သူ့အရပ် သားလို့ ပြောတာပါပဲ၊ ဟုတ်, မဟုတ် တော့ အတိအကျ မသိဘူး - ဆရာ၊ အဲဒီ က သူတို့ကိစ္စပဲဟာ၊ ဆရာသိတဲ့အတိုင်း ထောင်ဆိုတာမျိုးက ကိုယ်နဲ့မဆိုင်တာ သက်

www.burmeseclassic.com

တဲ့ကိစ္စဆိုရင် ဝေးဝေးနေမှ အန္တရာယ်ကင်းတတ်တာမျိုးကလား။

အဲဒီမှာ ပံသုကောင်လေးနဲ့အတူ ထောင်ထဲကို ရုနင်စု ဝင်လာတဲ့ ထွက်လာတဲ့ အိမ်ဦးနဲ့ကြမ်းပြင် လုပ်နေကြတဲ့ အငယ်လေးရယ်၊ ပေါက်စီရယ်၊ အုစမန်ဆိုတဲ့ ကုလားလေးရယ် ပူးတွဲပူးတွဲ ပါလာတာကို တွေ့ရတယ်။ ဟုတ်တယ် ဆရာ၊ ထောင်အပြင် ရိက္ခာဂိုထောင်ကနေ ထောင်ထဲကို ဆန်အိတ်တွေ၊ ထင်းတွေ၊ ရိက္ခာခြောက်တွေ လှည်းနဲ့တွန်းပြီး သွင်းကြရတဲ့ ရိက္ခာဘုတ်က ဝေဒီလေးတွေပေါ့၊ ဖျံကလေးတွေ၊ လူလည်ပန်ကာလေးတွေ၊ သူတို့က ပံသုရဲ့ သူငယ်ချင်းတွေတဲ့။ ကျွန်တော်ဖြင့် မသိပါဘူး။ ပံလောင်က ပြောတာပဲ။

ပလောင်က ပြောတယ် - ဆရာရဲ့၊ ပံသုကောင်လေးဟာ သူ စောင့်ရှောက်ရမယ့် သူ့ရဲ့တာဝန်တွဲ၊ သူ့ရဲ့ဘောက်ချာတဲ့၊ (၁)ဆောင်၊ (၂)ခန်းမှာထားသတဲ့။ ထောင်တစ်လပဲ ကျတာမို့ အလုပ်မရှိတော့ဘူးတဲ့။ ဟုတ်တယ်လေ၊ ထောင်ဒဏ်တစ်လဆိုတာဟာကျွန်တော်တို့လို နှစ်ကြီးသမားတွေအတွက် အသားစားရက်လောက်တောင် ရှိတာမဟုတ်ဘူး မှတ်လား။ ဒီလိုပဲ - ဖင်လှည့်ခေါင်းလှည့်နဲ့ ကုန်သွားမှာပဲဥစ္စာ။ အဲ - ကျွန်တော်တို့ လက်ပါးတိုက်ကိုတော့ နေ့လယ်ဘက် ထမင်းစားချိန်အပြီး (၁၂-၂)တန်းဖိတ်ချိန်မှာ ဓာလာနားကြမှာပဲ။ ဟုတ်တယ်လေ။ အိပ်ထောင်မှာဆိုရင် နေ့လယ်နေ့ခင်း တန်းဖိတ်ချိန် နှစ်နာရီစလုံးဟာ အခန်းတွေထဲ သွင်းပြီး သော့ခတ်ပိတ်ထားတာကိုး။ မှုတဲ့ အိုက်တဲ့ ရာသီဆိုချွေးတလုံးလုံးနဲ့ သေချင်စော်ကိုနံရော။ အဲဒါနဲ့ - ကျွန်တော်ကလည်း ပလောင်ပြောတဲ့အတိုင်း ခေါင်းညိတ်လိုက်ရတယ်။ ခေါင်းခါလို့ကလည်း မဖြစ်ဘူးလေ။ ခြောက်ထောင်ပိုင်ကြီးကရာဇမာန်ရှသွားခဲ့ရင် ပြေးပေါက်မှားဦးမှာကိုးနော့။

ဆိုပါစို့ - ဆရာရယ်၊ ပလောင်နဲ့ အဲဒီကောင်ကလေး ပံသုတို့ လက်ပါးတိုက်မှာ နေ့လယ်နေ့ခင်း လာလာနားနေကြတာပဲ ရက်တစ်ပတ်ကျော်ခဲ့ပေါ့။ ဝင်ဗျာ - ဆရာ၊ အဲဒီလို ကတ်သီးကတ်သတ်ကြီးတော့ မမေးပါနဲ့ - ဆရာရယ်၊ ထောင်ထဲမှာနေ့ခင်းဘက်တန်းဖိတ်ချိန်ကြီးဆိုရင်ဘယ်အိပ်ထောင်၊ဘယ်တိုက်ခန်းမဆို အကြောင်းထူး မရှိဘဲ မနက်



အဲဒါကြောင့်ကျွန်တော်တို့ထောင်ထဲမှာပြောပြောနေလေ့ရှိတဲ့ 'ကြောင်ကြာကြာ မရမှုဝ်ပါဘူး' ဆိုတဲ့စကားက သွေးထွက်အောင်မှန်နေတာပေါ့။ ကျူးတကျူး၊ နွားကနွား၊ ဇတိုကတဲ့ပြားခဲ့ပြီးသားလေ - နော့။ အင်း - တနေကျ ကြောင်ဟားကြီးရဲ့ကြွက်ခုတ်ခန်းသ အာရု။ နို့ပေတဲ့ - ကောင်လေးက အစိမ်းသက်သက်ကလေးပဲ - ဆရာရဲ့။ ဒီလိုမျိုး ယောတ်တာရှတ် ယုဏ်ယုတ်မာမာကိုမျိုးကြီးကို ဘယ်အလွယ်တကူနဲ့ လက်ခံလိမ့်မတုန်း။



ထောင်ဖွင့်စာရင်းမှာ မပါတဲ့သူတွေ မရှိကြရဘူးဆိုတာ အသိသားပေါ့။ တိုက်တန်းစီးထောင် ဖြစ်နေမင့်ဟာ၊ ထောင်ဥပဒေ ထောင်စည်းကမ်းတွေကို အဝါးဝပြီးသားပေါ့။ နို့၊ အခုဟာက ပလောင်လေ - ဆရာရဲ့၊ တခြားသူမှ မဟုတ်တာပဲ၊ ဥပဒေဆိုတာ သူ့ပါးစပ်ပေါက်က ထွက်လာသလောက်နီးနီး တန်ဖိုးထွားနေတဲ့မောင်ပဲ၊ ထောင်ပိုင်ကြီးရဲ့လက်ရုံးကြီးပဲဟာ။ ကန့်ကန့်ကွက်ကွက်လုပ်ပြီး ဘယ်ဆန့်ကျင်ရဲမတုံး။ နီးရာဓားကိုကြောက်လိုက်ရတော့တာပဲ - ဆရာရေ့။

အင်း - အစပိုင်းကတော့ ရိုးပုံရိုးလက်ပါပဲ - ဆရာရယ်၊ ပလောင်ကလည်း သူ စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့

www.burmeseclassic.com

ညီငယ်ကလေးတစ်ယောက်ကို ဒုက္ခရောက်နေတုန်းအားကိုးအားထားအဖြစ်နဲ့ ဖေးဖေးမမ လုပ်ပေးနေပုံပါပဲ။ ကောင်ကလေးကလည်း ထောင်ထဲမှာ နိုကိုးစရာတစ်ခု ရပဟဲ့လို့ ကိုင်းကိုင်းညွတ်ညွတ်ယေဝယပါပဲ။ ပြီးတော့ - သူတို့နှစ်ယောက်က အရပ်သားတွေကိုး - ဆရာရဲ့။ ထောင်ထဲမှာ အရပ်သားဆိုတဲ့သွေးက သိပ်စကားပြောတာ။ ထောင်အမြင်မှာ သိသိ မသိသိ၊ ချစ်ချစ်မုန်းမုန်း၊ နာမည်တောင် မကြားဘူးချင်နေ၊ ထောင်ထဲမှာ တစ်ရပ်တည်းသား၊ တစ်နယ်တည်းသား ဆိုတာနဲ့တင် သံယောဇဉ်ဖွဲ့ပြီး အလိုလို သွေးစည်းလာတတ်ကြစမြဲပဲ။ ဒါလည်းထူးခြားတဲ့လူ့သဘာဝတစ်ခုပဲပေါ့။ နော် - ဆရာ။

ပလောင်နဲ့ပံသုတို့ကလည်းအရပ်သားတွေဆိုလေတော့သဘောရိုးပဲထင်နေခဲ့ကြတာပေါ့။

အဲ - ပလောင်ရဲ့မင်းသားခေါင်းဆောင်းထားတဲ့မျက်နှာဖုံးကြီးဟာလွန်ခဲ့တဲ့ စနေနေ့၊ နေ့ခင်းတန်းပိတ်ချိန်မှာဖြင့် ပြုန်းခနဲ ကွာကျခဲ့တော့တာပဲ ဆရာရေ။ အဲဒါကြောင့် ကျွန်တော်တို့ ထောင်ထဲမှာ ပြောပြောနေလေ့ရှိတဲ့ "ကြောင်ကြာကြာ ရေမငုပ်ပါဘူး" ဆိုတဲ့စကားကသွေးထွက်အောင် မှန်နေတာပေါ့။ ကျားကကျား၊ နွားက နွား၊ ဇာတိက ကွဲပြားခဲ့ပြီးသားလေ - နော့။ အင်း - စားနေကျကြောင်ဟာကြီးရဲ့ကြွက်ရုတ်ခန်းပ ဆရာ။ နို့ပေတဲ့ - ကောင်လေးက အစိမ်းသက်သက်ကလေးပဲ - ဆရာရဲ့၊ ဒီလိုမျိုး မဟုတ်တရုတ်ယုတ်ယုတ်မာမာကိစ္စမျိုးကြီးကို ဘယ်အလွယ်တကူနဲ့ လက်ခံလိမ့်မတုန်း။ ပလောင်ရဲ့ကြိတ်ကြိတ်ကြိတ်ကြိတ်နဲ့ ချော့သံမော့သံ၊ ကျယ်ကျယ် ကျယ်ကျယ်နဲ့ ခေါက်သံငမ်းသံ မာန်ဖီသံတွေ၊ တွန်းထိုးရုန်းကန် လုံးထွေးသံတွေကို ကျွန်တော်တို့ဟာရာခန်းထဲက ကြားနေကြရတယ်။

စကားလုံး မကွဲတော့ ဘာရယ်လို့တော့ဖြင့် တိတိပပ မသိကြရဘူးပဆရာရယ်။ အဲ - တန်းဖွင့်သံချောင်းလည်းခေါက်သံကြားရော၊ ကောင်လေးကအရင်ပြန်ပြေးသွားတော့တယ်။ မျက်စိမျက်နှာတွေလည်း ရဲတွတ်လို့၊ ဖွတ်အမွှေနသားပါယအလုပ်ခံရတဲ့မိန်းမများအရက်မှန် အရက်သည်းသွားသလိုပလေးဘီလူးစွယ်ထုတ်ပြီးတဲ့ထောင်မင်းသားကြီးအယုတ်တမာကောင်ပလောင်လည်းမချောင်ရှာပါဘူး။ ကောင်လေးကရိုက်နှက်ကုပ်ခွဲထားလိုက်တာများဖင်သိကိုကျလို့၊ မျက်နှာပေါ်မှာလက်သည်းရာကြီးတွေက တန့်လန့်ဖြတ်ကြီး၊ သွေးတွေများ ရဲပတောင်းခတ်လို့၊ အဲဒါတောင်မှ အရှက်မရှိတဲ့ သူကောင့်သားက ကျွန်တော်တို့တစ်တွေကို မျက်စိတစ်ဖက်မှိတ်ကြီး မချိုမချဉ်ပြုံးပြသွားလိုက်သေးရဲ့။ ဖွီ - အော့နလုံးနာစရာ ကောင်းလိုက်ပုံများ - ဆရာရယ်၊ တကယ်ပါပဲ။ ဒင်းမျက်ခွက်ကြီးထက်စာရင် ချေးပုံပြေးကြည့်လိုက်ရတာကမှ ကျက်သရေရှိလေဦးမယ်။ အင်း - ဒင်းအလိုကျအောင်မြင်သွားပုံတော့ဖြင့် မရဘူး - ဆရာရဲ့။ ဒင်းရဲ့မာန်နဲ့ မာနကိုတော့ ကောင်းကောင်းကြီး ထိသွားပုံကျတယ်။ ဒင်းရဲ့ရုပ်ကြီးက "မရဒသသက ချိုင်တော့မဟဲ့" လို့ တုံးတုံးချလိုက်တော့တဲ့ပုံကြီးကိုး။

ဟော - ပြဿနာတက်မယ့်နေ့ကဟုတ်ခနဲ ရောက်လာပါရော။

တနင်္ဂနွေနေ့ကြီးလေ၊ အပြင်ဘုတ်တွေနားတဲ့နေ့၊ အလုပ်ရုံတွေ ပိတ်ထားတဲ့နေ့ မဟုတ်လား။

အဲ - ခါတိုင်းဓါလို တန်းပိတ်ချိန်လည်းရောက်ပါလေရော - သင်းတို့စုံတွဲလည်း ဟန်မပျက် ပေါက်ချလာကြပြန်တာပါပဲ။ အောင်မယ်၊ ဒီတစ်ခါတော့ ရွှေကိုယ်တော်က ဘယ်လိုချော့မော့ထားတယ်မသိ။ ပံသုကောင်ကလေးကပြုံးလို့ရွှင်လို့ ရယ်လို့မောလို့ပါကောလား - ဆရာရဲ့။ ပြီးတော့ကျတော့ကောင်လေးရဲ့သူငယ်ချင်း အငယ်လေးကို လူလည်ပန်ကာအုပ်စုတွေလည်းပါလာကြတယ်။ ကျွန်တော်ကတော့ စိတ်ထဲမှာ သိလိုက်ပြီ။ ဒီသာတီး ဒီကုလီတူမာကောင်ကလေးတွေက ပလောင်ကို ကူညီညာဝိုင်းပြီး မှိုင်းမကြတော့မှာ၊ တောခြောက်ပေးကြတော့မှာ၊ ကျုံးသွင်းပေးကြတော့မှာ၊ ထွယ်ပေးကြတော့မှာ။ ကောင်ကလေးတော့ ဒီတစ်ချီ ပန်းကောင်းအညွန့်ကျိုးဖြစ်ရချေရဲ့ ရေတိမ်နစ်ရချေရဲ့လို့တွေးပြီးလည်း စိတ်ထဲမှာဘယ်လိုမှ မကောင်းနိုင်တော့ဘူး။ နို့ပေတဲ့၊ ဘာတတ်နိုင်မှာတဲ့တုံး - ဆရာရယ်။ လူ့ဘဝဆိုတာ တစ်ခါတစ်ခါများမှာ ကိုယ့်သဘောက ကိုယ်ပွေ့ပြီး တိတ်တိတ်ကလေးငုတ်တုတ်ထိုင်ဆွေးရတော့တာ

www.burmeseclassic.com

မျိုးလည်း ကြုံကြရသေးတာကိုး - ဆရာရဲ့ မှတ်ဘူးလား။

ဆရာရေ - နာရီဝက်လောက်အထိတော့ ပကျိပကျိနဲ့ အသံတွေ ကြားနေရသေးတယ်။ ရာသီဥတု သာယာနေတဲ့ အသံတွေ ခင်ဗျ။ တခွီခွီနဲ့ ရယ်သံတွေလည်းပါရဲ့။ နောက်အခန်းထဲက ထွက်သွားတဲ့ခြေသံတွေကို အုပ်လိုက်ကြီး ကြားရပြီးတဲ့နောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်။ အပေးအယူတည့်ကြလို့ ထွယ်ပေးကြ၊ ဖန်ပေးကြတဲ့ ဆရာကြီးတွေက တိုက်ခန်းအပြင်ဘက် တောင်ယာထဲကို ရှောင်ပေးကြတာပဲ ရှိမှာပေါ့။

သိပ်မကြာလိုက်ပါဘူး - ဆရာရယ်။ ရှိလှမှ လွန်ရော ကျွံရော ငါးမိနစ် ဆယ်မိနစ်လောက်ပါ။ ပြေးကြ လွှားကြတဲ့ ခြေသံတဗုန်းဗုန်းတွေကို ရုတ်ခြည်း ကြားလိုက်ကြရတော့တာပါပဲ။ အဲ - ပြီးတော့၊

"လာကြပါဦး၊ဗျို့ - လာကြပါဦး။ ဟောဒီမှာ မဟုတ်တာတွေ လုပ်နေကြလို့"

သာတီး ဒီကောင်ကလေးတွေရဲ့ အော်သံ တိုင်သံ၊ တာဝန်ကျဝန်ထမ်းတွေပြေးလာနေသံတွေကိုကြားရတော့တယ်။ ကျွန်တော်တို့လည်း ဘယ့်နှယ်လုပ်ပြီး ငုတ်တုတ်ကြီးတွေ နေနိုင်ကြတော့မတုန်း။ ကျွန်တော်ရယ်၊ စံလှအောင်ရယ်၊ မှတ်တင်ရယ်၊ ကံရေးရယ် လေးယောက်စလုံး သင်းတို့ ပြဿနာတက်နေကြတဲ့ (၁၀)ခန်းဆီ ဒုန်းစိုင်း ပြေးကြရတော့တာပေါ့။

အို၊ မြင်မကောင်းဘူး - ဆရာရေ မရှိသေးစကား၊ နားနဲ့မနာ ဖဝါးနဲ့ သာ နာပါတော့ - ဆရာရယ်၊ သင်းတို့ နှစ်ကောင်သားကို ကိုယ်လုံးတီးကြီးတွေနဲ့ တစ်ကောင်ပေါ်တစ်ကောင်ထပ် လျက်သား။ ရှုပ်ပျက်ဆင်းပျက်ကြီး ပက်ပင်းမိကြရတော့တာပဲ။ ဟုတ်တယ် ဆရာ၊ ဟုတ်တယ်၊ ကျွန်တော်ဖြင့် ယုံတောင် မယုံနိုင်ပါဘူးဆို၊ ကျုပ်တို့လူ တန်းစီးချုပ်ကြီးပလောင်က အောက်က ဆရာရေ့ကုန်းကုန်းကြီး၊ဗွီ - ပြောရတာတောင် ပါးစပ်သနလိုက်တာ ခင်ဗျာ၊ တကတဲ။

၀၀၀

ထောင်ပိုင်ကြီးမျော နဝေဝဝိမ်ထောင်လိပ်ပတ်မလည်သေးဟန်ကြီးနဲ့ ကျုပ်ကို ဖျတ်ခနဲ မော့ကြည့်သဗျ။

"နေပါဦးဗျ - ထောင်မှူးကြီးရဲ့၊ ကျုပ် မေးလိုက်ပါဦးမယ်။ ဗွေဆော်ဦးတုန်းက သင်းကပဲ ကောင်ကလေးကို မရမကနသားပါရကြံခဲ့တာမဟုတ်လား။ ဘယ့်နှယ်လုပ်ပြီး ဒီအကောင်က အောက်မှာ ရောက်သွားရတာတဲ့တုန်းဟင်"

"သူတို့ဟာက အပေးအယူတွေ လုပ်ကြကြီးခါမှ ရေးတည့်သွားကြတာတဲ့ - ထောင်ပိုင်ကြီးရဲ့"

"ဘယ့်နှယ်ဗျာ - ဘယ်လို"

"ဟုတ်တယ် - ပလောင်က ဒီထောင်မှာ သူ့ထက်ကြီးတာဆိုလို့ ဆင်ပဲ ရှိတော့တဲ့အကောင်၊ ဒီတော့ ကောင်ကလေးက ဒီလောက်တောင် သိပ်ဖြစ်နေရင် သူတစ်လှည့် ကိုယ်တစ်လှည့်၊ ဒါပေမဲ့ - ပလောင်က အရင်ပေးမှလို့ အကျုပ်ကိုင်တော့တာတဲ့၊ အဲဒါနဲ့ပဲ ..."

"အို - ဖြစ်မှဖြစ်ရပလေ၊ ပြီးတော့ သူ့အထွယ်ကောင်လေးတွေကပဲ သူ့ကို ဝိုင်းဖမ်းလိုက်ကြတာကရော - ဘာဖြစ်လို့"

"အဲဒါကတော့ ဒီကောင်လေးတွေ တစ်သိုက်က စကတည်းက အကြံနဲ့ကိုး ခင်ဗျ။ သူတို့ချင်း စည်းဝါးရိုက်ထားကြတာ ... တဲ့၊ ပလောင်ဆိုတဲ့ စားနေကျကြောင်ပါးကြီးကို တစ်ချီကောင်းအမြွတ် ဆော်လာဘန် တောပစ်လိုက်ကြဖို့တိုင်ပင်ထားကြတာဆိုကိုး။ အကောင်တို့ရဲ့ ဘုရင်ပလောင်ရဲ့ယုတ်မာညစ်ညမ်းမှုကို ဒီလို ဆုပ်ဆုပ်ကိုင်ကိုင် လက်ပူးလက်ကြပ်မိမှပဲ အရေးယူနိုင် အလဲထိုးနိုင်၊ ဖြိုနိုင်တော့မှာကိုး"

"ဟုတ်ပေ့ကွာ"

ထောင်ပိုင်ကြီးမျောဒီစကားသုံးလုံးကိုပဲ အနိုင်နိုင် ပြောနိုင်ရှာတော့သဗျ။ ဟုတ်သလေ၊ သူ့တပည့် ကျော် "ပလောင်" ဆိုတဲ့ ကျားကြီးက နွားကလေးတစ်ကောင်လို တဘဲဘဲ အော်နေရပြီကိုး။

ဒါပါပဲဗျာ။

လိုရင်းပြောရရင် လူနဲ့နွယ်တဲ့ လူ့အရေး လူ့ကိစ္စတွေဟာ လူတွေရဲ့အစုအဝေးဖြစ်တဲ့ "ထောင်" တွေထဲမှာလည်း ဖြစ်တတ်ကြ၊ ရှိတတ်ကြစမြဲပါပဲ။ ထောင်ကျခါမှ ဖြစ်ရလေသလောကလို့ မျက်စိဆားတော် မညီသင့်ပါဘူး။





www.burmeseclassic.com

www.burmeseclassic.com

သဘာဝတရားအရ ဘယ်နယ်မှ လုံးလုံးလျားလျားပိတ်ပင်ထိန်းချုပ်ထားလို့ မရနိုင်တဲ့ "အိုးစား" ကိစ္စတွေဟာ ဟိုရှေးရှေးတုန်းကလည်း ရှိခဲ့တာပဲ၊ အခုလည်း ရှိနေတာပဲ၊ နောင်လည်း ရှိနေဦးမှာပဲ၊ "မရှိပါဘူး၊ မဟုတ်ပါဘူး" ငြင်းရင် ငြင်းတဲ့လူ အရှုံးဖြစ်သွားမှာပေါ့။

အဲ - အရေးကြီးတာက နစ်မြုံစရာ မကောင်းတဲ့ အဲဒီအဖြစ်ဆိုးမျိုးတွေ ပပျောက်ကင်းစင်အောင် ဘယ်လိုလုပ်ပေးကြမလဲ၊ဘယ်နည်းနဲ့ကုစားကြမလဲ၊ အဲဒါကို တွေးကြဖို့ လုပ်ကြဖို့ပဲ။ ।

➳ ဧေယျုမင်းဘျှင်

## မြေကြီးလား၊ ရွှေထီးလား

အသက်ကိုတည်ကိန်းထား၊ (၃) နှင့်မြှောက်၊ (၉) နှင့်စား - ဝ ကြွင်းရင် သေတတ်သည်။

၁ - ကြွင်း အမှုနိုင်မယ်
၂ - ကြွင်း လာဘ်ရမယ်
၃ - ကြွင်း ရှားနားမယ်
၄ - ကြွင်း လာဘ်ကြီးရမယ်
၅ - ကြွင်း ကြွယ်ဝချမ်းသာမယ်
၆ - ကြွင်း ယာယီစရီးသွားရမယ်
၇ - ကြွင်း ရပာန်းဝတ်ရမယ်။
၈ - ကြွင်း ရန်အောင်မယ်။

www.burmeseclassic.com